ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

အခဝိဝ်သင့်ဆေးတက်သော



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၅၉၀၃၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၆၂၀၁၁၀ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၀၊ စက်တင်ဘာလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၅၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

မမသဒ္ဒါမောင်

အဆိပ်သင့်စေတတ်သော / မမသဒ္ဒါမောင် ။- ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၀ ။

၂၈၅ - စာ ၊ ၁၂ × ၁၈ စင်တီ

(၁) အဆိပ်သင့်စေတတ်သော


မိန်းမတစ်ယောက်ကို ဖျားယောင်းဖို့ဆိုတာ ကိုယ့်အတွက် အလွယ်ကူဆုံးအလုပ်တစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သူတို့ရဲ့အညှာကို ကောင်းကောင်းကြီးသိထားတယ်လေ။ အဲဒီမိန်းမ ဘာလိုချင်သလဲဆိုတာကို ဝုံစမ်းဖို့တစ်ပတ်တောင်အချိန်မကြာပါဘူး။ ပြီးရင် သူလိုချင်တဲ့အရာနဲ့ ပစ်သာပေါက်ချလိုက်။ အဲဒီမိန်းမ, ကိုယ့်ခြေဖဝါးအောက်ကို အလိုလိုရောက်လာလိမ့်မယ်။ ငွေလား။ ရွှေလား။ တိုက်လား။ ခြံလား။ ဘာလိုချင်သလဲ။ အားလုံးကို ကိုယ်ပုံပြီးပေးနိုင်တယ်။ ပြီးတာနဲ့ အဲဒီမိန်းမအသည်းကွဲဖို့သာ ပြင်ထားပေတော့...

နေသွေးနီ



ယောကျ်ားတွေသည်တယ်ဆိုတာ ကိုယ်တို့မိန်းမတွေ အိပ်နေသလောက်ပဲရှိတယ်၊ သူတို့ကသူတို့ကိုယ်သူတို့ သိပ်ဟုတ်လှပြီ သို့ထင်နေကြတာလေ၊ ကိုယ့်မှာက သူတို့ကိုနိုင်တဲ့ကိုယ်ပိုင်လက်နက်တွေ အများကြီးပိုင်ဆိုင်ထားတယ်၊ ဒါကိုသူတို့မှမသိကြတဲ့ အပြုံးလား အမဲ့လား၊ ဖွဲ့ဆောင်နိုင်တဲ့ 'ကြာ'ကြည့်လား၊ နှလုံးသားကိုကိုင်လှုပ်မယ့်မျက်ရည်လား၊ ဆော့တတတဲ့အသံလား ခပ်မာမာ စောင်းမြောင်း အချွဲတိုက်သံလား...ဘာမဆိုရတယ်၊ လွယ်လွယ်လေးချဉ်းကပ်တဲ့ ယောကျ်ားတစ်ယောက်ဟာ မြန်မြန်အသည်းကွဲ ဘဝ ပျက်စီးသွားပြီပေတော့၊ ကိုယ်ကအဆိပ်သင့်စေတတ်တဲ့ဆူးတစ်ချောင်းလေ...။

မှိုင်းနီနီ



သူမ,လူအားလုံးကိုကြောက်သည်၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ မည်သူ့ကိုမဆို ကြောက်လေ၏၊ လူ့လောကဟူသည် မာယာသိမ်များလွန်းလေ၏တဲ့၊ သေချာရဲ့လား။ လောကကြီးအကြောင်းကို ဘာတစ်ခုမှမသိသေးသည့် ကလေးငယ်တစ်ယောက်လို အရာရာကြောက်သည့်စိတ်ဖြင့် လူတောမတိုးဝံ့သည့် သူမအတွက် ကြည့်လေရာ မြင်လေရာ မှန်သမျှအားလုံးတို့သည် အင်မတန်ဆန်းကြယ်လှ၏၊ ထိုအရာများထဲမှ တစ်စုံတစ်ခုကို သူမစမ်းသပ်ကြည့်ခဲ့မိလေသည်၊ ၎င်းအရာသည်ကား....



ရှင်နှောင်းငယ်

ရှေ့ပဒေသာစာပေ

## အစ...

## အခန်း ( ၁ )

ကွန်ဒိုမီယံလေးလွှာ၊ အပေါ်ဆုံးထပ်ဝရန်တာမှ ညရှုခင်းတို့ကို ငေးမောကြည့်နေမိသည်။ ဥဒဟိုသွားလာနေသည့်ယာဉ်များ၊ လူများ၊ ဈေးသည်များကိုအမှတ်တမဲ့ငေးကြည့်နေရင်း လက်ထဲမှ ကော်ဖီခွက်ကို တစ်ငုံမျှသောက်လိုက်၏။ ခါးစိမ့်စိမ့်အရသာက လည်ချောင်းတစ်လျှောက်စီးဝင်သွားသည်။ စီးကရက်ကိုမီးညှိလိုက်ပြီး တစ်ချက်မျှရှိုက်ဖွာလျက် အငွေ့တွေကိုလေထဲသို့မှုတ်ထုတ်ပစ်လိုက်၏။

အိပ်ခန်းထဲမှ Phone မြည်သံကြောင့် သူပြန်ဝင်ခဲ့ရသည်။ စားပွဲပေါ်ရှိ Hand Phone ကိုဖွင့်လိုက်၏။

"နေသေးလား"

"ဟုတ်ပါတယ်အန်ကယ်"

"ကိစ္စအဆင်ပြေရဲ့လား"

"OK ပါတယ်အန်ကယ်။ သူတို့ပြောတဲ့ဈေးထက် နှစ်ခု လောက်ပဲပိုပြောလိုက်ရတယ်။ တစ်ခါတည်းခေါင်းအညိတ်ပဲ"

"အေး. . . ဒါကြောင့်လည်း မင်းကိုအန်ကယ်အားကိုးတာ ပေါ့။ ဒါဆိုရင်အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ လာမယ့် Sunday မှာ Dinner ကျွေးမယ်။ ဘယ် Hotel ကြိုက်လဲ"

"အဆင်ပြေတဲ့တစ်နေရာသာရွေးလိုက်ပါအန်ကယ်။ ကိစ္စ မရှိပါဘူး။ ကျွန်တော်က ပွဲခလည်းရသေးတာကို"

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ။ မင်းလက်စောင်းထက်တာ ကို ငါသဘောကျလို့ လက်တွဲလာတာပဲတစ်နှစ်ကျော်နေပြီ. . .။ အကြောင်းသိတွေပါနေသေးရာ။ မင်းဘာလိုချင်သေးလဲ"

သူခဏမျှစဉ်းစားလိုက်၏။ အင်း. . . ကွန်ဒိုမီယံတိုက်ခန်း ကျယ်ကြီးလည်းပိုင်ပြီးပြီ။ ကားလည်းပိုင်နေပြီ။ ဘာလိုသေးလဲ။

စဉ်းစားစမ်း. . .

"သိပ်စဉ်းစားရကျပ်နေလား"

တော်တော်လာဘ်ကြီးမြင်တဲ့အဘိုးကြီး။ ဒီလိုလည်လည်





ဝယ်ဝယ်ရှိလို့လည်း သူနဲ့တွဲဖြစ်တာပေါ့။

သူတစ်ချက်ပြုံးလိုက်မိ၏။

"ကျွန်တော့် Phone သိပ်မကောင်းတော့ဘူးအန်ကယ်"

"OK . . . ဒီတစ်ပတ်အတွင်း မင်းအတွက်ဖုန်းတစ်လုံး အမြန်ဆုံးရစေမယ်။ ဒါဆိုဒါပဲနော်"

"ဟုတ်ကဲ့"

ဖုန်းကိုသူပြန်ပိတ်လိုက်၏။ လက်ထဲမှာ ပြာတောင့်ရှည် နေပြီဖြစ်သည့်စီးကရက်ကို ပြာခွက်ထဲထိုးချေချလိုက်သည်။ ဧည့် ခန်းကိုတစ်ချက်ဝေ့ဝိုက်ကြည့်လိုက်ပြီး အိပ်ခန်းထဲရှိ ခုတင်ထက်မှာ ပစ်လှဲချလိုက်၏။ အိစက်ညက်ညောသည့်မွေ့ရာဆီမှ သင်းပျံ့ပျံ့ မွှေးရနံ့ကိုရှူရှိုက်မိလိုက်သည်။ အား. . . မွှေးလိုက်တာ။

မျက်ဝန်းတို့ကိုအသာမှိတ်လိုက်ပြီး ဇိမ်ယစ်မည်ကြံလိုက် ၏။ ဘီယာလေး၊ အမြည်းလေးနဲ့များဆို ဘယ်လောက်ငြိမ့်လိုက် မလဲ။ လှဲနေရာမှ ဆတ်ခနဲထရပ်လိုက်ပြီး မီးဖိုခန်းထဲဝင်၍ Refri- gerator ကိုဖွင့်ကြည့်လိုက်တော့ ဘီယာက လက်ကျန်တစ်ဘူးသာ ရှိတော့သည်။

သူဘီယာဘူးကိုယူ၍ ဖွင့်မော့လိုက်သည်။ မနက်ဖြန်တစ် ကပ်လောက် မှာထားဦးမှပါပဲ။ ဘူးခွံကို အမှိုက်ခြင်းထဲပစ်ထည့်

လိုက်ပြီး အကျီကြယ်သီးကိုသုံးလုံးမျှဖြုတ်ကာ အိပ်ရာထက်မှောက်ချလိုက်၏။ ဖုန်းကထပ်မြည်လာပြန်သည်။

"ဟဲလို"

"ကိုကို. . . အခုဘာလုပ်နေလဲ"

"အိပ်ဖို့ပြင်နေပြီ"

"သဲတို့မတွေ့ရတာကြာနေပြီလေ။ သဲကိုခေါင်းထဲမထည့်ထားဘူးလား"

"Sorry . . . ကိုယ်အလုပ်တွေသိပ်များနေတယ်သဲရယ်။ အချိန်မပေးနိုင်တာကိုခွင့်လွှတ်ကွာ"

"အလုပ်တွေဆိုတာ. . . ကောင်မလေးချောချောလေးတွေတော့ မဟုတ်လောက်ပါဘူးနော်"

"ကိုယ့်ကိုအထင်သေးလိုက်တာလား ချိုသဲမွှန်"

"Sorry ကိုကို. . . စိတ်မဆိုးပါနဲ့။ သဲ. . . စကားမှားသွားတယ်"

"ကိုယ့်ကိုကြိုးမချည်နဲ့ချိုသဲမွှန်။ ကိုယ်က လွတ်လပ်စွာပျံသန်းနေတဲ့ငှက်တစ်ကောင်ပါ။ ဘယ်လိုအနှောင်အဖွဲ့မျိုးကိုမှ ကိုယ်မလိုချင်ဘူး။ ဒါကိုမင်းသဘောပေါက်ရင်. . . နောက်ကိုဒီလိုစကားလုံးတွေနဲ့ ကိုယ့်စိတ်ကိုမဆွနဲ့"





"သဲတောင်းပန်ပါတယ်ကိုကို"

"ကိုယ်အိပ်ချင်နေပြီ. . . မင်းမနှောင့်ယှက်သင့်ဘူး"

သူ့ဖုန်းကိုပိတ်လိုက်ပြီး စားပွဲထက်ပစ်တင်လိုက်၏။ ဒီဖုန်းကိုလဲပြီးရင် မင်းနဲ့ကိုယ် ဇာတ်သိမ်းပြီ ချိုသဲမွှန်။ မရမ်းစေ့ရောင်နှုတ်ခမ်းလွှာကြားက ထွက်လာတဲ့စကားလုံးတွေကို ကိုယ်နားညည်းပြီ။ မင်းနားသင့်ပြီကွာ. . .။

ဘွားကိုဘုရားစာဖတ်ပြပြီးမှ အိပ်ခန်းထဲပြန်ခဲ့ရ၏။ ဖေကြီးမလာတာ တစ်လကျော်ကြာနေပြီပဲ။ ဘာဖြစ်လို့ပါလိမ့်။ ခါတိုင်းလူမလာရင်တောင်မှ ဖုန်းဆက်နေကျကို။ ခုတော့လူရိပ်လည်းမမြင်ရ၊ အသံလည်းမကြားရပါလား။ အင်း. . . ဖေကြီးပြန်လာတိုင်းလည်း ဘွားနှင့်စကားများပြီး စိတ်ညစ်ပြန်သွားရစမြဲသာ။

နှောင်း လိုချင်တာမှန်သမျှကို လိုလေသေးမရှိ ဝယ်ပေးရုံနဲ့ ဖေကြီး, နှောင်းအပေါ် တာဝန်ကျေနေပြီလို့ ယူဆနေသလား။ နှောင်းလိုချင်တာ အဲဒါတွေမဟုတ်ဘူး ဖေကြီးရဲ့။ ဖေကြီးရဲ့လက်ကိုတွဲပြီး လျှောက်လည်ချင်တာ။ မုန့်တွေအတူစားချင်တာ။ ရုပ်ရှင်

အတူကြည့်ချင်တာ။ ကစားကွင်း အတူသွားချင်တာ။ ဖေကြီးနဲ့ဓာတ်ပုံတွေ အတူရိုက်ချင်တာပါ။ နှောင်းလိုချင်တာ မေတ္တာတရားတွေပါ ဖေကြီးရယ်။ ဖေကြီးရင်ထဲက နှောင်းအပေါ်မှာထားရှိတဲ့ ဖြူစင်တဲ့ချစ်ခြင်းနဲ့မေတ္တာတွေကိုပါ။

ခုတော့ နှောင်းရခဲ့တာက သက်မဲ့ပစ္စည်းတွေချည်းသာ။ ဘာလုပ်ရမှာလဲ။ ဒီသက်မဲ့အရာတွေက တခြားလူတွေအတွက် တန်ဖိုးရှိချင်ရှိမှာပါ။ နှောင်းအတွက်တော့ ဘာမှတန်ဖိုးမရှိဘူး။ နှောင်းအဲဒါတွေမလိုချင်ဘူးဖေကြီးရယ်။ နှောင်းလိုချင်တာ ဖေကြီးနဲ့လွတ်လပ်စွာလည်ပတ်ခွင့်လေးပါ။

အခန်းတံခါး ချပ်ခနဲပွင့်လာ၏။ ခုတင်ထက်မှာ ငုတ်တုတ်လေးထိုင်နေရာမှ နှောင်း မော့ကြည့်လိုက်မိသည်။ မေမေပါလား။ ဘာဖြစ်လို့မအိပ်သေးတာလဲ မေမေ။ ဖေကြီးကို နှောင်းလွမ်းနေသလို မေမေရော လွမ်းနေပြီလားဟင်။

"သမီးလေး. . . မအိပ်သေးဘူးလား။ မီးဖွင့်ပြီး ဘာထိုင်လုပ်နေတာလဲ။ ညဉ့်နက်နေပြီလေ"

"ဖေကြီးကိုလွမ်းနေတာပါ မေမေ။ ဖေကြီးက နှောင်းမွေးနေ့ကိုမေ့နေပြီလား မသိပါဘူး။ ခုဆိုအိမ်ကိုမလာတာ တစ်လကျော်နေပြီ။ နှောင်းဆီကို ဖုန်းလည်းမဆက်ဘူး"





"သမီးရယ် သူ့အကြောင်းလည်း သိရဲ့သားနဲ့။ မျှော်မနေပါနဲ့။ သမီးဘာလိုချင်လဲ။ မေမေ့ကိုပြော. . . မေမေဝယ်ပေးမှာပေါ့"

"ဟင့်အင်း"

"ဒါဆိုလည်း အိပ်တော့။ မနက်ဖြန် စန္ဒရားတီးသင်ရမယ်မဟုတ်လား"

"စန္ဒရားဆရာမက မလာတာတစ်ပတ်ကျော်နေပြီမေမေ"

"ကျွတ်! ခက်တာပဲ။ သင်တန်းဆရာမတွေကလည်း ခဏခဏပျက်နေတာပဲ။ ဒါဆိုလည်း မေမေနောက်တစ်ယောက် ပြောင်းရှာပေးမယ်. . . ဟုတ်ပြီလား။ ကဲ. . . အိပ်တော့"

"ဟုတ်"

နှောင်း အိပ်ရာထက်လှဲချလိုက်တော့ မေမေက နှောင်းကိုစောင်ခြုံပေးပြီး အခန်းမီးပိတ်ကာ ထွက်သွားလေသည်။ စောင်အောက်မှာအိပ်နေသည့်ဗိုလ်မရုပ်လေးကို နှောင်း အသာဖက်လိုက်၏။

"Snow ရေ. . . နှောင်းမွေးနေ့ရောက်တော့မယ်သိလား။ နှောင်း ခါတိုင်းလို ကိတ်တွေ၊ ကြေးအိုးတွေ၊ ဘာတွေညာတွေ မစားချင်တော့ဘူး။ အဲဒါတွေက ရိုးအီနေပြီ. . .။ ဝက်သားတုတ်ထိုးတို့၊

ရှောက်သီးသုပ်တို့၊ အင်း. . အဲဒါတွေစားချင်တယ်။ လမ်းဘေးဆိုင်လေးမှာထိုင်စားရရင် ပျော်စရာကြီးဖြစ်မှာ။ နှောင်းတို့သွားစားမယ်. . . သိလား"

သူမမျက်နှာပြုံးပြုံးလေးဖြစ်သွားပြီး အိပ်ပျော်စေရန်မျက်စိကိုမှိတ်လိုက်စဉ် Hand Phone က မြည်လာလေသည်။

ဟော! ဒါ, ဖေကြီးပဲ။ သူမ ဝုန်းခနဲထထိုင်လိုက်ပြီး စားပွဲထက်ရှိဖုန်းကို အမြန်ယူကိုင်လိုက်၏။

"ဟဲလို. . . ဖေကြီး"

"ဘေဘီလေး. . . အိပ်ပြီလား"

"အိပ်မလို့ပဲ ဖေကြီးရဲ့။ နှောင်းက ဖေကြီးဖုန်းကိုမျှော်နေတာကြာလှပြီ"

"Sorry ဘေဘီရယ်။ ဖေကြီးအလုပ်တွေရှုပ်နေလို့ပါ"

"ဟုတ်လား. . . နှောင်းက ဖေကြီးများ နှောင်းမွေးနေ့ကိုမေ့နေပြီလားလို့ထင်နေတာ"

"မေ့စရာလားဘေဘီရဲ့။ ဖေကြီးဘဝမှာ ဘေဘီ့ကိုအချစ်ဆုံး။ ဖေကြီးဘဝအတွက် ဘေဘီက အရေးကြီးဆုံးလေ။ ဘေဘီ့ထက်အရေးကြီးတာ ဘာမှမရှိဘူး။ ယုံလား"

"အင်း. . . ယုံတယ်ဖေကြီး"





"ကဲ. . . ပြော. . . အဲဒီနေ့ ဘေဘီဘာလိုချင်လဲ"

"ဘာမှမလိုချင်ပါဘူး"

"တစ်ခုခုတော့ပြောပါ ဘေဘီရယ်"

"နှောင်းတောင်းရင် ဖေကြီးက ပေးမှာမို့လို့လား"

"ပေးမှာပေါ့. . . ပြောသာပြော"

"ဟိုလေ. . . ဖေကြီးနဲ့အတူ ဝက်သားတုတ်ထိုးစားချင်တယ်"

"ဟော! ငါ့သမီးကတော့ ထူးထူးဆန်းဆန်းတောင်းတာပါလား။ ကဲကွဲ. . . ကောင်းပြီ။ အဲဒီနေ့ညနေ Hotel တစ်ခုမှာ သွားစားကြမယ်။ ဟုတ်ပြီလား"

"မေမေနဲ့အတူတူနော် ဖေကြီး"

"ဟာ. . . ဘေဘီကလည်း ဘေဘီ့မေမေက အမြဲပွစိပွစိနဲ့နားငြီးတယ်။ ဘေဘီနဲ့ဖေကြီးနဲ့ နှစ်ယောက်တည်းလိမ့်မယ်ကွာ။ ဘယ်လိုလဲ. . . ညဘက် ဘိုးလိန်းသွားဆော့ကြရအောင်"

"အား. . . ဖေကြီးက အရမ်းအလိုက်သိတာပဲ။ အဲဒါတွေကြောင့် ဖေကြီးကို နှောင်းချစ်ရတာ"

"မေမေ့ထက် ပိုချစ်လို့လား"

"ပိုချစ်တာပေါ့"

"ဘွားဘွားထက်ရော"

"အားလုံးထက်ပိုချစ်တာ. . . အပျားကြီး. . . အပုံကြီး ချစ်တာပါဖေကြီးရ"

"ဟွဲ. . . ဟိုကလေးလေး မအိပ်သေးဘူးလား"

"ဟော. . . ဟီဟိ. . . နှောင်းအသံကျယ်သွားလို့ မေမေ ဆူနေပြီဖေကြီး။ ဒါဆိုဒါပဲနော်။ နှောင်း Sunday မှာမျှော်နေမယ် နော်,ဖေကြီး။ Good night"

"အေး. . . ဘေဘီ. . . good night"

နှောင်းဖုန်းကိုပိတ်လိုက်ပြီးကျိတ်ရယ်လျက် စောင်အောက်ကို ပြန်တိုးဝင်လိုက်သည်။ အာရုံထဲမှာ ဖေကြီးနှင့်အတူတူပျော်နေရသည့်မြင်ကွင်းကို ကြိုမြင်နေမိရင်းပျော်နေမိသည်။ အဲဒီနေ့ ဘာဝတ်ရင်ကောင်းမလဲ။ ဂါဝန်လေးဝတ်ရမလား။ ဟင့်အင်း. . . စကပ်. . . ဒါလည်းမကောင်းသေးဘူး။ ရှုပ်ပါတယ်။ ကြိုးပါတဲ့ဘောင်းဘီရှည်နှင့် ရှပ်လေးပဲဝတ်တာကောင်းပါတယ်။ ဒါမှလွပ်လွတ်လပ်လပ်ဆော့လို့ရမှာ။ အို. . . အဲဒီည ညဥ့်နက်တဲ့အထိ ဖေကြီးနဲ့အသားကုန်ပျော်ပစ်လိုက်မှာပဲ။ ဟုတ်တယ်. . .။ မေမေက နှောင်းကို ဘာကိုမှထွက်ခွင့်မပေးတာ။ ဖေကြီးလာမှပဲ အပြင်လည်ခွင့်ရတာမို့ အဲဒီလိုနေ့မျိုးဆို နှောင်းအိမ်ကိုပြန်မလာချင်တော့။





ဖေကြီးက ဖေကြီးနေတဲ့အခန်းဆီ ဘယ်တော့မှ နှောင်းကိုခေါ်လေ့မရှိတာမို့ ရောက်ဖူးချင်သေးသည်။ နေဦး. . . အဲဒီနေ့ရောက်မှ လိုက်ကိုလည်လိုက်ဦးမည်။



## အခန်း ( ၂ )

ချိန်းထားသည့်အချိန်က အတော်စောနေသည်မို့ သူအံ့ဩနေမိသည်။ အန်ကယ်ဦးစောလွင် ဘာအကြောင်းကိစ္စရှိလို့များ အချိန်စောချိန်းလိုက်တာပါလိမ့်။ Hotel ရှေ့ ကားပါကင်မှာ သူကားဝင်ရပ်လိုက်ပြီး Lift မှတစ်ဆင့် Hotel ပေါ်တက်ခဲ့၏။ အခန်းထဲမှာထိုင်နေကျမဟုတ်သဖြင့် လေဟာပြင်ခန်းမရှိ ထောင့်ကျကျစားပွဲတစ်လုံးမှာ သူနေရာယူလိုက်သည်။

ခဏအကြာမှာ Hotel ခန်းမထဲဝင်လာသည့်မိန်းကလေးတစ်သိုက်ကိုမြင်လိုက်ရ၏။ colour အစုံမို့ သူမျက်စိကျိန်းသွားပြီးတစ်ချက်လှမ်းကြည့်လိုက်သည်။ ကောင်မလေးအုပ်စုက သူ့ဘေး

စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြလေ၏။ အားလုံးပေါင်း ငါးယောက်မို့ ငါးမျိုးငါးရောင်တောက်ပနေလေသည်။ နှုတ်ခမ်းနီရဲရဲ၊ နားကွင်း ခပ်ကြီးကြီးနှင့် Three Step ဆံပင်ပုံစံနှင့်ကောင်မလေးက အုပ်စု ထဲမှာ အထင်းဆုံးဖြစ်နေလေ၏။ ဝတ်ထားသည့်အနက်ရောင်ကိုယ် ကျပ်ဝတ်စုံကြောင့် သူမ၏မိန်းမသားအလှကို လှစ်ဟာပြသထား သည့်နှယ်။ စကပ်အရှည်ကို နောက်မှခွဲထားသည်မို့ သွယ်လျသည့် ခြေသလုံးသားလေးက ထင်းခနဲပေါ်နေလေ၏။ So Sweet စိတ် ထဲမှကျိတ်၍အမှတ်ပေးလိုက်မိသည်။

Waiter အသီးသီးက သူတို့စားပွဲတွေဆီရောက်လာသဖြင့် သူက ဘီယာတစ်ဘူးကိုသာ အရင်ဆုံးမှာလိုက်ပါသည်။ တစ်ဖက် ဝိုင်းမှမိန်းကလေးတွေကတော့ ဆူဆူညံညံဖြင့် တစ်ယောက်တစ် ပေါက်မှာနေကြလေ၏။ လက်ပံပင်ဇရက်ကျနေသလိုပါပဲလား။ နား ကွင်းပန်ထားသည့်အနက်ရောင်မိန်းကလေးက သူ့ဘက်သို့ဖျတ် ခနဲလှည့်ကြည့်လိုက်လေ၏။ သူကခပ်တည်တည်ပြန်စိုက်ကြည့်လိုက် တော့ သူမကမျက်နှာလွှဲသွားလေသည်။ သူစိတ်ထဲမှကျိတ်ပြုံးလိုက် မိ၏။ အတော့်ကိုရဲတင်းသည့်နှင်းဆီတစ်ပွင့်ပါလားဟု မှတ်ချက်ချ လိုက်မိသည်။

"သနားပါတ၊ ပ်မှိုင်းရယ်. . . အဖော်သွားလုပ်ပေးလိုက်





ပါလား"

"ဟင်းဟင်း. . . ဒီပုံစံမျိုး ကိုယ်သုံးမယ်ထင်သလားကွယ် small လေးပါ"

"ဘာလဲ. . . မင်းက အကောင်ကြီးကြီး၊ အမြီးရှည်ရှည်မှ လား"

"ဒါပေါ့"

မိန်းကလေးတွေ ဟားတိုက်ရယ်လိုက်သံကိုကြားလိုက်ရ ၏။ သူ ခပ်မှန်မှန်သာနေလိုက်သည်။ ဒါမျိုးက ခဏလေးရောရုံနှင့် ရနိုင်တဲ့ခွင်မျိုးပါလေ။ တစ်အောင့်အကြာမှာ ခန်းမထဲသို့ ဦးစော လွင်ရောက်လာလေသည်။

"Hi အန်ကယ်"

"Hi မောင်နေသွေး. . . ရောက်နေတာကြာပြီလား"

"၁၅ မိနစ်လောက်တော့ရှိပါပြီ။ ကိစ္စမရှိပါဘူးအန်ကယ်"

"အေးကွယ်. . . အလုပ်တွေလက်စသတ်နေတာ မပြီး သေးတာနဲ့နောက်ကျသွားတယ်။ Sorry နော်. . . ဘာမှာပြီးပြီလဲ"

"ဟင့်အင်း. . . အန်ကယ်လာမှပဲမှာမယ်ဆိုပြီး ကျွန်တော် ဘီယာပဲ မှာသောက်ထားတယ်အန်ကယ်"

"ဟော့. . . waiter, please"

ဦးစောလွင်က လက်ဖျောက်တစ်ချက်တီး၍ waiter လေးကိုလှမ်းခေါ်ကာ မှာစရာရှိတာကိုမှာလိုက်ပါသည်။

"ခဏနော်. . . မောင်နေသွေး။ အန်ကယ် toilet ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဦးစောလွင် ထထွက်သွားစဉ် ဟိုဘက်ဝိုင်းမှ အသံတီးတိုးထွက်လာပြီး ကျိတ်ရယ်လိုက်ကြ၏။

"တွေ့လား. . . ဘယ်လောက်မိုက်သလဲ။ ရုပ်ရှင်မင်းသားနေအောင်အတိုင်းပဲ။ ခန့်ချောကြီး"

သူမျက်ခုံးပင့်သွားရသည်။ မလွယ်ပါလား။ ကိုယ့်အဖေအရွယ်လောက်ကြီးကိုပါမချန် စိတ်ကစားတဲ့မဒီတွေပါလားနော်။ ဦးစောလွင်တင်ထားခဲ့သည့် Hand Phone မှ အသံမြည်လာသဖြင့် သူကောက်ကိုင်လိုက်၏။

"ဟဲလို"

"ဖေကြီး. . . နှောင်းအခု မေမေ့ဆိုင်မှာသိလား။ ဆိုင်မပိတ်ခင် လာခေါ်နော်။ တော်ကြာ မေမေက အိမ်ပြန်ခေါ်သွားမှ အရစ်ခံနေရဦးမယ်သိလား။ နှောင်း. . . ဆိုင်ရှေ့မှာထွက်စောင့်နေမှာနော်. . . ဒါပဲ. . . ဒါပဲ"





သူ့ရင်ထဲအေးခနဲဖြစ်သွားရသည့် အသံချိုချိုလေးကြောင့် တစ်မျိုးလေးဖြစ်သွားရသည်။ ကြည့်စမ်း. . . ဦးစောလွင်က သမီးရှိတာကိုဖုံးကွယ်ထားတာပါလား။ စကားထဲ တစ်ခါမှထည့်မပြောသည့်အတွက် ဇနီးတွေသားသမီးတွေရှိမှန်းပင်မသိ။ လူပျိုကြီးတော့ ဟုတ်ပုံမရမှန်း သူသိပါသည်။ သို့သော် သူနှင့်တွဲလာသည့်တစ်နှစ်တာကာလမှာ သူ့ကဲ့သို့ပင် ခပ်ကဲကဲမို့ထင်မထားမိပေ။ ဒီလူကြီးက ဝှက်ဖဲကြီးနဲ့ပါလား။

ဦးစောလွင် စားပွဲကိုပြန်ရောက်မှ စားသောက်စရာတွေလာပြင်ဆင်ပေးလေ၏။ သူ ဦးစောလွင်မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး ကျွန္ဒြေဆည်လိုက်သည်။ ဒီလိုဟန်တွေကို အထူးလေ့ကျင့်စရာမလိုဘဲ တတ်မြောက်ကျွမ်းကျင်ပြီးသားလေ။

"အန်ကယ်. . . ခုနအန်ကယ့်ဇနီးလားမသိဘူး၊ ဖုန်းဝင်လာတယ်။ ကလေးကို ဆိုင်မှာပဲဝင်ခေါ်ပါတဲ့"

"ဩော်. . . အေးအေး. . . ကျေးဇူးပါပဲမောင်နေသွေး။ စိတ်ကြိုက်သုံးဆောင်ပါကွယ်။ အန်ကယ်ကတော့ ကိစ္စလေးရှိနေလို့ အချိန်သိပ်မပေးနိုင်ဘူး။ ခွင့်လွှတ်ပါ"

"ဒါဆိုလည်း နောက်တစ်ပတ်မှ ချိန်းလိုက်တာမဟုတ်ဘူး အန်ကယ်ရယ်။ ကျွန်တော်အားနာတာပေါ့"

"ရပါတယ်. . . မင်းကိုက အရင်ချိန်းပြီးသားဖြစ်နေလို့ပါ။ နေပါစေ"

ဦးစောလွင် စကားကိုရှေ့မဆက်ဘဲ အတင်းဖြတ်လိုက်သဖြင့် သူသဘောပေါက်သွားသည်။ ဒီလူကြီး အပြင်မှာခြေပုန်းခုတ်ချင်တိုင်းခုတ်နေပြီး သူ့သမီးကျတော့ တယ်တိုထွာတတ်ပါလား။ နှောင်းတဲ့. . . ဘယ်အရွယ်လဲ။ ဘယ်လိုပုံစံလေးလဲ။ ကလေးလေးပဲလား၊ အသံချိုချိုလေးက ဆွဲဆောင်မှုရှိလွန်းသဖြင့် သူသိချင်လာ၏။ သို့သော် လူက ခပ်အေးအေးအနေအထားဖြင့် ဦးနှောက်ကို ခပ်မြန်မြန်အလုပ်ပေးနေမိသည်။ လိုက်ကြည့်မယ်။ သူ့ကိုမသိမမြင်စေရဘူး။ အဖြေက ဒါပဲ။

ဦးစောလွင် တို့ကနန်းဆိတ်ကနန်းစားလိုက်ပြီး စားတာကိုရပ်လိုက်ပါ၏။ waiter လေးကိုလှမ်းခေါ်၍ ကျသင့်ငွေရှင်းလိုက်သည်။

"ဘာထပ်ယူဦးမလဲ မောင်နေသွေး"

"ပြည့်စုံပါပြီ အန်ကယ်"

"ဒါဖြင့်. . . အန်ကယ်သွားဦးမယ်။ မင်းအတွက်ဖုန်း, သန်ဘက်ခါ ရပြီနော်။ အန်ကယ်ဘယ်ကိုပို့ခိုင်းရမလဲ"

"နေပါစေအန်ကယ်. . . ကျွန်တော်, အန်ကယ့်ရုံးမှာပဲလာယူပါ့မယ်"





"OK . . . ဒါဆိုသွားပြီနော်"

"ဟုတ်ကဲ့"

ဦးစောလွင်ထွက်သွားပြီး ခဏအကြာမှာ သူထလိုက်လာခဲ့သည်။ သူ Hotel အောက်ရောက်စဉ်မှာ ဦးစောလွင်ကားနောက်မြီးကိုသာတွေ့လိုက်ရသဖြင့် ကားကိုအမြန်ထွက်ပြီးလိုက်ခဲ့ရ၏။

ကားက မြို့ထဲဘက်ကိုဦးတည်နေသည်မို့ သူအသာခွာ၍ ပိုက်ခဲ့သည်။ အင်း. . . မဖြစ်သေးဘူး။ သူ့ကားလဲဦးမှပဲ။ ဒီပုံအတိုင်းဆိုရင် အဘိုးကြီးသိသွားပေလိမ့်မည်။ ဗိုလ်ချုပ်ဈေး FMI ရှေ့မှာရပ်သွားစဉ် ဦးစောလွင်၏ကားပေါ်သို့ မိန်းကလေးတစ်ယောက် အပြေးတက်လိုက်တာကိုမြင်လိုက်၏။ ရုပ်အဖြူလက်တိုပေါ်မှာ ကြိုးသိုင်းပါသည့်ဘောင်းဘီရှည်အနက်နှင့်မိန်းကလေး။ ဆံပင်တိုတိုနှစ်ဖက်စည်းနှောင်ထားပုံက ရှိရင်းစွဲအသက်ကို ခန့်မှန်းရလွယ်ကူစေသည်။ ၁၆ လား. . . ၁၇ လား. . . တစ်ခုခုပဲ။ ကျောပိုးအိတ်အနက်လေးနှင့် ပီဘိကလေးလေးပုံစံ။

ဦးစောလွင်ကားက Hotel တစ်ခုရှေ့မှာ ထိုးရပ်သွား၏။ ကောင်မလေးက ဖအေလက်ကိုချိတ်၍ Hotel ထဲဝင်သွားသဖြင့် သူကားကို လမ်းကစ်ဖက်မှာ အသာရပ်ခဲ့ပြီးမှ Hotel ထဲသို့ဝင်ခဲ့

သည်။ Hall ထဲမှာပဲထိုင်နေသည့် ဦးစောလွင်တို့သားအဖ၏ နံရံ ခြားတစ်ဖက်ခုံမှာ သူဝင်ထိုင်လိုက်၏။ နံရံက ယင်းလိုက်ကာမို့ သူနှင့်မျက်နှာချင်းဆိုင်ထိုင်နေသည့် ကောင်မလေးကို တည့်တည့် ကြီးမြင်နေရ၏။ ကြည့်ပါဦး. . . မျက်လုံးဝိုင်းဝိုင်းလေးနှင့် လက် မလေးကိုက်ထားသည့်ဟန်လေးကိုက ချစ်စဖွယ်လေးပါလား။

နံဘေးနားရောက်လာသည့် waiter ကိုဘီယာတစ်ဘူးနှင့် အမြည်းနှစ်မျိုးမှာလိုက်သည်။ ကောင်မလေးက ခက်ရင်းလေးဖြင့် အခေါက်ကင်ကို sauce နှင့်တို့စားလိုက်လေ၏။ သူတစ်ချက်ပြုံး လိုက်မိသည်။

"ဖေကြီး"

"ပြောလေ ဘေဘီ"

"နှောင်း, ဖေကြီးရဲ့တိုက်ခန်းကို လိုက်လည်ချင်တယ်"

"ညမှောင်နေပြီလေ ဘေဘီ. . . ဘာလုပ်မှာလဲ။ ဖေကြီး အခန်းက ရှုပ်ပွနေတာ။ ဘေဘီနေတဲ့အခန်းလောက်ပဲရှိတယ်။ ပျင်းစရာကြီး. . . မလိုက်ချင်နဲ့"

"ဟင်. . . ဖေကြီးက နှောင်းကို တစ်ခါလောက်တော့ခေါ် သင့်တာပေါ့။ နှောင်းသူငယ်ချင်းတွေမေးရင် နှောင်းဘယ်လိုပြန် ဖြေရမလဲကိုမသိဘူး။ ဖေကြီးက နှောင်းကိုမချစ်ပါဘူး"





"ညော်. . . ဘေဘီရယ်။ ဘေဘို့အိမ်မှာ. . . ဖေကြီးဘာ ကြောင့်မနေချင်လဲဆိုတာ ဘေဘီအသိဆုံးပဲမဟုတ်လား။ ဘာဖြစ် လို့အပိုတွေပြောနေတာလဲ"

ကောင်မလေးငြိမ်သက်သွားလေ၏။ စားလက်စကိုရပ် လိုက်ပြီး ခက်ရင်းကိုအသာချထားလိုက်ပါသည်။ သူ့ဘီယာကို အကုန်မော့ချလိုက်ပြီး ငွေရှင်းနေချိန်မှာ ဦးစောလွင်က ဖုန်းမြည် လာသဖြင့် အပြင်ဘက် ထထွက်သွားလေ၏။

သူထိုင်ခုံမှအသာထ၍ထွက်လာခဲ့သည်။ ကောင်မလေး ဘေးမှလျှောက်လာစဉ် သူ့ကိုဖျတ်ခနဲမော့ကြည့်လိုက်သည့်မျက် ဝန်းလေးတွေကို မမြင်ချင်ယောင်ဆောင်လိုက်၏။ အိတ်ကပ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာကိုတစ်ချက်ပွတ်ရင်း ခါးကြားမှ ဖုန်းကိုဖြုတ်၍လက်ကိုင်ပဝါကို ဘောင်းဘီအိတ်ထဲထည့်လိုက်စဉ် ပဝါခေါက်လေးက ကောင်မလေးခြေထောက်နား လွင့်ကျသွားလေ သည်။ ကိစ္စမရှိပါ။ သူလိုချင်တာဒါပါပဲ။

နှောင်း. . . ပဝါလေးကိုငုံ့ကောက်၍ မော့ကြည့်လိုက်စဉ် ခုနလူတစ်ယောက်ကိုမတွေ့ရတော့ချေ။ အို. . . ဘယ်ရောက်သွား တာပါလိမ့်။ မီးခိုးရောင် ယောကျ်ားကိုင် လက်ကိုင်ပဝါလေးက ခေါက်ရိုးတောင် မကြေသေး။ လက်ကိုင်ပဝါလေးကိုငေးကြည့်ရင်း

ငိုင်နေစဉ် ဖေကြီးပြန်ရောက်လာသဖြင့် ကျောပိုးအိတ်ထဲသို့ ပဝါကိုအမြန်ထိုးထည့်လိုက်ရသည်။ အား. . . ရင်တွေတုန်လိုက်တာနော်။

"ဘိုးလိမ်းကစားဦးမလား. . . ဘေဘီ"

"ဟင့်အင်း. . . မကစားချင်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ ဖေကြီးကိုစိတ်ကောက်တာလား"

"မဟုတ်ပါဘူး. . . နှောင်းအိမ်ပြန်ချင်လာလို့ပါ"

"ဟော. . . ဖြစ်ရပြန်ပြီ။ ကဲ. . . ရော့. . . ဘေဘီ့ရဲ့ ၁၈ နှစ်မြောက်မွေးနေ့မှာ လိုရာဆန္ဒမှန်သမျှ အလုံးစုံပြည့်ဝပြီး ပျော်ရွှင်ခြင်းတွေနဲ့ အမြဲတမ်းစိတ်ချမ်းသာပါစေလို့ ဖေကြီးဆုတောင်းပေးတယ်နော်"

"ကျေးဇူးတင်ပါတယ် ဖေကြီး"

ဖေကြီးကိုယ်တိုင်ပတ်ပေးလိုက်သည့် Hand chain လေးကိုကိုင်ကြည့်ရင်း ကျိတ်ပြုံးလိုက်မိသည်။ ခြံဝရှေ့လိုက်ပြန်ပို့ပေးသည့်ဖေကြီးကို တဲ့တာပြန်ပြပြီး အိမ်ပေါ်ကိုအပြေးတက်လာခဲ့၏။ အခန်းထဲရောက်တော့ ကျောပိုးအိတ်ထဲမှ လက်ကိုင်ပဝါလေးကိုအသာထုတ်ကာ တယုတယမွှေးရှိုက်မိလျက် ခုတင်ပေါ်ကန့်လန့်လှဲချလိုက်မိသည်။





တဆတ်ဆတ်ခုန်နေသည့်ရင်ခုန်သံနှင့်အတူ သင်းပျံ့ပျံ့ရနံ့က နှလုံးသားထဲထိတိုင် စွဲငြိနေလေပြီ။ ဖေကြီးရေ. . . ဖေကြီးတောင်းပေးတဲ့ဆုနဲ့ နှောင်းပြည့်သွားပါပြီ။ အာရုံမှာ ပါးမြိုင်းမွေးစိမ်းစိမ်းဖြင့် ခန့်ထည်ချောမောသည့်သူ့မျက်နှာကို ပြန်မြင်ယောင်မိရင်း ကြည်နူးစွာဖြင့် တိတ်တခိုးလေးရယ်လိုက်မိလေ၏။ သေချာပါတယ်။ နှောင်းတော့ ဒီညကစပြီး လှပဆန်းကြယ်တဲ့အိပ်မက်တွေကို ပိုင်ဆိုင်ရတော့မည်လေ။



## အခန်း ( ၃ )

"ဘာလုပ်မှာလဲသမီးရယ်. . . သင်ချင်ရင် အိမ်မှာဆရာမခေါ်ပေးမယ်"

"သူငယ်ချင်းတွေနဲ့စုပြီးတက်တော့ ပိုပြီးအတွေ့အကြုံရတာပေါ့"

"ကွယ်. . . သမီးကလည်း၊ ဆရာမနဲ့နှစ်ယောက်တည်းသင်တာက ပိုမကောင်းဘူးလား"

"ဝတ်ရည်တို့က သင်တန်းတစ်ခုတောင် တက်ပြီးနေပြီမေမေရဲ့။ အဖွဲ့နဲ့ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မေးခွန်းမေးဖြေတာကအစ ပိုအဆင်ပြေတယ်တဲ့။ နောင်းတက်ချင်လို့ပါမေမေရယ်။

တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲအောင်းနေရတာ လူလည်းနုံးလှပြီ။ နောက်ပြီးတော့ computer သင်တန်းပါ ဆက်တက်ကြဦးမှာတဲ့"

"ဘာလုပ်ရမှာလဲသမီးရယ်။ သမီးအတွက် ဘာမှမလိုအပ်ပါဘူး။ သမီးမှာ အစစအရာရာပြီးပြည့်စုံပြီးသား။ အချိန်တန်ရင် မေမေ့ဆိုင်ကိုလက်လွှဲယူဖို့ပဲရှိတယ်"

"တက္ကသိုလ်ဆက်မတက်ရသေးခင် အားလပ်ချိန်တွေကို အကျိုးရှိရှိအသုံးချချင်လို့ပါမေမေ။ ဒီလိုပဲ မိဘလောင်းရိပ်အောက်မှာ. . . လူစွမ်းလူစမရှိဘဲ အချိန်တန်အမွေလက်ခံလွှဲယူရုံနဲ့ နှောင်းဘဝ, လူဖြစ်ကျိုးနပ်ပါ့မလား။ စဉ်းစားကြည့်ပါဦးမေမေရယ်"

ဒေါ်သက်ထား သမီးဖြစ်သူကို တအံ့တသြငေးကြည့်နေမိသည်။ ကြည့်စမ်း! သမီးကိုကလေးသာသာအရွယ်လေးမို့ ကလေးအတွေးမျိုးလေးတွေပဲ တွေးတတ်မယ်လို့ ထင်မှတ်ထားခဲ့တာ။ ခုတော့ သမီးဆီက လေးနက်တဲ့စကားလုံးတွေ ထွက်လာမနေကာပါလား။

"မေမေစိတ်မချပါဘူး သမီးရယ်။ နဂိုကတည်းက သမီးကို အိမ်ထဲမှာပဲ ထားထားတာကို။ အပြင်ဗဟုသုတတွေ သမီးမရှူးစမ်းချင်ပါနဲ့။ လောကကြီးက ရှုပ်ထွေးမှုတွေနဲ့ပြည့်နှက်နေတဲ့နေရာတစ်ခုပါ။ မေမေ့သမီးကို စိတ်ညစ်, စိတ်ဆင်းရဲမှာကိုမလိုလားဘူး"





"လူ့လောကကြီးထဲမှာနေပြီး လောကကြီးရဲ့အကြောင်းကို ဘာတစ်ခုမှမသိဘဲသေသွားတာက. . . လူဖြစ်ကျိုးနပ်ပါ့မလားမေမေ။ နှောင်းက မဟုတ်တာလုပ်ဖို့မှမဟုတ်ဘဲ။ အိမ်ကကားနဲ့ကြိုပို့လုပ်နိုင်မယ့်သင်တန်းမျိုးကိုပဲ တက်ခွင့်တောင်းဆိုနေတာပါ"

"ထူးဆန်းလိုက်တာ။ မေမေ့သမီးမှာ ဒီလိုလူကြီးအတွေးတွေရှိနေမယ်လို့ ထင်ကိုမထင်ထားဘူး။ သိပ်အံ့သြဖို့ကောင်းတာပဲ။ အပြင်ကိုထွက်ချင်တာဟာ တကယ်ရော သင်တန်းတက်ချင်တာဟုတ်ရဲ့လား"

သူမ,မျက်လုံးလေးဝိုင်းသွားရ၏။ မေမေ့ကိုလျှော့တွက်လို့မရပါလား။ ဖေကြီးဆိုလျှင် ခုလောက်ထိ နှောင်းကြာကြာတောင်းဆိုစရာလိုမည်မထင်ပေ။ နှောင်း လက်ထဲမှာပိုက်ထားသည့်ဝက်ဝံရုပ်လေးကို ခပ်တင်းတင်းလေးပိုက်လိုက်ပါသည်။

"မေမေက နှောင်းကိုမယုံသလိုပဲ"

"သမီးကိုမယုံတာမဟုတ်ဘူး။ လူတွေကို မေမေမယုံတာပါသမီးရယ်"

"လူတွေက ဘာဖြစ်နေလို့လဲမေမေ"

"ဟင်း. . . ခက်တာပဲ။ လူတွေအကြောင်းပြောပြနေရင်ပြီးတော့မှာမဟုတ်ဘူးသမီးရယ်။ သမီးက တကယ့်ကိုအစွန်းအထင်း

မရှိတဲ့အဖြူရောင်လေးပါ။ လူတွေရဲ့ညစ်ထေးမှုတွေ သမီးကိုစွန်းပေမှာကို မေမေအရမ်းစိုးရိမ်တယ်။ မေမေ့ရင်ခွင်ထဲမှာ အေးအေးချမ်းချမ်းနေရပါလျက်နဲ့ ဘာကြောင့် နေပူကို သမီး တောင့်တနေရတာလဲ"

"နှောင်းတောင်းဆိုနေတာကိုခွင့်ပြုဖို့. . . မေမေ့အတွက်တော်တော်များခဲယဉ်းနေလို့လားမေမေ"

"ဘယ်လိုပြောလိုက်တာလဲသမီးရယ်။ မေမေ့ဘဝမှာ သမီးတစ်ယောက်တည်းရှိတာပါ။ သမီးတစ်ခုခုဖြစ်သွားမှာကို မေမေအစိုးရိမ်ဆုံးပဲ"

"နှောင်းဘဝမှာ ဘယ်သွားသွား၊ ဘယ်လာလာ မိဘတစ်ယောက်အမြဲပါမှ သွားခဲ့ရတာပါမေမေ။ အခု နှောင်းအသက် ၁၈ နှစ်ကျော်ခဲ့ပြီ။ နှောင်း့လူကြီးအတွေးမျိုးနဲ့ လူတောထဲကိုဝင်ပါရစေ။ တစ်နေ့ကျရင်. . . မေမေ့ရွှေဆိုင်ကိုဦးစီးစေချင်သလို ဖေကြီးကလည်း ကုမ္ပဏီကိုအုပ်ချုပ်စေချင်မှာပဲ။ နှောင်းမှာ ဘာအတွေ့အကြုံမှမရှိရင် ဒီအရာတွေကိုဘယ်လိုလက်လွှဲယူနိုင်မှာလဲ။ အချိန်အခါနဲ့ထိုက်သင့်တဲ့အတတ်ပညာတစ်ခုခုကိုတော့. . . နှောင်းတတ်ထားသင့်တာပေါ့"

"သမီးက. . . မေမေ့ရွှေဆိုင်ထက် သမီးဖေဖေရဲ့ကုမ္ပဏီ





ကို ပိုစိတ်ဝင်စားတာလား"

"ဖြစ်နိုင်ချေကိုမှန်းပြီးပြောတာပါ မေမေ။ နှောင်း့အခု ငယ်လွန်းမှန်းသိပါတယ်။ နှောင်းမှာ. . . သင်ယူလေ့လာစရာတွေအများကြီးရှိသေးတယ်"

ဒေါ်သက်ထားမျက်နှာမှာ မဲ့ပြုံးတစ်ခုပေါ်လာ၏။ အရွယ်နှင့်မလိုက်အောင် စကားတွေတတ်နေသည့်သမီးကို အံ့ဩပြီးရင်းအံ့ဩနေရတော့သည်။

"မေမေတော့ အရမ်းအံ့ဩတာပဲသိတယ်။ မေမေ့သမီးမှာ ဒီလိုလေးနက်တဲ့အတွေးတွေ ဘယ်အချိန်က ဝင်လာခဲ့တာလဲ။ ဘယ်သူက ရိုက်သွင်းပေးခဲ့တာလဲ"

"အချိန်တန်တော့လည်း မှတ်ဉာဏ်က ပွင့်သွားတာပါမေမေရယ်။ နှောင်းမှာ သင်ဆရာမြင်ဆရာဆိုလို့. . . နေ့စဉ်ဖတ်နေတဲ့စာအုပ်တွေပဲရှိပါတယ်"

"ကောင်းပြီလေ. . . အိမ်ကကားနဲ့ပဲကြိုပို့လုပ်ပေးဖို့ သမီးနားထောင်ရင် မေမေခွင့်ပြုမယ်။ ဝတ်ရည်တို့ကို အိမ်ကိုလာစေပြီးမှသွားရမယ်။ ဒါပဲ. . ."

"ကျေးဇူးတင်ပါတယ်မေမေ။ တကယ့်ကိုကျေးဇူးတင်တာပါ"

မေမေ့ပါးတစ်ဖက်ကို ရွှတ်ခနဲနမ်းလိုက်ပြီး ဖုန်းဆက်ရန် အခန်းထဲပြေးဝင်ခဲ့၏။ ဒေါ်သက်ထား သက်ပြင်းငွေ့ငွေ့ကိုချရင်း ခေါင်းကိုခါလိုက်မိသည်။ ဒီတိုင်းကြီးလွှတ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုစောလွင်ကိုအသိပေးဦးမှပါလေ။ Hand phone ခလုတ်တွေကို ခပ်သွက်သွက်နှိပ်လိုက်၏။ တစ်ဘက်မှ ဖုန်းဖွင့်ထူးသံကိုပြန်ကြား လိုက်ရလေသည်။

"ဟဲလို"

"ထားလား. . . ပြောလေ။ တစ်ခါမှဖုန်းမခေါ်ဖူးလို့ ကိုယ် အံ့ဩနေတာ"

"ကိုကို. . . ထား, သမီးကိုအခွင့်အရေးတစ်ခုပေးလိုက်ရ တယ်"

"ဘာများလဲ"

"သမီးက အပြင်မှာသင်တန်းတွေတက်ချင်လို့တဲ့"

"အဲဒီတော့"

"ထား. . သမီးကိုစိတ်မချဘူး။ အဲဒါဘာလုပ်ရမလဲ"

"စိတ်ကိုအေးအေးထားမှပေါ့ ထားရဲ့။ သမီးလည်း အရွယ် ရောက်လာပြီပဲ။ သူ့ကိုယ်သူထိန်းနိုင်မှာပါ"

"ထားက သမီးကို ကလေးလေးလို့ပဲမြင်တုန်းပါကိုကိုရယ်"





ဦးစောလွင် ခပ်တိုးတိုးလေးရယ်လိုက်မိ၏။ ခေတ်ရေစီး ကြောင်းကို အလိုက်သင့်မစီးမျောဘဲ ကမ်းပေါ်ကျန်နေရစ်ခဲ့သည့် သက်ထားကို အပြစ်မမြင်ရက်ပါ။ အမြင်တွေက အမြဲတူခဲ့တာမှ မဟုတ်တာဘဲ။

"အိမ်ကကြိုပို့လုပ်ပေးမှာပဲမဟုတ်လား ထားရဲ့"

"အင်း. . . ဒါပေမဲ့ ထား,စိတ်မချတာက စိတ်မချတာပဲ"

"ကောင်းပြီလေ. . . ကိုယ်စီစဉ်ပေးပါ့မယ်"

"ဘာလုပ်ပေးမှာလဲ"

"သမီးနောက်မှာ shadow ထည့်ပေးရင် ပြီးရောမဟုတ် လားထားရယ်"

"ကျေးဇူးတင်ပါတယ်ကိုကို"

"ဒီစကား ကိုယ်တို့နှစ်ယောက်ကြားမှာ ပြောဖို့လိုလို့လား ထားရဲ့"

ဒေါ်သက်ထား တစ်ချက်မျှငိုင်သွားရ၏။ အရွယ်ရောက် ခါစမှ ချည်နှောင်ခဲ့ဖူးသည့်ကြိုးတွေကို ပြန်မဆွဲထားချင်ပါ။ သူမ ကိုင်ထားသည့်ကြိုးက နွယ်ရှင်တစ်ပင်ဖြစ်နေခဲ့သည်ကိုး။

"ဒါပဲမဟုတ်လားထား။ ကိုယ်အလုပ်တွေရှိသေးလို့ ဖုန်း ပိတ်ပြီ"

"ဟုတ်ကဲ့"

သဘောတကျဖြင့် မျက်နှာလေးက ပြုံးလျက်ဝင်းပနေ၏။ မှန်ထဲကိုဖျတ်ခနဲကြည့်မိစဉ် တလက်လက်တောက်ပနေသည့်မျက်ဝန်းတစ်စုံကိုမြင်နေရသည်။

"ဟဲ့. . . ဆက်ပြောလေ နှောင်းရဲ့"

"အဲဒါပဲလေဟယ်"

"ဟာ! နင့်ဟာကလည်း ဆတ်တငံ့ငံ့နဲ့ ကိုရီးယားဇာတ်လမ်း ပိုင်းလိုက်တာ ကျနေတာပဲ"

"ဟင်းဟင်းဟင်း. . . လူကိုတောင် ဖျတ်ခနဲပဲတွေ့ဖူးလိုက်တာပါဟာ"

"ဟွန်း! ဒါနဲ့များ လူပုံကိုအလွတ်ရနေတာ၊ အံ့ပါ့"

"နှောင်းလည်း မပြောတတ်တော့ပါဘူးဝတ်ရည်ရယ်။ သူ့ကိုတွေ့လိုက်တာနဲ့ ရင်ထဲမှာ ဒိတ်ခနဲခုန်သွားပြီး အံ့ဩသွားမိတာ။ ဒါတောင် သူနဲ့အကြည့်ချင်းဆုံရသေးတာမဟုတ်ဘူး။ ဆုံများဆုံရရင်တော့၊ အမယ်လေး. . . နှောင်းတော့ နလုံးရပ်သွားဖို့သေချာတယ်"

"ရှုးပါ့ဟယ်"

"ကိုကြီးက ခန့်ချောကြီးဟဲ့"





"အမယ်. . . အမယ်. . . ရင်းတောင်မှမရင်းနှီးသေးဘူး ခေါ်ပုံကိုက ကိုကြီးတဲ့. . . အပိုင်ပဲ"

"သူ့ကငါ့ထက် အနည်းဆုံး ၈ နှစ်လောက်တော့ ကြီးမှာသေချာတယ်"

"နှောင်း. . . နင်ရင်ခုန်တတ်နေတာ တကယ်ပါလား"

"ဟင်! "

"ဟုတ်တယ်၊ နင် သူ့ကိုချစ်နေတာ သေချာနေပြီ။ ဗေဒင်ဘောင်မေးစရာမလိုဘူး"

"အချစ်. . . ဟုတ်လား"

"အေးလေ. . . ရင်ခုန်ရင်အချစ်တဲ့။ နင်မကြားဖူးဘူးလားတုံးရဲ့"

သူမ၊အသံထွက်အောင်ပင် လိုက်လိုက်လှဲလှဲရယ်ချလိုက်မိ၏။ အချစ်တဲ့. . . ထူးဆန်းအံ့ဩဖွယ်ရာပါပဲလား။ တစ်ခါမှမကြုံဖူးသေးတဲ့အဖြစ်အပျက်လေးတစ်ခုပေါ့နော်။

"နှောင်း"

"ဟင်"

"နင်၊ ငါတို့နဲ့သင်တန်းတက်ချင်တာရော တကယ်ဟုတ်ရဲ့လား။ နင့်ကိုကြီးနဲ့ဆုံချင်လို့ ခွင်ရှာတာတော့ မဟုတ်လောက်ပါ

ဘူးနော်"

"ဟင့်အင်း. . နှောင်း တကယ်တက်ချင်တာပါ ဝတ်ရည်ရယ်။ အထင်မလွဲပါနဲ့။ သူ့ကိုခဏလေးဆုံခဲ့ရပေမယ့် သူက နှောင်းကိုမြင်ဖူးသိဖူးတာမှမဟုတ်ဘဲနဲ့။ "နှောင်းကသာ. . . နှောင်းကသာ"

"အေးပေါ့လေ. . . ငါ နင့်ကိုနားလည်ပါတယ်။ နင့်ရဲ့ဖူးစာမှန်ရင်တော့ သူနဲ့တစ်နေ့ပြန်ဆုံရမှာပေါ့။ Good Luck ပါနှောင်း။ ဒါဆို. . . ငါတို့အုပ်စု နင့်ကို အင်္ဂါနေ့မနက်,လာခေါ်မယ်။ နင်စောင့်နေပေါ့"

"အင်း"

"ဒါပဲနော် မိန်းမ။ နင့်ကိုကြီးကို အိပ်မက်ထဲမှာ ချိန်းတွေ့မနေနဲ့။ ငါမနာလိုချင်ဘူး။ ကဲ. . . ဖုန်းချလိုက်ပြီ"

ကြည့်စမ်း. . . နှောင်း,ကိုကြီးတဲ့လားဝတ်ရည်ရယ်။ ကြည်နူးလိုက်ရတာမပြောပါနဲ့။ ဟုတ်တယ်. . . မှန်တာပေါ့ ဝတ်ရည်။ နှောင်းမှာ ပိုင်ဆိုင်တာဆိုလို့ ဒီအိပ်မက်တွေပဲရှိတာပါကွယ်။ ဖုန်းကိုပိတ်လိုက်ပြီး အိပ်ရာထက် အသာလှဲချလိုက်၏။

မျက်လုံးအစုံကိုမှိတ်လိုက်မိစဉ် အာရုံမှာပေါ်လာသည့် မျက်နှာတစ်ခုကြောင့် အလိုလိုပြုံးနေမိသည်။ ရင်အုပ်ကျယ်ကျယ်၊ ခပ်မတ်မတ်လျှောက်လှမ်းနေသည့် Style၊ အသားအရေမဖြူမညို





မြင့် ခန့်တည်ချောမော၍ ယောကျ်ားပီသလွန်းသည့်လူတစ်ယောက်ကို မေ့ဖျောက်၍မရနိုင်အောင် စွဲလမ်းနေမိတာဟာ အချစ်တဲ့လား. . .

အို. . . ရက်စရာကြီး. . . နှောင်းက အခုမှ အသက်ငယ်ငယ်လေးပဲရှိသေးတာပါကိုကြီးရယ်။ နှောင်းရင်ထဲက တစ်ဖက်သတ်ချစ်ခြင်းတွေကို ကိုကြီးကို မသိမြင်စေချင်ပါဘူး။ ငယ်ရွယ်သူလေးရဲ့ခံစားချက်ကို ကိုကြီးလျစ်လျူရှုပစ်လိုက်မှာကို စိုးရိမ်လွန်းလို့ပါ။



## အခန်း ( ၄ )

Hand Phone မြည်သံကြောင့် ကားမောင်းနေရာမှ သူ ဖွင့်လိုက်၏။ နားကျပ်ကိုတပ်ပြီးစဉ် တစ်ဖက်မှ အန်ကယ်ဦးစော လွင်၏အသံကိုကြားလိုက်ရသည်။

"နေသွေး. . . မင်းအခုဘယ်မှာလဲ"

"ကားပေါ်မှာအန်ကယ်. . . ၈ မိုင်မီးပွိုင့်မှာ"

"ဘယ်သွားမလို့လဲ"

"သက်န်းကျွန်းက မြေကွက်ကိစ္စ သွားစုံစမ်းမလို့လေ"

"အဲဒါထားလိုက်တော့။ ခုချက်ချင်း မင်းတိုက်ခန်းပြန်၊ ငါနိုင်းစရာရှိသေးတယ်"

"ဘယ်ကိုလဲ အန်ကယ်"

"အင်းလျားလမ်းက ဦးဖရက်ဒီပါတီကိုသွားရမှာ"

"ဟာ! အဲဒီကို အန်ကယ်သွားမှာဆို"

"ငါနောက်ကျမယ်။ ကိစ္စတစ်ခုရှိလို့ မင်း အဲဒီကို ၆ နာရီကတည်းက ရောက်နှင့်ပါစေ။ သူတို့အုပ်စု စိန်လေလံတင်တဲ့ကိစ္စနဲ့ ဆုံကြမှာ။ မင်း, သူ့အကြောင်းသိတယ်နော်။ ဟိုတစ်ခါ ငါ့ကို ခွင်ကျော်ပြီးရိုက်သွားတာ ငါမကျေသေးဘူး။ ဒီတစ်ခါတော့ ငါ အစစအရာရာကြိုသိချင်တယ်။ မင်းလှုပ်ရှားပါ. . . ဒါပဲ"

"ပါတီပွဲက ဖိတ်စာနဲ့သွားရတာမဟုတ်လား အန်ကယ်"

"မင်းအခန်းမှာ ငါပို့ထားပြီးပြီ။ ဒီလောက်တော့ ငါလာဘ်မြင်ပါတယ်။ အဆင်ပြေအောင်လုပ်ပါ။ ငါစိတ်ချမယ် နေသွေး"

"ဟုတ်ကဲ့အန်ကယ်"

သူ, ကားကိုပြန်ကွေ့မောင်းခဲ့၏။ လေးလွှာပေါ် lift ဖြင့်တက်ခဲ့စဉ် သူ့အခန်းဝစာတိုက်ပုံးလေးထဲမှ ဖိတ်စာအဖြူလေးကိုသော့ဖွင့်ယူလိုက်သည်။ ရေချိုး၍ ရုပ်အဖြူပေါ်မှာ မီးခိုးရောင် suit ကိုသေသပ်စွာဝတ်လိုက်ပြီး အနက်နှင့်မီးခိုးကျား necktie ကို ခပ်တင်းတင်းလေးဆွဲတပ်လိုက်၏။ ခပ်တိုတိုဆံပင်တွေကို ဘီးဖြင့်ဖြီးလိုက်စဉ် ဆံပင်လေးနှစ်ဖက်စည်းထားသည့်ချာတိတ်မလေး





ကို ဖျတ်ခနဲမြင်ယောင်လိုက်မိသည်။

မှန်ထဲမှ သူ့မျက်ဝန်းတွေက ချက်ချင်းမှုန်မှိုင်းသွားလေ၏။ မှန်ဗီရိုကိုဖွင့်၍ ပိုက်ဆံအိတ်ယူလိုက်စဉ် အတွင်းဘက်တံခါးမှာ ကပ်ထားသည့် နှစ်ယောက်တွဲဓာတ်ပုံလေးကိုမြင်လိုက်ရလေသည်။ ခါးသိမ်သိမ်လေးကို နောက်ကျောမှတင်းကျပ်စွာပွေ့ပိုက်ထားသည့် သူ့လက်များ၊ လည်တိုင်သွယ်သွယ်လေးထက် မေးတင်၍စိုက်ကြည့်နေသည့်မျက်ဝန်းတွေက စကားလုံးပေါင်းများစွာ ပြောဆိုနေလေသယောင်။ သွားတက်ကလေးနှင့် အပြစ်ကင်းစွာပြုံးနေသည့်မိန်းကလေး၏အပြုံးတို့က ကြည်ကြည်နူးနူး. .

"တောက်! "

သူ,မျက်ဝန်းအစုံကိုမှိတ်ချလျက် ဗီရိုတံခါးကိုပိတ်လိုက်ပြီး ခေါင်းကိုအသာမှီထားလိုက်မိ၏။

"လေးရယ်"

ခပ်တိုးတိုးရေရွတ်သံအဆုံးမှာ သူ့ပါးပြင်ထက် ပူနွေးသွားတော့၏။ မေ့ထားတာမဟုတ်ရပါဘူး။ 'လေး'အတွက် ရည်စူးထားတဲ့ရည်မှန်းချက်က အင်မတန်မှကြီးမားလွန်းလို့ပါ။ ပြီးတော့ သိပ်မသေချာသေးတာလည်းပါ,ပါတယ်။ တစ်နှစ်ဆိုတဲ့အတိုင်းအတာကာလမှာ ဒီလူကြီးရဲ့လျှို့ဝှက်ချက်တွေကို မောင်အကုန်မသိသေး

တာအမှန်ပဲ။ ဒီလူက အင်မတန်သိုသိပ်လွန်းတယ်လေ။

ခေါင်းကိုဆတ်ခနဲပြန်မတ်လိုက်ပြီး မျက်နှာထက်ရှိ မျက်ရည်ပူတို့ကို လက်ဝါးဖြင့်ပွတ်သုတ်လိုက်၏။ ရင်ထဲမှအာဃာတမီးတို့ကို တစ်ခဏချင်းငြိမ်းအောင် သူလုပ်လိုက်ရသည်။ ဟန်ဆောင်ခြင်းအတတ်ပညာကို တစ်ဖက်ကမ်းခပ်အောင် သူတတ်မြောက်ခဲ့ရတာအမှန်ပါလေ။

ကွန်ဒိုမီယံပေါ်မှဆင်း၍ ကားကိုပြန်မောင်းထွက်ခဲ့သည်။ အင်းလျားလမ်းထဲ သူဝင်ခဲ့စဉ် ခြံထဲမှာ ကားတော်တော်များများ ရောက်နေလေပြီ။ ခြံဝမှဂိတ်စောင့်ကို ဖိတ်စာထောင်ပြ၍ ကားကို ချိုးကွေ့ဝင်ခဲ့၏။ ကားရပ်ရမည့်နေရာကို ညွှန်ပြနေသဖြင့် ထိုလူညွှန်ပြရာနေရာမှာ ပါကင်အသာထိုးလိုက်သည်။

ကားပေါ်မှဆင်း၍ တံခါးကိုသော့ခတ်လိုက်ပြီး မြက်ခင်းပြင်ရှိရာဆီ ခြေလှမ်းမှန်မှန်လှမ်းလာခဲ့၏။ Buffet ကျွေးသည်မို့ ခြံစည်းရိုးအုတ်တံတိုင်းခပ်လှမ်းလှမ်းမှာ အစီအရီပြင်ဆင်ထားသည့်စားသောက်စရာများကိုလှမ်းမြင်နေရသည်။ စီးပွားရေးလောကထဲမှာ သိပ်မရင်းနှီးသော်လည်း မျက်မှန်းတန်းမိနေသည့်လူကြီးအချို့ကိုတွေ့ရ၏။

"ဟင်းဟင်းဟင်း. . . ကိုကြီးကလည်း ဒါမျိုးဆို မှိုင်းက





နောက်ချန်ခဲ့ရိုးမှမရှိတာ မသိဘူးလား"

ချွဲချွဲနွဲ့နွဲ့ပြောလိုက်သည့်အသံကြောင့် သူလှမ်းကြည့်လိုက်မိတော့ နားဆွဲရှည်ရှည်နှင့် Three Step ဆံပင်နှင့်ကောင်မလေးကိုတွေ့လိုက်ရ၏။ အနက်ရောင်ကိုယ်ကျပ်ဂါဝန်က ကိုယ်နှင့်တိုင်းချုပ်ထားသလို ကျပ်ညပ်နေလေသည်။ ရင်ဘတ်ရော ကျောပြင်ကပါ ဟိုက်လွန်းကျယ်လွန်းသလို နောက်ကြောင်းမှာ ခွဲထားသည်ကလည်း အတော့်ကိုရှည်လွန်းနေ၏။ ဒါ ဟိုတစ်ခါ Hotel မှာဆုံခဲ့ဖူးသည့် မဒီလေးပါလား။ သူမက ဦးဖရက်ဒီ၏လက်မောင်းကိုခပ်ဖွဖွချိတ်ထားလေသည်။

"ကိုယ်က မင်းမကြိုက်ဘူးထင်လို့ပါ မှိုင်းရယ်။ မင်းက Fancy တွေပဲ အဝတ်များတာကိုး"

"အို. . . ကိုကြီးကလည်း ရတနာပစ္စည်းမကြိုက်တဲ့မိန်းကလေးရယ်လို့ ရှိလို့လား။ မှိုင်းက စိန်ဆိုရင် အားလုံးထက်ပိုကြိုက်တယ်ရှင့်"

"ဟုတ်ရဲ့လားမှိုင်းရဲ့။ မင်းပြောတော့ ကိုယ့်ကိုအချစ်ဆုံးဆို"

"ကြည့်. . . နှိုင်းစရာလား။ လူကြီးဖြစ်ပြီး ဒီလိုကလေးကလားစကားတွေ ပြောတတ်ရတယ်လို့"

"အဲဒါ မှိုင်းပဲသင်ပေးတာလေ"

ဆေးရိုးရုံအနီးမှာ လူရှင်းနေသည်မို့ထင့် ခန္ဓာနှစ်ခုရင်ချင်းအပ်သွားတာကိုမြင်လိုက်ရသဖြင့် သူ အကွယ်နေရာကိုရှာ၍ ရပ်လိုက်ရသည်။ ကာယကံရှင်တွေကမသိပေမယ့် သူမျက်နှာပူရသည်ကိုး။ ဒီကောင်မလေးက အိမ်ထောင်ရှင်အဘိုးကြီးတွေကိုပါ မချန် အပိုင်လိုက်ကြံနေတာပါပဲလား။

စက္ကန့်ပိုင်းမျှကြာအပြီးမှာ ခိုးခိုးခစ်ခစ်ရယ်မောလိုက်သံကိုကြားလိုက်ရပြန်၏။ အင်း. . . စိန်လေလံပွဲသတင်းကို ဒီ,မဒီလေး နှိုက်နေတာထင်ပါရဲ့။

"ဒါပဲနော်. . . မှိုင်းကိုမခေါ်ရင်အသိပဲ"

"ခက်တာပဲကွယ်. . . အဲဒီနေ့အိမ်ကဟာကြီးလည်း လိုက်မှာသေချာတယ်မှိုင်းရဲ့"

"အို. . . သူခေါ်တာနဲ့ မှိုင်းခေါ်တာ ဘယ်သူကဂိုဏ်းဂုဏ်ရှိသလဲ ကိုကြီးမစဉ်းစားတတ်ဘူးလား"

"သူ့ကိုမခေါ်လို့မဖြစ်ဘူး မှိုင်းရဲ့။ အဲဒီပွဲမှာ သူလိုချင်တဲ့ဟာရှိနေတာလေ"

"ဟင်! ဘာများလဲ"

"India ကလာတဲ့ Blue Diamond ဘယက်ကြီးပေါ့။ သိန်း





ထောင့်ငါးရာ အနည်းဆုံးတန်တယ်"

"ဟာ! မှိုင်းလည်းတွေ့ဖူးချင်လိုက်တာ"

"ကွယ်. . . မှိုင်းရယ်. . . အဲဒါတော့ ကိုယ်ဝယ်မပေးနိုင်ဘူး။ ပွဲမှာ. . . ကိုယ်ဈေးခေါ်လို့နိုင်ခဲ့ရင်တောင် အဲဒါကိုစရံပဲသပ်နိုင်မှာ"

"ဟင်. . . အကျေမချေနိုင်ဘဲနဲ့များ ဝယ်ဦးမယ်"

"အဲဒါရရင် မေဘယ်လ်က သူ့ Old Diamond One Set ကိုပြန်ထုမှာလေ"

"Old Model ကြီးက အရောင်းထွက်ဦးမှကိုး. . . ကိုကြီးရဲ့"

"ပွဲစားနဲ့ချိတ်ပြီးသားပါ မှိုင်းရဲ့။ သူ့ဟာနဲ့သူ ခွင်တည့်ပြီးသား"

"ဩော်. . . ဘာခွင်တည့်တာလဲ။ ဒီကမှိုင်းအတွက်ရောဘယ်မှာလဲ"

"ကျွတ်. . . ပွဲကိုပြီးအောင်ကြည့်ပါ မှိုင်းရာ။ အဲချိန်တန်မှိုင်းလက်ထဲ စိန်တစ်ဆင်စာရောက်ရင် ပြီးတာပဲမဟုတ်လား"

"တကယ်နော်"

"တကယ်ပေါ့. . . မယုံဘူးလား"

"ဟိုးထားနော်. . . လူတွေများလာပြီ"

သူ့ထိုင်ခုံမှာနေရာယူလိုက်စဉ် ဖြဲယဲသို့ဦးစောလွင်၏ကာ
ဝင်လာလေ၏။ မိတ်ဆွေအပေါင်းအသင်းတွေကိုနှုတ်ဆက်လို
ပြီး သူနှင့်မျက်စောင်းထိုးစားပွဲမှာ နေရာယူလိုက်လေသည်။ သူ
ဖျတ်ခနဲလှမ်းကြည့်လိုက်စဉ် သူက မသိမသာလေးခေါင်းညိတ်
လိုက်ပါ၏။

Buffet စားရန် ပန်းကန်ဆွဲလိုက်စဉ် ဦးစောလွင်က သူ
အနီးသို့ မယောင်မလည်ဖြင့်လျှောက်လာကာ ပန်းကန်တစ်ချပ်
လိုက်လေ၏။ ခေါက်ဆွဲကြော်နည်းနည်း၊ ထမင်းဖြူအနည်းငယ်
ပုစွန်ထုပ်တစ်ကောင်၊ ဝက်သားလုံးကြော်၊ ကြက်ပေါင်တစ်ချောင်း
ငါးချိုချဉ်ကြော်၊ ပုစွန်ချဉ်စပ်အနည်းငယ်စီကို ခပ်ထည့်နေစဉ် ဦး
စောလွင်က သူ့အေးမှာကပ်၍ ရပ်လိုက်လေသည်။

"အခြေအနေ"

"အပြာ. . . ထောင့်ငါးရာတန်ကိုရအောင်ယူမယ်"

"ဒါဆို ဒီကိစ္စ မင်းပဲဆက်လုပ်လိုက်။ အန်ကယ်လေလံပွဲ
မတက်ဘူး။ ဖြစ်တယ်မဟုတ်လား"

သူ့ ခေါင်းကိုသာညိတ်ပြလိုက်ပြီး စားပွဲရှိရာဆီပြန်လှည့်
လျှောက်လာခဲ့၏။ သူ စစားနေချိန်မှာ ဦးစောလွင်စားပွဲမှာ ဝင်





ခိုင်လိုက်သည့်မဒီလေးကို သူတွေ့လိုက်ရသည်။ မင်းမှားမယ်မှိုင်း
. . .။ ဒီလူကြီးက မင်းကိုလေလံပွဲခေါ် သွားမယ့်လူမှမဟုတ်
တစ်ခဏချင်း ရင်းရင်းနှီးနှီးဖြင့်ရယ်မောလိုက်သံတွေထွက်လာ
၏။ အင်း. . . အန်ကယ့်ကိုအပိုင်ချိဖို့ စပြီးကြိုးစားနေပြီပေါ့။
ဒီအဘိုးကြီးကိုထောင်ဖမ်းဖို့ကြိုးစားရင် မှားမယ်မိန်းကလေး။
ထောင်ကြောင်မိတဲ့။ ဒါပေမဲ့ မင်းရဲ့ပိုက်ကွန်ထဲကကြောင်က
ငွယ်အဖွေးသားနဲ့ အန္တရာယ်ပြန်ပေးနိုင်တဲ့တောကြောင်နော်။

တစ်အောင့်အကြာမှာ သူထပြန်လာခဲ့၏။ အင်း. . . ခု
လော သူ့အဆက်ကောင်မလေးတွေနှင့် အဆက်အသွယ်ဖြတ်
းတော့လည်း ပျင်းစရာကြီးဖြစ်နေသလိုပါပဲလား။ phone ဆက်
ရာမရှိတော့ အန်ကယ့်ဖုန်းမှာပေါ် လာခဲ့သည့် နံပါတ်လေးတွေကို
အမှတ်ရသွားလေသည်။ ဦးစောလွင်. . . ဦးစောလွင်။ အပြင်
ထင်သလိုနေ့နေပြီး ကိုယ်သမီးကျတော့ လူမမြင်အောင်ဝှက်
းတာပါလား။ Hand Phone ခလုတ်တွေကို သူအသာနှိပ်လိုက်
၏။ အင်း. . . ချာတိတ်မ့ကိုင်ရင် သူဘာပြောရမလဲ။

"ဟဲလို"

"နှောင်းလား"

"ဟုတ်တယ်. . . ခုပြောနေတာဘယ်သူလဲ"

"နှောင်း,အခုဘာလုပ်နေလဲ"

"အာ. . . နှောင်းမေးတာအရင်ဖြေလေ"

"ကိုယ်လား. . . အင်း"

"ဟော. . . သိပြီ. . . နှောင်းသင်တန်းတက်ရင် နောက်ကတကောက်ကောက်လိုက်နေမယ့် Body Guard ကြီးပေါ့လေ။ ဒီမှာ. . . နှောင်းက သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်လေး သွားလာချင်လို့ တမင်အပြင်မှာ သင်တန်းတက်တာ။ ဒီလိုမျက်စိဒေါက်ထောက်ကြည့်မှာကိုတော့ နှောင်းမလိုချင်ဘူး။ အိမ်ထဲမှာပဲ စိတ်ကျဉ်းကျပ်နေရတယ်မှတ်တာ။ အခုအပြင်ထွက်ဖို့တောင် စိတ်အိုက်ရမယ်ဆိုရင်လည်း သေဖို့တောင်မှကောင်းနေပြီ"

ကြည့်စမ်း! ဒီလူကြီးက သူ့သမီးအတွက် စီမံထားတာ ဟာကွက်တောင်မှမရှိပါလား။ သူ ခပ်မှဲ့မှဲ့ပြုံးလိုက်မိလေ၏။

"ကိုယ်က နှောင်းကိုနှောင့်ယှက်မယ့်သူမှမဟုတ်ဘဲ"

"ဒါပေမဲ့ ရှင့်ကို နှောင်းအလိုမရှိဘူး"

"ဒါက နှောင်းဖေဖေရဲ့ဆန္ဒလေ"

"ဟင့်အင်း. . . နှောင်းမလိုချင်ဘူး။ နှောင်းလိုချင်တာ လွတ်လပ်မှုပဲ။ ဒီလိုချုပ်ထိန်းမှုတွေကို မုန်းတီးနေတာကြာခဲ့ပြီ"

သူ ဘာဆက်ပြောရမည်မှန်းမသိသေးခင်မှာ တစ်ဖက်မှ





...ားပြောသံသဲ့သဲ့မျှကြားလိုက်ရလေ၏။

"ဟဲလို"

"ဟဲလို. . . အန်တီထင်တယ်"

"ဟုတ်တယ်. . . သားနာမည်ဘယ်လိုခေါ်လဲ"

"အန်ကယ်ပြောမထားဘူးလား အန်တီ"

"ဟင့်အင်း. . . နာမည်က အရေးမကြီးပါဘူး သားရေ။ နက်ဖြန် သမီးသင်တန်းစတက်မှာ။ အဲဒါ အန်တီစိတ်ချချင်တယ်ကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"သမီးက နည်းနည်းဂျစ်ချင်နေတယ်။ အပြင်လောကအကြောင်း သူဘာမှသိတာမဟုတ်ဘူး။ တစ်ခုခုဆို အန်တီရင်ကျိုးရမှာ။ သူက. . . မိခင်ထက် ဥပေက္ခာပြုထားတဲ့ဖခင်ရဲ့မေတ္တာကိုပဲ တောင့်တနေတာ။ သားအန်ကယ်အကြောင်း သားအသိဆုံးဖြစ်မှာပါ။ အန်တီပြောဖို့မလိုပါဘူး။ တစ်ခုပါပဲ. . . သမီးကိုအတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါကွယ်"

"စိတ်ချပါ အန်တီ"

"ဒါဖြင့် အန်တီဖုန်းချလိုက်ပြီနော်"

"ဟုတ်ကဲ့"

သူ ဖုန်းကိုပိတ်လိုက်ပြီး ဦးနှောက်ကို အမြန်ဆုံးအလုပ်ပေးလိုက်ရသည်။ ဦးစောလွင် shadow လုပ်ခိုင်းမည့်သူက ဘယ်သူဖြစ်နိုင်မလဲ။ ချာတိတ်မလေးက အလိုမရှိဘူးတဲ့။ ကောင်းပြီ. . . ဒါသူ့အတွက်ဝင်လို့ကောင်းတဲ့ဇာတ်ကွက်တစ်ခုဖြစ်သွားပါပြီ။ အတွေးအား မှာ လေတစ်ချက်ချွန်ရင်း ခုတင်ထက် ပစ်လှဲချလိုက်မိ၏။

နှောင်းတဲ့. . .။ ကလေးသာသာချာတိတ်မလေးဟာ သူ့အတွက် ပစ်မှတ်လား။ စိတ်မကောင်းပါဘူး baby လေးရယ်. . .။ မင်းဖေဖေက. . . မင်းဖေဖေက. . .



## အခန်း ( ၅ )

ကော်ဖီဆိုင်ထဲ သူဝင်လိုက်စဉ် အန်ကယ်ထိုင်နေသည့်စားပွဲမှ လူငယ်တစ်ယောက် ထထွက်သွားလေသည်။ ကောင်လေးက အမိန့်ကိုတစ်သွေမတိမ်းနာခံမည့်ရုပ်လေးမို့ ဦးစောလွင် စိတ်ချရသည်ထင်လေ၏။ သူ့မသိချင်ယောင်ဆောင်လျက် အန်ကယ့်ဝိုင်းမှာဝင်ထိုင်လိုက်သည်။

"အတော်ပဲနေသေး. . .။ ဘဏ်မှာ အန်ကယ် သုံးထောင်သွင်းပေးထားတယ်။ တကယ်လို့ နောက်ထပ်လိုနေသေးရင်တော့ လူတစ်ယောက်နဲ့ ထပ်ပေးခိုင်းလိုက်မယ်။ မင်း cheque ပဲသုံးရင်ဖြစ်တယ်မဟုတ်လား"

"အဆင်ပြေပါတယ် အန်ကယ်"

"ဒီကိစ္စအောင်မြင်အောင်လုပ်ပါ နေသွေး။ Robert က ဟိုမှာသူပြန်ရောင်းပေးမယ်လို့အာမခံပေးထားတယ်။ တို့လက်ထဲ ရောက်ဖို့က အဓိကပဲ"

"ကျွန်တော်လုပ်တဲ့အလုပ်မှန်သမျှ မအောင်မြင်တာရှိခဲ့ လို့လား အန်ကယ်"

"ဟုတ်ပါတယ်. . . ဒါကြောင့်လည်း မင်းကိုစိတ်ချလို့လွှဲ ပေးတာလေ။ ဖရက်ဒီက လောလောဆယ် သူ့လက်ထဲ ငွေမရှိလို့ သူ့မိန်းမပစ္စည်းကို ထုခွဲဖို့စီစဉ်ထားတာ၊ ဟာကွက်မရှိပါစေနဲ့။ ဒီ ပွဲမှာ မင်းကိုဒိတ်ဒိတ်ကျဲပုံစံမျိုးနဲ့ လူတွေသိသွားပါစေ"

"ကျွန်တော်က လက်ဆုပ်လက်ကိုင်ပြစရာကုမ္ပဏီမပိုင်ဘူး နော် အန်ကယ်"

"မလိုပါဘူးကွာ. . . နိုင်ငံခြားမှာဖွင့်ထားတယ်ဆို ပြီးတာ ပဲ။ ဒီကိစ္စပြီးရင် မင်းအတွက် Thirty percent ခံစားခွင့်ရှိမယ်"

"OK ပါ အန်ကယ်။ ဒါဖြင့် ကျွန်တော်သွားပြီ"

"အေး. . . Good luck နေသွေး"

"Thanks အန်ကယ်"

သူဆိုင်ထဲမှထွက်ကာ ကားကိုမောင်းထွက်ခဲ့၏။ ဖုန်းမြည်





သံကြောင့် သူဖွင့်နားထောင်လိုက်သည်။

"ဟဲလို. . . အစ်ကို၊ ကျွန်တော်ကျော်ဗိုချစ်ပါ"

"ပြောလေ ကျော်ဗို"

"သင်တန်းက ဆယ်နာရီမှစမယ် အစ်ကို။ အခုကောင်မ လေးက သူ့အမေနဲ့ ဆိုင်ကိုပါသွားတယ်။ ကြည့်ရတာ သင်တန်းကို ဆိုင်ကပဲ သွားမှာထင်တာပဲ"

"ဒီလောက်ဆိုရပြီ ကျော်ဗို. . . ။ မင်းလုပ်ရမှာက သူ့ကား နောက်မှာကပ်ပါလာတဲ့ကားကို အနှောင့်အယှက်ပြုရမယ်။ ပြီးရင် ကောင်မလေး class တက်နေတဲ့တစ်ချိန်လုံး သွားစိုက်ကြည့်နေရ မယ်။ ပေါက်လား"

"ပေါက်တယ်အစ်ကို. . . လောလောဆယ်တော့ ဒီလိုပဲ မျှောနေရမှာမဟုတ်လား။ အစ်ကို Hero ဝင်လုပ်ရင် ကျွန်တော့်ကို သတိပေးဦးနော်"

"အေးပါ"

"ဒါဆို ကျွန်တော် လမ်းမှာပဲကြိုစောင့်နှင့်မယ်။ ဒါပဲနော်"

"အေး"

သူကားကို ဗိုလ်ချုပ်ဈေးဆီ ဦးတည်လိုက်၏။ ဈေးထဲဝင် လာရင်း ရွှေဆိုင်တွေကိုသတိထားကြည့်မိသွားရသည်။

"Hnoul Gem House"

ဆိုင်နာမည်ကို သေချာကြည့်ပြီး မှန်များမှတစ်ဆင့် အကဲခတ်နေစဉ် အန်တီက ချာတိတ်မကို တစ်စုံတစ်ခုပြောကာ အခန်းထဲမှ ခပ်သွက်သွက်ထွက်သွားလေ၏။ သူခြေလှမ်းမှန်မှန်ဖြင့် ဆိုင်ထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့သည်။

"ဒီရင်ထိုးလေး တစ်ချက်လောက်ပြပါ"

"ဟုတ်ကဲ့ရှင့်"

အသံကြောင့် ကောင်တာကိုကျောခိုင်းထားရာမှ သူမလှည့်ကြည့်လိုက်၏။ ဘုရားရေ! သူ့,သူပါလား။ လက်ထဲမှာပိုက်ထားသည့်မွေးပွခွေးရုပ်ကလေးက အောက်ကိုဘုတ်ခနဲပြုတ်ကျသွားလေသည်။ မနှင်းဆီက ကောင်တာတွင်းမှပစ္စည်းကိုယူ၍ သူ့ကိုပြနေလေ၏။

"ဒါ platinum နော်"

"ဟုတ်ပါတယ်ရှင့်. . . စိန်ကလည်း အစစ်ပါပဲ"

"ဘယ်နှရတီလောက်ရှိလဲ"

"ခဏနော်အစ်ကို. . . ကျွန်မ code No နဲ့ရှာပေးပါ့မယ်"

မနှင်းဆီက Computer ခလုတ်ကိုနှိပ်၍ ရတီချိန်ကိုရှာတ်ပြစဉ်အထိ သူ့အကြည့်များက ရင်ထိုးပေါ်မှာပဲ ရှိနေလေသည်။





သူမ, သူ့မျက်နှာကို တမေ့တမောဖြင့်ငေးကြည့်နေမိ၏။ ကြည့်ပါဦး. . .။ မျက်ခုံးထူထူတွေက နက်တာထက် စိမ်းဖန့်ဖန့်အရောင်သန်းနေသလိုပါပဲလား။ နှုတ်ခမ်းနှစ်လွှာက ထူလည်းမထူ၊ ပါးလည်းမပါးဘဲ တင်းတင်းစေ့ထားလျက် မေးရိုးကျပုံက ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချတတ်သည့်စရိုက်မျိုးကို ပီသိသာစေလေသည်။

အို. . . ဘယ်သူ့ကြည့်ကြည့်၊ နှစ်ခါကြည့်ရအောင် ဆွဲဆောင်နိုင်လွန်းတာအမှန်ပါပဲ။

"တွက်ပြီး Voucher တစ်ခါတည်းဖြတ်ပေးပါနော်"

"ဟုတ်ကဲ့ရှင့်"

မနှင်းဆီ Voucher ရေးပေးစဉ် သူကငွေအကျေရှင်းလိုက်ပါ၏။ ပြေစာကို ဘောင်းဘီအိတ်ထဲထည့်စဉ် မျက်ဝန်းထောင့်မှ သူ့ကိုအကြောင်သားငေးကြည့်နေသည့် ချာတိတ်မလေးကိုမြင်နေရသည်။ ရယ်ချင်စိတ်ကို မနည်းအောင့်ထားရပြီး မနှင်းဆီထံမှပြန်အမ်းငွေကိုယူ၍ သူလှည့်ထွက်ခဲ့၏။

"ဟယ်! ဘူး. . . ဘူးကျန်ခဲ့ပြီ"

"ပေးပေး မနှင်းဆီ. . . နှောင်း လိုက်ပေး,ပေးမယ်"

နောက်ဘက်မှ သူမပြေးလိုက်လာသံကို သူကြားနေရ၏။

သူနောက်ကိုတစ်ချက်မှလှည့်မကြည့်ဘဲ လှေကားထစ်တွေကိုဆင်းလိုက်စဉ် သူမလှေကားထိပ်မှ အပြေးဆင်းလာတာကိုသိသဖြင့် ခြေလှမ်းကိုချက်ချင်းရပ်၍ နောက်ကိုပြန်လှည့်တက်လိုက်သည်။

"အို"

"ဟာ! "

အရှိန်ဖြင့်ပြေးဆင်းလာသည့် သူမကိုယ်လုံးသွယ်သွယ်လေးက သူ့ရင်ခွင်ကျယ်ကြီးထဲ ထွေးခနဲရောက်လာတော့သည်။ အံကိုက်ပါပဲ။ ခွင်များ ကြံဖန်ဆင်စရာမလိုအောင် အဆင်က ချောလို့ပါလား။

"ဘယ်လိုဖြစ်လာတာလဲ ချာတိတ်ရဲ့"

"ဟို. . . ဟို. . . ဒီမှာ ဘူးကျန်နေခဲ့လို့ လိုက်ပေးတာ"

"ဩော်. . . ဟုတ်တယ်၊ ကိုယ်လည်း အလုပ်တွေများနေလို့သတိမေ့သွားတယ်. . . Thanks နော်"

ခပ်တည်တည်ဖြင့်ငုံ့ကြည့်၍ပြောနေသည့် သူ့မျက်နှာချောချောကိုမော့ကြည့်ရင်း အသက်ရှူနှုန်းပင် မမှန်နိုင်တော့။ သူက နှုတ်ခမ်းတစ်ဖက်ကွေးရုံလေး ပြုံးပြလိုက်လေသည်။ အမယ်လေး! လှလိုက်တာနော်။ အိပ်မက်တွေထဲထိ စွဲသွားစေမယ့်အပြုံးမျိုးပါလား။





"တစ်ခုခုလိုက်စားပါလား"

"ဟင်! နေပါစေ"

"ကိုယ်က ကျေးဇူးတင်လို့ကျွေးတာပါ baby ရဲ့"

"နှောင်းက သင်တန်းသွားရတော့မှာ"

"ဘယ်မှာလဲ"

သူမပြန်မဖြေပါ။ မေမေသိသွားရင် အဆူခံရမည်မဟုတ်လား။ ခုချိန်ထိ နှစ်ယောက်စလုံး လှေကားတစ်ဝက်မှာ ရပ်နေဆဲ။

သူ့ထံမှခပ်ဩဩအသံထွက်လာပြန်၏။

"နာမည်က နှောင်းပဲလား"

"ဟင့်အင်း. . . ရှင်နှောင်းငယ်ပါ"

"ဟင်းဟင်း. . . ရာဇဝင်ထဲက မင်းသမီးလေးရဲ့နာမည်ပဲ။ ကဲ. . . ကိုယ်သွားပြီ။ နောက်များမှပြန်ဆုံကြတာပေါ့"

သူမ ခေါင်းလေးကိုအသာပုတ်လိုက်ပြီး လှေကားမှဆက်ဆင်းသွားသောသူ့ကျောပြင်ကိုငေးကြည့်နေရင်း အဆမတန်ခုန်ပေါက်နေသည့်ရင်ခုန်သံတို့ကို အတိုင်းသားကြားနေရလေသည်။ သေချာပါတယ်ကိုကြီးရယ်။ ကိုကြီးဟာ နှောင်းရဲ့အိပ်မက်မင်းသားလေးတစ်ပါးပါပဲ။

ဝတ်ရည်တို့ရောက်လာတော့ ရွှေဆိုင်ထဲမှထွက်လာခဲ့၏။

ဦးမြင့်က ကားပေါ်မှာအသင့်စောင့်နေသဖြင့် သူမတို့သုံးယောက် နောက်ခန်းမှာ တက်ထိုင်လိုက်သည်။ ကားထွက်လာစဉ် ဝတ်ရည်က သူမလက်ကိုညှစ်၍ မချင့်မရဲပြောလိုက်လေ၏။

"ငါနော်. . . အရမ်းသိချင်နေပြီ။ အဲဒီနှောင်းငယ်ဟာ တစ်ဖက်သားကိုမခံချိမခံသာဖြစ်အောင်. . . အမြဲလုပ်တတ်တယ်။ အသည်းယားလိုက်တာနော်"

"ဟိုရောက်ရင်ပြောပြမှာပေါ့ဟယ်. . . နင်ကလည်း"

"ဟဲ့. . . တို့နောက်မှာ ကားတစ်စီးတောက်လျှောက်ကြီး လိုက်လာပါလား"

"အဲဒါလေ. . . ဖေကြီးထည့်ပေးထားတဲ့ Body Guard"

"အံမာ! ဘီလုံးနာသူဌေးမကြီးကျနေတာပဲ။ body guard တွေဘာတွေနဲ့"

သုံးယောက်သား တိုးတိုးကျိတ်ကျိတ်ရယ်လိုက်ကြလေ၏၊ နောက်ဘက်မှ တတီတီနှင့်လမ်းတောင်းနေသည့်ကားသံကြောင့် သူမ လည်ပင်းလေးလိမ်အောင်ပင် လှည့်ကြည့်လိုက်သည်။

မျှော်လင့်ထားသူ၏ကားတော့မဟုတ်ပေ။ ပါဂျဲရိုးကားက သူမတို့ကားနှင့် နောက်ကားကြားထဲသို့ အတင်းဝင်လာလေ၏၊

"ဟယ်! ဒီကားက တစ်မျိုးပါလား"





"ဟုတ်ပါရဲ့. . . အသည်းအသန်လမ်းတောင်းပြီး၊ ကျော်တက်ဘဲ ကြားထဲဝင်လာတာ မရိုးသားဘူး"

"နှောင်းငယ်တို့တော့ ဇာတာတက်တာ အံ့မခန်းပါပဲလား။ အပြင်လည်းရောက်ရော ဝိုင်းဝိုင်းကိုလည်လို့"

"ဟဲ့"

သူမ, ဝတ်ရည်လက်ကိုအသာဆွဲဆိတ်၍ သတိပေးလိုက်ရသည်။ ဦးမြင့်ဆိုတာ မေမေ့လူယုံကြီးမဟုတ်လား။ တော်ကြာ အကုန်ပြန်တိုင်နေမှအခက်ပဲ။ နောက်မှကားက မီးပွိုင့်မှာရပ်တော့ သူမတို့ကားနှင့် ဘေးချင်းယှဉ်ရပ်လိုက်လေ၏။

သူမ,ဖျတ်ခနဲကြည့်လိုက်စဉ် ပါဂျဲရိုးကားပေါ်မှလူက ဖတ်ခနဲမျက်စိတစ်ဖက်မှိတ်ပြလိုက်လေသည်။

"ဟယ်. . . တစ်မျိုးကြီးပါလား"

"အေးလေ. . . အခုမှမြင်ဖူးတယ်။ အခုပဲ အဲဒီလိုလုပ်ပြစရာလား"

class ရှိရာဆီတက်လာခဲ့ပြီး speaking တက်နေစဉ်မှာ အခန်းဝမှာရစ်သီရစ်သီလာလုပ်နေသည့်ထိုလူကိုမြင်လိုက်ရသဖြင့် သူမမျက်နှာလေး စူပုပ်သွားရတော့သည်။

မုန်းဖို့ကောင်းလိုက်တာ. . .

သူ့နေရာမှာ ကိုကြီးသာဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ။ စိတ်ကူးနဲ့လက်တွေ့ဟာ ထပ်တူဖြစ်လာနိုင်ပါ့မလား။ ရင်ထဲကဆန္ဒတွေကို ကိုကြီးသိနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။





## အခန်း ( ၆ )

လေလံပွဲတွင်းသို့ လူတွေတဖွဲဖွဲရောက်လာကြသည်။ ဦးဖရက်ဒီနှင့် လေဒီမေဘယ်လ်တို့စုံတွဲက ဗိုက်ရွဲရွဲ ဝဝဖိုင့်ဖိုင့်နှင့်မို့ လိုက်ဖက်နေပါ၏။

ဒေါ်မေဘယ်လ်မျက်နှာက ခပ်ပြုံးပြုံး။ ဦးဖရက်ဒီက ငါးခူပြုံးလေးဖြင့် မပြုံးချင်ပြုံးချင်။ တစ်အောင့်အကြာမှာ သူတွေ့ခဲ့ဖူးသည့် မှိုင်းဆိုသည့်မိန်းကလေးက ကျောက်ကုန်သည်တစ်ဦးနှင့်တွဲချလာလေ၏။ မျက်နှာကတော့ ဝင့်ထည်လို့. . .

“ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျာ၊ မကြာမီအချိန်အတွင်းမှာ ကျွန်တော်တို့ရဲ့လေလံတင်ပွဲအစီအစဉ်

ကိုစတင်ပါတော့မယ်"

အခမ်းအနားမှူးက စတင်ကြေညာလိုက်သည်နှင့် ပရိတ်သတ်က အုန်းအုန်းကျွက်ကျွက်ညံနေရာမှ တိတ်ဆိတ်သွားကြ၏။ လေလံတင်ရောင်းချမည့်ပစ္စည်းများကို စတိတ်စင်အလယ်ဗဟိုရှိ စားပွဲကြီးပေါ်မှာ အစီအရီတင်ထားလေသည်။ Model Girl လေးသုံးယောက်က ပစ္စည်းတွေကို တစ်လှည့်စီယူလာပြီး လေလံတင်ရောင်းချမှာဖြစ်၏။

"ပထမဆုံးလေလံတင်ရောင်းချမှာကတော့ ရှေးဟောင်းပစ္စည်းတွေစုဆောင်းတာ ဝါသနာပါတဲ့ အနုပညာမြတ်နိုးသူတွေအတွက် ရှေးဟောင်းမီးအိမ်တစ်ခုပါ"

ကောင်မလေး၏လက်ထဲရှိလင်ပန်းပေါ်မှ မီးအိမ်မည်းမည်းကို camera ဖြင့်ဆွဲရိုက်၍ ပိတ်ကားပေါ်မှာ ပေါ်လာစေ၏။ မီးအိမ်၏ရာဇဝင်ကိုအကျယ်တပင့်ရှင်းပြပြီးနောက် ပစ္စည်းကို စတင်လေလံခေါ်လေသည်။

"ဒီပစ္စည်းကို ကြမ်းခင်းဈေး. . . ကျပ်ငွေငါးသိန်းခွဲတိတိနဲ့ စတင်ဈေးခေါ်ပါတယ်"

လူနည်းစုလေးငါးဦး ဈေးပြိုင်ပေးအပြီးမှာ ရှစ်သိန်းဖြင့် ဈေးတည့်သွားလေ၏။ သူ ခါးကိုအနည်းငယ်လျှော့ထိုင်လျက် လေ





ပွဲကို အေးဆေးစွာကြည့်နေမိသည်။

"ဒုတိယရောင်းချမယ့်ပစ္စည်းကတော့ ရှေးဟောင်းရုပ်တုတစ်ခုပါ။ နှစ်ပေါင်းနှစ်ရာခန့်ရှိပြီလို့ ခန့်မှန်းရတဲ့သစ်နက်သားနဲ့ ထုထားတဲ့ Red Indian လူမျိုးပုံစံတစ်ခုပါ။ သေသပ်လှပတဲ့ ရှေးဟောင်းလက်ရာကို စုဆောင်းချင်သူတွေအတွက် အဖိုးတန်ပစ္စည်းတစ်ခုပါပဲ"

အဲဒီနောက် ကျောက်ဆစ်ဖြင့်ထုလုပ်ထားသည့် တရုတ်င်းသမီးရုပ်၊ ပြင်သစ်ဘုရင်လက်ထက်မှ နာရီအိုကြီး၊ ရှေးကျသည့်ကျောက်စိမ်းကြွေကရားအိုး၊ စသည်ဖြင့် တစ်ခုပြီးတစ်ခုရောင်းချပြီးသည့်နောက် သူစောင့်ဆိုင်းနေသည့်ပစ္စည်းအလှည့်သို့ ရောက်သာလေ၏။

"ဟုတ်ကဲ့. . . နဝမမြောက် လေလံတင်ရောင်းချသွားမယ့်ပစ္စည်းကတော့ အိန္ဒိယပြည်ကလာတဲ့ blue diamond နဲ့ပြုလုပ်ထားတဲ့ဘယက်ကြီးပါပဲ။ ဒီဘယက်နဲ့ ရတနာပစ္စည်းတွေကို ဆက်လက်ရောင်းချဖို့ စတင်ပွဲထုတ်တာဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့စိန်ကိုအနီးကပ်မြင်ရုံနဲ့. . . ဒီပစ္စည်းကိုဘယ်လောက်တန်ဖိုးရှိမှန်း၊ ခန့်မှန်းလို့ရနိုင်ပါတယ်။ အခုကြမ်းခင်းဈေး. . . စခေါ်ပါပြီ။ သိန်းတစ်ထောင်ပါခင်ဗျာ"

"ထောင့်တစ်ဆယ်"

"ထောင့်သုံးဆယ်"

"ထောင့်ငါးဆယ်"

"ထောင့်ခုနစ်ဆယ်"

"ထောင့်ရှစ်ဆယ်"

ဦးဖရက်ဒီအပါအဝင် လူတော်တော်များများ ဈေးကိုတစ်ဆင့်ပြီးတစ်ဆင့်တိုးပေးနေလေ၏။ သူက စင်မြင့်ပေါ်သို့ ခပ်အေးအေးဆေးဆေးကြည့်နေရင်း ခြေချိတ်ထိုင်နေလေသည်။

သူ့မျက်စောင်းထိုးခုံရှုံ့မှိုင်းက ကျောက်ကုန်သည်နား ကပ်၍တီးတိုးပြောလိုက်တော့ ထိုလူက လက်ညှိုးထောင်၍စအော်၏။

"ထောင့်နှစ်ရာ"

"ထောင့်နှစ်ရာ ရှိနေပါပြီ။ ဒီ့ထက် ဘယ်သူပေးနိုင်ဦးမှာလဲ"

သူတစ်ချက်ပြုံးလိုက်ပြီး ညာဘက်လက်တစ်ဖက်ကိုထောင်လိုက်တော့ အခမ်းအနားမှူးက သူ့ကိုအာရုံစိုက်လာ၏။

"ထောင့်ငါးရာ"

"ဟယ်! "

အားလုံး၏အကြည့်က သူ့ထံပြုံကျလာ၏။ ဦးဖရက်ဒီမျက်





နှာကြီးရှုံ့တွသွားစဉ် ဒေါ်မေဘယ်လ်က ဦးဖရက်ဒီ၏လက်မောင်းတို့ ကိုင်လှုပ်လိုက်လေသည်။

"ထောင့်ငါးရာငါးဆယ်"

ဦးဖရက်ဒီအော်ပြီး၊ ကျောက်ကုန်သည်က မတ်တပ်ရပ်၍အော်လိုက်ပြန်၏။

"ထောင့်ခြောက်ရာ"

"ထောင့်ခုနစ်ရာ"

သူ့နှုတ်ခမ်းထက်မှာ မဲ့ပြုံးတစ်ခုဖြစ်တည်လာ၏။ အားလုံးဝကျာမငြိမ်ရှုစိရှုစိဖြစ်လာချိန်မှာ သူကခပ်အေးအေးအမူအရာဖြင့်ထပ်အော်လိုက်လေသည်။

"နှစ်ထောင့်ငါးရာ"

"နှစ်ထောင့်ငါးရာတဲ့. . .။ ဘယ်သူပေးနိုင်ပါသေးလဲခင်ဗျာ။ ကျွန်တော်. . . သုံးကြိမ်ခေါ် ပေးပါ့မယ်။ နှစ်ထောင့်ငါးရာပါ. . . နှစ်ထောင့်ငါးရာ. . . နှစ်ထောင့်ငါးရာ. . . ကဲ. . . ထပ်ပေးနိုင်တဲ့သူမရှိတော့ပါဘူး။ ကျေးဇူးပြု၍ လူကြီးမင်းရဲ့အမည်လေး. . . တစ်ဆိတ်လောက်သိပါရစေဗျာ"

သူ Suit အိတ်ကပ်ထဲမှ Visiting Card စိမ်းပြာလေးကိုနံဘေးလမ်းရှိ တာဝန်ခံဝန်ထမ်းလေးကို ကမ်းပေးလိုက်၏။

ထိုကောင်မလေးက စင်မြင့်ထက်ရှိ အခမ်းအနားမှူးလက်ထဲသို့ သွားထည့်ပေးလိုက်လေသည်။

"ဟုတ်ကဲ့. . . ဒီ blue Diamond Necklace ကို ကျပ်ငွေသိန်းနှစ်ထောင့်ငါးရာနဲ့ဝယ်ယူရရှိသွားတဲ့သူကတော့ ဦးနေသွေးနီ SKY - LARK Company Limited, Singapore (မိုးငွေ့ငှက်ကုမ္ပဏီ၊ စင်ကာပူ)ပိုင်ရှင်ပဲဖြစ်ပါတယ်ခင်ဗျာ"

လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာလေ၏။

နောက်ထပ်လေလံတင်သည့်ရတနာပစ္စည်းတွေက သိပ်စိတ်ဝင်စားစရာမကောင်းသဖြင့် ခပ်မြန်မြန်နှင့်ပဲ ဈေးပြတ်သွားလေသည်။

ပွဲပြီးတော့ သူ Cheque မှာ လက်မှတ်ထိုးပေးလိုက်ပြီး ပစ္စည်းကို ဘဏ်မှာတိုက်ရိုက်သွင်းရန် မှာကြား၍ ထွက်လာခဲ့၏။ သူ့ ကိုဂရုတစိုက်ကြည့်နေကြသည့်မျက်လုံးတွေကို ဥပေက္ခာပြုရင်း ကားပေါ်တက်မောင်းလာခဲ့ပါသည်။ Hand Phone ကိုပိတ်ထားသဖြင့် ကားကိုအနှောင့်အယှက်မရှိမောင်းခွင့်ရပြီး Restaurant တစ်ခုရှေ့မှာကားရပ်၍ အတွင်းထဲဝင်လာခဲ့၏။

ဘီယာနှင့်ကြက်ကြော်၊ အာလူးကြော်ကက်တလိတ်၊ ပုစွန်ကင်တို့ကိုမှာပြီးမှ Phone ကို သူဖွင့်လိုက်သည်။ ဦးစောလွင်၏





…နံပါတ်က ချက်ချင်းပေါ်လာလေ၏။

"ဟဲလို"

"နေသွေး. . . OK လား"

"OK တယ်အန်ကယ်. . . ဈေးတော့နည်းနည်းများသွားတယ်"

"ဘယ်လောက်တောင်လဲ"

"နှစ်ထောင့်ငါးရာ"

"ရတယ်. . . ကိစ္စမရှိဘူး။ ရောဘတ် ဟိုဘက်မှာ ပြန်ထုရင် ခေါက်ချိုးမြတ်မှာပဲ့ မင်းကိုမရ,ရအောင် ဝယ်ခိုင်းလိုက်တာ။ မင်းတော်တယ်။ ကဲ. . . ဘာလိုချင်လဲ"

"နောက်မှပြောမယ်အန်ကယ်။ အခု ကျွန်တော့်ကျန်းမာရေးသိပ်မကောင်းလို့ နည်းနည်းအနားယူရင် ကောင်းမလားလို့"

"ဒါဖြင့် ချောင်းသာမှာ သွားနားလေ"

"အင်း. . . မဆိုးပါဘူး"

"ဒါဆို. . . ငါလက်မှတ်စီစဉ်ပေးရမလား"

"နေပါစေအန်ကယ်. . . ကျွန်တော့်ကားနဲ့ပဲသွားလိုက်ပါမယ်"

"ကောင်းပြီလေ. . . ရောဘတ် နောက်တစ်ပတ်ထဲပြန်မှာ

နဲ့အတော်ပဲ။ ဒါကြီးအဆင်ပြေမှာပါ။ မင်းမသွားခင် အန်ကယ့်ဆီကိုလာပို့ပေးဦး"

"ဟုတ်ကဲ့. . . စိတ်ချပါအန်ကယ်"

သူ့ဖုန်းကိုပိတ်လိုက်ပြီး ပြုံးလိုက်မိ၏။

ဒီအဘိုးကြီး တော်တော်လက်သွက်တာပါလား။

ချောင်းသာမှာ တစ်ယောက်တည်း ဘာသွားလုပ်ရမှာလဲ။ ပျင်းစရာကြီး. . .။ သူမရှိတဲ့အချိန် ဒါကြီးကို ဘယ်ဈေးနဲ့အမြတ်တင်ရောင်းလိုက်မှန်း ဘယ်လိုသိနိုင်ပါ့မလဲ။

သူ လက်ဖျောက်တစ်ချက်တီးလိုက်မိပြီး ချောင်းသာရှိ Hotel ကို ဖုန်းကောက်နှိပ်လိုက်၏။

"ဟဲလို"

"မန်နေဂျာဦးကျော်ထက်နဲ့ပြောချင်လို့ပါ"

"ဟုတ်ကဲ့. . . ခဏနော်၊ ကျွန်တော် လိုင်းချိန်းပေးလိုက်ပါ့မယ်"

ခဏအကြာမှာ ကျော်ထက်အသံကို သူကြားလိုက်ရလေ၏။

"ဟဲလို. . . ကျွန်တော်ကျော်ထက်ပါ။ အမိန့်ရှိပါခင်ဗျာ"

"ကျော်ထက်. . . ငါပါ,နေသွေး"





"အေး. . . ပြော"

"ငါ, မင်းတို့ Hotel ကိုလာမလို့"

"လာလေကွာ. . . မင်းကလည်း ခွင့်တောင်းစရာလားကွ။ ဒီရောက်မှ အခန်းစီစဉ်ပေးလည်းရတာပဲကို"

"မင်းမပေါက်ဘူး. . . ငါပြောမယ်။ ငါကနာမည်ပဲရောက်မှာ. . . လူမလာဘူး။ ဒါပေမဲ့. . . ဘယ်သူပဲစုံစမ်းပါစေ၊ ငါ အဲဒီမှာ တစ်ပတ်လုံးလုံးနေသွားတယ်ဆိုတဲ့ Motive ပဲလိုချင်တာ"

"ဟာ. . . မင်းနော်၊ ဥပဒေနဲ့မလွတ်တဲ့ကိစ္စတွေမလုပ်ပါနဲ့ကွ။ ငါလက်မခံဘူး"

"ကျွတ်. . . နုံပြန်ပြီ။ ငါ အဲဒီလောက်လုပ်ပါ့မလားကွ။ ရည်းစားတစ်ယောက်ရဖို့ ယောက္ခမကြီးကိုမျက်လှည့်ပြရုံလေးပါ"

"ဘယ်လို. . . ဘယ်လို. . . ရည်းစားရဖို့ဟုတ်လား။ ပုံလာပြောမနေနဲ့။ မင်းက ဝိုင်းဝိုင်းလည်နေတဲ့ကောင်ပဲဟာ"

"မတူဘူးလေ. . . ဒါက အတည်"

"ဟေ. . . ကျားသားမိုးကြိုး. . . နားရှိလို့သာကြားလိုက်ရတာ၊ ယုံတောင်မယုံချင်ဘူး။ ပြောပါဦး. . . ကောင်မလေးက တော်တော်မှချောရဲ့လား။ ပြီးတော့. . . သူ့အဖေကြီးကရော တော်တော်မှထောရဲ့လားကွ"

သူ ဟက်ခနဲရယ်ချလိုက်မိ၏။ ဒီကောင်တောင် သူ့အထာ တွေတော်တော်ညက်နေပြီပဲ။

"အင်း. . . ကောင်မလေးက ချောတော့ချောတယ်။ ဒါပေ မဲ့. . . ပိစိလေး. . . ငချွတ်လေးကွ။ အဘိုးကြီးက အတော့်ကိုထော တာ။ ငွေရှာလည်းတော်တယ်။ ဒါကြောင့် ငါကပ်နေတာပေါ့"

"ဟာ. . . မင်း, စာကလေးကို အမြှောက်နဲ့တော့မထုနဲ့ လေကွာ။ နေဦး. . . ငါထင်တယ်။ မင်းအဘိုးကြီးဆီမှာ ပညာတွေ ကျိတ်သင်နေပြီးမှ ချာတိတ်မကိုတွေ့တာလား"

"ကွက်တိပဲ"

"ဟားဟားဟား. . . ဒါဆို မင်းခွင်ပျောက်ပဲပေါ့လေ"

"အဘိုးကြီးက နပ်တယ်ကွ။ ပါးလိုက်တာမှ လှုပ်နေတာပဲ။ ငါ့ကို ပထုတ်နေတာပဲကြည့်။ သူ့သမီးကို body guard နဲ့ထားတာ ဟေ့။ အဲဒါ ငါ ခွင်ဖန်ရဦးမှာ။ ဒါကြောင့် လူဆိုးတွေနဲ့တိုင်ပင်ရ တာပေါ့"

"ကောင်းကွာ. . . မင်းနဲ့ပေါင်းမှ ငါပါ လူဆိုးဖြစ်နေပြီ။ ကဲ. . . အားလုံး OK စေရမယ်။ ဒါပဲမဟုတ်လား"

"အေး"

"မင်း wedding ဖြစ်သွားရင် ငါ့ဆီမှာလည်း တစ်ပွဲ date





နော်"

"အေးပါ"

သူဖုန်းပိတ်လိုက်ပြီး ကျေနပ်စွာပြုံးလိုက်မိ၏။ ဦးစောလွင်. . . ခင်ဗျားကို ကျုပ်,စတိုက်ပြီ။ ဒါ first Step ပါပဲ. . .။



## အခန်း ( ၇ )

ကားကို ချောင်ကျကျနေရာမှာ ရပ်လိုက်ပြီး တိုက်ပေါ်သို့ တက်လာခဲ့ပါ၏။ လှေကားထစ်တွေကို တစ်ထစ်ချင်းတက်လာပုံက ယုံကြည်ချက်အပြည့်နှင့် စစ်သူကြီးတစ်ဦးနှယ်။ တည်တင်းသည့် မျက်နှာထက်မှာ ဘယ်လိုစိုးရိမ်မှုမှ ရှိမနေပါချေ။

"ဒေါက်! ဒေါက်! "

တိုက်ခန်းတံခါးကို နှစ်ချက်ဆင့်၍ခေါက်လိုက်စဉ် တံခါးက စက္ကန့်ပင်မဆိုင်း၊ ချပ်ခနဲပွင့်သွားပါလေ၏။

"အဆင်သင့်ဖြစ်နေပြီလား"

"ဟုတ်ကဲ့, အဆင်သင့်ပါပဲ"

"ကျွန်တော် စစ်ပါရစေ"

"ရပါတယ်"

အခန်းထဲဝင်လိုက်ပြီး တံခါးကို Lock ချလိုက်၏။ ညှော်ခန်း မှန်စားပွဲထက်မှာရှိနေသည့် ရတနာဘူးကို ပန်းထိမ်ဆရာက အသာ ဖွင့်ပေးလေသည်။ အသက်(၃၀)ဝန်းကျင် စိတ်ချရသည့်လူငယ် ပန်းထိမ်ဆရာကို သူစိတ်ကြိုက်ရှာထားရတာ အချိန်အတော်ကြာ သွားပါ၏။ ဒီဘယက်ကို အစစ်နှင့်လုံးဝနီးပါးတူမှသာ ဦးစောလွင် ကို ပညာပြနိုင်မှာမဟုတ်လား။

"ဒီမှာ သေချာစစ်ကြည့်ပါခင်ဗျာ"

လက်ထဲပါလာသည့်ဘယက်က အရောင်တလက်လက်၊ စိန်ပြာကြီးကဲ့သို့ ပြာနေသည့်ကျောက်က အစစ်မဟုတ်မှန်း သိနေ၍ သာ တော်တော့သည်။ Chemical Diamonds ရဲ့အစွမ်းက မသေး ပါလားနော်။

"စိတ်ချရရဲ့လား"

"စိတ်ချပါတယ်။ အတော့်ကိုတူတာပါပဲ"

"ကျွန်တော်လုပ်မယ့်သာ လုပ်ပေးရတာ။ ဖေဖေသိရင် သတ်မှာဗျ။ တစ်ခါမှ ဒီလိုအတုမလုပ်ဖူးဘူး။ တစ်သက်လုံးရိုးရိုး သားသားနဲ့ အလုပ်လုပ်ခဲ့ပြီး, ဒီတစ်ခါပဲ. . ."





"ဒါ, သမာအာဇီဝအလုပ်ပါပဲ ကိုမင်းအောင်။ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စလေး ရှင်းစရာရှိလို့ ခင်ဗျားကိုအကူအညီ တောင်းရတာပါ။ ဒီပစ္စည်းနဲ့ပတ်သက်ပြီး ဘယ်လိုအရှုပ်အရှင်းမှ ခင်ဗျားဆီ မရောက်စေရဘူးလို့. . . ကျွန်တော်အာမခံရဲပါတယ်။ ကျွန်တော့်ကိုယုံပါ"

"အင်းလေ. . . ခင်ဗျားပေးတဲ့ငွေ Amount ကလည်း ကျွန်တော့်အတွက် မက်စရာကိုး။ ကျွန်တော့်မှာကလည်း သုံးနှစ် သမီးလေးက သွေးကင်ဆာဖြစ်နေတာဆိုတော့"

"စိတ်အေးအေးထားပါ ကိုမင်းအောင်။ ဒီကိစ္စကို ကျွန် တော့်ဘက်က နှုတ်လုံပြီး ဘာသတင်းမှမထွက်စေရဘူးလို့ ကတိပေး ထားပါတယ်။ အချိန်မရှိတော့လို့ ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

သူ, ပစ္စည်းဘူးကို Coat အိတ်ကပ်ထဲထည့်လိုက်ပြီး ထ ထွက်လာခဲ့ပါ၏။ ချိန်းထားသည့်ကော်ဖီဆိုင်အတွင်းခန်းမှာ ကော် ဖီတစ်ခွက် မှာထားလိုက်ပြီး စိတ်အေးလက်အေးစောင့်နေမိသည်။ လက်လွှဲပေးရတော့မယ် ဦးစောလွင်။ ကျုပ်လက်ထဲကပစ္စည်းအတု ကို ရောဘတ်လက်ထဲ ထည့်ပြီးတာနဲ့ ရဲကိုPhone ဆက်ပြီး သတင်း ပေးလိုက်ရုံပါပဲ. . .

စိတ်တော့မကောင်းပါဘူးဗျာ။ ခင်ဗျားကို ဒီတစ်ခါလေး အပိုင်ရိုက်ချင်တာ တစ်ခုပါပဲ။ စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ လို ဖှံ့ကျ လည်ဝယ်တဲ့လူကြီးကို Lesson ပါးပါးလေး ပေးလိုက်ရုံ ခင်ဗျားမျက်နှာကြီး ဘယ်လိုဖြစ်သွားမလဲဆိုတာကို ကျုပ်မြင်ချင် လိုက်တာ တကယ်ပါပဲ။

ခင်ဗျားအတွက် ဒီငွေက ဘာမှမဖြစ်လောက်မှန်း ကျုပ် သိနေပါတယ်။ ဒါ, နိဒါန်းပေါ့ ဦးစောလွင်။ ဒီကိစ္စပြီးရင် ကျုပ်ရဲ့ မြားဦးဟာ ခင်ဗျားရဲ့နှလုံးသားတည့်တည့်ကိုစိုက်ဝင်ဖို့ ဦးတည်လာ တော့မှာပါလေ။ ခင်ဗျားကြောင့် ကျုပ်အသည်းကွဲခဲ့ရသလို တူညီတဲ့ တုံ့ပြန်မှုမျိုး ပြန်ပေးရုံသက်သက်ပါ။ အလှည့်ကျရင် မနွဲ့ကြစတမ်း ပါလေ။ ယောက်ျားပဲဗျာ. . . လုပ်ရဲခဲ့မှတော့ ခံရဲရမှာပေါ့။ မဟုတ် ဘူးလား။

"ညှိသည် ရောက်ပါပြီ"

Waiter ခေါ်လာပေးသည့် ရောဘတ်က သူ့ကိုသေချာ ကြည့်လိုက်ပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်လေ၏။ Waiter ပြန်ထွက် သွားတော့မှ အိတ်ကပ်ထဲမှဘူးကို စားပွဲထက် သူ့တင်ပေးလိုက်ပါ သည်။

"ဖွင့်ပြီး သေချာစစ်သွားနော်။ နောက်မှ ဘာဘာညာညာ





အသံမကြားချင်ဘူး"

ရောဘတ်က ဘာမှမပြောဘဲ ဘူးကိုဖွင့်ကြည့်၍ ခေါင်း ညိတ်ကာ ဘူးသိမ်း၍ ထရပ်လိုက်လေ၏။

"ချက်ချင်းပြန်မလို့လား။ ဘာမှမသောက်တော့ဘူးလား"

"ကျုပ်အတွက် အချိန်မရှိဘူးဗျ။ မနက်ဖြန်သွားဖို့ ပြင်ဆင် ရဦးမှာ"

"ကောင်းပြီလေ"

ထိုလူထွက်သွားပြီး ခဏအကြာမှ သူ့ပြန်ခဲ့ပါ၏။ ကွန်ဒို မိုးပေါ်သို့ lift ဖြင့် တက်လာခဲ့ပြီး အခန်းထဲဝင်လာခဲ့သည်။ ရေကို ခေါင်းမှရေပန်းဖွင့်၍ စိမ်ပြေနပြေချိုးရင်း ပြုံးနေမိ၏။ လူယုံသတ် လို့သေတယ်ဆိုတာကို ခင်ဗျားကြားဖူးမှာပါ ဦးစောလွင်။ ဒါကြောင့် ကျုပ်လိုလူယုံက ခင်ဗျားကျောကို အနီးကပ်ထိုးဖို့ကပ်လာခဲ့တာ လေ။

ပြဿနာမရှုပ်ရလေအောင် ချောင်းသာကိုသွားကြောင်း motive ပြုပြီး မော်ဘီဘက်က သူဝယ်ထားသည့်ခြံမှာ တစ်ပတ် လောက် ရှောင်နေလိုက်ရုံပါပဲ။

တစ်ပတ်လောက် ကိုယ်ဖျောက်နေတာ အကောင်းမဟုတ် ဘူး ဦးစောလွင်ရေ့။ ကျုပ်ခေါင်းရဲ့ဦးနှောက်က ဘယ်တော့မှနား

လေ့ရှိတာမဟုတ်ဘူး။ အလုပ်ကိုအဆက်မပြတ်လုပ်နေတာပါ။

ရေချိုးပြီး ပြန်ထွက်လာတော့ ခရီးဆွက်ရန် ဝတ်စုံလေးငါး စုံထည့်ပြီး အိတ်လွယ်လျက် ဆင်းခဲ့ပါ၏။ ဦးစောလွင်ရေ. . . သိန်း နှစ်ထောင့်ငါးရာဆိုတာ လူ့အသက်တစ်ချောင်းနဲ့နှိုင်းယှဉ်ကြည့်ရင် သေးသေးလေးပါဗျာ။ အထူးသဖြင့် အင်မတန်ချောမောလှပတဲ့ 'လေး' လိုမိန်းကလေးနဲ့ မယှဉ်သာအောင် တန်ဖိုးနည်းလွန်းပါတယ် လေ။

မှဲ့ပြူးတစ်ချက်ကို ပြူးလိုက်ပြီး ကားတံခါးဖွင့်ကာ တက်ထိုင် လိုက်၏။ Hand Phone ခလုတ်တွေကို တတောက်တောက်ဖြင့် နှိပ်လိုက်ကာ ကားစက်ကိုပါ နှိုးလိုက်ပါသည်။

"ဟဲလို, (. . . . .) ရဲစခန်းကပါလားခင်ဗျာ။ ဟုတ်ကဲ့ ကျွန်တော် တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ခိုင်လုံတဲ့သတင်း တစ်ခုပေးချင်လို့ပါခင်ဗျာ။ ဟုပ်ကဲ့. . . ကိစ္စကတော့ နယ်စပ်ကို အောက်လမ်းကနေ carry လုပ်မယ့်ကိစ္စပါ"

ပွဲစပြီ ဦးစောလွင်။ တိုက်ပွဲရဲ့ခရာသံကို ခင်ဗျား မကြာခင် ကြားရတော့မှာပါ။





ကြားနေရသည့်စကားသံတွေက နားထဲမှာ ဗုံးပေါက်ကွဲ လိုက်သည့်နှယ်။ လူက မတ်တတ်ရပ်နေရင်းမှ အငွေ့ပျံသွားလု ဘတ်ပူလောင်သွားရလေ၏။

"ဘာ! ဘာပြောလိုက်တယ် မျိုးမြင့်"

"ဟုတ်ပါတယ် Boss . . .။ တံတားအဝင်ဂိတ်ဝမှာတင် အကုန်မိသွားတာပါ"

"ဟာ! ဒီလောက်စနစ်တကျထည့်ပေးလိုက်ရဲ့သားနဲ့ကွာ"

"စစ်နေကျအရာရှိမဟုတ်ဘဲ. . . နောက်မှရောက်လာတဲ့ ရဲအုပ်ကိုယ်တိုင် သူ့ကိုမှရွေးပြီးသေချာစစ်တာ Boss။ သတင်းကို အနိုင်အလုံသိထားပုံရတယ်။ ရှာတာမှ ဆယ်မိနစ်တောင်မကြာ လိုက်ဘူး။ ကွက်တိပဲ"

"တောက်! အချိုကြီးကျမှကွာ"

"ဒီကိစ္စမပေါ့ဘူးနော် Boss ။ အတွင်းလူပါတာ သေချာ နေပြီ"

"ငါသိတယ်။ ကျွတ်. . . တစ်ယောက်ကလည်း ခရီးသွား နေတာ တစ်ပတ်ကြာမယ်ဆိုတော့ခက်တာပဲ။ သူ့တာဝန်သူကျေလို့ ပါပေးနားထားတာ၊ ပြဿနာပဲကွာ"

"Boss, ရောဘတ်ကတော့ ငြင်းမှာပါ။ သေချာပါတယ်"

"ဒီကောင့်ကို ငါစိတ်ချပါတယ်။ နေတော့. . . ငါ့ဟာငါ ကြည့်စီစဉ်လိုက်မယ်။ ဒါပဲ"

ဦးစောလွင် နံပါတ် ၉ လုံးကိုနှိပ်နေသော်လည်း ဖုန်းက မဝင်သဖြင့် ချောင်းသာဟိုတယ်ဖုန်းကိုသာ နှိပ်ခေါ်လိုက်တော့သည်။

"ဟဲလို. . . အမိန့်ရှိပါရှင်။ ချောင်းသာကမ်းခြေဟိုတယ်က ဘာများကူညီပေးရမလဲရှင်"

"ဪ. . . သမီးရေ၊ အဲဒီမှာမန်နေဂျာရှိရင် စကား ခဏလောက်ပြောချင်လို့ပါ"

"ဟုတ်ကဲ့. . . ခဏလေးပါနော်။ ကျွန်မဖုန်းလိုင်းချိန်းပေးပါ့မယ်ရှင်"

တစ်အောင့်အကြာမှာ တစ်ဖက်မှဖုန်းထူးသံကိုကြားလိုက်ရလေ၏။

"ဟဲလို. . . မန်နေဂျာကျော်ထက် ပြောနေပါတယ်"

"မောင်ကျော်ထက်ရေ. . . အန်ကယ်က မောင်နေသွေးရဲ့ အလုပ်ရှင်ပါ။ မောင်နေသွေးကိုဆက်သွယ်တာမရလို့ အဲဒါကူညီပါဦးကွာ"

"ဪ. . . ခုလောလောဆယ် နေသွေး ဟိုတယ်မှာမရှိ





ဘူးဗျ။ ကမ်းခြေရွာတွေဘက်သွားပါတယ်။ ရွာမှာဘုရားပွဲရှိလို့သွား လို့လာတာပါ။ မနက်ဖြန်မှ ပြန်လာမှာခင်ဗျ။ ကျွန်တော်. . . သူ့ ငယ်ချင်းပါအန်ကယ်။ ဘာများအရေးကြီးကိစ္စရှိလို့လဲ။ကျွန်တော် ကတစ်ယောက်ယောက်ကို အခေါ်လွှတ်ပေးရမလားခင်ဗျာ"

"ဒါဆိုရင်တော့ နေပါစေ မောင်ကျော်ထက်ရယ်။ မနက် ဖြန် သူပြန်ရောက်ရင်သာ ရန်ကုန်ကိုချက်ချင်းပြန်ခဲ့ဖို့ပြောပေးပါ။ သူ့ဆီကို phone ဆက်တာလည်းမဝင်ဘူး"

"ဟုတ်တယ်အန်ကယ်. . . သူ့ စိတ်လွတ်ကိုယ်လွတ်သွား ယ်ဆိုပြီး ကျွန်တော့်ဆီမှာ သူ့ပစ္စည်းတွေ အကုန်အပ်သွားတာပါ။ တ်ချပါအန်ကယ်။ သူ. . . မနက် ၈ နာရီလောက် ပြန်ရောက်တာ ကျွန်တော်ဆက်ဆက်ပြောပေးပါ့မယ်"

"အေးကွယ်. . . ဒါဆိုရင် အန်ကယ်ဖုန်းပိတ်လိုက်တော့ ယ်။ ကျေးဇူးပါပဲကွာ"

"ဟုတ်ကဲ့. . . ရပါတယ်အန်ကယ်"

Hand Phone မှာပေါ်လာသည့်နံပါတ်တွေကို သေချာ

ကြည့်ပြီးမှ သူဖုန်းကိုဖွင့်လိုက်ပါ၏။

"နေသွေး. . . ငါ့ကျော်ထက်ပါ"

"အေး. . . ငါသိတယ်။ ပြော. . . သူငယ်ချင်း"

"မင်းယောက္ခမကြီး ခုနဖုန်းဆက်တယ်။ တော်တော်အရေးကြီးနေတဲ့ပုံပဲ။ မင်းကို မနက်ဖြန်ဆက်ဆက်ပြန်လာခိုင်းနေပြီ။ ငါက မင်း, ရွာဘုရားပွဲလျှောက်လိမ့်နေတယ်လို့ ကြည့်ရှိုးထားတယ်"

"OK ကျေးဇူးပဲ သူငယ်ချင်း"

"နေဦး. . . မင်း, ချာတိတ်မလေးကို သုတ်ပြေးတာတော့ မဟုတ်လောက်ပါဘူးနော်"

"ဩော်. . . စောပါသေးတယ်ကွာ။ ငါ အမှန်အကန်လှုပ်ရှားနေတာပါ။ ချာတိတ်လေးက တကယ့် simple လေးကွ။ သိပ်တောင်မှလှည့်လိုက်ရမှာမဟုတ်ဘူး။ ငါနဲ့ဆုံတာမှ နှစ်ခါပဲရှိသေးတယ်။ တစ်ခါတည်းပစ်ကျချင်နေပြီ"

"မင်းနော်. . . အရင်ဟာလေးတွေလို ပစ်ထားခဲ့ဖို့စိတ်မကူးပါနဲ့"

"ရော်. . . အတည်ပါလို့ ငါပြောပြီးပြီလေကွာ"

"အေးပေါ့. . .။ သူ့နောက်ကရွှေတွင်းကြီးကို မင်းဘယ်လက်လွှတ်ချင်ပါ့မလဲ။ ငါတော့ ချာတိတ်မလေးကိုပဲသနားမိတယ်။





သူ့ခမျာ. . . ဘုမသိဘမသိနဲ့ လူတစ်ယောက်ရဲ့ညာလုံးလိမ့်လုံးတွေထဲမှာ လူးနေအောင် ခံစားရရှာမှာ"

"ဒီလိုတော့မပြောပါနဲ့ ကျော်ထက်ရာ။ ငါ သူ့ကိုရာသက်ပန်ရိုးမြေကျပေါင်းဖက်မှာပါ"

"ဒါက အခြေအနေအရပဲမဟုတ်လား နေသွေးရာ။ မင်းအကြောင်းတွေ ငါအကုန်သိပြီးသားပါကွ။ ကိုယ်မချစ်မနှစ်သက်တဲ့မိန်းကလေးတစ်ယောက်ကို မင်းရင်ခွင်ထဲမှာ ဘယ်နှနှစ်ခေါ်ထားနိုင်မှာလဲ။ ပြောပါဦး"

သူ ရုတ်တရက်အငိုက်မိသွားကာ ငိုင်သွားမိ၏။ မချစ်မနှစ်သက်တဲ့မိန်းကလေးတစ်ယောက်တဲ့လား။ ဟုတ်တာပေါ့. . .။ သူ့ရင်ထဲမှာ အချစ်မှမရှိတာဘဲ။ သူ့ရင်ထဲကအချစ်တွေက သေဆုံးသွားခဲ့တာ နှစ်နှစ်တောင်ကျော်သွားပြီကိုး။

"အနာပေါ်တုတ်ကျသွားတာလား နေသွေး။ Sorry ပါကွာ။ ငါကျီစားတာ လွန်သွားပြီ။ ငါ, မင်းကိုကိုယ်ချင်းစာပါတယ်"

"ရပါတယ်. . .၊ ဒါပေမဲ့ မင်းယုံပေးပါသူငယ်ချင်း။ ငါ, နှောင်းကိုဘယ်တော့မှဥပေက္ခာပြုလိုက်မှာမဟုတ်ပါဘူး။ ငါ့အပေါ်မှာ. . . အင်မတန်ခင်တွယ်လွန်းရှာတဲ့သူ့ချစ်ခြင်းတွေကို ငါအသိအမှတ်ပြုတတ်ရမှာပေါ့။ ပြီးတော့ သူက အတော့်ကိုဖြူဖြူစင်စင်

လေးနဲ့ချစ်ဖို့ကောင်းတာအမှန်ပဲ"

"တစ်ခါမှ မဆော့ဖူးသေးတဲ့ baby doll လေးပေါ့လေ"

နှစ်ယောက်သား ဖုန်းထဲမှာပင် ခပ်တိုးတိုးရယ်လိုက်မိကြ၏။ သူ့ရဲ့မလည်ရှုပ်ဇာတ်လမ်းတွေကို ကျော်ထက်အသိဆုံးမဟုတ်လား။ သူနဲ့တွဲသမျှကောင်မလေးတွေကလည်း ကဲပါဘိသနဲ့။ သူ ချောင်းသာသွားမယ်ဆိုလည်း နှစ်ခါတောင်မှမပြောလိုက်ရ။ ငေါက်ခနဲထလိုက်တာသာကြည့်။ ဒီတော့ ကျော်ထက် မသိဘဲရှိပါတော့မလား။

"ငါအလုပ်တွေရှိသေးလို့ ဖုန်းပိတ်ပြီ သူငယ်ချင်း။ မင်းအလုပ်ဖြစ်သွားရင် ငါ့ကိုမေ့မသွားနဲ့"

"အေးပါ. . . နောင်းမှာ အစ်မဝမ်းကွဲတွေဘာတွေရှိရင် မင်းကိုချိတ်ပေးမယ်၊ သိလား"

"အံမာ. . . ဒီခွင်ကိုဖျောက်ထားပြီးမှ သကာလိုက်ဖုံးမနေနဲ့။ မင်းရှာကတည်းက တစ်ဦးတည်းသောသမီးရှာပြီးမှ၊ ခွေးနာ။ ဒါပဲ ဟော့ကောင်"

"အေး"

သူ့ဖုန်းပိတ်လိုက်ပြီး စားပွဲပေါ်မှာတင်ထားသည့်ဘီယာနှင့်အမြည်းတို့ကို တမြုံ့မြုံ့စားသောက်နေမိ၏။ ဦးစောလွင်တော့





ဖျောက်မီးခဲထိုင်မိသလိုဖြစ်နေပြီထင်ပါရဲ့။ သူ့ကို ချက်ချင်းကြီးတောင် ပြန်လာစေချင်တာပါလား။ ဒီအချိုကျမှ တခြားပစ္စည်းတွေပါ တစ်ခါတည်းထည့်ဖျောမှပဲ မိရတော့တယ်လို့။

ဒါပေမဲ့ ကျုပ်ဒီလောက်လေးနဲ့တော့ ရပ်မသွားပါဘူး ဦးစောလွင်။ ကျုပ်အစွမ်းအစဘယ်လောက်ရှိသလဲဆိုတာကို ခင်ဗျားသိရုံသက်သက်ပါပဲ။

ကျုပ်လိုချင်တာ ငွေမဟုတ်ဘူး။ ရွှေလည်းမဟုတ်ဘူး။ ပြီးတော့ သက်မဲ့အရာတွေတစ်ခုမှမဟုတ်ပါဘူး။

ပျိုလေးခင်ဆိုတဲ့ ခင်ဗျား secretary ရဲ့ဘဝတစ်ခုလုံးကို မွှမ်းကြေသွားအောင် ချေဖျက်ပစ်ခဲ့ဖူးတာကို မှတ်မိပါသေးရဲ့လား။ နှလုံးသားနှစ်ခုကို ထပ်တူပြုထားတဲ့ချစ်သူနှစ်ဦးရဲ့ဘဝကို ဝင်ရိုးစွန်းတစ်ဖက်ထိရောက်အောင် ဆွဲခွာလွှင့်ပစ်ခဲ့တဲ့နေ့တစ်နေ့ကို ကျုပ်ဘဝတစ်သက်တာမှာ ဘယ်တော့မှမေ့ဖျောက်လို့မရနိုင်တာအမှန်ပါပဲ။

ဒါပေမဲ့ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာက သေချာဂယနကာမခိုင်လုံသေးလို့ အတိအကျစုံစမ်းရဦးမှာပါ။ အမှန်တရားဆိုတာဘယ်တော့မှဖုံးကွယ်လို့မရသလို သေရာပါအနာတစ်ခုကိုလည်းလွယ်လွယ်နဲ့ဖျက်ပစ်လို့မရပါဘူး ဦးစောလွင်။

လောကမှာ အလင်းတစ်လှည့်၊ အမှောင်တစ်လှည့်စီဖြစ်နေတတ်တာ ဓမ္မတာပဲမဟုတ်လား။ ခင်ဗျားအလှည့်ကျရင် ခင်ဗျားဘယ်လိုမျိုးခံစားရမလဲဆိုတာကို ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ချင်လိုက်တာဗျာ။

သို့သော် နေသွေးနီဟာ ခင်ဗျားလောက်တော့ မယုတ်မာမပက်စက်တတ်ပါဘူး။ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို တာဝန်မယူနိုင်ဘဲနဲ့ အရှက်တကွဲအကျိုးနည်းဖြစ်ရလေအောင် သေးသိမ်ညံ့ဖျင်းတဲ့လုပ်ရပ်မျိုးတော့ မလုပ်တတ်တာအမှန်ပါပဲ။

ဒါပေမဲ့. . . ခင်ဗျားရဲ့နှလုံးသားကို ခပ်ဆတ်ဆတ်လေးရိုက်ကြည့်ချင်ပါတယ်။ ဆုပ်ကိုင်ဆွဲခါနိုင်မယ့်ခလုတ်က ရှင်နှောင်းငယ်ဖြစ်နေခဲ့တာတော့ ဝမ်းနည်းပါတယ်ဗျာ။



**အခန်း ( ၈ )**

ကားကို လမ်းဘေး platform နားမှာပင် ရပ်ထားခဲ့၏။ ကွန်ဒိုမီယံတိုက်ခန်းလွှာရှိရာဆီ ခပ်မှန်မှန်လျှောက်လာခဲ့ပြီး lift ဖြင့် အပေါ်ဆုံးထပ်ကိုတက်လာခဲ့သည်။ bell ကိုနှိပ်လိုက်စဉ် အခန်းတံခါးက ချပ်ခနဲပွင့်သွားပါ၏။ ဦးစောလွင်၏မျက်နှာက လငပုပ်ဖမ်းထားသည့်နှယ် မှိုင်းအုံနေလေသည်။

"အန်ကယ် အရေးတကြီးမှာလို့ ကျွန်တော် ဒီမနက်ပဲပြန်လာခဲ့တာပါ"

"ပြောကိုမပြောချင်တော့ပါဘူး နေသွေးရာ။ ရောဘတ်အောက်လမ်းကဝင်တာ အမိခံလိုက်ရတယ်ကွ"

"ဗျာ! "

"အေး. . . အဲဒီကိစ္စ ငါခေါင်းခဲနေရလို့ မင်းကိုလှမ်းခေါ်လိုက်ရတာ။ အနားပေးတယ်ဆိုပြီး. . . နှစ်ရက်နဲ့ပြန်ခေါ်ရတာ အန်ကယ်စိတ်မကောင်းပါဘူးကွယ်။ ဘာလုပ်ရမယ်မှန်းမသိလွန်းလို့ပါ"

"ဟုတ်ရောဟုတ်ရဲ့လား အန်ကယ်ရာ။ ဒီလောက်သေချာဝှက်ပြီး ထည့်ပေးလိုက်တဲ့ကိစ္စကို. . . ဘယ်လိုတွေဖြစ်ကုန်တာလဲ"

သူ့ဆက်တီခုံမှာဝင်ထိုင်ရင်း ပြောလိုက်တော့ ဦးစောလွင်က သူ့ရှေ့ခုံမှာ စိတ်ပျက်လက်ပျက်ပစ်ထိုင်ချလိုက်လေ၏။

"အချိုကြီးကျမှလာထိတာပဲ နေသွေး။ အန်ကယ့်စိတ်ထင် အတွင်းလူပါလိမ့်မယ်။ သတင်းက အတိအကျရသွားပုံပဲ။ စစ်နေကျ အရာရှိကိုဖယ်ခိုင်းပြီး နောက်မှရောက်လာတဲ့ဒုရဲအုပ်က ရောဘတ်တစ်ဦးတည်းကိုပဲ စိတ်ကြိုက်ရှာတာ။ အကုန်မိတာပဲ"

"ဘယက်ကို ရှူးခွာထဲမှာ ထည့်ပေးလိုက်တာပဲမဟုတ်လား အန်ကယ်။ ဒါတောင်မိသွားတာပဲလား"

"အန်ကယ် နေရာပြောင်းပေးလိုက်တယ်။ ခွာထဲမှာ စိန်ချည်း သီးသန့်ထည့်ပေးလိုက်တာ။ ဘယက်ကို ဦးထုပ် lining ထဲအလိုက်သင့်လေးထည့်ထားပါလျက်နဲ့"





"ဖြစ်ရလေ အန်ကယ်ရယ်"

"အန်ကယ့်အတွက်တော့ လုံးဝ shock ပဲမောင်နေသွေး။ စုစုပေါင်းငါးထောင်နီးပါးပဲ။ အဲဒီလောက်ငွေကို. . . ဘယက်တစ်ခုတည်းပြန်ဖျောရုံနဲ့ကျေတယ်။ ခုတော့. . ."

"ရောဘတ်ကို အန်ကယ်သွားတွေ့သေးလား"

"ဘယ်ဖြစ်မလဲ. . . သူ့ကိုစစ်နေတဲ့ဟာ"

"ရောဘတ်က အန်ကယ့်နာမည်ကိုတော့ မဖော်ဘူးမဟုတ်လား"

"ဒီကောင်. . . အန်ကယ့်အပေါ် သိပ်သစ္စာရှိတဲ့သူပါ။ သူနဲ့တွဲလာတာ မောင်ရင့်ထက် နှစ်ပိုကြာနေပြီ။ လစ်ဟာခဲ့တာ တစ်ခါမှမရှိခဲ့ဘူး"

"ပြောလို့ရမလား အန်ကယ်။ အချိုကြီးပွပေါက်တိုးမှ လူ့စိတ်ကို လောဘက လွှမ်းတတ်တာ သဘာဝပဲဟာ။ ဒါကတစ်ခေါက်တည်းနဲ့ချမ်းသာမယ့်ခွင်မျိုးကိုး။ သတင်းက အကုန်ရပြီလား"

"အင်း. . . စိန်တွေမိတာတော့ အတိအကျသတင်းပျံ့တယ်။ ဘယက်ကိစ္စက လုံးဝပျောက်နေလို့ပေါ့"

"ဒါဆိုရင်တော့ ကျွန်တော့်ဆီ ခေါင်းလှည့်လာနိုင်တာ သေချာပြီ။ လေလံပွဲမှာ ကျွန်တော့်နာမည်ကို တရားဝင်ကြေညာထား

တာကိုး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ မောင်နေသွေး။ ရောဘတ်လို ကောင်မျိုးက နောက်ထပ်ရှာလို့ရတယ်။ မင်းသာ ငြိသွားရင်တော့ မလွယ်ဘူးနော်"

သူ့ စိတ်ထဲမှ ဟားတိုက်ရယ်မောလိုက်မိ၏။ ခိုင်းကောင်းတဲ့နွားကို နဖားကြိုးပြတ်မှာတော့ ဒီလူကြီးအတော်တုန်လှုပ်သွားပဲ။ ဦးစောလွင်ကိုမသိမသာအကဲခတ်လိုက်ပြီး သူ့မျက်မှောင်ကိုကြုတ်ထားလိုက်မိသည်။

"မစိုးရိမ်ပါနဲ့အန်ကယ်. . . ကျွန်တော်ကြည့်ရှောင်တတ်ပါတယ်။ ဒီပုံနဲ့ဆို ဒီပစ္စည်းကို ဟိုဘက်မှာ သွားထုလို့ဖြစ်မှာမဟုတ်ဘူး။ ဒီမှာပဲ အဆက်အသွယ်ကောင်းကောင်းရှာရင်ကောင်းမယ်"

"ပစ္စည်းက သတင်းအစအနပျောက်နေတာနော် မောင်နေသွေး"

"ဟုတ်ကဲ့. . . ကျွန်တော်ကြံပါ့မယ် အန်ကယ်။ ဒီလောက်မှမလည်ဝယ်ရင် ဒီလောကမှာ ကျွန်တော်ရပ်တည်လို့ဘယ်ရမှာလဲ"

"ဝမ်းသာပါတယ် မောင်နေသွေးရယ်. . .၊ တကယ်ပါ။ ကောင်းပြီလေ. . . နောက်ဆုံး လုံးဝလှုပ်မရလို့ရှိရင် ဒီမှာပဲ မြှုတ်သလောက်နဲ့ ထုကြတာပေါ့။ မင်းကို အန်ကယ်အားကိုးတာ ယုံပါ"





"ဟုတ်ကဲ့. . . ဒီလောက်ထိလည်း ပြောစရာမလိုပါဘူး အန်ကယ်။ ကျွန်တော်တို့ စိတ်တူကိုယ်တူလက်တွဲခဲ့ကြတာပဲဟာ"

"အေးပါ"

သူ့ ဦးစောလွင်ကို ခဏာမျှနှစ်သိမ့်ပေးပြီး ပြန်ထွက်လာ…၏၊ သူ့သတင်းပေးမှုကြောင့် သူ့နာမည်နှင့် ဘယက်ပြန်ရနိုင်တာ… ဒီလူကြီးလုံးဝမသိနိုင်ပါလေ။

နာရီကိုကြည့်လိုက်တော့ ညနေ ၅ နာရီထိုးနေပြီ။ ဒီအချိန်…ချာတိတ်မလေး. . . သင်တန်းနောက်တစ်ခုဆင်းချိန်ပဲ။ Hand phone က ရုတ်တရက်မြည်လာလေ၏။

"ဟဲလို"

"ပြော. . . ကျော်ဇို"

"အစ်ကို. . . ကောင်မလေးအိမ်ကကား ပျက်လို့လားမသိဘူး။ ဒီနေ့ကြိုပို့မလုပ်ဘူး အစ်ကို။ သုံးယောက်စလုံး Taxi နဲ့ပဲ…ာတက်ကြတယ်"

"Shadow ကားရော"

"မတွေ့ဘူး။ အခြေအနေက အတော်လေးကောင်းတာအမှန်ပဲ"

"သူတို့သင်တန်းဆင်းတော့မှာလား"

"ဟုတ်ကဲ့. . . နောက်မိနစ် ၂၀ လောက်ဆိုရင် ဆင်းပါ

"မင်းနည်းနည်းလောက်နှောက်ထားနှင့် ကျော်ဗို။ ငါ

ပဲလာခဲ့မယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့အစ်ကို"

သူ့ဖုန်းကိုပိတ်ပြီး မြို့ထဲဘက်သို့ ကားကိုချိုးချလိုက်

အရိုးရှင်းဆုံးကစားကွက်လေးနဲ့ စကြစို့လား baby။ မင်းအတွ

တော့ ကိုယ်ဟာ Hero လည်းဖြစ်ရမယ်။ မင်းအားကိုးရာပုဂ္ဂိ

တစ်ဦးလည်း ဖြစ်ကိုဖြစ်ရမှာပေါ့လေ။

class အပြင်မှာ တစ်ချိန်လုံးရှိနေသည့်လူကို မျက်စေ

လှမ်းထိုးလိုက်ပြီး နှုတ်မှမပွင့်တပွင့်ရေရွတ်လိုက်မိစဉ် ဝတ်ရည်

သူမပေါင်ကိုလှမ်းပုတ်လိုက်လေ၏။

"ဟဲ့. . . ဘာတွေပွစိပွစိရွတ်နေတာလဲ"

"ဟိုမှာလေ. . . အချိန်မှန်ရထားကြီးဆိုက်နေတာ မ

ဘူးလား။ ဒီနေ့မှ အကုသိုလ်အလုံးလိုက်ဝင်တာပဲ။ အိမ်ကကာ

ဝပ်ရှော့မှာ။ ဖေကြီးလူ နောက်ကပါမလာလို့ စိတ်ပျော်ရမ

မှတ်တယ်။ ဒင်းက ကြိုရောက်နေပြီ. . . စိတ်ပျက်ဖွယ်ရာပဲ"

"ဟယ်. . . ဒီလောက်ချောတဲ့ မိုးကျရွှေကိုယ်ကလေး

အမြင်ကပ်နေရလား နှောင်းငယ်ရဲ့"





"ဟာ. . . မိုးကျရွှေကိုယ်လို့ မနှိုင်းစမ်းပါနဲ့ ဝတ်ရည်ရာ။ နှောင်းကိုကြီးကမှ မိုးကျရွှေကိုယ်အစစ်ဟဲ့။ သူချောတယ်ဆိုတာ ကိုကြီးရဲ့ခြေမှုန့်ကိုတောင်မမီဘူး။ ကိုကြီးက အပြစ်ပြောစရာတစ်စက်ကလေးမှမရှိအောင် ခန့်ချောချောတာဟ။ သူ့လိုမိန်းမဆန်ဆန်ကြီးချောတာမျိုးမဟုတ်ဘူး။ သိပ်ယောကျာ်းပီသတာ"

"ညွန်းလိုက်တာဟယ်. . . ငါအမြင်ကပ်လှပြီ။ သူ့လူကြီးကိုများ ရှုံသွင်းပြစားတော့မယ့်ပုံစံနဲ့. . . ဟွန်း"

"ဩော်. . . မယုံမရှိနဲ့ကေကေရဲ့၊ အဟုတ်ပြောတာ။ နင်တို့နှစ်ယောက်စလုံးနဲ့ ကိုကြီးကိုတွေ့စေချင်လိုက်တာ။ ငါတောင်ကိုကြီးနဲ့စတွေ့ခါစက အသက်ရှူတောင် ရပ်သွားတာအမှန်ပဲ။ နင်တို့နဲ့တွေ့ရင် မျက်တောင်မခတ်ချင်အောင်တောင် ဖြစ်သွားမှာသေချာတယ်သိလား"

"ရှူးပါ့ဟယ်. . . ငါတို့ဒီလောက်မမွန်သေးဘူး။ နှလုံးသားတွေအလတ်ကြီးရှိသေးတယ်. . . New ဟဲ့"

သုံးယောက်သား တိုးတိုးကျိတ်ကျိတ်နှင့်ရယ်မောလိုက်ကြ၏။ သင်တန်းပြီးသွားတော့ နောက်ဆုံးမှာချန်၍ထွက်ခဲ့စဉ် နောက်နားမှတရှပ်ရှပ်နှင့်ပါလာသည့်ခြေသံကို အတိုင်းသားကြားနေရသည်။ အင်း. . . ဒင်းလိုက်လာပြီထင်ပါရဲ့။

"ငါ့အိမ်မပြန်ချင်သေးဘူးဟယ်။ အိမ်ထဲပဲ အမြဲအောင်း
နေရတာ ကြာတော့ ရှုးချင်ချင်ဖြစ်လာပြီ"

"ရှုးတော့မရှုးချင်ပါနဲ့ဦး၊ နှောင်းရယ်။ နင့်ကိုကြီးနဲ့ဖူး
ဆုံသွားပါဦးဟဲ့"

"အင်း. . . ကိုကြီးကလေ မထင်မှတ်တဲ့အချိန်မှာ ဘွားခနဲ
ငါ့ရှေ့ကိုရောက်လာတတ်တာဟဲ့။ ဘယ်လိုတန်ခိုးတွေရှိနေမှန်းတော့
မသိဘူး။ ငါ့မှာ အသက်ရှူတာတောင် လမ်းကြောင်းတွေ လွဲကုန်
ရော"

"ဟင်းဟင်း. . . နောက်ကလူလေး နှောင့်ယှက်ရင် ဘယ်
လိုလုပ်မလဲ နှောင်းငယ်ရဲ့"

"အံမယ်. . . နှောင်းတို့က သုံးယောက်တောင်ရှိတာ မြန်
ချဲ့ရုံပေါ့"

"သတ္တိတွေ ရှိနေတယ်ပေါ့လေ"

"အဲဒါ. . . ကိုကြီးပေးတဲ့တွန်းအားတွေပေါ့"

တခစ်ခစ်ဖြင့်ရယ်မောလျက် platform ပေါ် ခြေချလိုက်
ကြစဉ် နောက်မှလူက သူမတို့ရှေ့မှာ ပိတ်ရပ်လိုက်လေ၏။ သူမ
မျက်မှောင်ကြုတ်၍ နှုတ်ခမ်းလေးစူသွားရလေသည်။

"ဒါဘာလုပ်တာလဲ"





"ကျွန်တော် နှောင်းနဲ့စကားနည်းနည်းပြောချင်လို့ပါ"

"ဘာမှပြောဖို့မစဉ်းစားနဲ့။ နှောင်း. . . ရှင်ပြောတာကိုနား
ထောင်နိုင်ဘူး"

"နှောင်းကလည်းဗျာ။ နှောင်းကို ကျွန်တော်စိတ်ဝင်စားလို့
နောက်ကတကောက်ကောက်နဲ့လိုက်နေတာ၊ နှောင်းသိပါတယ်"

"အို. . . မသိချင်ပါဘူး။ စိတ်လည်းမဝင်စားဘူး။ ရှင်နော်
ကြီးလူပါမလာတာနဲ့ အတင့်ရဲဖို့မကြံနဲ့။ နှောင်းအော်လိုက်ရင်
ခေါင်းကိုရိုက်ခွဲမယ့်လူတွေ အလိုလိုရောက်လာပြီမှတ်"

"ဟင်းဟင်း. . . နှောင်းက ကျွန်တော့်အပေါ်မှာ. . . ဒီ
လောက်ထိရက်စက်ဖို့ ရည်ရွယ်ထားပြီပေါ့လေ"

"ဒါက ရှင်၊ နှောင်းကို အနှောင့်အယှက်မပေးဘူးဆိုရင်
တော့ဖြစ်မလာပါဘူး"

"ရင်ထဲကစကားတွေကို ဖွင့်ပြောဖို့ပြင်ဆင်တာကို နှောင့်
ယှက်တယ်လို့ ခေါင်းစဉ်တပ်လို့ရလား နှောင်းရယ်"

"ကျွတ်! "

သူမ,တော်တော်စိတ်ညစ်သွားရ၏။ အခုနေများ ကိုကြီး
ရောက်လာရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဒီလူ့ရန်က
ကာကွယ်ပေးနိုင်မယ့်လူတစ်ယောက်အဖြစ် အားကိုးလိုက်ချင်လိုက်

တာနော်။

"နှောင်းတို့ဒီနေ့ကားလာမကြိုဘူးမဟုတ်လား။ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"မလိုပါဘူး"

"မိတ်ဆွေသူငယ်ချင်းအနေနဲ့ ပို့ပေးချင်တာပါနှောင်းရယ်"

"မလိုဘူးလို့ပြောနေတယ်မဟုတ်လား"

သူမ ထိုလူကိုကျွေ့ရှောင်၍လှမ်းထွက်ခဲ့စဉ် ကျောပိုးအိတ်ကြိုးတစ်ဖက်က တင်းခနဲဖြစ်သွားလေ၏။ ကြည့်စမ်း! ကြိုးကိုလှမ်းဆွဲရဲတဲ့အထိ ဒီလူအတင့်ရဲလှချည်လား။

"နှောင်း"

"ရှင်နော်"

သူ့ ကားဟွန်းကိုနှစ်ချက်ဆင့်တီးလိုက်ကာ လမ်းဘေးမှာကားကိုရပ်လိုက်၏။ ကောင်မလေးအုပ်စုနှင့် ကျော်ဗိုတို့ပြဿနာစတက်နေလေပြီ။ နှောင်းက ကျော်ဗို့လက်ထဲမှ သူမကျောပိုးအိတ်ကြိုးကိုပြန်ဆွဲလုနေစဉ် သူ့ကားပေါ်မှဆင်းခဲ့သည်။

"လူမြင်မကောင်းတဲ့အပြုအမူမျိုးကို မလုပ်ချင်ပါနဲ့လားညီ"

"ဟင်! "





ကျော်ဗိုက သတိအနေအထားနှင့်ဖြစ်သွားပြီး. . . ကောင်...သုံးယောက်၏မျက်လုံးဝိုင်းလေးတွေနှင့်အတူ နှုတ်ခမ်းလေး...တ ခပ်ဟဟလေးဖြစ်သွားကြလေ၏။

"ခင်ဗျားက ဘာလဲ။ ကိုယ့်ကိစ္စမဟုတ်ဘဲနဲ့ ဝင်မစွပ်ချင်... လူဆိုတာ ဒူးနေရာဒူးတော်နေရာတော် နေတတ်ရတယ်ဗျ"

သူ့နှုတ်ခမ်းတွန့်ရုံလေးပြုံးလိုက်မိ၏။ မဆိုးဘူး. . . ရန်စ...ဖို့ ကျော်ဗိုချစ် စကားတတ်သားပဲ။

"အဲဒီစကားကို ကိုယ်ကပြောရမှာနော်ညီ။ မင်း့စကားလုံး...တာမှားနေပြီ"

"နေပါဦး. . . ခင်ဗျားက ဘာမို့လို့ ပြဿနာဝင်ရှာချင်နေ...ဘာလဲ"

"ကိုယ်က နှောင်းနဲ့အသက်ဆိုင်ဆုံးလူတစ်ယောက်ဖြစ်...လို့. . . မင်းကို ဒီလောက်ထိစိတ်ရှည်ရှည်နဲ့တားနေတာပေါ့ညီ။...ခြားကိစ္စတွေမှာ ကိုယ်စိတ်ရှည်ချင်ရှည်မယ်. . .။ ဒီလိုကိစ္စမျိုး...တော့ ကိုယ့်စိတ်က သိပ်ရှည်ချင်တာမဟုတ်ဘူး။ ဒီတော့ မင်း...နေလှည့်ပြန်သွားတာ အကောင်းဆုံးဖြစ်မှာပါ"

"ကျုပ်က ပြိုင်ပွဲမဝင်ခင် လှည့်ပြန်ပြေးတတ်တဲ့အကောင်...မဟုတ်ဘူး"

"ကောင်းပြီလေ. . . ဒါတော့ မင်းသဘောပါပဲ။ နောက် ဖြစ်လာမယ့်ပြဿနာကို မင်းဟာမင်းရှင်းနိုင်ရင်ပြီးတာပဲ။ ကိုယ်က အချိန်မရွေးနေရာမရွေး. . . ever ready နော်"

"ခင်ဗျားကြီး. . . ကဲကွာ"

"ဒိုး! "

"ဖတ်"

ကျော်ဗိုချစ်က သူ့မျက်နှာကို လက်သီးဖြင့်လှမ်းထိုးလိုက် သဖြင့် သူ့အသာပုတ်ဖယ်လိုက်၏။ နောက်ထပ်လက်သီးတစ်လုံး ထပ်ဝင်လာတော့ ထိုလက်ကိုဖမ်းဆုပ်ကာ လှည့်လိမ်လိုက်သဖြင့် ကျော်ဗိုချစ် သူ့ကိုနောက်ကျောပေးလိုက်ရလေသည်။ သူ့ချုပ်ထား သည့်လက်ကို အပေါ်ဘက်သို့နည်းနည်းထပ်တင်လိုက်၏။

"အီး. . ."

"နောက်ကို ဘယ်တော့မှမနှောင့်ယှက်တော့ပါဘူးဆိုတဲ့ ကတိ. . . နှောင်းကိုပေးလိုက်ပါ"

ကျော်ဗိုချစ်ထံမှ စကားသံထွက်မလာသဖြင့် သူလက်ကို ပြန်မြှင့်လိုက်၏။

"အား. . ."

"ကိုကြီး. . . တော်ပါတော့. . . ဒီလောက်ဆို သူမှတ်သွား





လောက်ပါပြီ။ လွှတ်ပေးလိုက်ပါတော့"

"ဟော့ကောင်. . . ငါ, မင်းကိုဘာပြောခိုင်းနေလဲ"

"ဟုတ်. . . ဟုတ်ကဲ့. . . နောက်ကို ဘယ်တော့မှမနှောင့် ယှက်တော့ပါဘူးလို့ နှောင်းကိုကတိပေးပါတယ်"

"သေချာတယ်နော်"

"သေချာပါတယ်ခင်ဗျာ"

"မင်းသွားနိုင်ပြီ"

လွှတ်ပေးလိုက်သည်နှင့် တစ်ချိုးတည်းလစ်ပြေးသွားသည့် ကျော်ဗိုချစ်ကိုလှမ်းကြည့်လိုက်ပြီး သူမသက်ပြင်းလေး မသိမသာ ချလိုက်မိ၏။

ဘုရားရေ. . . သူမ,တောင့်တလိုက်ချိန်မှာ ကိုကြီးတကယ် ပဲရောက်လာတာပါလား။ အံ့ဩစရာပဲ။

"အိမ်ပြန်မှာလား နှောင်းလေး"

"ဟုတ်ကဲ့"

"လာ. . . ကိုယ်ပြန်လိုက်ပို့ပေးမယ်။ သူငယ်ချင်းတွေကို ပါ ပို့ပေးမှာနော်။ ကားပေါ်တက်ကြ"

"ဟုတ်"

ဝတ်ရည်နှင့်ကေဇင်သွယ်က နောက်ခန်းမှာထိုင်လိုက်ပြီး

သူမက ကိုကြီးဖွင့်ပေးသည့်ရှေ့ခန်းတံခါးမှတက်ထိုင်လိုက်လေ၏။

ကားထဲမှ Aircon ၏အေးစိမ့်မှုနှင့်အတူ ရင်ခုန်ဖွယ်ရာ ရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရလေသည်။

"ကိုကြီးနာမည်က ဘယ်လိုခေါ်လဲဟင်"

"နှောင်းလေးအတွက် နာမည်က အရေးကြီးလို့လား"

"အဲဒီလိုတော့မဟုတ်ပါဘူး"

"ဒါဖြင့် နှောင်းရဲ့ကိုကြီးပဲပေါ့ မဟုတ်ဘူးလား။ ဒီနာမည်ကို ကိုယ်က ပိုကြိုက်တယ်ချာတိတ်ရဲ့"

"အာ. . . ဘာချာတိတ်လဲ။ နှောင်းအသက် ၁၉ နှစ်ထဲမှာပါကိုကြီးရဲ့။ ကလေးမဟုတ်ပါဘူး"

"၁၉ နှစ်ဆိုရင်တောင် ကိုယ့်ထက် ၉ နှစ်တောင် ငယ်သေးတယ်။ ကိုယ့်အတွက်တော့ နှောင်းဟာ ဘေဘီလေးပဲ"

သူမ,နှာခေါင်းလေးရှုံ့၍ ဆက်မငြင်းဝံ့တော့။ ခါတိုင်းသာလိကာတွေလိုစကားများလွန်းသည့် ဝတ်ရည်နှင့်ကေကေကလည်း နောက်ခန်းမှာ အရုပ်တွေလိုငြိမ်သက်လျက် လိုက်ပါလာလေ၏။

"နှောင်းသူငယ်ချင်းတွေကိုလည်း မှတ်ထားဦးနော်။ ဒီဘက်က ဝတ်ရည်တဲ့။ သူက ကေဇင်သွယ်"



"အင်း. . . ဒါပေမဲ့လမ်းမှာတွေ့ရင် ကိုယ်မမှတ်မိတာမျိုး[illegible]သွားရင် ခွင့်လွှတ်ကွယ်။ ကိုယ်က နှောင်းတစ်ယောက်တည်းကို[illegible] မှတ်မှတ်ရရရှိထားလို့ပါ"

"ဟင်! ဟုတ်လို့လား၊ ကိုကြီးက နှောင်းကိုတကယ်မှတ်မိ[illegible]လား"

"မှတ်မိတာပေါ့"

"ဘယ်တုန်းကလဲ"

"ဗိုလ်ချုပ်ဈေးလှေကားမှာလေ"

"အာ. . . ကိုကြီးကလည်း"

သူမ,မျက်နှာ ဖြန်းခနဲရဲတွတ်သွားလေ၏။ ဟုတ်တယ်[illegible]။ အဲဒီတုန်းက သူ့ရင်ခွင်ကျယ်ကြီးထဲကို သူမကိုယ်လေး ပစ်လဲ[illegible]သွားရတာမဟုတ်လား။ ပြန်တွေးမိတိုင်း အရှက်ပိုရပါတယ်ဆို[illegible]ခုလိုနှုတ်ကဖွင့်ပြောလိုက်တော့ ပိုဆိုးတာပေါ့။ နှောင်းက ကိုကြီး[illegible] အဲဒီရဲ့ရှေ့မှာ စတွေ့ခဲ့ဖူးတာပါလို့ စိတ်ထဲမှသာ တီးတိုးလေး[illegible]ပြောနေမိသည်။ ဒါကို ကိုကြီးမသိသေးပါဘူးနော်။



အလယ်...



## အခန်း ( ၉ )

အိမ်ပြန်ရောက်သည်နှင့် စိတ်ကိုလျှော့ချလိုက်ပြီး ခုတင်ထက် ပစ်လှဲချလိုက်၏။ Coat အိတ်ကပ်ထဲမှ ရတနာဘူးကို စားပွဲပေါ် ပစ်တင်လိုက်ပြီး မျက်လုံးအစုံကိုမှိတ်ထားလိုက်သည်။ အာရုံမှာပေါ်လာသည်က သွားတက်ဖွေးဖွေးလေးနှင့်မိန်းကလေးတစ်ယောက်။ ပြီးတော့ သူ့အသက်ထက်မက ချစ်မြတ်နိုးရပါသည့်ချစ်သူ. . .။ ခုတော့ဖြင့်. . .

'လေးရယ်...လေးဘဝကိုဖျက်ဆီးခံခဲ့ရသလို ဒီလူကြီးရဲ့သမီးလေးကို မောင်ယုတ်မာပက်စက်ချင်တာအမှန်ပါ။ ဒါပေမဲ့ မောင့်စိတ်တွေ ဒီလောက်မသိမ်ဖျင်းပါဘူး။ မောင်ဟာ လူကောင်းတစ်ယောက်မဖြစ်ရင်

သာနေမယ်။ လူယုတ်မာတော့အဖြစ်မခံနိုင်ဘူး။ ဘာပဲဖြစ်ဖြစ်…မောင် မျက်ရည်ကျခဲ့ရသလို ဒီလူကြီးလည်းကျစေရမယ်။ ရင်တွဲနာကျပြီး နောင်တတွေပိုက်လို့သေပွဲဝင်စေရမယ်။ ဒါ…မောင့်ဆုံးဖြတ်ချက်ပဲ။ တမလွန်ကနေ မောင့်ကို'လေး'စောင့်ကြည့်နေမလား။ မောင်, မိန်းကလေး တွေထည်လဲတွဲနေတာကို လေးအပြစ်တင်လေမလား။ ဒါတွေဟာ လေး ကိုလွမ်းဆွတ်တမ်းတနေတဲ့မောင့်ရဲ့စိတ်တွေကို ဖြေသာနိုင်မလားဆိုပြီး အပျော်ရှာနေမိခဲ့တာပါကွယ်။ မောင့်ကိုနားလည်ပေးပါ။ ခွင့်လွှတ်ပေးပါ။ မောင့်ကို လေးစွန့်ခွာသွားတဲ့နှစ်နှစ်တာကာလမှာ လေးကိုတစ်ရက်မှမေ့ မရနိုင်ဘဲ တသသလွမ်းနေတာတွေကို လေးသိစေချင်လိုက်တာကွယ်'

သူ့မျက်ဝန်းမှမျက်ရည်စီးကြောင်းတွေ တပေါက်ပေါက်စီး ကျသွားလေ၏။ ကြာတော့ကြာခဲ့ပါပြီ။ ဒါပေမဲ့ မနေ့တစ်နေ့ကလို ပါပဲလေးရယ်။ မောင်တို့ရဲ့သံယောဇဉ်က ၅၂၈ ကနေ စတင်ခဲ့လေ တော့ အင်မတန်ခိုင်မြဲလွန်းခဲ့တာမဟုတ်လား။

လတ်ဆတ်တဲ့ရင်ခုန်သံတွေနဲ့ဖလှယ်ခဲ့တဲ့ နှလုံးသားနှစ်ခု ရဲ့ရာဇဝင်ဟာ မောင်တို့နှစ်ဦးရဲ့ဘဝမှတ်တိုင်အဖြစ် ထာဝရတည် တံ့ခဲ့တာ ကမ္ဘာကြီးကသက်သေပါပဲကွယ်။



## လွန်ခဲ့သောခြောက်နှစ်တာကာလများဆီသို့…





## အခန်း ( ၁၈ )

ကောင်မလေးက မျက်နှာလေးရဲရဲနီလျက် ခေါင်းငုံ့သွားလေ၏။ လေအဝှေ့ လွင့်ပျံလာသည့်ဆံစလေးများနှင့်အတူ သနပ်ခါးရနံ့ကို သူရှူရှိုက်လိုက်ရသည်။ လက်ဖျားလေးကို ဖျတ်ခနဲဖမ်းဆုပ်လိုက်တော့ အေးစက်စက်အထိအတွေ့နှင့်အတူ အာမေဋိတ်သံတစ်ခုတီးတိုးထွက်လာလေ၏။

"အို. . . ဘာလုပ်တာလဲ၊ နေနေနော်"

"ဒါအဖြေပေးတာလား,လေးရဲ့"

"အာ. . . ဘာမှန်းလည်းမသိဘူး။ ဖယ်. . . လွှတ်ပါ၊ သူများတွေမြင်ကုန်တော့မှာပဲ"

"မြင်မြင်ပေါ့. . . ကိုယ့်မှာ ဒီအဖြေရဖို့စောင့်လိုက်ရတာ သုံးနှစ်ကျော်နေပြီ။ နည်းလား. . . ဆယ်တန်းအောင်တော့လည်း ဘွဲ့ရဖို့ပညာရေးတွေရှိသေးတယ်၊ မစဉ်းစားချင်ဘူးဆိုပြီး မီးနီတွေ ပဲစွတ်မိနေခဲ့တာ။ နောက်ဆုံးနှစ်ဖြေပြီးမှပဲ ခေါင်းညိတ်ရတယ်လို့"

"ဘယ်မှာခေါင်းညိတ်လို့လဲ"

"လေးနော်. . . ကိုယ့်ကိုမနောက်နဲ့။ ကိုယ့်အကြောင်း လေး,သိတယ်မဟုတ်လား။ လူမြင်ကွင်းလည်း ကိုယ်ကရှောင်မှာ မဟုတ်ဘူးနော်"

သူမထံမှ မျက်စောင်းတစ်ပွင့် သူ့ထံခုန်ထွက်လာလေ၏။

သူက ပြုံးစစမျက်နှာဖြင့် လက်ဖျားနှစ်ခုစလုံးကိုစုကိုင် လိုက်လေသည်။

"ဟွန်းနော်. . . ဒီလိုစိတ်ကြမ်းလူကြမ်းမို့ နေနေ့ကို လေး အဖြေမပေးဝံ့တာ။ နေနေက သိပ်ကြမ်းတာပဲ။ စီခနဲဆို ရှေ့ဆုံးက အမြဲပါတယ်။ ဒါကြောင့် မေမေက,လေးကိုသတိပေးနေတာပေါ့"

"ဘာတွေသတိပေးနေလို့လဲ။ ပြောပါဦး. . ."

"ဪ. . . မောင်နေနေ့ကို ကြည့်ပေါင်းသမီးရေ။ သူက ဒီဘက်မှာ နာမည်တစ်ဖက်ကမ်းခတ်တယ်တဲ့။ တော်ကြာ မေမေ့ သမီးကိုပါ အငြိုးခံနေရမှာစိုးလို့တဲ့လေ"





"အဲဒီရန်ပွဲတွေက. . . ဘယ်သူ့ကြောင့်ဖြစ်ရသလဲဆိုတာ လေး,အသိဆုံးမဟုတ်လား။ ကိုယ်မြတ်နိုးတန်ဖိုးထားရတဲ့ပန်းပွင့် လေးရဲ့နား. . . လာဝဲပျံတဲ့လိပ်ပြာတွေ၊ ပိတုန်းတွေကို ကိုယ်လိုက် ခမ်းမိတာ ကိုယ်လွန်သလား. . . ပြော"

မေးစေ့လုံးလုံးလေးကိုကိုင်၍မေးလိုက်တော့ သူမက ရှက် ပြုံးလေးဖြင့်ပြုံးလိုက်လေ၏။ ရှည်လျားဖြောင့်စင်းလှပသည့်ဆံနွယ် ရှည်တွေက လေ,ကလူမှုကြောင့် ဝေ့ခနဲလွင့်သွားပုံကိုက ကဗျာဆန် ဆန်. . .။

"ဒါပေမဲ့ ဒီလိုရန်ဖြစ်တာမျိုးကို ဘယ်မိဘမျိုးက သဘော ကျမှာလဲနေနေရဲ့။ ဖြစ်နိုင်ရင်. . . ရန်ပွဲဆိုတာတွေကို တတ်နိုင် သလောက်ရှောင်မှပေါ့"

"ဒါတော့မဖြစ်နိုင်ဘူးလေး,ရယ်။ ကိုယ့်ချစ်သူကို စိတ်နဲ့ နှုတ်နဲ့ပစ်မှားဖို့မဆိုထားနဲ့။ မျက်လုံးနဲ့ကြည့်တာတောင် ကိုယ်ကမခံ နိုင်ဘူး"

"ကွယ်. . . နေနေကလည်း မျက်စိနဲ့ကြည့်ရုံလေးနဲ့ လေး, ပါသွားတာမှမဟုတ်တာ။ ပြီးတော့ လေး,ကလှတပတမိန်းကလေး မဟုတ်ဘဲ"

"ဪ. . . ဘယ့်နှယ့်လှတပတမိန်းကလေးမဟုတ်ရမှာ

လဲ။ လေးကိုယ်‚လေးလည်း မှန်ထဲသေချာပြန်ကြည့်ဦး။ ဒီမျက်တောင်ရှည်လေးတွေ ဖျတ်ခနဲမှိတ်လိုက်တိုင်း ကိုယ်အသက်ရှူမှားသွားရတာ။ မျက်ဝန်းတောက်တောက်လေးတွေနဲ့များ ဝင့်ကြည့်လိုက်ရင် ကိုယ့်မှာ လောကကြီးကိုမေ့သွားမတတ်ပဲ။ ဟောဒီနှုတ်ခမ်းဖူးဖူးလေးကြားက ထွက်လာတဲ့အသံချိုချိုလေးကိုများ ကြားလိုက်ရရင်. . . နားဝင်ငြိမ့်ညောင်းတဲ့သံစဉ်လေးတွေကိုနားထောင်လိုက်ရသလိုမျိုး၊ ဒီရှည်လျားဖြောင့်သွယ်တဲ့ခြေထောက်လေးတွေနဲ့ တစ်လှမ်းချင်းလှမ်းလျှောက်လာရင် ပန်းပွင့်လေးတွေက အရှုံးပေးပြီးကြွေကျသွားရတယ်။ လေး‚နဲ့ပတ်သက်လာရင် လေး‚ရဲ့အရိပ်ကလေးကိုကအစ ကိုယ်ကစွဲစွဲလမ်းလမ်းရှိနေတာ လေး‚အသိဆုံးပါကွာ"

"အမယ်လေးနော်. . . ကဗျာဆရာသာလုပ်ပါတော့လားနေနေရယ်။ လေး‚ကိုပြောနေလိုက်တာများ ရွှေနန်းတော်ထဲမှာ စံမြန်းနေတဲ့တစ်ပင်တိုင်မင်းသမီးလေးကျနေတာပဲ။ ဒါက. . . နေနေ့အမြင်ပါလေ။ လေးရဲ့ဘဝက ဘာတစ်ခုမှမပြည့်စုံတော့ တခြားမိန်းကလေးတွေနဲ့ယှဉ်မိရင် လေး‚ကအလိုလိုမှေးမှိန်သွားတာပါ"

"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ လောကမှာ လေးသာလျှင်အလှဆုံးအချောဆုံးပဲ။ ပြီးတော့. . . ကိုယ်သိပ်မြတ်နိုးမိနေတဲ့မိန်း





ကလေးဟာလည်း လေးတစ်ယောက်တည်းပဲ။ အားမငယ်ပါနဲ့လေးညီ၊ ကိုယ်တို့ကျောင်းပြီးတော့မှာပဲ၊ ကျောင်းပြီးရင်အလုပ်ဝင်၊ ဘဝခရီးကိုဆက်လျှောက်ဖို့ အားသစ်တွေမွေးထားမှပေါ့"

လုပလွန်းပါသည့်မျက်တောင်လေးတွေ အသာမှေးစင်းသွားလေ၏။ သွယ်လျသည့်ခန္ဓာကိုယ်လေးကို သူအသာထွေးဖက်လိုက်တော့ သူ့ရင်ခွင်ထက်မှာ လေးကခေါင်းလေးမှီထားလျက် ငြိမ်သက်နေပါသည်။

"နေနေတို့က အစစအရာရာပြီးပြည့်စုံတော့ နေနေ့မိဘတွေက နေနေနဲ့လေးကိုသဘောတူပါ့မလားဟင်"

"ဟင်းဟင်း. . . ကိုယ့်မိဘတွေချမ်းသာတာ ကိုယ်ချမ်းသာတာမှမဟုတ်ဘဲလေးရဲ့။ ကိုယ်ကမိဘအမွေကို အဆင်သင့်ထိုင်စားမယ့်ခပ်ညံ့ညံ့ယောကျ်ားမျိုးမှမဟုတ်တာ။ ကိုယ်ထူထောင်မယ့်အိမ်ထောင်တစ်ခုအတွက် အားကိုးအားထားပြုနိုင်မယ့်ယောကျ်ားကောင်းတစ်ယောက်ဖြစ်စေရမယ်။ လေးကို ရာသက်ပန်ရိုးမြေကျချစ်ခင်မြတ်နိုးပြီး သစ္စာရှိရှိပေါင်းသင်းသွားမယ်လို့ ကိုယ်ကတိပေးပါတယ်လေးရယ်"

"နေနေ့ကို လေးယုံပါတယ်။ လေးမယုံရဲတာက ကံကြမ္မာပိုပါ။ လေးက မအေတစ်ခုသမီးတစ်ခုနဲ့ ဘဝကိုရုန်းကန်နေရတာ။

ရွှေပဒေသာစာပေ

တော်ကြာ. . . လေးကိုနေနေနဲ့သဘောမတူဘူးဆိုပြီး နေနေ့မိဘတွေလာပြောရင် လေး,ရင်ကွဲရမှာနေနေရဲ့။ လေးမှာ. . . လေးမှာစိတ်အလိုကိုလိုက်ပြီး နေနေ့ကိုခေါ်င်းညိတ်လိုက်ရပေမယ့် စိတ်ကတထင့်ထင့်နဲ့ တစ်ရက်မှကောင်းကောင်းအိပ်လို့မပျော်ဘူး။ နေနေစီးနေကျဖိနပ်တစ်ရန်စာလောက်တောင်မှ လေးကတန်ဖိုးမရှိပါဘူးကွယ်"

"တော်ပါတော့. . . ဆက်မပြောပါနဲ့တော့လေးရယ်။ ကိုယ်မခံစားနိုင်လို့ပါ။ လေးသိထားဖို့က လေးဟာ ကိုယ့်အတွက်တော့အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါလေးပါကွယ်"

စကားသံများ တိတ်ဆိတ်သွားလေ၏။ ပါးချင်းကပ်ထားရာမှ တဒိတ်ဒိတ်ခုန်ပေါက်နေသည့် ရင်ခုန်သံတွေကို နှစ်ဦးသားကြားနေရသည်။ မှေးစင်းထားသည့်မျက်ခွံမို့မို့ထက် အနမ်းတစ်ပွင့်ဖူးပွင့်စေတော့ ပန်းနုရောင်နှင်းဆီခင်းကိုမြင်လိုက်ရလေ၏။ ရှက်သွေးဖြာနေသည့်ချစ်သူလေး၏မျက်နှာနုနုကို ကြည့်မဝနိုင်လေခဲ့။ အချစ်ဦးမို့ သူအရူးအမူးချစ်မိတာကို လေးအသိဆုံးပါလေ။

"ပြန်ကြရအောင်နော်. . . တော်ကြာ မေမေမျှော်နေလိမ့်မယ်"

"လေးကလည်းကွာ. . . ဘာမှတောင်သေချာပြောဆိုတိုင်





င်မှုမရှိသေးဘူး။ တွေ့တာနဲ့ပြန်ချင်တာကအရင်"

"မေမေ့ကို. . . မနက်ဈေးရောင်းဖို့ဝိုင်းကူပေးရဦးမှာလေနေနေရယ်။ လိမ္မာပါတယ်. . . ပြန်စို့နော်"

"မလိမ္မာချင်ပါဘူး. . .။ ကိုယ်ကဘယ်တုန်းကများ လိမ္မာခဲ့ဘူးလို့လဲ။ ချစ်လို့တောင်မှမဝသေးဘူး။ မပြန်ပါနဲ့ဦးကွာ"

"ညနေလေးနာရီထိုးတော့မယ်လေနေနေရယ်။ လေးကိုသနားပါဦး။ နေနေချိန်းလို့ လေးမှာဘယ်သူမှမသိအောင်လာတွေ့ရတာနော်။ ဘယ်လောက်သတ္တိမွေးရတယ်ထင်လဲ။ သူများပစ္စည်းခိုးသွားရသလို ရင်ထဲမှာတထိတ်ထိတ်နဲ့။ ကြာရင် နှလုံးရောဂါဖြစ်မှာသေချာတယ်"

"ဟုတ်လား. . . မှန်းစမ်း. . . ဘယ်လိုရင်ထိတ်တာလဲ။ ထိတ်တာပေါ့. . . လေးက ကိုယ့်နှလုံးသားကို ခိုးယူထားတဲ့အချစ်သူခိုးမလေးပဲဟာ"

"ဟင်းနော်. . . ဘာမှန်းလည်းမသိဘူး။ ဖယ်ပါ. . . ပြန်တော့မယ်ကွာ"

"ဟင်းဟင်း. . . ဒါဖြင့် မောင်လို့ခေါ်ကြည့်ပါလား"

"အာ. . . လျှာယားစရာကြီး. . . ခေါ်တတ်ဘူး"

"မခေါ်ရင် မောင်ပြန်မပို့ဘဲနေလိုက်မှာနော်။ မလုပ်ရဲဘူး

မထင်နဲ့အမိရဲ့။ အကြင်နာတွေ အင်အားအပြည့်နဲ့ ရင်ထဲမှာရှိနေပြီ. . . သိလား"

"ဟင်. . . အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့။ နောက်တော့ ခေါ်မယ်လေကွာ. . . နော်။ လေးကို ကားဂိတ်အထိပို့ပေးရင်တော်ပါပြီ။ လေး. . . bus နဲ့ပဲပြန်ပါ့မယ်"

"ဒီလိုပြန်စရာလား. . . မောင်တစ်ယောက်လုံးရှိနေတာတောင်, လေးက bus စီးရမယ်လို့။ ရာဇဝင်ရိုင်းသွားမှာပေါ့။ မောင့်ကားနဲ့ပြန်ပို့ပေးရင်မြန်ပါတယ်။ မောင်လို့တစ်ခွန်းလေးပဲခေါ်ကြည့်ပါလားလေးရယ်။ တစ်ခွန်းတည်းပါပဲနော်"

"တစ်ခါပဲနော်"

"အင်း"

သူမ,နှုတ်ခမ်းလေးကိုက်၍ငြိမ်သွားလေ၏။ မျက်တောင်မခတ်တမ်းစိုက်ကြည့်နေသည့်သူ့ကို မျက်စောင်းခဲလိုက်ပြီးမှ တိုးတိုးလေးခေါ်လိုက်ပါသည်။

"မောင်"

"ဘာမှလည်းမကြားရဘူး။ ကျယ်ကျယ်လေးခေါ်မှပေါ့"

"ဟင်. . . မသိဘူးကွာ"

"မရဘူးနော်. . . မခေါ်ရင်တကယ်ပြန်မပို့ပေးဘူး"





"အဲဒီလိုအကျပ်မကိုင်နဲ့လေ"

"ဒါဆိုခေါ်ပေါ့"

"ကဲ. . . မောင်. . . မောင်. . . မောင်. . . ရပြီလားသွားမယ်"

"နေဦး. . . တစ်ခုကျန်သေးတယ်"

"ဘာကိုလဲ"

သူကပါးတစ်ဖက်ထိုးပေးလိုက်တော့ သူမမျက်နှာကိုလက်ဖြင့်အုပ်လျက် အရှက်ပိုသွားလေ၏။

"မောင်နော်. . . ဘာမှန်းလည်းမသိဘူး။ တစ်ခါပဲတစ်ခါဆိုပြီးရောင့်တက်လာပြီ"

"ဒီတစ်ခါတည်းပဲလေ,လေးရာ။ မောင်လို့ခေါ်တဲ့အထိမ်းအမှတ်လေးနဲ့တစ်ခါပဲ"

"ကြည့်ပါလား. . . ပြောနေတဲ့ကြားက"

"ကြည့်နေတာပဲလေ"

"ဟင်းနော်. . . ဘယ်လိုကောင်လေးမှန်းကိုမသိတော့ဘူး. . . စွတ်ကြီးပဲ"

"ကဲပါ. . . ပြီးရင်တကယ်သွားမှာ. . . ကတိ"

"တကယ်နော်"

"ဪ. . . ကတိပါဆို"

သူ့မျက်လုံးအစုံကိုမှိတ်ထားလိုက်စဉ် ပါးပြင်ထက်နွေးခနဲ ဖြစ်သွားလေ၏။ ငြိမ့်ခနဲရင်ခုန်သံတို့နှင့်အတူ လေး့ကိုယ်လုံးလေးကို တင်းကျပ်စွာဖက်လိုက်မိသည်။ လေးရယ်. . . အသည်းပေါက်မတတ်ချစ်နေတာတွေကို လေးသိပါစေတော့. . .

"အို. . . မောင်. . . ပြန်ကြမယ်ဆို"

တီးတိုးတားမြစ်သံက လေအဝှေ့မှာ တိုးတိမ်သွားလေ၏၊ သစ်ပင်ထက်မှ သစ်ရွက်ခြောက်တို့ကြွေကျသံ၊ ကန်ထဲမှရေလှိုင်းလေးတွေ၏ပြေးလွှားသံ၊ ညှင်းသွဲ့သွဲ့တိုက်ခတ်လိုက်သည့်လေပြည်ညင်းတို့၏သံစဉ်တွေကြားမှာ ချစ်ခြင်းတွေကိုဖြင့်သီကုံးနေခဲ့မိလေပြီ။ ဪ. . . အချစ်ဆိုတာ လူ့ဘဝမှာ ပထမဦးဆုံးဖြစ်တည်ခဲ့တာက အနိုင်မာဆုံးပဲမဟုတ်ပါလား။



## အခန်း ( ၁၁ )

မေမေ့မုန့်ဟင်းခါးဆိုင်လေးထဲမှ သူမအသာထွက်လာခဲ့၏၊ မောင်နှင့်စဆုံခဲ့စဉ်ကအဖြစ်ကို ပြန်သတိရနေမိသည်။ မောင်က သူမတို့ရပ်ကွက်ထဲမှ ကိုသူရ၏သူငယ်ချင်း။ ကိုသူရအိမ်ကိုလိုက်လည်ရင်း သူမတို့သားအမိရောင်းသည့်မုန့်ဟင်းခါးကိုဝင်စားရင်းဆုံခဲ့ရတာ။

မောင်နှင့်စရင်းနှီးတော့ သူမအမေးမှာ မောင်ဘာပြောလိုက်တယ်ထင်သလဲ။ မုန့်ဟင်းခါးကောင်းမကောင်းတော့မသိဘူး။ မုန့်ဟင်းခါးရောင်းတဲ့ကောင်မလေးကိုတော့ စွဲသွားပြီကွာတဲ့။

အဆင့်အတန်းမခွဲခြားတတ်သည့် မောင့်စိတ်ဓာတ်လေး

ကို သူမ,လေးစားမိသည်။ မကြာခဏမုန့်လာစားရင်း မေမေနှင့် ရင်းနှီးအောင်လုပ်တတ်သည်မို့ သူ,မသိအောင် သူမ,ကျိတ်ပြုံးမိ၏။ ပြည့်စုံသည့်အလွှာကမို့ မောင့်ကို သူမ,မရင်းနှီးချင်တာအမှန်ပင်။ သို့သော် မောင်က,ကိုသူရကို နားပူနားကျီတိုက်လွန်းသဖြင့် သူမ မှာ အားနည်းသိမ်ငယ်စိတ်တို့ဖြင့် လက်ခံခင်မင်ခဲ့ရတာပင်။

မောင်က ယောကျ်ားပီသ၍ခန့်သည်။ စိတ်ဆတ်သည်။ တစ်ဇွတ်ထိုးနိုင်သည်။ မှန်တယ်ထင်လျှင် ဘာကိုမှဂရုမစိုက်တတ်။ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချတတ်သည်။ ခေါင်းမာသည့်ဉာဉ် လည်းရှိ၏။ သူမက သာမန်အထက်တန်းကျောင်းသူလေး။ မောင် နှင့်ကိုသူရက ဒိတ်ဒိတ်ကျဲယောကျ်ားလေးကျောင်းမှ ကျောင်းသား များဖြစ်၏။ ညနေတိုင်း စက်ဘီးအပျော်စီးလေ့ရှိရာမှ မနက်စော စောမုန့်ရောင်းချိန်ကို ကူးပြောင်းသွားသည့်မောင့်ထံမှအကြင်နာ မျက်ဝန်းတို့ကို သူမ,ဖတ်တတ်ခဲ့သော်ငြား မဝံ့ရဲခဲ့လေခဲ့။

စာမေးပွဲဖြေခါနီး ကျောင်းတစ်လပိတ်ချိန်မှာ သူမ,ဈေး ဝယ်ထွက်ချိန်ကို လာစောင့်၍ဖွင့်ပြောတော့ သူမမှာ အထိတ်တလန့် ဖြင့်တအံ့တဩ။ မောင့်လိုသူဌေးသားတစ်ယောက်က သူမလိုမုန့် ဟင်းခါးသည်ရဲ့သမီးကို အပျော်သဘော လာအကဲစမ်းသည်ဟူ၍ သာ တစ်ထစ်ချယုံကြည်ခဲ့သည်မို့ ယဉ်ကျေးစွာငြင်းဆန်ခဲ့လေ၏။





စာမေးပွဲအောင်စာရင်းထွက်တော့ တက္ကသိုလ်အတူတက် ဖို့လာပြောပြန်သဖြင့် သူမစိတ်တွေဇဝေဇဝါဖြစ်ရပြန်လေသည်။ အပျော်သဘောနဲ့ စိတ်ဖြေစရာရှာတာမဟုတ်ဘူးလား။ တက္ကသိုလ် ရောက်ရင် ရောင်စုံပန်းပွင့်တွေကြားမှာ သူမကိုမေ့ပျောက်သွား မှာပါလေဟူ၍ ပေါ့ပေါ့လေးထားခဲ့မိသည့်စိတ်တို့သည် နောက်ဆုံး နှစ်အထိ အာရုံမလွှဲဘဲ သူမထံမှာသာ တစိုက်မတ်မတ်ထားရှိနေခဲ့ သည့်မောင့်ချစ်ခြင်းတွေကို သူမ,ဦးမညွှတ်ဘဲနေနိုင်ပါတော့မလား။ ဒီလောက်ထိဇွဲကောင်းလွန်းသည့်မောင်၏တည်ငြိမ်ခြင်းတို့က သူမ ၏ပန်းတိုင်ကို ရာနှုန်းပြည့်ပန်းဝင်လာခဲ့ရသည်ကိုး. . .။

"တီ! "

"အမေ့"

ကားဂိတ်ဘေးနားမှာရပ်လိုက်သည့်ကားကို လှည့်ကြည့် စဉ် မောင်က ကားပေါ်မှဆင်းလာလေ၏။

"ဘာတွေစဉ်းစားပြီး. . . လမ်းလျှောက်လာတာလဲလေး ရဲ့။ မောင့်ကားကိုတောင်မမြင်အောင် အတွေးလွန်နေရတယ်လို့ အခုဘယ်သွားမလို့လဲ"

"မောင့်ကိုတစ်ခါပြောပြဖူးတဲ့သင်တန်းလေ"

"ဟောဗျာ. . . စာမေးပွဲပြီးတာတောင် ဘာမှမကြာသေး

ဘူး။ လေး,က သင်တန်းတောင်တက်ပြီလား"

"လေးမှာ သင်တန်းဆင်းလက်မှတ်တွေ တော်တော်များများရှိထားပြီးသားပါမောင်ရဲ့။ ဒီတစ်ခုလေးပဲလိုနေလို့ ထပ်တက်ရတာပါ။ ဒါပြီးရင်. . . လျှောက်ထားတဲ့အလုပ်လည်းရလောက်ပြီ။ အတော်ပဲ"

"ဟာကွာ. . . လေး,က သင်တန်းတွေလျှောက်တက်နေတော့ မောင်နဲ့တွေ့ဖို့ ဘယ်လိုအချိန်ပေးနိုင်တော့မှာလဲကွ"

"မောင်နဲ့ကြုံပို့လုပ်တိုင်း. . . တွေ့နိုင်တာပဲမောင်ရယ်။ တကတည်း. . ."

"ဘာလဲ. . . မောင်က လေးရဲ့ဖယ်ရီလေးလောက်ပဲ တာဝန်ရှိတာပေါ့လေဟုတ်လား"

"ကြည့်! ကလေးလိုပဲ. . . စိတ်ကောက်ဖို့ကအရင်။ သင်တန်းဆင်းရင် မောင်နဲ့အအေးဆိုင်ထိုင်ဖို့ နာရီဝက်တော့အချိန်ပေးနိုင်ပါတယ်မောင်ရယ်။ စိတ်မခုပါနဲ့"

"အအေးသောက်ရုံပဲလား။ အမောပြေလေးရောမပါဘူးလား"

"ကြည့်ပါလား. . . စကားအကောင်းပြောနေရင် ကလေးကလားနဲ့ဖောက်လာပြီ"





သူ,သဘောတကျရယ်မောလိုက်ပြီး ရှေ့ခန်းတံခါးကိုဖွင့်၍ လေးကိုတက်စေ၏။ ကားကိုညင်သာစွာဖြင့် မောင်းထွက်ခဲ့လေသည်။ အင်း. . . သူနိုင်ငံခြားသွားရမည့်ကိစ္စကို ဘယ်လိုများပြောရပါ့။ တော်ကြာ လေးက သူထားခဲ့ပြီဆိုပြီး မျက်ရည်စက်လက်ဖြစ်မှ သူဒုက္ခရောက်ရတော့မည်။ သူကလေးရဲ့မျက်ရည်တွေကို မမြင်နိုင်မခံစားနိုင်တဲ့အချစ်ကြီးသူတစ်ယောက်ပေကိုး။

သင်တန်းချိန်ကတစ်နာရီခွဲပဲမို့ မြို့ထဲမှာဟိုဒီလိုက်လျှောက်ချင်း အချိန်ဖြုန်းနေမိသည်။ shopping Mall ထဲဝင်မွှေရင်း လေးအတွက် မိန်းမပတ်နာရီလေးကို အမှတ်တရပေးရန် ဝယ်လိုက်၏။ ရွှေအိုရောင်အိုမီဂါနာရီလေးမို့ လေး၏ဝင်းဝါသည့်အသားရောင်လေးနှင့်လိုက်ဖက်မှာပါလေ။ သင်တန်းဆင်းတော့ လူရှင်းသည့်အအေးဆိုင်မှာထိုင်ရင်း ဒိုမိနိုနှစ်ခွက် မှာသောက်လိုက်သည်။

"လေးရဲ့လက်လေး, ခဏပေးပါဦး"

"မောင်နော်. . . ဆိုင်ထဲမှာလူတွေနဲ့။ ကဲဖို့မစဉ်းစားနဲ့ရှင့်"

"ရော်. . . မောင်က လေးကိုပေးဖို့လက်ဆောင်ကို ကိုယ်တိုင်ဆင်ပေးမလို့ တောင်းတာပါ။ ဘယ့်နှယ့် အတွေးတွေ ချော်နေရတာလဲ,လေးရဲ့"

"ဩော်. . . sorry နော်"

သူက လေး၏လက်ကောက်ဝတ်သွယ်သွယ်လေးမှာ နာရီလေးကိုပတ်ပေးလိုက်တော့ လေးက,ယုံ့ယုံ့လေးပြုံးလေ၏။ အဖိုးတန်ပစ္စည်းမို့ လေး,လက်မခံချင်မှန်း သူရိပ်မိပါသည်။

“ဒါ. . . မောင်နဲ့လေး ချစ်သူဖြစ်တဲ့အထိမ်းအမှတ်နဲ့ဝယ်ပေးတာနော်။ ဘာဘာညာညာအတွေးတွေ ဝင်မလာနဲ့။ ငြင်းဖို့လည်းမစဉ်းစားနဲ့။ ပြီးရင်. . . လေးကို မောင်အလေးအနက်ပြောစရာရှိတယ်”

“အမှန်ပြောရရင် မောင်ပေးတာကို လေးမယူချင်ဘူး၊ လေးကို မောင့်ဆီက ချူစားနေတယ်လို့မထင်စေချင်တာပါ။ လေးကိုတကယ်ချစ်ရင် ဒီလိုအဖိုးတန်ပစ္စည်းတွေနဲ့ မချည်နှောင်ပါနဲ့လားမောင်ရယ်။ လေးမှာ. . . မောင့်ကို ဒီလိုပစ္စည်းတွေပြန်ပေးနိုင်ဖို့ အင်အားမှုမရှိသေးတာ။ မောင်နားလည်ရဲ့သားနဲ့”

“လေးပေးတဲ့ပစ္စည်းက ဒီအရာထက် ပိုတန်ဖိုးရှိပါတယ်လေးရဲ့”

“ဟင်! လေးက မောင့်ကိုဘာများပေးခဲ့ဖူးလို့လဲမောင်ရဲ့”

သူက သူ့ညာဘက်ပါးပြင်ကို လက်ညှိုးဖြင့်ထောက်ပြလိုက်တော့ သူမမျက်နှာ ဖျန်းခနဲရဲတက်သွားပြီး သူ့လက်ခုံကိုအသာဆွဲဆိတ်လိုက်လေ၏။





“မောင်နော်. . . ဘာမှန်းလည်းမသိဘူး”

“ဟင်းဟင်း. . . ဒါက ပြန်တောင်းလို့ရတဲ့အရာမျိုးမှဟုတ်တာ။ အား. . . လေးဆိတ်တာနာသွားပြီ။ ပြန်လျော်ပေး”

“ဥံဖွ. . . ဥံဖွ”

“ဒီလိုနဲ့ရကြေးလား”

သူကစိတ်မြန်လက်မြန်ဖြင့် သူမလက်ဖမိုးကိုဆွဲယူ၍ ဖျတ်ခနဲငုံ့မွှေးလိုက်မိ၏။ သူမမျက်လုံးလေးကျယ်သွားပြီး ရှက်သွေးတွေဖြာသွားရလေသည်။

“အို. . . မောင်နော်၊ သိပ်ကဲတာပဲ။ လူကြားထဲမှာ အရှက်ကိုမရှိဘူး”

“ချစ်တာကိုးဗျ”

“ဘာချစ်တာလဲ”

“ဩော်. . . ချစ်ပါတယ်ဆိုမှ. . . ဘာချစ်တာလဲမေးစရာလား။ လေးကို. . . လေးကို. . . ဟောဒီက မောင့်ချစ်သူပျိုလေးခင်ကို။ ကဲ. . . ကျေနပ်ပြီလား”

“တော်ပါတော့. . . သူများတွေကြားကုန်တော့မှာပဲ။ ဒါနဲ့မောင်ပြောစရာရှိတယ်ဆိုတာ ဘာလဲ”

“အင်း. . . လေးလျှောက်ထားတဲ့အလုပ်က ဘယ်တော့

Interview ဖြေရမှာလဲ"

"နောက်သုံးလလောက်မှပါ"

သူ့သက်ပြင်းကိုခပ်ဖွဖွချလိုက်မိပြီး လေး၏လက်ဖမိုးလေးကိုတယုတယကိုင်လျက် ပါးဖြင့်ကပ်ထားလိုက်မိသည်။ လေး,မရှုံးဖယ်ပါလေ။

"မောင်. . . အဲဒီအချိန်ဆို ဒီမှာမရှိတော့ဘူး"

"ဟင်! မောင်က ဘယ်သွားမှာမို့လို့လဲ"

"ဖေဖေနဲ့အတူ စင်္ကာပူမှာ အလုပ်သွားလုပ်ရမှာ။ အဲဒီမှာ အလုပ်သင်ဝင်လုပ်ပြီး လုပ်ငန်းကျွမ်းကျင်မှ ဒီမှာကုမ္ပဏီထောင်ပေးမှာလေ။ ဖေဖေက ဟိုမှာ member အဆင့်ပဲရှိသေးတယ်။ ဒါကြောင့်. . . မောင့်ကိုအစစအရာရာနားလည်တတ်ကျွမ်းအောင်လို့ သင်ယူခိုင်းတာပေါ့"

သူမမျက်နှာမှာ မျက်ရည်တို့ ချက်ချင်းစို့တက်လာလေ၏။ မျက်တောင်ဝင့်ကိုပဖျပ်ဖျပ်ပုတ်ခတ်သိမ်းဆည်းလျက် မနည်းကြွေ ဆည်လိုက်ရလေသည်။ မောင့်ရည်မှန်းချက်တွေကို သူမကြောင့် မပျက်စီးစေလိုပေ။

"လေးတော့ လွမ်းကျန်ရစ်ရတော့မှာပဲ"

"လေးကလည်း မောင်အချိန်ရသလို စာရေးတန်ရေး၊ ဖုန်းဆက်တန်ဆက်မှာပေါ့။ အားငယ်စရာလား။ မောင်အလုပ်လုပ်ရင်း မောင်တို့အိမ်ထောင်ပြုဖို့ ငွေစုမယ်လေ။ သုံးလေးနှစ်ဆိုတာ ဘာများကြာမှာမို့လဲလေးရယ်။ ဟိုလှည့်ဒီလှည့်နဲ့ပြည့်သွားမှာပါပဲ။ လေးလည်း ဒီမှာအလုပ်ဝင်သွားရင်. . . မောင့်ကိုသတိတောင်ရနိုင်မှာမဟုတ်တော့ဘူး"

"ဒီလိုတော့မပြောပါနဲ့မောင်ရယ်။ လေးကမိန်းမသားပါ။ တစ်သက်မှာတစ်ယောက်ကိုပဲ ရည်ရွယ်ခဲ့တာ။ ဒါကိုတော့အပျက်မခံနိုင်ပါဘူး။ အလုပ်ဘယ်လိုပဲများများ မောင့်ကိုလွမ်းရတဲ့အချိန်တွေက စက္ကန့်သန်းချီရှိနေမှာပါနော်။ မောင်ကသာ ဟိုမှာ ဗိုလ်မဖြူဖြူလေးတွေနဲ့တွဲပြီး လေးကိုမေ့သွားမှာသေချာတယ်"

"ဟင်းဟင်း. . . လေး, မောင့်ကိုတကယ်ချစ်ရှာတာပဲကိုး။ အချစ်ဆိုတာ ဝန်တိုခြင်းတဲ့။ လေးရဲ့အူလေး ဘယ်နစင်တီမီတာတိုသွားတာပါလိမ့်"

"မောင်နော်. . . လေး, အလေးအနက်ပြောနေတဲ့စကားကို ဖော့မပစ်ပါနဲ့မောင်ရဲ့"

"ဩော်. . . လေးရယ်. . . မောင်က လေး,စိတ်ချမ်းသာပါစေလို့ရည်ရွယ်ပြီး စလိုက်တာပါ"

သူမ,ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်းနှစ်သွယ် စီးကျ

သွားလေ၏။ လူတွေရှိနေသော်ငြား သူမချုပ်ထိန်း၍မရနိုင်တော့ချေ။ အို. . . မောင်နဲ့သာအပြီးအပိုင်ခွဲရရင် လေးတော့ ဒီလောကကြီးထဲမှာ အသက်ရှင်ရပ်တည်လို့ရနိုင်ပါတော့မလား။ ရင်မောရပါလားမောင်ရယ်။

"ဟာ. . . ကျွတ်. . . လေးမငိုနဲ့လေ။ မောင်ကချစ်လို့ကျီစယ်မိတာပါကွာ။ လေးအပြင် နောက်ထပ်မောင့်မှာ ပေးစရာနှလုံးသားမရှိတော့ပါဘူး။ မောင့်နှလုံးသားကို လေးအပိုင်ရထားပြီးသားလေကွာ။ တိတ်တိတ်. . . မငိုပါနဲ့။ ကြည့်ပါဦး. . . ကလေးလေးကျနေတာပဲ။ ဝမ်းနည်းပက်လက်ကို ငိုချလိုက်တာကိုး"

"လေးက မောင့်ကိုချစ်တာကိုးလို့။ မောင်နဲ့သာအပြီးခွဲရရင် လေးသေမှာ"

"ဟာ. . . နိမိတ်မရှိတာတွေမပြောရဘူးလေ,လေးရယ်။ မောင်တို့နှစ်ယောက်အတူနေရဖို့ ဒီလောက်တော့ ယာယီခွဲနေရဦးမှာပေါ့။ မောင့်ရည်မှန်းချက်ပြည့်သွားပြီဆိုတာနဲ့. . . မောင်နဲ့လေးလက်ထပ်ကြရအောင်လေ။ မောင်တို့ရဲ့တူနှစ်ကိုယ်တိုင်းပြည်လေးကို ပြည့်ပြည့်စုံစုံနဲ့စိတ်ချမ်းသာစွာတည်ဆောက်ခွင့်ရပါရစေ။ ဒီတော့. . . မောင်တို့အခြေအနေအရ အဝေးကနေချစ်နေရုံလေးနဲ့ကျေနပ်နှစ်သိမ့်ကြတာပေါ့လေးရယ်. . . နော်. . . လေးကလီမ္မာ





ပါတယ်"

"မောင်က ယောကျ်ားလေးကိုး။ စိတ်မာမာနဲ့ပြောအားရှိမှာပေါ့"

"ရော်. . . ခက်တာပဲ၊ မောင့်ကိုမယုံဘူးလား။ မောင်က လေးကိုအချိုသပ်ပြီး ထားရစ်ခဲ့မယ့်ကောင်မဟုတ်ပါဘူးလေးရယ်။ ဒီမှာ. . . မောင့်ကိုသေချာကြည့်။ ပိုပြီးတော့ သေချာချင်ရင် မနက်ဖြန် မောင်တို့ရုံးတက်လက်မှတ်ထိုးထားမယ်လေ။ ဘယ့်နှယ့်လဲ"

"ဟင်! အဲဒီလိုကြီးတော့ ဘယ်ကောင်းပါ့မလဲ။ မေမေမသိအောင် လေး,ဘာမှမလုပ်ရဲဘူး"

"ဩော်, ရည်းစားတော့ထားတတ်ပြီး ဒါကျမရဲဘူးပေါ့လေ"

"ဒါကအခြေအနေတစ်ခုကိုး. . . မောင်ရဲ့။ မောင့်ကိုလေးယုံပါတယ်။ စာရွက်ပေါ်ကလက်မှတ်ထက် လေးရဲ့နှလုံးသားပေါ်ကမောင့်အမည်က ပိုပြီးသက်သေခိုင်မာပါတယ်။ မောင့်ကိုစာချုပ်နဲ့လေး,မချုပ်နှောင်ပါရစေနဲ့။ မောင် ဘယ်နှနှစ်ပဲကြာပါစေ။ လေးသစ္စာရှိရှိနဲ့စောင့်နိုင်ပါတယ်"

"အား. . . စကားတွေတတ်နေလိုက်တာပါလား၊ အံ့ဩစရာပဲ။ မောင့်ချစ်သူလေး. . . အစကဒီလောက်ထိစကားမတတ်

ပါဘူး။ ဘယ်သူသင်ပေးလိုက်တာပါလိမ့်"

"အချစ်ဆိုတာ ဘယ်လိုအာစရိယမျိုးမှသင်ပေးဖို့မလိုဘဲ သူ့အလိုလိုတတ်မြောက်လာတာပါမောင်။ မောင့်ကိုသိပ်ချစ်နေတဲ့ လေးရဲ့ချစ်ခြင်းတွေက အနှိုင်းမဲ့ပါ။ ဒါကို မောင်နားလည်နိုင်ရင် လေးကျေနပ်ပါပြီ"

"ဪ. . . လေးရယ်. . . မောင် အရမ်းကိုစိတ်ချမ်းသာရတာအမှန်ပါ။ မောင့်ဘဝမှာ လေးသာအဓိက. . . လေးသာလျှင်အခရာ. . . လေးသာမောင့်နှလုံးသားအမြုတေတစ်ခုဆိုတာကို ယုံကြည်လက်ခံပေးပါကွာ"

ချစ်သူ၏အငိုမျက်နှာပေါ်မှ ခပ်မှဲ့မှဲ့အပြုံးလေးကို ငေးကြည့်ရင်း အနာဂတ်အိပ်မက်ရှည်ကို သူလှမ်းမျှော်ကြည့်လိုက်မိ၏။ မမြင်နိုင်သေးတဲ့တစ်နေရာမှာ လှပဝေဆာတဲ့ပန်းခင်းကြီးတစ်ခုကို သူဖန်တီးနိုင်မှာပါလေ. . .။



အခန်း ( ၁၂ )

အဲဒီနေ့က သူနှင့်လေး နောက်ဆုံးတွေ့ခဲ့ရသည့်နေ့ရက်တစ်ရက်ဖြစ်ခဲ့လေ၏။ လေးနှင့်အတူ လိုအပ်သည့်ပစ္စည်းတွေဝယ်ကြပြီး ရွှေဆိုင်မှာအပ်ထားသည့် လက်စွပ်လေးနှစ်ကွင်းကို ဝင်ယူလိုက်သည်။ ရုပ်ရှင်ကြည့်ကြရန် အအေးဆိုင်ထိုင်ကာ လေး၏လက်သူကြွယ်မှာ သူ့လက်စွပ်ကိုစွပ်ပေးတော့ လေးရဲ့မျက်နှာလေးက ကြည်လင်နေပါ၏။

"ကြည့်စမ်း. . . ဘယ်လောက်လှလိုက်သလဲ။ ဒါကို လေးအမြဲဝတ်ထားရမယ်နော်။ ဒါ. . . လေးကိုလက်ထပ်တဲ့အခနေနဲ့မောင်ပိုင်ဆိုင်ပြီဖြစ်ကြောင်း သက်သေထူထားတာ။ မောင့်အပြင်

နောက်ထပ်ဘယ်ယောကျ်ားလေးကိုမှ လေးမျက်စိကျမယ်မကြံနဲ့။ လေးမှာ သက်ဆိုင်သူရှိနေပြီဆိုတာ. . . သဘောပေါက်ထားနော် ကလေးမ"

"ဟွန်း. . . မောင်ကပဲပြောရတယ်ရှိသေး။ မောင်သာ လေးကွယ်ရာမှာ မျက်နှာများမယ်မကြံနဲ့။ လေးက မျက်စိနဲ့မမြင် နိုင်ပေမယ့် အာရုံနဲ့သိနိုင်တယ်။ ဒါပဲ. . ."

"အားပါးပါး. . . တယ်စွမ်းပါလား။ ကဲ. . . ဒီမှာမောင့် ကိုဝတ်ပေးပါဦး"

"နေသွေးနီဆိုတဲ့ကောင်လေးတစ်ယောက်ကို ပျိုလေးခင် ဆိုတဲ့ကောင်မလေးတစ်ယောက်က ဒီနေ့ဒီအချိန်ကစပြီး. . . အပိုင် သိမ်းထားလိုက်ပြီ။ မောင် ဘယ်တော့မှကိုယ်ယောင်ဖျောက်ထွက် ပြေးလို့မရဘူးသိလား"

"ဟုတ်ကဲ့ပါခင်ဗျာ"

သူ့လက်ကိုလက်စွပ်ဝတ်ပေးရင်း နှစ်ယောက်သားတီးတိုး ရယ်မောလိုက်မိကြ၏။ ရုပ်ရှင်ချိန်နီးတော့ မုန့်တွေနှင့် ရေသန့်ဘူး တစ်ဘူးဝယ်ကာ ရုံထဲဝင်ခဲ့ကြသည်။ ရုပ်ရှင်ကြည့်ရင်း သူမလက် ဝါးထဲသို့ နေကြာစေ့အခွံနွှာပြီးထည့်ပေးရတာ၊ သူမပြန်ခွံ့ကျွေး သည့်အာလူးကြော်နှင့်ငါးမုန့်ကြော်တို့ကို စားရတဲ့အရသာ။ နှစ်





ယောက်သား ချမ်းစိမ့်စိမ့် Aircon ကိုအကြောင်းပြု၍ ပူးပူးကပ်ကပ် ထိုင်ရတဲ့ Feeling မျိုးကို သူ့တစ်သက် ဘယ်တော့မှမမေ့နိုင်တော့ ပါချေ။

ညနေစောင်းတော့မှ လေးကိုအိမ်ပြန်ပို့ပေးပြီး ည ၉ နာရီ မှာ သူရအပါအဝင် သူငယ်ချင်းတစ်အုပ်ကို နှုတ်ဆက်ပွဲအဖြစ် Hotel မှာပြုစုရလေသည်။ မိန်းကလေးတစ်ယောက်မှမပါသဖြင့် သူတို့အုပ်စု လွတ်လပ်ချင်တိုင်းလွတ်လပ်နေကြသည်။ RUM ဝင် သာတော့ လျှာလေးအာလေးနှင့် သူ့ကိုတစ်ယောက်တစ်ပေါက်,စ နောက်ကြလေ၏။

"နေသွေးရေ. . . ပျိုလေးခင်ကွယ်ရာမှာ မင်း,လွတ်လပ် ချင်တိုင်းလွတ်၊ ကဲချင်တိုင်းကဲမနေနဲ့ဦးနော်. . .။ နိုင်ငံပေါင်းစုံက ရောဂါပေါင်းစုံတွေမရအောင် ကြည့်လည်းရှောင်ဦး။ တော်ကြာ င်းကိုမယုံတော့လို့ ပျိုလေးခင်က တာ့တာဘိုင့်ဘိုင်ပြမှ. . . မင်း ချက်ရည်ကျနေရမယ်"

"တော်စမ်းပါ ဝဏ္ဏရာ၊ ငါ့မျက်နှာကိုသေချာကြည့်ထား။ ယောကျ်ားကောင်းမောင်းမတစ်ထောင်ဆိုပေမယ့်. . . ငါ့ရင်ထဲမှာ တော့ တစ်ဦးတည်းသာရှိတယ်။ အဲဒါ. . . လေးပဲ။ လေးကလွဲရင် ကမ္ဘာကမိန်းမတွေကို အခြောက်တွေလို့ပဲမြင်တယ်။ လေးသာလှ

ရွှေပဒေသာစာပေ

ငါ့အသက်၊ ငါ့နှလုံးသား၊ လေးထက်ပိုချစ်ရမယ့်သူ ငါ့ဘဝမှာမရှိ တော့ဘူး။ ဒါ. . . ငါ့သစ္စာပဲ"

"အံမာ. . . စောင့်ကြည့်ရသေးတာပေါ့လေ။ နောက်မှ မောင်တော့ ဟိုမှာမိန်းကလေးတစ်ယောက်ကိုမလွှဲသာမရှောင်သာ ပဲလက်ထပ်လိုက်ရလို့ ခွင့်လွှတ်ပါကွာလို့ ဘွာမခတ်ကြေးနော်. . . ဟေ့ကောင်"

"စိမ်လိုက်ဟေ့! နေသွေးနီက ဆုံးဖြတ်ပြီးရင် ဘယ်တော့ မှအပျက်မခံဘူး။ ငါ့အသည်းက လေးနဲ့တွေ့ရင်ဖယောင်း၊ ကျန်တဲ့ အချိန်မှာ သံချောင်းပဲ။ လာခနဲ့မနေနဲ့. . . ဟေ့ကောင်။ မင်းတော့ နာတော့မယ်"

"တဲ့. . . တော်ကြပါတော့။ မနက် ၁၀ နာရီလေယာဉ်နဲ့ သွားရမယ့်လူကို ပေးနားကြပါတော့။ ညဉ့်လည်းနက်နေပြီ။ ပြန် ကြစို့ နေသွေးရေ။ ရေချိန်ကိုက်ပြီး ကားမမောင်းနိုင်မှ ဟုတ်ပေ့ဖြစ် နေဦးမယ်"

"မပူပါနဲ့ကွာ. . . ငါသောက်တာ ပါးပါးလေးပါ၊သူရရဲ့"

"ပါးပါးလေးပေလို့ပဲ၊ ယိုင်ထိုးနေပြီ။ ကဲပါကွာ. . . ငါပဲ မောင်းပါ့မယ်။ တော်ကြာ မင်းမောင်းလို့ လမ်းမှာတစ်ခုခုဖြစ်ရင် မင်းအမေရင်ကွဲမှာ။ ပေး. . . ကားသော့"





"ရော့ကွာ. . . ရော့. . . ဘယ်လိုကောင်မှန်းကိုမသိဘူး။ ယောက်ျားဖြစ်ပြီး ပွစိပွစိနဲ့"

"ဒါဖြင့် ငါတို့လည်းလစ်ပြီဟေ့ နေသွေးနီ။ ဟိုမှာအစစ အရာရာအဆင်ပြေပါစေ။ မဒီကညာချောကလျာလေးတွေနဲ့လည်း တ်ကြိုက်တွဲနိုင်ပါစေကွာ"

"OK"

သူ့ဘော်ဒါတွေကိုလက်ပြလိုက်ပြီး သူရမောင်းမည့်သူ့ ကားပေါ်သို့တက်ထိုင်၍လိုက်ခဲ့၏။ ညနီယွန်မီးရောင်အောက်မှာ ဖွင့်ထားသည့်ကားပြတင်းမှ လေတို့က တဖြူးဖြူးတိုက်ခတ်နေလေ သည်။

"သူရ"

"ဟေ"

"ငါမရှိတုန်း လေးကိုစောင့်ရှောက်ပေးပါကွာ။ ပြီးတော့ တတ်နိုင်သလောက်. . . လေးလိုအပ်တာတွေကို ဖြည့်ဆည်းပေးပါ။ လေးက ငါနဲ့ခွဲနေရလို့ အရမ်းအားငယ်နေရှာတာကွ"

"အေးပါကွာ. . . ဒါများပြောနေစရာလား။ နဂိုကတည်း က ပျိုလေးခင်ကို ငါ့ညီမလေးလိုပဲသဘောထားထားတာပဲဟာ။ င်းမရှိတဲ့အချိန်မှာ ငါ သူ့ကိုအစ်ကိုတစ်ယောက်အနေနဲ့စောင့်

ရှောက်နေမှာပါ. . . စိတ်ချ"

"လေးနဲ့ပတ်သက်သမျှသတင်းတွေကို ငါအမြဲကြားချင်တယ်သူရ၊ အထူးသဖြင့် ယောကျ်ားတွေနဲ့ပတ်သက်ပြီး လေးမှာ အနှောင့်အယှက်ရှိတာမျိုးကို ငါမလိုချင်ဘူး။ အဲဒါက ပိုအရေးကြီးတယ်"

"ပျိုလေးခင်က တည်ငြိမ်တဲ့မိန်းကလေးတစ်ယောက်ပါ နေသွေးရာ၊ ဒီကိစ္စမျိုးကို သူရှောင်နိုင်မှာပါ။ ဒီလောက်ထိတွေးပူမနေစမ်းပါနဲ့။ မင်းသာ ဟိုမှာအဆင်ပြေအောင်လုပ်။ ပျိုလေးခင်လည်း ဒီမှာအလုပ်ဝင်ရတော့မှာပဲ။ ငါ သူ့ကိုအမြဲဆက်သွယ်နေမှာပါ"

"အင်း. . . ငါ သွားသာသွားရမှာ၊ စိတ်တွေက အရမ်းလေးတာပဲကွာ။ လေးကို ဒီမှာထားခဲ့ရမှာလုံးဝစိတ်မချဘူး။ လေးက အင်မတန်ချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့မိန်းကလေးကွ"

သူရက ပိုရန်ကောဟူသည့်အကြည့်ဖြင့် သူ့ကိုဖျတ်ခနဲလှည့်ကြည့်ရင်းပြုံးလိုက်လေ၏။ လမ်းမဘေးရှိသစ်ပင်တို့က တမိုးရိပ်ဖြင့် ပြေးလွှားမောင်းနှင်နေသည့်ကားနောက်မှာ ကျန်ရစ်ခဲ့ကြလေသည်။

ပြတင်းတံခါးဝမှာရပ်ရင်း လမင်းကိုမျှော်ကြည့်နေမိ၏။





နေကြဖြန်ဆို မောင် မြန်မာပြည်က ထွက်ခွာသွားတော့မည်။ မောင့်သူငယ်ချင်းတွေလို လေဆိပ်သို့ သူမလိုက်မပို့။ အထူးသဖြင့် ဒိတ်ဒိတ်ကျဲချမ်းသာလွန်းသည့် မောင့်မေမေ၏မျက်ဝန်းတွေကို သူမရင်မဆိုင်ရဲပါချေ။ အနူလက်နှင့် ရွှေခွက်ကိုမှတက်နိုက်ဝံ့သည်ဟုရှုပ်စွဲလေမလား။ သို့တည်းမဟုတ်ငွေအကြွေစေ့နှင့် သောင်းကျော်တန်ပစ္စည်းကိုမှ ဝယ်ချင်သည့်သူဟုနှိပ်ချလေမလား။

အို. . . မောင်ရယ်။ လေးဟာ မောင်နဲ့နှိုင်းယှဉ်ရင် မောင့်အရိပ်ကိုတောင်မှ ဗိုဗိုပြင်ပြင်မမြင်နိုင်တဲ့ မြူမှုံလေးလောက်သာရှိနေတာပါကွယ်။ မောင့်ကိုချစ်မြတ်နိုးနေမိတဲ့ နှလုံးသားထဲမှာ မောင်ကလွဲလို့ ဘယ်လိုသက်မဲ့အရာမျိုးကိုမှ လေး,မမက်မောတာအမှန်ပါ။

အကယ်၍များ. . . မောင့်ရဲ့မိဘတွေက လေးနဲ့မောင့်ကိုသဘောမတူဘူးဆိုပြီးခွဲကြရင် မောင်ဘယ်လိုဖြေရှင်းမလဲကွယ်။ အဓိက,က မောင့်ရဲ့စိတ်ပါပဲ။ မောင်သာ လေးကိုမခွဲနိုင်ဘူးဆိုရင် မောင့်မိဘစကားနားမထောင်လို့ အမွေတွေဖြတ်စေဦးတော့။ လေးမောင့်ကိုရှာကျွေးပါရစေ။ မောင်နဲ့သာ ဘဝခရီးကိုလက်တွဲလျှောက်လှမ်းခွင့်ရရင် လေးလောက်ပျော်မယ့်သူ လောကကြီးမှာရှိတော့မှာမဟုတ်ပါဘူး။

အတွေးတို့က တောင်စဉ်ရေမရလွင့်မျောနေရင်း အလွမ်းဒဏ်ရာတွေကို တစ်ယောက်တည်းမျိုသိပ်ခံစားနေမိသည်။ မောင်ရယ်. . . ချစ်ကြသူတွေတိုင်းမှာ အလွမ်းဆိုတာတွေရှိမနေရင် ဘယ်လောက်များကောင်းလိုက်မလဲနော်. . .။

"သမီး. . . မအိပ်သေးဘူးလားကွယ်။ မနက်ကိုလည်း အစောကြီးထရဦးမှာကို"

"လေး. . . မအိပ်ချင်သေးလို့ပါမေမေ"

"ဘာတွေစဉ်းစားနေတာလဲ။ မောင်နေသွေးလည်း ဟိုမှာအလုပ်သွားလုပ်ရမှာပဲမဟုတ်လားသမီးရယ်. . .။ ကိုယ်လည်း ဒီမှာအလုပ်ဝင်ရတော့မယ့်ဟာ။ ဘာဖြစ်လို့ ရင်ပူစရာတွေတွေးနေရတာလဲ။ ရည်မှန်းချက်မပြည့်မချင်း သမီး အများကြီးကြိုးစားဖို့လိုသေးတယ်။ သူတို့ဘက်က အစစအရာရာပြီးပြည့်စုံတာ သမီးအသိနော်။ နောက်မှမလိုလားအပ်တဲ့ပြဿနာတွေဖြစ်လာရင် သမီးရောမေမေပါ စိတ်ဆင်းရဲရမှာ။ မေမေက မေမေ့သမီးကို အရာရာစဉ်းစားချင့်ချိန်တတ်မယ်လို့ထင်ထားတာ။ သမီးစိတ်အလိုလိုက်ပြီးလုပ်ခဲ့တဲ့အဖြစ်အပျက်ရဲ့ဂယက်ကို သမီးပြန်ခံရမှာပဲ။ အခြေခံမတူတဲ့ဘဝနှစ်ခုကို ပေါင်းစည်းဖို့ဆိုတာ. . . စိတ်ကူးယဉ်ရုံသက်သက်ပဲကောင်းတာပါသမီး။ မေမေကတော့ ခုချိန်မှာ ဘာမှပြောလို့မရ





ဘာမှန်းသိနေပါတယ်။ မေမေ့သမီးက နွှတ်ကျွံပြီးနေတဲ့သူကိုး"

"ဒီလိုတော့မပြောပါနဲ့လားမေမေရယ်။ နေနေက လေးပေါ်မှာ အတော့်ကိုသံယောဇဉ်ရှိလွန်းရှာတာပါ။ သုံးလေးနှစ်ထိ လေးကိုဖွဲ့ရှိရှိစောင့်နိုင်လို့ လေးခေါင်းညိတ်လက်ခံမိပေမယ့်မိဘတွေနဲ့ဖြစ်လာမယ့်ပြဿနာတွေကို ကြိုတွေးထားပြီးသားပါ။ နေက လေးကိုပြောဖူးပါတယ်မေမေ။ သူ့မိဘချမ်းသာတာဟာချမ်းသာတာမဟုတ်ဘူးတဲ့။ အနာဂတ်အတွက် ဘာကိုဘယ်လိုပ်သင့်သလဲ။ လုပ်ရမလဲဆိုတာ. . . သူ့ဆီမှာအစီအစဉ်တွေရှိးပြီးသားပါ။ အရေးကြီးတာက သူ့လေးအပေါ်မှာသစ္စာရှိဖို့ပါ. . ."

"မိဘဆိုတာ သားဆိုးသမီးဆိုးကို ပစ်ရိုးမရှိဘူးဆိုပေမယ့်ဘတစ်ဦးတည်းသောသားဆိုတာကို သမီးမေ့မထားပါနဲ့။ ကိုယ့်းသားနဲ့ပတ်သက်လာရင် ဘယ်မိဘမဆို ဆင်စီးပြီးမြင်းရံတာကိုပဲ လိုချင်ကြမှာပေါ့။ မေမေတို့အခြေအနေမျိုးကို လိုလားမှာတ်တာ သေချာပါတယ်သမီးရယ်။ မြေနိမ့်ရာလှံစိုက်ခံရမယ့်ဖြစ်ကို မေမေမခံပါရစေနဲ့။ သမီးစဉ်းစားပေါ့. . . ကိုယ်နဲ့တန်သင့်တော်မယ့်အဆင့်အတန်းထဲကလူမျိုးကိုပဲ မေမေကတော့ခေချင်တာအမှန်ပဲ။ အမြင့်ကိုမှန်းလွန်းရင် အကျနာတတ်တယ်

လေ။ ကဲ. . . မေမေလည်း အိပ်တော့မယ်။ မနက်လေးနာရီသ
မှာ. . . သမီးလည်းအိပ်သင့်ပြီ"

မေမေကပြောပြီးသည်နှင့် ဘုရားစင်ရှေ့မှာ ဘုရားဝတ်
ရန် ပုဆစ်တုပ်ထိုင်ချလိုက်လေ၏။ သူမ့ပြတင်းဝမှခွာကာ အ
ထဲဝင်လာခဲ့သည်။ ခုတင်ထက်အသာလှဲချလိုက်ပြီး နဖူးပေါ်လ
တင်ကာ စဉ်းစားခန်းဝင်နေမိ၏။

မေမေပြောထားသလိုပဲ မောင်နဲ့လေးဟာ သိပ်ကိုဒေ
လွန်းနေတာအမှန်ပါပဲလား။ ခုချိန်ကျမှ မောင့်ကိုသံယော
ဖြတ်ပေးပါလို့ ဘယ်သူကလာတားလို့ရနိုင်တော့မှာလဲ။ စတင်
နှီးခင်မင်ခဲ့ချိန်မှစ၍ ယခုတိုင် သူမကို ဂရုတစိုက်နှင့်ကြည့်တ
သည့်မောင့်ရဲ့အကြင်နာမျက်ဝန်းတွေကအစ၊ ကြင်နာယုယ
တွေအလယ်၊ အမြတ်တနိုးချစ်ခင်မှုတို့အဆုံး အရာအားလုံးတို့သ
သူမ၏တည်ငြိမ်လွန်းပါသည့်နှလုံးသားကန်ရေပြင်ကို လှိုင်းကြ
ခွပ်လေးများထလာအောင် ပြုလုပ်နိုင်စွမ်းရှိခဲ့သည်မှာ အမှန်ပင်
တော့သည်။

မောင်ရယ်. . . မောင်ကလွဲရင် လေးရဲ့နှလုံးသားကို
စိုးချယ်လှယ်နိုင်တဲ့သူဆိုလို့ လူ့လောကမှာ တစ်စုံတစ်ဦးမှမရှိ
တာကို မောင်နားလည်ထားမှာပါနော်။





လေးရဲ့အသည်းအသက်နှင့်မက ထပ်တူထပ်မျှချစ်နေရ
ပါသောမောင်ကတော့ လေးနှင့်အဝေးဆုံးမှာနေဖို့ ခြေလှမ်းတွေ
စတင်ပြင်ဆင်နေပြီလေ။



## အခန်း ( ၁၃ )

Interview ဖြေဖို့ သူမ,ကုမ္ပဏီကိုရောက်တော့ ထိုင်ခုံတွေမှာလူတွေက အတော်များနေလေပြီ။ အစွန်ဆုံးခုံမှာဝင်ထိုင်လိုက်ပြီး ဘေးဘီဝဲယာကို အကဲခတ်လိုက်မိ၏။ အရောင်စုံ၊ အသွေးစုံ၊ ခေတ်မီလှပလွန်းလှသည့်ကောင်မလေးတွေအလယ် သူမဝတ်လာသည့် မီးခိုးရောင်ဖျော့ဖျော့ဘလောက်စ်နှင့် အဖြူခံမှာခဲရောင်အပွင့်အခက်လေးများပါသည့်လုံချည်နှင့် slipper အဖြူလေးကအားလုံးထက်မှေးမှိန်နေသလိုပါပဲလား။

ဆံပင်ပုံစံခေတ်မီမီနှင့်ကောင်မလေးတွေက သူမကိုတစ်ချက်လှည့်ကြည့်လိုက်ပြီး ခပ်ယဲ့ယဲ့ပြုံးသလိုနှင့် မဲ့ပြုံးတွေပြုံးလိုက်

ကြလေ၏။ လျှောက်လွှာခေါ်ယူသည့် secretary ရာထူးနှင့် သူမ ပုံစံက မည်သို့မျှမအပ်စပ်လှ။ မမြင့်လွန်းမနိမ့်လွန်းသည့်ကြိုးသိုင်းများ၊ ဒေါက်များဖြင့် ခေတ်ဆန်လှသည့်မိန်းကလေးများအလယ်မှာ သူမဝမ်းနည်းအားငယ်နေမိသည်။ ရွေးချယ်မှာက သုံးယောက်မို့ မျှော်လင့်ချက်ကြီးကြီးဖြင့် သူမ အားခဲပြီးလာခဲ့ရတာ။ ခုတော့ ဒီပုံစံမျိုးနဲ့ လူတောထဲတိုးဝင်လို့ရပါ့မလား။

"ချိန့်သာ"

"ရှိပါတယ်"

နားဆွဲလေးဝတ်ထားသည့် အဝါနုရောင်မိန်းကလေးက အခန်းထဲဝင်သွားလေ၏။ ဆယ်မိနစ်ခန့်အကြာမှာ အခန်းထဲမှပြန်ထွက်လာလေသည်။ မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ပြန်ထွက်လာတာမို့ သူမလက်ဖျားတွေ အေးစက်သွားရလေ၏။ ဘုရား. . . ဘုရား . . . ဘာတွေများမေးနေတာပါလိမ့်။

"ပျိုလေးခင်"

"ရှိပါတယ်ရှင်"

"အထဲဝင်သွားပါ အစ်မ"

"ဟုတ်ကဲ့"

Staff ကောင်လေး ဖွင့်ပေးလိုက်သည့်တံခါးဝမှ သူမ





သောတွန်း၍ဝင်လိုက်စဉ် ခုံအသီးသီးမှာထိုင်နေကြသည့် လူငါးဦးအကြည့်တို့က သူမထံပြုံကျလာလေ၏။

"ထိုင်ပါ"

"ဟုတ်ကဲ့"

"နာမည်က ပျိုလေးခင် . . . အသက်က ၂၁နှစ်၊ ပညာရည်အချင်းက B.Sc (Physics)၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ ရုတ်ဘာသာစကားလေးမျိုးစလုံးကို အရေးရေးအပြောပါကျွမ်းကျင်၊ ကွန်ပျူတာစာရင်းကိုင် Diplomer လက်မှတ်တွေရပြီးသား"

သူမ၏မျက်စောင်းထိုးမှလူရွယ်တစ်ဦးက CV Form ကိုဖတ်ပြတော့ လူကြီးလေးဦးက ခေါင်းတွေတညိတ်ညိတ်။

"နေတော့ရော"

"အင်းစိန်မှာပါရှင့်"

"မိဘနဲ့မွေးချင်းဘယ်နှယောက်ရှိလဲ"

"ကျွန်မဖေဖေက ကျွန်မလေးနှစ်သမီးကတည်းက ဆုံးသွားခဲ့တာပါ။ အခု အမေတစ်ခုသမီးတစ်ခု အတူနေပါတယ်ရှင့်"

"ကောင်းပြီ. . . ပျိုလေးခင်။ အကယ်၍ပေါ့၊ ကုမ္ပဏီမှာ OT ဆင်းရတာတွေ၊ Dinner ပါတီတက်ရတာမျိုးတွေ၊ လိုအပ်လို့ အပြင်ခရီးထွက်ရတာမျိုးတွေရှိရင် မင်းလက်ခံနိုင်ပါ့မလား"

"ဟုတ်ကဲ့. . . OT ဆင်းရတဲ့အခါ သိပ်ညဥ့်နက်သွားရင် ဖယ်ရီနဲ့ပို့ပေးမယ်ဆို အဆင်ပြေပါတယ်ရှင့်။ ပါတီလည်း ထိုနည်းလည်းကောင်းပါပဲ။ ခရီးထွက်ရမယ်ဆိုရင်လည်း ဝန်ထမ်းအတွင်းလုံခြုံရေးကိုစိတ်ချရတယ်ဆိုရင် ဖြစ်ပါတယ်ရှင်"

"ခန့်ထည်ရေ. . . သူ့ Form ထဲမှာ ဘာသာစကားလေးမျိုးအစား ငါးမျိုးလို့ထပ်ဖြည့်လိုက်ပါ"

"ရှင်! "

"ဘာဖြစ်လို့လဲ အန်ကယ်စော"

"ဒီကလေးမက ဗမာစကားကိုပါ လိပ်ပတ်လည်အောင်ကောင်းကောင်းကြီးပြောတတ်တာ အားလုံးကြားသားပဲ"

သူမမျက်နှာမှာ အံ့ဩရိပ်ထင်သွားသလို အခန်းထဲမှာရယ်သံတွေတိုးတိုးဖြစ်သွားလေသည်။ ခန့်ထည်ဆိုသည့် သူမထက် ၈ နှစ်ခန့်ကြီးမည်ထင်ရသည့်လူက သူမကိုပြုံးပြလိုက်ပါ၏။

"ပျိုလေးခင်. . . ကုမ္ပဏီ uniform က skirt တိုတို ဒါမှမဟုတ် အခွဲ skirt ရှည်တွေဖြစ်နေရင် မင်းဝတ်ရဲပါ့မလား"

"ဟုတ်ကဲ့. . . အမြင်မရိုင်းလောက်ဘူးလို့ထင်ရတဲ့ဝတ်စုံမျိုးဆိုရင်တော့ ဝတ်ရဲပါတယ်"

"ကဲ. . . ဘယ့်နှယ့်ရှိစဉ်းမြသာ. . . လျှော့တော့မတွေ





နဲ့နော်။ အပြင်ပန်းကြည့်ရုံနဲ့ လူတစ်ယောက်ရဲ့အတွင်းစိတ်ကို ခန့်မှန်းလို့မရဘူးဆိုတာ သူကသက်သေပြနေပြီ။ ဒါကို ခင်ဗျားလက်ခံစမ်းပါဗျ"

"ဟုတ်ပါပြီဗျာ"

ခန့်ထည်သည့်လူကြီးက သူ့ဘေးမှ ခပ်ဖိုင့်ဖိုင့်လူဝကြီးကိုလှည့်ပြောလိုက်ပြီး ခေါင်းညိတ်လိုက်လေ၏။

"ဒီတစ်ပတ်အတွင်း အလုပ်ခန့်မခန့်အကြောင်းပြန်ပါ့မယ်ပျိုလေးခင်. . . အခုပြန်နိုင်ပါပြီ"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်ရှင်"

သူမ လူကြီးများကို ခေါင်းညွတ်ရှိသေသမှုပြုပြီးမှ ပြန်ထွက်လာခဲ့၏။ လစာလည်း အတော်ကောင်းသည့်အလုပ်မို့ ဒီအလုပ်ကို မက်မက်မောမောလိုချင်သည်မှာအမှန်ပင်။

မောင်သွားတာ တစ်လကျော်ကြာပြီဖြစ်သော်လည်း ယခုချိန်ထိ သူမကိုအဆက်အသွယ်မလုပ်သေးချေ။ ဩော်. . . လွမ်းချင်ပေမယ့်လည်း ဘဝသမားတစ်ဦးပေမို့ လွမ်းချိန်ကို သီးသန့်မပေးနိုင်တာ ခွင့်လွှတ်ပါမောင်ရယ်။

လှည်းတန်းဈေးမှာဆင်း၍ ဘုရားပန်းဝယ်ပြီး ဈေးတော်သည့်လိမ္မော်သီးရွေးနေစဉ် သူမပခုံးကို တစ်စုံတစ်ယောက်ကဖော်

ခနဲပုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်မိ၏။

"မိပျို"

"ဟယ်. . . သင်းသင်း"

"နင် ဒီနေ့အရောင်တွေထွက်နေပါလား။ ဘာလဲ. . . ဘဲနဲ့ ချိန်းထားတာထင်ပါရဲ့"

"တွေ့တာနဲ့ ပေါက်ကရပြောတော့မယ်။ ခဏလေးနေဦး။ ငါ လိမ္မော်သီးဖိုးချေလိုက်ဦးမယ်"

"အေး"

သူမသစ်သီးဖိုးချေပြီး နီးရာအအေးဆိုင်ဆီသို့ သင်းသင်းအေး၏လက်ကိုဆွဲ၍ဝင်လာခဲ့လေသည်။

"မောင် စက်ာပူသွားတာ တစ်လကျော်နေပြီ သင်းသင်းရဲ့။ ခုထိအဆက်အသွယ်မရသေးဘူး"

"ဟယ်. . . ဟုတ်လား. . . ငါတောင်မသိဘူး။ ဒီကောင် ဘယ်တုန်းကတည်းက လစ်ချင်နေမှန်းမသိ။ သူရရော"

"ကိုသူရက မူဆယ်ဘက်ပါသွားတယ်။ ဒီကိုသုံးလလောက်မှတစ်ခါပြန်လာတာ။ လာတိုင်းတော့ ငါနဲ့အမြဲလာတွေ့ပါတယ်"

"ဘာပဲဖြစ်ဖြစ်ဟယ် တစ်လကျော်လောက်ထိတော့ သွေးမအေးသင့်ပါဘူး. . . နေနိုင်လွန်းတယ်။ နင် အခုဘယ်ကပြန်လာ





တာ လဲ"

"Interview သွားဖြေပြီး ပြန်လာတာလေ"

"တယ်ဟုတ်ပါလား. . . ဘယ်ကုမ္ပဏီမှာလဲ"

"ORBIT ကုမ္ပဏီမှာလေ"

"ဟဲ့. . . ခေါ်ပြန်ပြီလား။ ဘာရာထူးနဲ့ဘယ်နှယောက်လဲ။ မိန်းကလေးတွေချည်းပဲမဟုတ်လား"

"အင်း. . . secretary သုံးယောက်ခန့်မှာ"

"ကြည့်လည်းလုပ်ပါဦး မိပျိုရယ်။ အဲဒီကုမ္ပဏီက ဦးစောလွင်ဆိုတဲ့လူကြီးက နာမည်ကြီးဒိတ်ဒိတ်ကျဲနော်"

"ဦးစောလွင်ဆိုတာ ထောင်ထောင်မောင်းမောင်းနဲ့ခန့်ခန့်လူကြီးလား။ မန်နေဂျာက အန်ကယ်စောလို့တော့ ခေါ်လိုက်သံကြားတာပဲ"

"ဟုတ်ပါ့. . . ငါလည်း နာမည်သာ ကြားဖူးတာ။ လူတော့ ဘယ်မြင်ဖူးပါ့မလဲဟဲ့။ အခုလုပ်ရမှာ သူ့လက်ထောက် secretary နေရာပါ,ပါတယ်ပေါ့လေ"

"ထင်တာပဲ. . . ငါ့ကို သူကိုယ်တိုင်ဗျူးတာကိုး"

သင်းသင်းအေးရင်ဘတ်ဖိရင်း ဘုရားတ,ကာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားလေ၏။ သူမကတော့ ခုချိန်ထိဘာကိုမှနား

မလည်နိုင်သေး။

“အမယ်လေး. . . ဘုရားကယ်ပါ။ မဖြစ်ဘူးထင်တယ်နော် မိပျို။ နင်သာဒီအလုပ်ရရင် ဒီလူကြီးအစာဖြစ်သွားလိမ့်မယ်။ မလုပ်ပါနဲ့လားဟယ်”

“အလုပ်က ခန့်မခန့်တောင် မသေချာသေးပါဘူးသင်းသင်းရယ်။ ဘယ်လိုဖြစ်ပြီး ဒီလောက်လန့်နေရတာလဲ။ Form ၃၀ မှာ ရွေးမှာက ၃ ယောက်တည်းပါဟ”

“ပြောလို့ရမလားဟဲ့. . . ကံကြမ္မာက မှန်းဆလို့ရနိုင်တာမျိုးမှမဟုတ်ပဲ။ တော်ရုံဆို မန်နေဂျာကပဲ ဖျူးတာ။ သူတို့လူကြီးတွေက ဘေးကနေ လိုအပ်တာ ထပ်ဖြည့်မေးရုံလောက်ပဲလုပ်တာ။ ခုသူကိုယ်တိုင်ဖျူးပုံထောက်ရင် နင့်အပေါ်မှာ မျက်စိကျနေတာကျိန်းသေနေပြီ. . . ဒုက္ခပါပဲနော်”

“နေပါဦး သင်းသင်းရယ်။ အဲဒီဦးစောလွင်ဆိုတာ တော်တော်မှဆိုးလို့လား။ ဟုတ်မှလည်းပြောနော်။ တော်ကြာ မဟုတ်ဘဲသူတစ်ပါးနာမည်ပျက်နေပါဦးမယ်။ ဒီလူကြီးကိုကြည့်ရတာ ပုံပန်းကတော့ တည်တည်ခန့်ခန့်ကြီးပါပဲ”

“အမယ်လေး. . . အထင်တွေစွတ်မကြီးနဲ့ မိပျို။ သဲစုလည်း ဒီလိုပြောပြီး. . . ခုတော့ သူများတံတွေးခွက်မှာ ပက်လက်



မျောနေရပြီ။ အခုမထင်မရှားနဲ့ သူများ keeping ဖြစ်နေပြီဟဲ့”

“ဟင်! ဘယ်က သဲစုလဲ”

“ဘယ်သူရှိမလည်း ငါတို့ဆွေနီးမျိုးစပ်ထဲက ငါ့ cousin ပဲဆိုပါတော့။ ကောင်မလေးက ခေတ်လည်းဆန်တယ်။ ချစ်စဖွယ်လေး။ ခုတော့သွားပြီ”

“ဟုတ်ရဲ့လား သင်းသင်းရယ်။ ငါတော့ တယ်မထင်လှဘူး။ ငါတို့လိုမပြည့်မစုံနဲ့မိန်းကလေးတွေက ငွေနောက်ကောက်ကောက်ပါမိရင်တော့ ပျက်စီးရမှာသေချာသလောက်ပါပဲ။ ဒါပေမဲ့ နင်စဉ်းစားကြည့်ပါဟယ်။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှသာမြည်တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါကင်းကင်းနေနိုင်ပါတယ်။ အခြေခံလစာငါးသောင်းဟာ ငါတို့သားအမိအတွက် လောက်ငပါတယ်ဟယ်။ ငါလောဘမရှိတာ နင်အသိဆုံးပါ”

“မိပျိုရယ်. . . ပြောရခက်လိုက်တာနော်။ အဲဒါအန္တရာယ်တွင်းမို့ ငါပြောနေရတာဟဲ့”

“ဟင်းဟင်း. . . ရုံးခန်းထဲမှာ အခြား staff တွေအများကြီးရှေ့မှာ အလုပ်လုပ်ရမှာ။ OT ဆင်းရသည်ဖြစ်စေ၊ ပါတီတက်ရသည်ဖြစ်စေ၊ လူတောထဲမှာရှိနေရမှာပါ။ သူငှေးနဲ့ secretary နှစ်ဦးတည်း ရုံးခန်းထဲအောင်းပြီးအလုပ်လုပ်ရင်တော့ ဒါမျိုးသား

မှုပဲလေ။ ဒီလောက်တော့ ငါနားလည်ပါတယ်။ ဒီလိုဘယ်အဖြစ်မ ပါ့မလဲ။ ငါ့ကြွေ့ခြင်းသိက္ခာနဲ့ ကိုယ်ကျင့်တရားကိုတော့ အထိပါးမခံ နိုင်ဘူးသူငယ်ချင်း။ အန္တရာယ်တောထဲဝင်တိုးမိရအောင်. . . ငါ ကမျက်စိကန်းနေတဲ့လူတစ်ယောက်မှမဟုတ်တာပဲ။ သတိဉာဏ်နဲ့ အာရုံ ၈ ပါးကို ငါသိရင် ဘယ်အရာကိုမဆို ရှောင်ရှားနိုင်မှာပါ

သူမစကားအဆုံးမှာ ပါးစပ်အဟောင်းသားဖြင့် သူမကို ငေးကြည့်နေသည့် သူငယ်ချင်း၏မျက်ဝန်းထဲမှအကြည့်တွေကို တော့ သူမဘာသာမပြန်တတ်ခဲ့ပါချေ။

သချောတာတစ်ခုကတော့ သူမကိုယ်သူမ စိတ်ချယုံကြည် ခြင်းပါပဲ။ လောကမှာ အရာရာကို စိုးရိမ်ကြောက်လန့်နေမိရင် အောင်မြင်မှုဆိုတာကို ဘယ်လိုတွေ့နိုင်တော့မှာလဲ။ စွန့်စားတယ် ဆိုတာ မိုက်ရူးရဲမဆန်မိဖို့ပဲ လိုတာမဟုတ်ပါလား။



အခန်း ( ၁၅ )

''မောင်...

လေးအလုပ်ခန့်စာရပြီ။ မနက်ဖြန်မှာ အလုပ်စဆင်းရမယ်။ ဒါ ဆိုရင်တော့ လေးတို့သားအမိ ချောင်လည်လာတော့မှာပါ။ မောင်ဝမ်းသာ ပေးပေါ့။

မောင်အဆင်ပြေတယ်သိရလို့ လေးဝမ်းသာပါတယ်။ လေးတို့ ကြိုးစားကြတာပေါ့နော်။ လေးလည်းတတ်နိုင်သလောက် ဘဏ်စာအုပ် နဲ့ငွေစုမှာပါ။ ဖြစ်နိုင်ရင် လေးဆီကိုလစဉ်စာမှန်မှန်ရေးပါနော်။ အလုပ်များ တာကများတာပဲပေါ့။ တရေးချိန် ၁၅ မိနစ်၊ နာရီဝက်လေးလောက်နဲ့ မောင့်အိပ်ချိန်ကို ဖဲ့ယူရာတော့မရောက်လောက်ပါဘူး။

အနာဂတ်အတွက် အိပ်မက်တွေဆက်မက်ခွင့်ရဖို့ နိုးလာပါပြီ။ မောင့်လိုပဲ လေးလည်းစက္ကန့်နဲ့အမျှ အသက်ရှူတိုင်းတမ်းတနေပြီပါကွယ်။ အားရင်တပြန်ရေးလိုက်ဦးနော်။ မောင်ကျန်းမာချမ်းသာပါစေလို့။

ချစ်ခြင်းများစွာဖြင့်

လေး

(ပျိုလေးခင်)"

စာအိတ်ကို ကော်ဖြင့်သေချာပိတ်လိုက်ပြီး မနက်ယူသွားမည့် Hand bag အိတ်မီးခိုးရောင်လေးထဲသို့ အသာထည့်ထားလိုက်ပါ၏။ အလုပ်ဆင်းလျှင် uniform တစ်ခါတည်းရမှာမို့ သူမစိတ်ချမ်းသာနေမိသည်။ uniform ဝတ်ရလျှင် အဝတ်အစားသက်သာမည်ကိုး။

"သမီးရေ. . . ဘာလုပ်နေလဲ"

"ခုပဲရေချိုးလို့ပြီးတယ်လေမေမေ။ ဘာပြောချင်လို့လဲ"

"အပြင်သွားဦးမလို့လား"

"ဟုတ်ကဲ့. . . အလုပ်ဆင်းရင် ဖိနပ်ကောင်းကောင်းတော့စီးရမယ်မေမေ။ uniform က တောက်နေပြီး ဖိနပ်က နွမ်းနေလို့





ဖြစ်ဘူး။ အဲဒါ ဖိနပ်သွားဝယ်မလားလို့"

"ဒါဖြင့် လမ်းထိပ်ကမကြိုင်ဆီမှာ အကြော်ဝင်မှာခဲ့ပေးသမီးရယ်. . .။ မေမေဈေးသွားတော့ သူတို့အိမ်မှာ တစ်ယောက်မှမတွေ့ခဲ့ဘူး"

"ဟုတ်ကဲ့မေမေ. . . ဘူးရယ်၊ ပဲရယ်၊ ကြက်သွန်ကြော်ရယ်. . . ခါတိုင်းလိုပဲမဟုတ်လား"

"အေး"

သူမအဝတ်အစားလဲ၍ အပြင်သို့ထွက်လာခဲ့၏။ လမ်းထိပ်မှဒေါ်ကြိုင်အိမ်ရှေ့ခဏရပ်၍ အကြော်မှာကာ ကားဂိတ်သို့ဆက်လျှောက်လာခဲ့သည်။ လှည်းတန်းဈေးထဲမှာပင် ခပ်ပါးပါးခေတ်လည်းမီသည့်ဖိနပ်အဖြူကိုလိုက်ရှာ၏။

နောက်တစ်နေ့ အလုပ်စဆင်းတော့ သူမက ဦးစောလွင်၏မန်နေဂျာ ကိုခန့်ထည်၏ရုံးခန်းမှာ အလုပ်လုပ်ရလေသည်။ ကျန် secretary နှစ်ဦးက တခြားလူကြီးနှစ်ဦး၏ secretary မို့ သူမနှင့်အလုပ်မတူတော့ပါချေ။ uniform က skirt ရှည်နက်ပြာကို ဆင်ဝှယ်ရောင်ကော်လံပါ blouse နှင့်တွဲဝတ်ရပြီး အပေါ်မှချိုင်းပြတ်ဝေ့စကုပ်ထပ်ဝတ်ရလေ၏။ အပြင်ထွက်ရပါက ဝေ့စကုပ်အစား coat နက်ပြာကိုဝတရလေသည်။

"ပျိုလေးခင်ရေ. . . အန်ကယ်စောကို ဒီ file တွေ လက်
မှတ်သွားထိုးခိုင်း။ သူ phone ပြောနေရင် ဘေးမှာရပ်စောင့်နေ။
စားပွဲပေါ်ကို ဒါတွေသွားမတင်လိုက်ပါနဲ့။ အဲဒါမျိုး သူမကြိုက်ဘူး"

"ဟုတ်ကဲ့ပါ အစ်ကို"

သူမ file တစ်ထပ်ကြီးကိုမ၍ corridor မှတစ်ဆင့် ဦး
စောလွင်ရုံးခန်းသို့ လှမ်းလာခဲ့၏။ တံခါးခေါက်သံနှစ်ချက်ဆင့်
ခေါက်၍ တံခါးကိုတွန်းဖွင့်လိုက်တော့ ဦးစောလွင်က ပြတင်းပေါက်
နားမှာရပ်ရင်း အပြင်သို့ကြည့်နေလေသည်။ သူမအသံမပေးဝံ့သ
စားပွဲရှေ့မှာ အသာမတ်တတ်ရပ်နေမိ၏။ ငါးမိနစ်ခန့်ကြာသွား
ဦးစောလွင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး လှည့်လာလေသည်။

"ဟော. . . ပျိုလေးခင်၊ သမီး ဘယ်တုန်းကရောက်နေ
တာလဲ"

"ငါးမိနစ်လောက်ရှိပါပြီ အန်ကယ်"

"အသံပေးလိုက်ရောပေါ့ သမီးရဲ့"

"မန်နေဂျာက သေချာမှာလိုက်လို့ပါအန်ကယ်။ အန်ကယ်
အဆင်သင့်ဖြစ်ပြီဆိုမှ လက်မှတ်ထိုးဖို့ file ကိုပေးပါဆိုလို့ပါ"

"ကဲ. . . ပေးပေး"

သူမ file တစ်ထပ်ကို ဦးစောလွင်၏လက်ထဲသို့ အသာ





ထည့်ပေးလိုက်ပါ၏။ ဦးစောလွင်က ခေါင်းကိုတဆတ်ဆတ်ညိတ်
လိုက်လေသည်။

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လားသမီး. . .။ ဘာများ
အခက်အခဲရှိသေးလဲ"

"မရှိပါဘူးအန်ကယ်။ အဆင်ပြေပါတယ်"

"သမီးကိုခန့်တော့ အန်ကယ်တို့သူငယ်ချင်းသုံးယောက်
စကားများကြတယ်ကွယ့်။ ဦးမြသာကတော့ ယောကျ်ားလေး sec-
retary ရှိပြီးသားမို့ မပါဘူးပေါ့။ ဦးထွန်းမြင့်ရော ဦးကျော်သန့်ပါ
သမီးကိုရချင်ကြတာ"

"ရှင်! "

"မအံ့ဩပါနဲ့သမီးရဲ့. . . ဒါမျိုးတွေကဖြစ်တတ်ပါတယ်။
ကိုယ်နဲ့ရုံးခန်းတစ်ခန်းတည်းအတူထိုင်ရမယ့်မိန်းကလေးကို မိတ်
ကပ်ရောင်ကြွနေပြီး ရေမွှေးနံ့မွှန်နေရင် အချိန်ကြာလာတာနဲ့အမျှ
Aircon ခန်းထဲမှာ မွန်းကျပ်လာမှာအမှန်ပဲ သမီးရဲ့။ သမီးသတိ
မထားမိဘူးထင်တယ်။ အခုရွေးလိုက်ကြတဲ့မိန်းကလေးသုံးယောက်
ဟာ သိပ်ခေတ်ဆန်တဲ့ပုံစံမျိုးမဟုတ်ဘူးကွယ့်။ ခပ်အေးအေးနဲ့
သွက်သွက် သာမန်မျက်နှာမျိုးကိုပဲရွေးခဲ့တာ. . .။ ဒီတစ်ခေါက်
အန်ကယ်တို့ခန့်တဲ့ staff တွေက အရင်ကထက်ပိုထူးခြားသွားတာ

ပေါ့။ အဲဒီထဲမှာမှ သမီးက သူများထက်ပိုထူးသွားတာအမှန်ပဲ။ အန်ကယ်တို့ Interview ခန်းထဲကို သမီးဝင်လိုက်ကတည်းကိုက အရင်ဆုံးသနပ်ခါးနံ့ကိုရှူလိုက်ရတယ်။ ပြီးတော့. . . သမီးကိုမြင်လိုက်ရတာနဲ့ ရင်ထဲမှာ အင်မတန်အေးသွားတာအမှန်ပဲ။ အလုပ်ကိစ္စတွေကြောင့် အမြဲစိတ်ရှုပ်နေရတဲ့ကုမ္ပဏီလူကြီးတွေအတွက် စိတ်ရောကိုယ်ပါချမ်းအေးစေနိုင်မယ့်သမီးကို အဓိကထားပြီး. . . မဲနှိုက်ခဲ့ကြတာပါ။ သမီးက အန်ကယ်နဲ့ဘယ်ဘဝကရေစက်ကြောင့် မှန်းမသိ အန်ကယ်ရွေးချယ်တဲ့မဲမှာ သမီးအမည်ပါခဲ့တာလေ"

သူမတအံ့တဩမျက်နှာနှင့်ပင် အန်ကယ်ဦးစောလွင်၏ အမှတ်တမဲ့ငေးမောနေမိ၏။ မျက်လွှာချ၍ file တွေထဲမှာ ဇနီ တစိုက်လက်မှတ်ရေးထိုးနေသည့်ပုဂ္ဂိုလ်ဟာ သင်းသင်းပြောသ မျိုးဟုတ်နိုင်ပါ့မလား။ ယခုအချိန်ထိ မိန်းကလေးတွေနှင့်ပတ်သ၍ ဦးစောလွင်အနီးမှာ ဘယ်သူမှရှိမနေပါချေ။ သူမကိုယ်တိုင် တောင် မန်နေဂျာနှင့်တစ်ရုံးခန်းတည်း အတူရှိနေကြတာကိုကြည့်ခြင်းအားဖြင့် သင်းသင်း၏စကားတို့က ပယ်ချရန်ရာနှုန်း ၇၀ နီးပါး ရှိနေပေပြီ။

"ကဲ. . . ပြန်ယူသွားလို့ရပါပြီ။ သမီးတော့ အန်ကယ်ပြော လိုက်တဲ့စကားတွေကြောင့် ဇဝေဇဝါဖြစ်နေမှာပဲ။ လူတွေကတော်





ဘော်ခက်တယ်သမီးရဲ့။ အလုပ်မှာ ရုပ်သန့်သန့်လေးနဲ့ secre-ary ခန့်လိုက်တာနဲ့ မန်နေဂျာနဲ့လိုလို၊ ဒါရိုက်တာနဲ့လိုလို သွားပုပ်လေလွင့်သမုတ်ကြတယ်။ အထူးသဖြင့် အနေအထိုင်မတတ်တဲ့မိန်းကလေးတွေကြောင့်လည်း အပြောခံရတာပေါ့။ ဒါကြောင့် နောက်ပိုင်းမှာ ဒီလိုမျိုးမဖြစ်ရအောင် လူသေချာစစ်ပြီး ခန့်တာပဲသမီး။ အန်ကယ့်မှာ သမီးထက် ၇ နှစ်၊ ၈ နှစ်လောက်ငယ်တဲ့သမီးလေး တစ်ယောက်ရှိတယ်။ ဒါကြောင့် သမီးကိုစတွေ့တွေ့ချင်း အန်ကယ့် သမီးလေးလိုသဘောထားမိတာအမှန်ပဲ။ ဒီတော့ အလုပ်ကိုကြိုးစားလုပ်ပါ။ အလုပ်မှာပျော်မွေ့ပါ။ ဒါဆိုရင်. . . သမီးရဲ့ဘဝရှေ့ လျှောက်တက်လမ်းတွေချည်းပဲရှိတယ်ဆိုတာကို နားလည်ပါသမီး။ သိတာရှိရင်မေးပါ။ လိုအပ်တာကိုပြောပါ။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်ကယ်"

"ကဲ. . . သွားနိုင်ပါပြီ"

သူမဦးညွှတ်လိုက်ပြီး အန်ကယ်ဦးစောလွင်လှမ်းပေးလိုက်သည့် file တစ်ထပ်ကိုယူ၍ပြန်ထွက်လာခဲ့၏။ အဲဒီရက်နောက်ပိုင်းရက်ပေါင်းများစွာမှာ သူမအလုပ်ထဲ၌ အလွန်ပျော်မွေ့ခဲ့သည်မှာ အမှန်ပင်။

သို့သော် ကံကြမ္မာဆိုတာ လူတိုင်းကြိုတင်သိမြင်နိုင်တဲ့

အရာတစ်ခုမှမဟုတ်ဘဲ။ အထူးသဖြင့် သူမ၏ကံကြမ္မာကို သူမ မမြင်တတ်ခဲ့သည်က ပို၍ဆိုးရွားလွန်းလှလေသည်။ ၎င်းမှာ. . .



## အခန်း ( ၁၅ )

"ခရီးထွက်ရမယ်၊ ဘယ်ကိုလဲသမီးရယ်. . . မေမေ စိတ်ချလိုက်တာ"

"မန္တလေးကိုပါ မေမေ. . . မန်နေဂျာနဲ့နှစ်ယောက်သွားရမှာပါ။ မစိုးရိမ်ပါနဲ့မေမေရယ်။ သူများတွေလည်း ဒီလိုပဲသွားနေကြတာပဲဟာ"

"ဘယ်လောက်တောင်ကြာမှာလဲသမီးရယ်"

"တစ်ပတ်လောက်ကြာမယ်ထင်တယ်။ ဟိုကကုမ္ပဏီခွဲမှာ စာရင်းတွေသွားစစ်ပေးရမှာ"

"ဘာပဲဖြစ်ဖြစ် မေမေကတော့ စိတ်မချပါဘူးသမီးရယ်။

မန်နေဂျာက လူပျိုလူလွတ်လား"

"မဟုတ်ပါဘူး အိမ်ထောင်သည်ပါမေမေရဲ့။ သားလေး တစ်ယောက်ရှိတယ်လို့ပြောတယ်"

"အင်းလေ. . . မသွားမဖြစ်ဘူးဆိုရင်လည်းသွားပေါ့။ ဒါပေမဲ့. . . ဘယ်တော့မဆို သတိဝီရိယတော့ရှိပါသမီးရယ်။ ရတနာသုံးပါးကို ဘယ်တော့မှမမေ့နဲ့နော်. . . ကြားလား"

"ဟုတ်ကဲ့. . . စိတ်ချပါမေမေ"

သူမ,ခရီးသွားလျှင် ယူသွားမည့်ပစ္စည်းများနှင့် အဝတ်အစားတို့ကို သေချာစီစဉ်ထည့်နေစဉ် အိမ်ရှေ့မှာ သူမအမည်ခေါ်သံကိုကြားလိုက်ရလေ၏။

"မပျိုလေးခင်ရှိပါသလားခင်ဗျာ"

"ဪ. . . ရှိပါတယ်ကွယ်။ သမီးရေ. . . ဒီမှာ. . . စာပို့လုလင်ခေါ်နေလို့ခဏကွယ်"

"လာပါပြီမေမေ"

သူမအိမ်ရှေ့ထွက်လိုက်တော့ postman က သူမလက်ထဲသို့ စာတစ်စောင်နှင့်အတူ ဘူးတစ်ဘူးကိုပါထည့်ပေးလေ၏။

လက်မှတ်ထိုး၍လက်ခံပြီး စာအိတ်ကိုအရင်ဖွင့်ဖောက်လိုက်ပါသည်။





"လေး...

လေးရေးလိုက်တဲ့စာကို မောင်ရတယ်။ အဆင်ပြေကြောင်း သိရတဲ့အတွက်ဝမ်းသာပါတယ်။ ဒေါ်လေးရောကျန်းမာရဲ့လား။ လေးလည်းနေကောင်းအောင်နေနော်...

မောင်လည်းအလုပ်အဆင်ပြေပါတယ်။ ဒီနှစ်ကုန်ရင် ဖေဖေက ဒီမှာပဲကုမ္ပဏီခွဲထွက်ဖို့စီစဉ်နေပြီ။ ကုမ္ပဏီနာမည်ကို မိုးစွေ့ငှက်လို့ပေးထားတယ်။ ဒီမှာပဲအခြေချမယ်လို့ပြောနေလို့ ကိုယ်လည်းမျက်ခုံးခပ်လှုပ်လှုပ်ပဲ။ ဒီဇင်ဘာမှာ မေမေ့ကိုဒီကိုလိုက်လာခိုင်းမှာတဲ့...။

"လေးရယ်...လောလောဆယ်တော့ မောင်လည်းမိဘအရိပ်က ခွဲမထွက်နိုင်သေးလို့ မောင်တို့အကြောင်းတွေကို ဖွင့်မပြောဖြစ်သေးဘူး။ ဒါပေမဲ့ လေးမစိုးရိမ်ပါနဲ့။ လောကမှာ မောင်လက်ထပ်ယူမယ့်မိန်းကလေးဆိုလို့ လေးတစ်ဦးတည်းရှိတာပါကွာ။ ဒါကို...လေးယုံပါ။ ဖေဖေနဲ့မေမေကလည်း မောင့်ကို ဒီကိစ္စတွေနဲ့ပတ်သက်ပြီး တစ်ခါမှစည်းကမ်းမတင်းကျပ်ခဲ့ဖူးပါဘူး။ အလုပ်တွေကို သိပ်ဦးစားပေးနေရလို့လည်း...မောင့်အိမ်ထောင်ရေးကို မစီစဉ်သေးတာလည်းဖြစ်နိုင်ပါတယ်။

လေးအတွက် မောင်လက်ဆောင်ပို့ပေးလိုက်တယ်နော်။ ပွဲလမ်းသွားတဲ့အခါဝတ်ဖို့ဝတ်စုံပေါ့။ မောင်ငွေတွေစုထားတာ တော်တော်ရ

နေပြီသိလား။ အေလေးဆီမှာ မိန်းမလာတောင်းရင် သိန်းတစ်ထောင့်ငါးရာဆိုရင်တော့ သမီးကိုပေးလောက်ပါရဲ့နော်။ မောင့်ဆီကိုလည်း တာထပ်ရေးပါဦး…။

လေးရဲ့ချစ်သောမောင်
(နေသွေးနီ)"

သူမမျက်နှာမှာ ပြုံးစိစိလေးဖြစ်သွားရပြီး packing ထုပ်ထားသည့်ဘူးကို အသာဖွင့်လိုက်ပါ၏။ ပါးလွှာ၍လှပလွန်းလှသည့် နှစ်ထပ်ဇာဂါဝန်သခွားစေ့ရောင်လက်ဖောင်းလေးနှင့်အတူ lady shoe အဖြူလေးကိုပါတွေ့လိုက်ရလေသည်။ လှလိုက်တာနော်. . . ထိရက်စရာတောင်မရှိဘူး။ အသားလေးကိုက နူးညံ့အိစက်နေလေ၏။

မောင်ရယ်. . . လေးကိုအခုလိုမေ့မထားဘဲ ဂရုတစိုက်ရှိတာကိုပဲ လေးဝမ်းသာလှပါပြီ။ လက်ဆောင်တွေဘာတွေ ပို့ပေးစရာမလိုပါဘူး။ လေးမောင့်ဆီက ချစ်ခြင်းတွေကလွဲလို့ ဘာကိုမှ မလိုချင်တာကို မောင်နားလည်ပါကွယ်။

နောက်နေ့မနက်စောစောမှာ မန်နေဂျာမောင်းသည့်ကား





မြို့ပင် မန္တလေးသို့ သူမလိုက်ပါလာခဲ့လေ၏။ တစ်ခါမှခရီးဝေးထွက်ဖူးသဖြင့် အတွေ့အကြုံလည်းရ၊ ဗဟုသုတလည်းရမှာမို့ သူမစိတ်ထဲမှာ အတော့်ကိုကြည်နူးရပါသည်။ ဟိုတယ်တစ်ခုမှာ တစ်ပတ်စာ,စာရင်းသွင်း၍ တစ်ယောက်ခန်းနှစ်ခန်းငှားလိုက်၏။ တစ်ခါမှမခံစားခဲ့ရဖူးသည့်ခံစားမှုအသစ်တို့ဖြင့် သူမစိတ်ထဲ၌တစ်မျိုးလေးဖြစ်နေရလေသည်။

အိစက်ညက်ညောလွန်းလှသည့် မွေ့ရာထူထူ၊ Bed sheet ဖွေးဖွေး၊ ခေါင်းအုံးအိအိမှသင်းပျံ့ပျံ့ရနံ့၊ ခုတင်ခေါင်းရင်းမှာ ခပ်မှိန်မှိန်လေးထွန်းထားသည့် မီးအုပ်ဆောင်း၊ ရေချိုးခန်းထဲမှာ အဆင်သင့်ရှိနေသည့် ကိုယ်တိုက်ဆပ်ပြာသေးသေးဖြူဖြူလေး၊ ပြီးတော့ shampoo ဘူးသေး၊ ခေါင်းဖြီးရန်ဘီးနှင့် ခေါင်းအုပ်၍ရေချိုးနိုင်ရန် plastic ခေါင်းစွပ် စသည်ဖြင့် အသေးအဖွဲလေးကအစ သေသေသပ်သပ်ဖြင့်လှပစွာရှိနေလေ၏။

ရေခဲသေတ္တာအပုလေးထဲမှာ super coffeemix သစ်သီးသုံးလေးမျိုး၊ ရေသန့် ၂ ဘူးဖြင့် ညအိပ်ဆာလောင်လျှင် ထစားစရာကအဆင်သင့်ပင်။ ဝရန်တာလေးမှာထွက်ရပ်ရင်း မန္တလေးမြို့၏ အလှအပကို ငေးမောခွင့်ရလေ၏။ ညဘက်မှာ မီးတွေထိန်လင်းနေလျှင် ပိုကြည့်ကောင်းပေလိမ့်မည်ဟုတွေးဖြစ်လေသည်။

"ဒေါက်! ဒေါက်! "

တံခါးခေါက်သံကြောင့် အထဲမှ lock ကိုသူမလှည့်ဖွင့်လိုက်စဉ် staff ကောင်လေးက သူမကိုဦးတစ်ချက်ညွှတ်ပြလိုက်ပြီးမှပြောလိုက်လေ၏။

"မင်္ဂလာညနေခင်းပါခင်ဗျာ၊ ကိုခန့်ထည်က စားသောက်ခန်းထဲမှာ ညနေစာစားဖို့ အဆင်သင့်စောင့်နေကြောင်း ကျွန်တော့်ကိုအကြောင်းကြားခိုင်းလိုက်ပါတယ်ခင်ဗျ"

"ဩော်. . . ဟုတ်ကဲ့၊ ကျွန်မ ခဏနေဆင်းလာခဲ့ပါ့မယ်လို့ပြောပေးပါရှင်။ အခုလိုလာပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်"

"ဟုတ်ကဲ့. . . ကျွန်တော့်ကိုခွင့်ပြုပါဦးခင်ဗျ"

"ကောင်းပါပြီရှင်"

သူမ တံခါးကိုခဏပြန်ပိတ်လိုက်ပြီး သင့်လျော်ရာဝတ်စုံတစ်စုံကိုလဲ၍ ဆံနွယ်ရှည်တွေကိုဖြီးသင်ကာ ခေါင်းစည်းကြိုးဖြင့်စည်းနှောင်လိုက်ပါ၏၊ စလစ်ပါအပါးလေးကိုသာစီး၍ အခန်းမှထွက်ကာ lift ဖြင့် အောက်ဆုံးထပ်သို့ဆင်းလာခဲ့လေသည်။ ခန်းမထဲမှာ ထမင်းစားချိန်မို့ထင် လူအတော်များများကိုတွေ့ရလေ၏။

မျက်စိကိုဝေ့ဝဲရှာဖွေနေစဉ် ထောင့်ကျကျစားပွဲမှ ကိုခန့်





ထည်က မတ်တတ်ရပ်လျက် လှမ်းခေါ်လိုက်လေသည်။

"ပျိုလေးခင်. . . အစ်ကိုဒီမှာ"

သူမခပ်မှန်မှန်ခြေလှမ်းဖြင့် ထိုစားပွဲသို့လှမ်းလာခဲ့ပါ၏။ စားပွဲထက်မှာ စားသောက်ဖွယ်ရာတို့က စုံလင်စွာရောက်ရှိနေလေပြီ။

"ထိုင်. . . ဒီအချိန်က လူအရမ်းကျတဲ့အချိန်မို့ မင်းကိုတစ်ခါတည်းခေါ်လာရင် ထိုင်စောင့်တာကြာမှာ. . .။ ဒါကြောင့် အစ်ကိုကြိုရောက်ပြီးမှာထားနှင့်တာ။ စားနော်. . . အားမနာနဲ့။ ဒါတွေအကုန် ကုမ္ပဏီက စရိတ်ခံပေးတာပဲ။ နှစ်ယောက်တည်းဆိုတော့ စားမကုန်မှာစိုးလို့ ပွဲနည်းနည်းပဲမှာထားတာ။ စား. . . အသားရှောင်တာရှိလား"

"ဟုတ်ကဲ့. . . ကျွန်မ အမဲသားနဲ့ဘဲသားမစားဘူးရှင့်။ ခြေလေးချောင်းသားကို တော်တော်များများရှောင်ပါတယ်အစ်ကို"

"တော်သေးတာပေါ့. . . အစ်ကိုမှာထားတဲ့ဟင်းတွေနဲ့ အဆင်ပြေသွားသားပဲ။ စားပါ. . . ပျိုလေးခင်၊ အစ်ကို့ကိုရှက်မနေနဲ့၊ မောင်နှမတွေပဲဟာ. . . စား"

"ဟုတ်ကဲ့အစ်ကို"

စားပွဲပေါ်မှာရှိနေသည့် ဟင်းလျာများက စားချင်စဖွယ်

ပင်။ သူမ, ကိုခန့်ထည်ကို ဦးဖယ်ထည့်ပေးပြီးမှ သူမ,ထမင်းစားလေ၏။ ကြက်သားဆီပြန်၊ ပုစွန်ချိုချဉ်၊ ဝက်သားလုံးကြော်၊ ကြက်ဥဆီပြန်၊ အစိမ်းကြော်၊ ၁၂ မျိုးဟင်းချို၊ ဘာလချောင်ကြော်နှင့် မို့ အရသာဖွယ်ဖွယ်ရာရာဖြင့် ထမင်းစား၍မြိန်လှ၏။

ညဘက်မှာ အခန်းထဲရှိရေနွေးခါတ်ဘူးခလုတ်ဖွင့်၍ ေ ဆူတော့ ကော်ဖီ plane ဖျော်ကာ ဝရန်တာမှာထွက်ရပ်နေမိသည်၊ ထိန်လင်းနေသည့် လျှပ်စစ်မီးရောင်များ၊ ဟိုးဝေးဝေးမှာ မှုန်ပျပ လေးရှိနေပါသည့် မန္တလေးတောင်၊ အချိန်မှန်မှန်ရွှေလျားနေသည့် နာရီစင်ကြီး၏ခန့်ထည်မှု၊ ဥဒဟိုသွားလာနေသည့်ကားများ၊ ထိ ကားများထက် အစီးရေပိုများလွန်းသည့် စက်ဘီးနှင့်ဆိုင်ကယ်များ ထိုမြင်ကွင်းများကို တမေ့တမောငေးကြည့်နေပြီးမှ မျက်စိရေ ခြေပါညောင်းညာလာ၍ အခန်းထဲဝင်အိပ်တော့ ည ၁၁ နာ ထိုးနေပေပြီ။ ရောက်တာစရက်မို့ အလုပ်မလုပ်စေဘဲ ပေးနားထာ သဖြင့် သူမစိတ်လွတ်ကိုယ်လွတ် နှစ်ခြိုက်စွာအိပ်မောကျသွားရလေ သည်။

နောက်နေ့မှစ၍ ကုမ္ပဏီရုံးခွဲတွေမှာ အချိန်ပြည့်စာရင်း တွေစစ်ရပါလေတော့၏။ စာရင်းတွေကွာဟနေမှုကြောင့် ရန်ကုန် မှတာဝန်ရှိသူမန်နေဂျာကိုယ်တိုင် တိုက်ရိုက်စစ်ဆေးတာဖြစ်သဖြင့်





ဒီကမန်နေဂျာတွေပါ ဂရုတစိုက်ဖြင့် စာရင်းတွေတင်ပြရလေသည်။ ရုံးခွဲသုံးခုကို နှစ်ရက်စီခွဲလုပ်ရသည်မို့ အလုပ်တွေအားလုံးပြီးစီး တော့ တစ်ပတ်ပြည့်ချေပြီ။

အားလုံးအဆင်ပြေရှင်းလင်းပြီးပြီမို့ ရန်ကုန်ပြန်ရန် ပြင် ဆင်သည့်ညနေဘက်၌ ကိုခန့်ထည်က သူမကို မန္တလေးဈေးချိုထဲသို့ အလည်လိုက်ပို့ပေးလေ၏။ မေမေ့အတွက်ရည်စူး၍ ဇာပိတ်စ ပါးလေးနှင့် အညိုရောင်ချိတ်လုံချည်လေးကိုသာ အမှတ်တရဝယ် ဖြစ်ပြီး ကျန်ပစ္စည်းများကို ကိုခန့်ထည်က သူမအတွက်လက်ဆောင် ဝယ်ပေးလေသည်။

ရန်ကုန်အပြန်လမ်းတစ်လျှောက်တွင် စိတ်ထဲမှအတော် လေးလံကာ အုံ့မှိုင်းနေသဖြင့် သူမကိုယ်သူမအံ့ဩနေမိ၏။ ကိုခန့် ထည်ကတော့ ခရီးပန်းအလုပ်ပင်ပန်းလို့ဟု နှစ်သိမ့်စကားဆိုပါ သော်လည်း မတင်မကျစိတ်အစဥ်က မည်သို့မျှဖြေဆည်၍မရနိုင် ချေ။ လမ်းဘေးတစ်လျှောက် သစ်ပင်ကြီးများက တရိပ်ရိပ်နှင့် နောက်နားဆီမှာကျန်ခဲ့လေ၏။ ရန်ကုန်မြို့အဝင်မှ လှိုက်လှဲစွာကြို ဆိုပါ၏စာတမ်းကိုမတွေ့ရမချင်း သူမ သက်မောကိုမချနိုင်သေး တာအမှန်ပင်ဖြစ်ချေသည်။





## အခန်း ( ၁၆ )

ကိုခန့်ထည်က ကုမ္ပဏီမှာဝင်၍ စာရင်းတွေတင်ရသဖြင့် သူမ Taxi ဖြင့်အိမ်သို့ပြန်ခဲ့၏။ လမ်းထဲသို့ဖြည်းဖြည်းချင်းဝင်လာသည့် Taxi ပေါ်မှလှမ်းကြည့်စဉ် အိမ်ရှေ့မှာလူတွေ ရှုန်းစုရှုန်းစု ဖြစ်နေသဖြင့် ရင်ထဲမှာထိတ်ခနဲဖြစ်သွားရလေသည်။

"ဦးလေး. . . ဒီနားမှာပဲ ရပ်ပေးပါရှင်။ ဒီမှာကားခပါ"

"အေးအေး. . . တူမလေး"

သူမလက်ဆွဲအိတ်ယူ၍ ကားပေါ်မှဆင်းလိုက်စဉ် ခြံထဲမှ ထွက်လာသည့်သင်းသင်းအေးကိုမြင်လိုက်ရလေသည်။

"ဟယ်. . . မိပျိုပြန်လာပြီ"

"ဘာတွေဖြစ်နေတာလဲဟင် သင်းသင်း။ ငါရင်ထိတ်လိုက်တာဟယ်"

"လာလာ. . . နင့်စိတ်ကိုခိုင်ခိုင်ထားနော်။ ခရီးရောက်မဆိုက် မပြောမဖြစ်လို့ပြောရမှာပဲ။ နင့်အမေရယ်လေ. . . မနက်လေးနာရီထပြီး ဟင်းရည်အိုးတည်ရင်းမူးလဲလို့ အဲဒါဘေးအိမ်က မပြုံးက ပဲထပြုတ်ရင်းမြင်လိုက်တာ။ ဒါပေမဲ့ သူအပြေးရောက်လာတော့ ဒေါ်လေးခင်က လေ့ကားတိုင်နဲ့ခေါင်းဆောင့်မိသွားပြီးနေပြီဟဲ့"

"ဟင်! ဒါဆို. . . ဒါဆို"

"အေး. . . ရပ်ကွက်ထဲကလူတွေ ဆေးရုံကိုအချိန်မီပို့ကြပါတယ်ဟယ်။ ဟိုရောက်တော့ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပြီတဲ့"

"ဘာ! "

"မိပျို. . . စိတ်ကိုထိန်းနော်သူငယ်ချင်း။ နင်လည်းခဲ က. . . ပန်းလာတာ"

"အမေ. . . အမေ"

သူမနှုတ်မှ မပွင့်တပွင့်ရေရွတ်လျက် ပျော့ခွေသွားတော့သည်။ ပြန်သတိရလာတော့ ရပ်ကွက်ထဲမှလူကြီးလူငယ်များ





က သူမတို့အိမ်လေးကိုပြင်သင့်တာပြင်လျက် စီစဉ်စရာရှိတာကို စီစဉ်နေလေ၏။ သင်းသင်းအေးက သူမအနီးမှာထိုင်စောင့်နေလေသည်။

"မိပျို သတိရပြီလား"

"သင်းသင်းရယ်. . . ငါ့မှာ. . . ငါ့မှာ အားကိုးစရာဆိုလို့ ဒီအမေတစ်ယောက်တည်းရှိတာပါဟယ်။ အခုအမေမရှိတော့ဘူးဆိုတော့ ငါ ဘယ်သူ့ကိုအားကိုးရတော့မှာလဲ"

"စိတ်ကိုဖြေပါမိပျိုရယ်။ ငါ နင့်ကိုကိုယ်ချင်းစာပါတယ်။ နင် ခရီးကဒီနေ့ပြန်လာမယ်မှန်းသိလို့ ငါဒီကိုစောစောရောက်လာရင်း ဒီကိစ္စကြုံရတာပဲ။ ငါ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်။ တရားနဲ့ဖြေနိုင်အောင်ကြိုးစားပါ။ လူဆိုတာ တကယ်တော့ သေမျိုးချည်းပါပဲ။ ငါတို့လည်း တစ်နေ့သေကြရမှာပါလေ။ နေ့းတာနဲ့မြန်တာပဲ ကွာတာပါဟယ်"

"ဒါတော့ ငါနားလည်ပါတယ်သင်းသင်းရယ်။ ငါခံစားနေရတာက စိတ်မကောင်းမိတာတွေကိုပါ။ ငါ့ကိုမွေးထုတ်ပေးခဲ့တဲ့မိခင်ရဲ့ကျေးဇူးကို ကောင်းကောင်းတောင်မှဆပ်ခွင့်မကြုံခဲ့ရဘူး။ အမေ ငါ့လုပ်စာကို လေးငါးလလောက်ပဲ ခံစားခွင့်ရခဲ့ရရှာတာ။ အမေကိုသနားလိုက်တာဟယ်။ ငါငယ်စဉ်ကတည်းက သူ့မှာ ပင်

ပန်းဆင်းရဲစွာရှာကျွေးခဲ့ရတာ။ အခုကောင်းကောင်းမွန်မွန်နေရ ခါနီးကျမှ အမေက လူ့ပြည်က ခွာသွားရတယ်လို့။ ငါ. . . ငါ. . . အရမ်းဝမ်းနည်းလိုက်တာဟာ"

သူမ၏မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသဖြင့် သင်းသင်းအေးက သူမကိုအလိုက်သင့်ပွေ့ဖက်ထားလေ၏။ တစ်အောင့်အကြာမှာ သူမအိမ်ရှေ့၌ ပါဂျဲရိုးကားတစ်စီးထိုးစိုက်လာလေသည်။

"ပျိုလေးခင်"

"အစ်ကို"

အသံပေး၍ အိမ်ပေါ်လှမ်းတက်လာသည့်ကိုခန့်ထည်ကို မြင်တော့ သူမမျက်ရည်တွေက ဖြေဆည်မရနိုင်အောင်ပင် ဖြစ်ကျတော့သည်။ ကိုခန့်ထည်က အိမ်လေးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဖျာပေါ်မှာထိုင်ချလိုက်လေ၏။

"အစ်ကို အိမ်ပြန်ရေချိုးရုံပဲရှိသေးတယ်။ အန်ကယ်စော ဖုန်းဆက်လို့ အရမ်းအံ့ဩသွားတာပဲ။ ခရီးရောက်မဆိုက်ဖြစ်သွားရတယ်လို့ကွယ်။ အစ်ကိုလည်း စိတ်မကောင်းပါဘူး။ ဘာလိုအပ်သလဲ လာကြည့်တာပါ။ လိုတာ အစ်ကို့ကိုပြောပါ။ အားမနာနဲ့ ဒါက အန်ကယ်စော ပေးလိုက်တဲ့ငွေ။ ဒါက အစ်ကိုပေးတာနော် အန်ကယ်စောကတော့. . . အသုဘချတဲ့နေ့မှပဲလာခဲ့တော့မယ်တဲ့





ပြောပါတယ်"

"အားနာလိုက်တာအစ်ကိုရယ်။ နေပါစေ"

"နာရေးကူညီငွေဆိုတာ မငြင်းကောင်းဘူး ပျိုလေးခင်ရဲ့။ လက်ခံပါ။ ဒီကညီမလည်း ကူပြောပေးပါဦး. . .။ ကျွန်တော်က သူလုပ်တဲ့ကုမ္ပဏီကမန်နေဂျာပါ"

"ဩော်. . . ဟုတ်ကဲ့. . . ယူလိုက်ပါ မိပျို။ နင်ပဲ နင့်အမေကို ခမ်းခမ်းနားနားလေးသင်္ဂြိုဟ်ချင်တယ်ဆို"

"ငါ. . . ငါ. . . အမေ့အတွက် ချိတ်ဝယ်လာမိတာများ မိတ်ဖတ်သလိုဖြစ်သွားပြီလားမသိပါဘူး သင်းသင်းရယ်"

"ဟယ်! နင်ကလည်း"

"ဥပါဒါန်ကြောင့် ဥပဒ်ရောက်လိမ့်မယ် ပျိုလေးခင်. . .။ မပြောကောင်းဘူးလေ"

"အစ်ကိုရယ်. . . သူများမိခင်တွေလို နာမကျန်းဖြစ်ချိန်မှာ ပြုစုခွင့်လေးတောင်မှမရတဲ့ဘဝပါရှင်။ ကျွန်မက အမေ့အသက်ကိုတောင်မှ မမီလိုက်ရတဲ့ဘဝပါ"

"ဘာပဲဖြစ်ဖြစ် သွားလေသူ ရင်ပူအောင် မျက်ရည်မကျနေပါနဲ့လား ပျိုလေးခင်။ အစ်ကို့ညီမလေးမှာ ရှေ့လျှောက်လုပ်ဖြစ်ဖို့ အများကြီးကျန်နေပါသေးတယ်။ ဒီလိုသာ စိတ်ထောင်းကိုယ်ကြေ

ဖြစ်နေရင် ရှေ့ခရီးကို ညီမဘယ်လိုဆက်လျှောက်နိုင်မှာလဲ။ အား
တင်းထားမှပေါ့"

ကိုခန့်ထည်က တာဝန်ရှိသူတွေကိုမေးမြန်း၍ စီစဉ်စရာ
ရှိတာကိုစီစဉ်ပေးသွားပါ၏။ နောက်နှစ်ရက်အကြာမှာတော့ အမေ့
ကိုသဂြိုဟ်ရန်အဆင်သင့်ဖြစ်နေစဉ် သူမအိမ်ရှေ့မှာ Mark II
ကားကြီး ထိုးဆိုက်လာလေသည်။

ဘုရားရေ! အန်ကယ်ဦးစောလွင် တကယ်ပေါက်ချလာပါ
ရောလား။

အိမ်ပေါ်သို့ ဖြည်းညင်းစွာလှမ်းတက်လာပြီး သူမကိုမေး
ဆတ်၍ခေါ်လိုက်သဖြင့် သူမချည်ပဝါလေး ပခုံးပေါ်တင်ထား
လျက်လျှောက်ခဲ့ရ၏။

"သမီးပျိုလေးခင်. . . အန်ကယ်လည်း သမီးနဲ့ထပ်တူဝမ်း
နည်းကြေကွဲရတာအမှန်ပါကွယ်။ ဒါပေမဲ့ သဘာဝတရားကြီးကို
အန်ကယ်တို့လွန်ဆန်လို့မရနိုင်တာကို သမီးနားလည်ပါ။ သခါရ
လို့မှတ်ပါသမီးရယ်။ စိတ်မကောင်းဖြစ်တာကလည်း တစ်ပိုင်းပေါ့။
ရှေ့လျှောက် ဘာဆက်လုပ်ရမလဲဆိုတာကိုတော့ သမီးစဉ်းစားဖို့
လိုလာပြီ။ ကဲကဲ. . . နောက်မှပဲဆက်ပြောကြတာပေါ့။ အဆင်သင့်
ဖြစ်နေပြီဆိုရင်လည်း သွားကြစို့လေ။ လာ. . . သမီးတို့သူငယ်ချင်း





နှစ်ယောက်က အန်ကယ့်ကားနဲ့ပဲလိုက်ခဲ့. . . ဟုတ်ပြီလား"

သူမ,အားနာစွာဖြင့်ခေါင်းအညိတ်မှာ သင်းသင်းအေးက
သတိပေးသလိုဖြင့် သူမလက်မောင်းကို ဖျတ်ခနဲဆုပ်ကိုင်လိုက်လေ
၏။ အန်ကယ်ဦးစောလွင်က ရှေ့မှကြိုဆင်းနေပြီမို့ သူမ, သင်းသင်း
ကို တီးတိုးပြောလိုက်ပါသည်။

"ဘာမှမဖြစ်ပါဘူးသင်းသင်းရယ်. . . လာ"

"ဖြစ်ပါ့မလား မိပျို။ ကြည့်လုပ်ဦးနော်"

"မစိုးရိမ်ပါနဲ့ဟယ်. . . လာသာလာပါ"

ရေဝေးသုသာန်မှာ အဆင်သင့်ပြင်ထားပေးသည့်မေမေ့
ရုပ်ကလာပ်ကို ကြည့်ရပြန်တော့ သူမမျက်ရည်တွေတွေကျပြန်၏။
နှိုက်သံမစဲခင်မှာ ငွမ်းခနဲရေအိုးခွဲသံနှင့်အတူ ထရော်လီကို ဝေါခနဲ
တွန်းသွားကြလေတော့သည်။

"အမေ"

သူမ,မေမေ့အခေါင်းကိုလှမ်းဆွဲလိုက်စဉ် လက်တစ်ဖက်
က သူမလက်မောင်းကို ဖမ်းဆွဲထားလိုက်လေ၏။ သင်းသင်းက
မေမေ့ရင်ဘတ်ပေါ်မှ ရေမွှေးနှင်းဆီလေးကိုကောက်ယူလျက်
မေမေ့ဝိညာဉ်ကိုခေါ်ကာ သဂြိုဟ်စက်ထဲသို့ အခေါင်းကိုသွင်းသွား
ကြလေတော့သည်။

မေမေရယ်. . . နောက်ဘဝမှာ ကောင်းရာဘုံဘဝမှာ စံမြန်းနေထိုင်ခွင့်ရပြီး ဘဝဆက်တိုင်း ဒီလိုဆင်းရဲခြင်းမျိုး၊ ဒီလိုသေဆုံးခြင်းမျိုးနဲ့ကင်းဝေးနိုင်ပါစေလို့ သမီးဆုတောင်းပေးလိုက်ပါတယ်နော်။

အပြန်ခရီးမှာလည်း ဦးစောလွင်ကားပေါ်မှာ ပါလာခဲ့ရပြီး အိမ်မှာတစ်အောင့်မျှတက်ထိုင်လေ၏။ သင်းသင်းက ရေမွှေးနှင်းဆီလေးကို မေမေ့ခေါင်းအုံးပေါ် အသာဖွဖွတင်ထားလိုက်လေသည်။ သူမ အန်ကယ့်အနီးရှိ ဖျာပေါ်မှာပင် အင်အားချိနဲ့စွာဖြင့်ထိုင်ချလိုက်၏။

"စိတ်ကိုလျှော့ချလိုက်ပါသမီး။ ရက်လည်နေ့အတွက် အားမွေးထားဦး။ အန်ကယ်သမီးကို ခွင့် ၁၀ ရက်ပေးထားတယ်နော်။ ၁၀ ရက်ပြည့်ပြီးမှ သမီး အလုပ်ပြန်ဆင်းပါ။ အဲဒီတော့မှ သမီးအတွက် ဘာတွေစီစဉ်ထားသလဲဆိုတာကို အန်ကယ်ပြောမယ်"

"ဟုတ်ကဲ့ပါအန်ကယ်။ အစစအရာရာအတွက် အန်ကယ့်ကို ကျွန်မသိပ်ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်သမီးရယ်၊ ဒီကိစ္စတွေက အန်ကယ်တို့လိုအလုပ်ရှင်တွေမှာ အများကြီးတာဝန်ရှိတာပါ။ ဝန်ထမ်းတွေအားလုံးအပေါ်မှာထားရှိတဲ့စေတနာကို သမီးနားလည်ရင်တော်ပါပြီ။ အန်ကယ်





ကျေနပ်ပါတယ်ကွယ်။ ရက်လည်နေ့တော့ အန်ကယ်ရော၊ မောင်နဲ့ပါ မလာအားဘူးနော် သမီး။ foreigner တွေနဲ့ တွေ့စရာရှိလို့ပြောခဲ့တာပါ"

"ဟုတ်ကဲ့ပါအန်ကယ်. . . ရပါတယ်"

"ဒါဖြင့်. . . အန်ကယ်ပြန်ဦးမယ်သမီး။ ကျန်းမာရေးကိုဂရုစိုက်ပါ"

"ဟုတ်ကဲ့"

ဦးစောလွင်ပြန်သွားတော့ အိမ်ပေါ်မှာ လူတော်တော်ရှင်းနေလေပြီ။ သင်းသင်းက သူမအနီးမှာ လာထိုင်လေ၏။

"မိပျို. . . ဒီလူကြီးဘာစီစဉ်ပေးသလဲဆိုတာ ငါ့ကိုအရင်တိုင်ပင်ပြီးမှ နင်လက်ခံနော်။ အားနာနာနဲ့ ခေါင်းစွပ်မညိတ်လိုက်နဲ့၊ ငါ နင့်အတွက် စိုးရိမ်လွန်းလို့ပြောနေရတာပါ။ နင်သာ တစ်ခုခုဖြစ်သွားရင် နေသွေး ရင်ကွဲရလိမ့်မယ်။ မဖြစ်သေးပါဘူးလေ။ ဒေါ်လေးဆုံးသွားတဲ့အကြောင်း သူ့ကိုအသိပေးလိုက်မှပါပဲ။ ဒါမှသူဘာစီစဉ်ပေးမလဲသိရအောင်"

"ငါစာရေးလိုက်ပါ့မယ် သင်းသင်းရယ်။ ငါတော့ တယ်ထင်လှပါဘူး။ မောင်လည်း ခုချိန်ထိ မိဘမျက်နှာကြည့်ပြီး နေနေတဲ့သူပါ။ ငါ့ကို အဆောင်မှာပြောင်းနေဖို့ အကြံပြုရုံကလွဲပြီး သူ

ဘာမှလုပ်ပေးနိုင်မှာမဟုတ်ပါဘူး"

"ဖြစ်ရဲ့လား မိပျိုရယ်။ ငါနဲ့လိုက်နေပါလား"

"စဉ်းစားပြီးလည်းပြောဦး သင်းသင်း။ နင့်အိမ်က မိထွေးရဲ့ပါးစပ်ပေါက်ကို နင်အသိဆုံးပါနော်"

"ဟင်း. . . ဒါလည်းဟုတ်တာပဲ။ ခက်လိုက်တာနော်။ နင့်ကိုယ်စား ငါရင်တွေပူလိုက်တာဟယ်"

သင်းသင်းအေးက ဘာမှမတတ်နိုင်တော့ဟန်ဖြင့် လက်မှိုင်ချသွားလေတော့၏။ သူမ, သင်းသင်း၏လက်ဖျားလေးကိုလှမ်းဆုပ်၍ နှစ်သိမ့်ပေးလိုက်ပါသည်။

"ငါ့အတွက် ပူပန်မနေပါနဲ့ သင်းသင်းရယ်။ ငါ့အနာဂတ်ကို ငါကြည့်ရှောင်တတ်ပါတယ်။ ဒီလောက်ထိမစိုးရိမ်နဲ့. . .။ ငါအဆောင်မှာပဲ နေဖြစ်မှာပါ။ ဒီအကြောင်းတွေကို ငါ မောင့်ဆီစာဆက်ဆက်ရေးပေးလိုက်မှာပါဟယ်"

"အေးလေ. . . ပြောသာပြောနေရတာ။ ငါလည်း နင့်ကိုထိထိရောက်ရောက် ဘာမှမကူညီနိုင်တာအမှန်ပဲ။ ငါ့မှာလည်း လစာနည်းနည်းအလုပ်ပဲ ဝင်နေရလို့ အိမ်မှာ မျက်နှာပန်းမလှတာနင်အသိပါ။ ငါ့ကိုနားလည်ပေးပါ မိပျိုရယ်"

"ဒီလောက်တောင်းပန်စရာမလိုပါဘူး သင်းသင်းရယ်။ ငါ





တို့နှစ်ယောက်က. . . လေးတန်းကတည်းက တွဲခဲ့ကြတဲ့သူငယ်ချင်းအရင်းခေါက်ခေါက်တွေပါဟာ။ ငါ နင့်ကိုနားလည်နိုင်ပါတယ်။ ခေါင်းထဲထည့်မထားပါနဲ့နော်"

သူငယ်ချင်းနှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်နှစ်သိမ့်လိုက်ကြပြီး သက်ပြင်းကိုသာ ကျိတ်ချလိုက်မိကြ၏။ လေးအတွက် မနက်ဖြန်ဆိုတာတွေက မသေချာမရေရာနိုင်ပါလားမောင်ရယ်. . .။



## အခန်း (၁၇)

မေမေ့ကိစ္စအားလုံးပြီးစီးပြီးနောက် သူမအလုပ်ပြန်ဆင်းသည့် အန်ကယ်ဦးစောလွင် အခေါ်လွှတ်သဖြင့် ရုံးခန်းရှိရာသို့ ဝင်လာခဲ့ရ၏။ ဦးစောလွင်က ဖုန်းပြောနေလျက်မှ ထိုင်ခုံမှာထိုင်ရန် သူမကို လက်ဟန်ဖြင့်ပြလိုက်လေသည်။

"ကဲ. . . သမီးအတွက်စီစဉ်ထားတာကို မပြောသေးခင် သမီးဘယ်လိုလုပ်ဖို့ရှိသလဲဆိုတာ အရင်ဆုံးပြောပါဦး"

"ဟုတ်ကဲ့အန်ကယ်. . . ကျွန်မမှာ ဆွေမျိုးမောင်နှမဝမ်းကွဲတွေလည်းမရှိတော့တာမို့ တစ်ယောက်တည်းနေလို့မဖြစ်မှန်းသိပါတယ်။ အခု အဆောင်ရှာနေတုန်းပါပဲရှင့်"

"ဒါဆိုရင်တော့ အန်ကယ်စီစဉ်ပေးတာကို သမီးလက်ခံ ဖို့ပြင်တော့။ သမီးရှာတဲ့အဆောင်က အလုပ်နဲ့ဝေးရင်ပဲဖြစ်စေ မလုံခြုံရင်ပဲဖြစ်ဖြစ် သမီးအတွက် အန္တရာယ်ရှိနိုင်တယ်လေ. . .။ ဒီတော့ အန်ကယ်ပြောတဲ့နေရာမှာဆို သမီးနဲ့အဆင်ပြေမှာပါ။ ဒီ ကုမ္ပဏီနဲ့သိပ်မဝေးတဲ့နေရာလည်းဖြစ်တယ်။ အန်ကယ့် cousin family က Australia ထွက်သွားလို့ သူတို့တိုက်ခန်းကို အန်ကယ့်ဆီ မှာ အပ်ထားတယ်။ အဲဒီမှာဆို ရေမီးကအစ အားလုံးOK ပဲ။ bus စီးရတာလည်း လမ်းကြောင်းသင့်တယ်။ ကုမ္ပဏီနဲ့လမ်းကြော သင့်တဲ့အတွက် ညပိုင်း OT ဆင်းရင်တောင် ပြန်လိုက်ပို့ဖို့အခက် အခဲမရှိဘူး။ ဒီတော့ အန်ကယ်ပြောတာကို ဘယ်လိုသဘောရလဲ သမီး"

သူမ,ဘာမှပြန်မပြောဝံ့ဘဲ ခဏမျှငြိမ်နေမိ၏။ ဒုက္ခပါပဲ။ သင်းသင်းက အတန်တန်သတိပေးထားပါလျက် ဒီကိစ္စတွေကဖြစ် လာပါရောလား။ ဘယ်လိုတုံ့ပြန်ရမှန်းမသိ။ လူကအားနာတာရော ရှက်ရွံ့မှုတွေပါစုပြုံ၍ ရင်ထဲမှာ ကတုန်ကယင်ဖြစ်လာတော့သည်။

"ဘယ်လိုလဲ. . . သမီးအတွက် ဘာများအခက်အခဲရှိလို့ လဲသမီး။ ပြောင်းရွှေ့ဖို့ခက်ခဲရင် အန်ကယ်. . . မောင်ခန့်ကို ကား ငှားတာကအစ စီစဉ်ခိုင်းလိုက်ပါ့မယ်"





"မဟုတ်. . . မဟုတ်ပါဘူး အန်ကယ်"

"ဒါဖြင့် သမီးဘာကိုတွေဝေနေရတာလဲ"

သူမ,မျက်လွှာကိုအသာချလိုက်ပြီး လက်ဝါးနှစ်ဖက်ကို ဆုပ်ထားမိတော့ ချွေးစီးတွေက အလိုလိုထွက်လာလေ၏။

"ဘာလဲ. . . တိုက်ခန်းငှားခပေးရမှာစိုးလို့လား။ ပေးစရာ မလိုပါဘူးသမီးရယ်။ အခန်းကို ဒီအတိုင်းပိတ်ထားတာထက် လူ နေတော့ အပျက်အစီးမရှိတော့ဘူးပေါ့သမီးရဲ့။ မဟုတ်ဘူးလား"

"ဟိုလေ. . . ကျွန်မ. . . အဆောင်မှာနေရင် မိန်းကလေး အဖော်တွေလည်းရှိမှာမို့ အဆောင်ပြောင်းနေဖို့ပဲဆုံးဖြတ်ထားလို့ ပါအန်ကယ်. . . အဲဒါ"

"ဟောဗျာ. . . သမီးက တစ်ယောက်တည်းနေရမှာကို စိုး ရိမ်နေတာလား။ ဖြစ်မှဖြစ်ရလေ. . . ဒီလောက်တော့ အန်ကယ် နားလည်ပါတယ်သမီးရယ်။ ဆွေမျိုးမောင်နှမမရှိရင် သူငယ်ချင်း တစ်ယောက်ယောက်ကိုဖြစ်ဖြစ် အတူလာနေခိုင်းပေါ့။ ဒါဆို သမီး အတွက် အဆင်ပြေသွားမှာပါ။ အန်ကယ်က အစစအရာရာ စဉ်း စားပြီးမှ သမီးအတွက် စီစဉ်ပေးတာနော်။ Don't worry, no problem"

ဦးစောလွင်က ခပ်ပြုံးပြုံးမျက်နှာဖြင့်ပြော၍ တီးတိုးရယ်

မောလိုက်သဖြင့် သူမသက်ပြင်းတစ်ချက်ကိုကျိတ်ချလိုက်ပြီး ပြုံးလိုက်မိ၏။ အစိုးရိမ်ပိုနေသည့်စိတ်တို့က အန်ကယ့်မျက်နှာမှ ပွင့်လင်းသည့်အပြုံးတို့ကြောင့် အလိုလိုငြိမ်းအေးသွားရချေပြီ။

"ကဲ... ပြောပါဦး၊ ဘယ့်နှယ့်ဒီလောက်ထိစဉ်းစားရကျပ်နေတာလဲ"

"ကျွန်မသူငယ်ချင်းနဲ့ တိုင်ပင်လိုက်ပါဦးမယ် အန်ကယ်၊ လောလောဆယ် ဒီလောက်ပဲပြောပါရစေ"

"နေဦး... သမီးကိုကြည့်ရတာ တစ်ခုခုကိုစိုးရိမ်ပြီး ဝေ့ဝေနေပုံပဲ။ သမီးသိထားဖို့က သမီးအပေါ်မှာ အန်ကယ်က တကယ့်သမီးရင်းလေးလိုသဘောထားပြီး အခုလိုစီစဉ်ပေးတာဆိုတာပါပဲ။ ဒီလိုအခွင့်အရေးမျိုးကို ဒီနေ့အထိ အန်ကယ့်ဝန်ထမ်းတွေ တစ်ဦးမှရခဲ့ဖူးတာ မရှိသေးဘူး။ သမီးကိုတော့ တကယ့်စေတနာမေတ္တာအရင်းခံနဲ့ စီစဉ်ပေးတာပါကွယ်။ စေတနာကိုအသိအမှတ်မပြုရင်တောင် နားလည်ပေးသင့်တာပေါ့"

"ကျွန်မတောင်းပန်ပါတယ် အန်ကယ်။ အန်ကယ်ထင်နေသလိုမျိုးမဟုတ်ရပါဘူး။ ကျွန်မသူငယ်ချင်းက ကျွန်မဘာပဲလုပ်လုပ် ဘာကိုပဲဆုံးဖြတ်ဆုံးဖြတ် သူ့ကိုတိုင်ပင်ပြီးမှလုပ်ပါလို့ ပြောထားလို့ပါ"





"ဪ... ဒါဆိုရင်လည်းပြီးတာပါပဲ။ ဒါပေမဲ့ အန်ကယ်ကတော့ ဘယ်လိုပြောရမလဲ...။ သမီးကို ဒီလိုတွေဝေတုံ့ဆိုင်းတဲ့ Chracter မျိုးကိုသိပ်မကြိုက်ဘူး။ အထူးသဖြင့် သူများဦးနှောက်နဲ့သူများဆုံးဖြတ်ချက်ကို လိုက်လျောမှီတွယ်တတ်တာမျိုးပေါ့။ အန်ကယ့်သဘောကတော့ ကိုယ်တိုင်ဆုံးဖြတ်တတ်တဲ့ဦးနှောက်မျိုးကိုပဲကြိုက်တယ်။ သမီးကို ထက်ထက်မြက်မြက်နဲ့ဖျတ်လတ်သွက်လက်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်မျိုးကို အချိန်တိုတိုနဲ့ ချမှတ်နိုင်စွမ်းရှိတဲ့စရိုက်မျိုးဖြစ်စေချင်တာ။ ခန့်ထားတဲ့ကုမ္ပဏီက secretary တွေထဲမှာ သမီးကို အထူးချွန်ဆုံး၊ အထက်မြက်ဆုံးဖြစ်စေချင်တယ်။ အဲဒါ အန်ကယ့်သဘောထားပဲ"

"ဟုတ်ကဲ့... ကျွန်မအတတ်နိုင်ဆုံးကြိုးစားပါ့မယ် အန်ကယ်။ အလုပ်နဲ့ပတ်သက်တဲ့အခါမျိုးမှာ အန်ကယ်လိုချင်တဲ့ပုံစံမျိုးဖြစ်စေရပါမယ်။ အခုဟာက ကျွန်မကို သူငယ်ချင်းက ကတိတောင်းထားပြီးသားမို့ ခုလိုကြန့်ကြာမှုတွေဖြစ်နေရတာပါ။ ကျွန်မစိတ်ထဲမှာ ဘာမှမရှုပ်ပါဘူးအန်ကယ်။ ကျွန်မအတွက် ဆုံးဖြတ်လိုက်တဲ့ ခပ်မြန်မြန်ဆုံးဖြတ်ချက်ကြောင့် ၁၀ နှစ်ကျော်တွယ်တာလာခဲ့တဲ့ သံယောဇဉ်ကြိုးကို မပြတ်တောက်စေချင်တဲ့ဆန္ဒကလွဲပြီး အမှားအားလုံးကင်းရှင်းတာအမှန်ပါပဲရှင်"

ဦးစောလွင်က ခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်သဖြင့် တအောင့်အကြာမှာ သူမနှုတ်ဆက်၍ ရုံးခန်းထဲမှ ထထွက်လာခဲ့ရသည်။ ညနေအလုပ်ဆင်းတော့ သင်းသင်းတို့ဘေးအိမ်မှဖုန်းဆက်ခေါ်လိုက်၏။

ခဏအကြာမှာ သင်းသင်းက ဖုန်းလာကိုင်လေသည်။

"ဟဲလို"

"သင်းသင်းလား. . . ငါပါ, မိမျို"

"ဩော်. . . မိမျိုလား။ ဘာအကြောင်းထူးရှိလို့လဲ ပြောလေ"

"နင်တိုင်ပင်လို့ပြောထားတဲ့ကိစ္စပဲ ငါပြောမလို့ပါ"

"ဟဲ့! ဘာတုန်း"

"ငါ့ကို အန်ကယ်က တိုက်ခန်းတစ်ခန်းမှာ ပေးနေလို့ နင်နဲ့တိုင်ပင်တာပဲ သင်းသင်းရဲ့"

"အမယ်လေးလေး. . . ငါထင်တော့ထင်သားပဲ။ နင်တော့ ကျားခံတွင်းဝရောက်နေပြီမိမျို။ နင်ခေါင်းညိတ်လိုက်ပြီလား။ ဒုက္ခပါပဲ။ နင်က နဂိုကမှ အားနာတတ်ပါဘိသနဲ့။ ဒုက္ခတွေတော့ရောက်ကုန်တော့မှာပဲမိမျိုရယ်"

"နင်ကလည်းဟယ်၊ အမြင်မစောပါနဲ့ဟဲ့။ ငါ အန်ကယ့်ကို ဘာမှအကြောင်းမပြန်သေးပါဘူး။ နင်ပြောထားဖူးလို့ ငါလန့်နေတာကို အန်ကယ်ရိပ်မိသွားတယ်ဟဲ့။ ငါ့ကိုတစ်ယောက်တည်းမနေခိုင်းပါဘူးတဲ့။ သူငယ်ချင်းတစ်ယောက်ယောက်ကို အဖော်ခေါ်ထားပေါ့လို့ပြောပါတယ် သင်းသင်းရယ်၊ သူ့သမီးရင်းလေးလိုသဘောထားပြီး စေတနာနဲ့စီစဉ်ပေးတာပါပြောတော့ ငါ့မှာ တော်တော်ရှက်နှာပူသွားမိတာအမှန်ပဲ။ ငါက နင်ပြောဖူးတာတွေကို နားရည်ဝနေတာကိုး။ အန်ကယ့်ကိုအားနာမိတာ မပြောပါနဲ့တော့ဟယ်"

"ဒီလိုဆိုရင်တော့ မဆိုးပါဘူး။ အားတော့သိပ်မနာနဲ့မိမျိုရေ၊ ကိုယ်ကကျူးကိုယ့်ဒူးတောင်မယုံနဲ့ဆိုတဲ့စကားကို နင်မေ့မထားနဲ့မရဲ့။ တော်ကြာ အားနာတယ်ပြောပြီး လူပါအဆစ်ပါသွားမှ၊ ဟွန်း. . . ငါသိပ်မပြောချင်ဘူး"

"ဒါဖြင့် ငါဘယ်လိုအကြောင်းပြန်လိုက်ရမလဲဟင်"

"သူ့တိုက်ခန်းက လခဘယ်လောက်လဲ"

"ဘယ်လောက်မှမပေးရဘူး"

"ဟဲ့. . . နင့်ဟာက ဟုတ်ရောဟုတ်ရဲ့လား မိမျိုရယ်၊ ဒီခေတ်ကြီးမှာ တိုက်ခန်းငှားခက သိန်းဂဏန်းရှိတာနော်၊ ကြည့်လုပ်ဦး"

"ဩော်. . . အဟုတ်ပြောနေတာပါသင်းသင်းရဲ့၊ သူ့ဝမ်း

ကွဲညီမိသားစု Australia ထွက်သွားလို့ ဒီအတိုင်းအလကားပိတ်ထား ရမယ့်အတူတူ ငါ့ကိုပေးနေတာလို့ပြောတယ်"

"ဟုတ်လား"

"အင်း. . . အဆောင်မှာ လူများ. . . ပြဿနာများရမယ် အချက်တွေရယ်၊ စည်းကမ်းကိစ္စရပ်တွေရယ်၊ စားစရိတ်ငွေကြေး တွေရယ် တော်တော်သက်သာမှာကိုတော့ ငါစဉ်းစားမိတယ်ဟ"

"နှင်နေချင်တဲ့ဆန္ဒရှိနေပြီပေါ့လေ"

"နှင်လိုက်နေမယ်ဆိုမှဖြစ်မှာပါ သင်းသင်းရယ်။ ငါတစ် ယောက်တည်းတော့ ဘယ်နေရဲမှာလဲ"

"အေးလေ. . . ဒါဆိုရင် လက်ခံလိုက်ပါ။ ငါလိုက်နေမှ ဖြစ်ပါတယ်။ မြို့ထဲဆိုတော့ ငါ့အလုပ်လည်း သွားရတာအဆင်ပြေ တာပေါ့။ နှင်ခေါင်းညိတ်လိုက်တော့"

"ကျေးဇူးပါပဲ သင်းသင်းရယ်"

"ဟဲ့. . . ဒီစကား ငါကပြောရမှာလေ။ ငါက နင့်နောက် လိုက်ကပ်ပြီးနေရမှာ။ စဉ်းစားပြီးမှပြော"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်၊ နှင်ငါနဲ့အတူနေမယ်ဆိုတာနဲ့ ငါ ဝမ်းသာလှပါပြီ။ ဒါဖြင့်. . . ငါ ဖုန်းချပြီနော်"

"အေး. . . ဒါပဲ"





သူမ,ဖုန်းကိုချလိုက်ပြီး စတိုးဆိုင်ထဲမှလှမ်းထွက်လာခဲ့၏။ ...ဖြတ်ချက်မှားသလား၊ မှန်သလားဆိုသည့်ကိစ္စကို ထိုစဉ်က သူမ ...ဉ်းစားမိခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။ ကံကြမ္မာဆိုသည်မှာ ...ကြိုတင်မှန်းဆ၍ မြင်နိုင်သည့်အရာမှမဟုတ်ခဲ့ချေဘဲ။

တစ်ပတ်အတွင်း ကိုခန့်ထည်အစီအစဉ်ဖြင့် တိုက်ခန်းသို့ ...ရွှေ့ခဲ့ကြ၏။ တိုက်ခန်းသော့ကို နှစ်ချောင်းလုပ်၍ သူမနှင့်သင်း ...သင်း ခွဲယူထားလေသည်။ အများအားဖြင့် ည ၉ နာရီနောက်ပိုင်း ...မှ ပြန်ရောက်သူမှာ သူမသာလျှင်ဖြစ်ပေ၏။

OT ဆင်းရသည့်ညများ၊ မကြာခဏခရီးထွက်ရသည့်ရက် ...များ၊ မလွှဲသာမရှောင်သာ၍ တက်ရသည့်ပါတီပွဲများစွာကို ဆင်နွှဲ ...ရင်း အသူရာတမျှနက်ရှိုင်းလှသည့်ချောက်နက်ခမ်းဝသို့ တဖြည်း ...ဖြည်းချင်းလျှောက်လာနေမိသည့်သူမ၏ခြေလှမ်းတို့နှင့် အန္တရာယ် ...ကို ကြိုမမြင်တွေ့ခဲ့သည်မှာ သူမ၏ဘဝကြီးတစ်ခုလုံးကို အမှောင်ချ ...ခဲ့ရမယ့်ကံတရားအား ဂရုမပြုမိခဲ့ခြင်းပင်ဖြစ်ပေသည်။

ဩော်. . . ဒီလိုမှန်းသာသိခဲ့ရင် ဒီကုမ္ပဏီမှာ၊ ဒီတိုက်ခန်း ...မှာ ဒီပါတီပွဲတွေမှာ သူမ,မလုပ်ခဲ့၊ မနေခဲ့၊ မတက်ခဲ့မိမှာအမှန် ...ပင်။

လောကမှာ ဘယ်တော့မှပြင်၍မရနိုင်တော့သည့်အမှိုက်

တကာ့အမိုက်မှောင်ဆုံးသောတွင်းနက်ကြီးထဲသို့ သူမချော်ကျခဲ့သည်မှာ. . .



## အခန်း ( ၁၈ )

"မောင်...

လေး, အခု အလုပ်ကပေးတဲ့တိုက်ခန်းမှာ သင်းသင်းနဲ့အတူ တူနေ,နေပါတယ်။ အဆောင်ခလည်းမကုန်ရတော့ ငွေတော်တော်စုမိနေပြီ။ အလုပ်လည်းအဆင်ပြေပါတယ်။ စိတ်လည်းချမ်းသာတယ်။ ကျန်းမာရေးလည်းကောင်းတယ်။ နောက်နှစ်...မောင် ဒီကိုလာတော့မှပဲ လေးတို့ အနာဂတ်အတွက် တိုင်ပင်ကြတာပေါ့နော်။

မောင်ကျန်းမာပျော်ရွှင်ပါစေလို့

မောင့်ရဲ့-

ချစ်သောလေး

(ဖျှိုလေးခင်)"

"မောင်...

နှမ်းကြွေသွားတဲ့ပန်းပွင့်လေးတွေကို ဘယ်လိုလူကမှ တယု တယနဲ့ကောက်ယူထွေးပွေ့မှာမဟုတ်ပါဘူး။ မောင်နဲ့မထိုက်တန်တော့ တဲ့ဘဝမှာ လေး,အသက်ရှင်ရပ်တည်နေလို့လည်းအဖိုးပါပဲ။ မောင့်အပေါ် မှာ သစ္စာမရှိဘူးဆိုပြီး လေးအပေါ်စိတ်မနာပါနဲ့လို့ တောင်းပန်ရင်းကလွဲ ပြီး လေးမှာဘာမှပြောစရာမရှိတော့ပါဘူး။ မောင့်အပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်သွားတဲ့ချစ်သူဘဝကို နောက်ဘဝမှပဲ လေး,ပေးပါရစေတော့လို့...

တစ်ခါက,လေး"



အဆုံး...





## အခန်း ( ၁၉ )

အသစ်လဲထားပြီးသားကားကို platform ဘေးမှာကပ်ရပ်၍ သော့ခတ်လိုက်၏။ နာရီကိုငုံ့ကြည့်လိုက်စဉ် ညနေလေးနာရီခွဲရှိနေပြီ။ သင်တန်းဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်လိုက်ရင်း လှေကားထစ်တွေကို ခပ်သွက်သွက်တက်လာခဲ့၏။

ကျုပ်ခြေလှမ်းတွေကိုစိပ်ပြီ ဦးစောလွင်။ သက်ရောက်မှုဆိုင်းမှာ တန်ပြန်သက် ရောက်မှုရှိစမြဲဆိုတဲ့ နယူတန်ရဲ့နိယာမကို ခင်ဗျားမှတ်မိပါရဲ့လား။ ကျုပ်တို့နှစ်ဦးကြားမှာ မြေစာပင်ဖြစ်ရမယ့် ကောင်မလေးကိုတော့ အပြစ်မဲ့သူလေးမို့သနားမိပါရဲ့။ ဒါပေမဲ့. . .

ဆီးညိုရောင်မှန်ကာထားသည့်ခန်းမထဲကို လှမ်းကြည့်

လိုက်တော့ ကောင်မလေးက သင်ခန်းစာထဲမှာ စိတ်ဝင်စားနေ၍ ထင့်။ ဆရာရှင်းပြနေသည်ကို မေးလေးထောက်၍ ငေးကြည့်နေပုံလေးက အရုပ်လေးတစ်ရုပ်ချထားသည့်နှယ်အသက်ဝင်လှ၏။

ဘေးတိုက်မြင်နေရသည်မို့ မျက်တောင်ကော့လေးများ နှာတံစင်းစင်း၊ နှုတ်ခမ်းဖူးဖူးလေးတွေက ထင်းခနဲလှပလွန်းနေသည်။ ဆံပင်ပျော့ပျော့လေးတွေကို မြင့်မြင့်လေးစည်းနှောင်ထားသည်မို့ လည်တိုင်ကျော့ကျော့လေးကို အသည်းယားစဖွယ်မြင်နေရလေ၏။ ဩော်. . . ငယ်ရွယ်လွန်းသူမို့ ငယ်သွေးတွေကြွယ်လွန်းနေသည်ကိုး. . .။

တစိုက်မတ်မတ်ငေးနေမိစဉ် ဖျတ်ခနဲလှည့်ကြည့်လိုက်သည့်မျက်နှာ၊ လက်ခနဲတောက်ပသွားသည့်မျက်ဝန်း၊ ဖူးခနဲပွင့်အာလာသည့် နှင်းဆီငုံနှုတ်ခမ်းအစုံကြောင့် သူပြုံးလိုက်မိ၏။ မဆိုးပါဘူး. . .။ သူ့ညို့ကြည့်တစ်ချက်က ကောင်မလေးရဲ့စိတ်ကိုဆွဲဆောင်နိုင်သားပဲ။

တအောင့်အကြာမှာ သင်တန်းဆင်းပြီမို့ သင်တန်းသားသင်တန်းသူတွေ ထထွက်လာကြ၏။ ကောင်မလေးက သူငယ်ချင်းနှစ်ဦးကို ဘာလှည့်ပြောလိုက်မှန်းမသိပြောလိုက်ပြီး သူရှိရာဆီ ခပ်သွက်သွက်လှမ်း၍ထွက်လာလေသည်။ Quater Pants အနက်ပေါ်





မှာ T - shirt အဖြူလေးဝတ်ထားပြီး ကျောပေါ်မှာကျောပိုးအိတ်သွားညိုရောင်လေးကိုလွယ်ထားလေ၏။ ခြေထောက်မှာက ကြိုးမျှင်မျှင်လေးတွေ ရစ်ပတ်ချည်နှောင်ထားသည့်ကြိုးသိုင်းဖိနပ်လေး ဝတ်ထားလေသည်။

"ကိုကြီး. . . ဘယ်ကိုလာတာလဲဟင်"

"ဒီကိုပဲပေါ့"

"ဘယ်သူ့ဆီကိုလာတာလဲ။ လမ်းကြုံလို့ဝင်လာတာလား"

"အမှန်အတိုင်းပြောရမှာလား"

"အင်း. . . ပြောပေါ့"

အနောက်မှ ဝတ်ရည်နှင့်ကေကေရောက်လာတာမို့ ပြောလက်စ,စကားကိုရပ်ထားလိုက်ပြီး သူဟက်ခနဲရယ်လိုက်မိ၏။

"ပြောလေ"

"နောက်မှ"

"နှောင်းငယ်. . . နင်ငါတို့နဲ့ဈေးလိုက်မှာဆို စိတ်ပြောင်းပြီလား"

သူမဘာမှပြန်မပြောဘဲ သူ့ကိုမော့ကြည့်လိုက်မိ၏။

သူငယ်ချင်းတွေနှင့် shopping ထွက်ချင်တာထက် သူနှင့်စကားတွေသာ ထိုင်ပြောချင်နေသည့်အာသီသက စိတ်ထဲမှာထိန်း

ချုပ်မရ။ ရော်. . . ခက်ပဲခက်ရချည်ရဲ့။

"ဩော်. . . နှောင်းလေးက ကေကေတို့နဲ့ဈေးလိုက်ဖို့အစ်

အစဉ်ဆွဲထားပြီးသားလား"

"ဟုတ်တယ်"

"ဒီလိုမှန်းသိရင် ကိုယ်မလာမိပါဘူး။ ခုတော့"

"ကိုကြီးက ဘယ်သွားမလို့လဲဟင်"

"နှောင်းလေးနဲ့တွေ့ချင်လို့ တမင်လာခဲ့တာလေ"

သူမမျက်နှာထက်မှ ကျေနပ်ပြုံးကို ရိပ်ခနဲတွေ့လိုက်ရပြီး

သူငယ်ချင်းတွေကို လှည့်ပြောလိုက်လေ၏။

"ကေကေ. . . နှောင်းမလိုက်တော့ဘူး"

"ဟယ်. . . အန်တီထားက ငါတို့ကိုသေချာမှာလိုက်တာ

နော်. . . နှင်"

"ကိုကြီးပြန်လိုက်ပို့ပေးမှာပေါ့ဟဲ့။ ပူမနေပါနဲ့"

"ဟဲ့. . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . လမ်းထိပ်ထိပို့ပေးရင် ပြီးတာပဲဟာ"

ကလေးမလေးနှစ်ယောက်က ဇဝေဇဝါမျက်နှာဖြင့် သူ့ကို

မော့ကြည့်လာလေ၏၊ သူပြုံးချင်ချင်ဖြစ်နေသည့်မျက်နှာကို မနည်း

တည်လိုက်ရလေသည်။





"ကေကေတို့သူငယ်ချင်းကို မုန့်ဝယ်ကျွေးပြီး ပြောစရာရှိ

တာပြော။ ပြီးရင်ပြန်လိုက်ပို့ပေးမှာပါ။ သိပ်မကြာပါဘူး"

"အင်း"

ဝတ်ရည်က သူမနားနားသို့ကပ်၍ တီးတိုးပြောလိုက်တော့

သူမ လှစ်ခနဲပြုံးလိုက်သည်ကို သူတွေ့လိုက်ပါ၏။ ကေကေတို့ထွက်

သွားပြီးမှ သူမ, သူ့ကိုပြန်ကြည့်လေသည်။

"ခုန ဝတ်ရည်ဘာပြောသွားတာလဲ"

"အလကားပါ၊ ဘာမှမဟုတ်ပါဘူး"

"ဟုတ်လို့လား. . . ကိုယ့်အကြောင်းပြောသွားတာတော့

မဟုတ်လောက်ပါဘူးနော်"

သူမမျက်နှာလေး ပြုံးစိစိဖြစ်သွားတာမို့ သူက ချစ်စနိုးဖြင့်

ခေါင်းကိုခပ်ဖွဖွလေးထုလိုက်မိ၏။

"အား. . . နာတယ်၊ ကိုကြီးကလည်း"

"ဘာလို့ကျိတ်ပြုံးနေတာလဲ"

"နောက်မှ"

"ဟော. . . ဒါက လက်စားချေတာပေါ့လေ"

နှစ်ဦးသား တီးတိုးရယ်မောလိုက်မိကြ၏။ ကားတံခါးကို

ဖွင့်ပေးလိုက်ပြီး ခပ်မှန်မှန်မောင်းထွက်လာခဲ့သည်။

"ပြော. . . နှောင်းလေး ဘာစားချင်လဲ"

"ကိုကြီးက နှောင်းစားချင်တာကို တကယ်ကျွေးမှာမို့လို့လား"

"ကျွေးမှာပေါ့"

"ဒါဖြင့် မုန့်ဟင်းခါးစားချင်တယ်"

"OK ကိုယ်လိုက်ကျွေးမယ်။ ဒါပေမဲ့. . . စားပြီးရင်တော့ ဆေးသောက်ရမယ်နော်"

"ဟင်! ဘာလို့လဲ"

"ဟုတ်တယ်လေ. . . နှောင်းလေးက ဒါမျိုးအစာတွေစားလေ့ရှိတာမှမဟုတ်ဘဲ။ ဗိုက်က ကျင့်သားမရသေးရင် နာတတ်တယ်။ စားချင်ရင် ဆေးသောက်ရမယ်။ ဆေးမသောက်ချင်ရင် တခြားဟာစား. . . ဒါပဲ"

"ဟင်. . . မုန့်ဟင်းခါးလေးစားရဖို့အရေး ဆေးကသောက်ရဦးမယ်၊ စိတ်ညစ်စရာကြီး. . . အိမ်မှာလည်း တစ်နေ့တစ်နေ့ သောက်လိုက်ရတဲ့ဆေးတွေ။ အားဆေးတွေရော၊ ဗိုက်တာမင်တွေရော၊ ငါးကြီးဆီရော. . . စုံနေတာပဲ။ လူလည်း လူသက်မရှိ၊ ဆေးသက်ပဲရှိတော့တယ်၊ အဟုတ်. . . "

"ဟင်းဟင်း. . . နှောင်းလေးရဲ့မေမေက နှောင်းလေးကို





ချစ်တစိုက်နဲ့ကြင်နာတတာလေကွာ။ အဲဒီလိုချေးမများရဘူး"

"ဟင့်အင်း. . . နှောင်းတော့ ကိုကြီးထင်သလိုမထင်ပါဘူး။ မေမေက. . . နှောင်းကို လှောင်အိမ်ထဲထည့်ပိတ်ထားတဲ့ငှက်ကလေးလိုမျိုးထားတာကိုကြီးရဲ့။ ဒီလိုလွတ်လွတ်လပ်လပ်သွားဖို့လေးတောင်မှ မေမေ့ဆီမှာ ခွင့်တောင်းပြီးမှရတာ။ နှောင်းဘဝမှာ နှောင်းစိတ်နဲ့နှောင်းကိုယ် ဘာမှလုပ်ပိုင်ခွင့်ရခဲ့တာမရှိခဲ့ဘူး။ အားလုံး. . . ဘွားအလိုကျ၊ မေမေ့အလိုကျနဲ့ချည်းနေခဲ့ရတာ ကိုကြီးရဲ့။ နှောင်းကိုအလိုလိုက်တဲ့လူဆိုလို့. . . တစ်ယောက်မှမရှိတာအမှန်ပဲ"

"သေချာလို့လားချာတိတ်ရဲ့။ မင်းရဲ့ဖေကြီးကို ဘယ်ချောင်မှာသွားထားထားသလဲ"

"ဟင်! ကိုကြီးက ဖေကြီးကိုသိလို့လား"

"သိတာပေါ့"

"ရင်းရင်းနှီးနှီးသိတာလား"

"ရင်းရင်းနှီးနှီးကြီးကိုသိတာ"

သူ့အပြောကြောင့် ချာတိတ်မလေးက သဘောတကျရယ်မောလိုက်လေ၏။ ခပ်သန့်သန့်ဆိုင်တစ်ခုရှေ့မှာ ကားရပ်၍ သူအရင်ဆင်းလိုက်သည်။ သူမဘက်တံခါးကိုဆွဲဖွင့်ကာ လက်ကမ်း

ပေးလိုက်တော့ သူမကပြုံးရွှင်သည့်မျက်နှာဖြင့် သူ့လက်ထဲသို့ သူ၏လက်သွယ်သွယ်လေးကိုထည့်ပေးကာ ကားပေါ်မှခုန်ဆင်းလိုက်လေ၏။

ဆိုင်က ဆိုင်ကြီးမို့ သန့်ရှင်းသပ်ရပ်ကာ လူလည်း အနည်းငယ်သာရှိလေသည်။ မုန့်ဟင်းခါးနှစ်ပွဲမှာလိုက်ပြီး ထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်ကြ၏။ သေးသွယ်လွန်းပါသည့် သူမ၏လက်ကလေးကို ယခုတိုင် သူလွှတ်မပေးမိပေ။

လေးရဲ့လက်လေးတွေက ပြည့်ပြည့်ဖောင်းဖောင်းလေးနှင့်သွယ်၍လှသော်လည်း သူမလက်ချောင်းလေးတွေက ပိန်ပိန်ရှည်ရှည်လေးဖြစ်နေသယောင်။ ကြည့်စမ်း! ဘာဖြစ်လို့များ သူ့ရဲ့လေးနဲ့ သူမကိုနှိုင်းယှဉ်နေမိတာပါလိမ့်။

မှာထားသည့်မုန့်ပွဲတွေရောက်လာတော့ သူက နံနံပင်အနည်းငယ်စီထည့်လိုက်ပြီး နှောင်းရှေ့သို့ တစ်ပန်းကန်ရွှေ့၍ပေးလိုက်၏။ ဘူးသီးကြော်၊ ပဲကြော်၊ ငါးဖယ်နှင့် အိုးဘဲဥပြုတ်တွေ ဖွေးဖွေးလှုပ်နေသည့်မုန့်ပွဲက စားချင်စဖွယ်။

"ကဲ. . . စား၊ ဝတ်ရည်ဘာပြောသွားလဲဆိုတာ ရှင်းဦး"

"ဟင်းဟင်း. . . ဝတ်ရည်က ကိုကြီးဘာပြောပြော သူ့ကိုပြန်ပြောပြရမယ်တဲ့"





"ဟာ. . . ဒီလိုကြီးလား။ ချာတိတ်ကရော ကိုယ်ပြောသမျှ အကုန်ပြန်ပြောမှာပဲလား"

သူမ,ခဏမျှငြိမ်ကျသွားရင်း မုန့်ပွဲကို ဇွန်းဖြင့်မွှေနှောက်နေမိသည်။ ခက်တာပဲ. . . သူကဘာပြောမယ်မှန်းမသိ။ ဝတ်ရည်တို့ကိုပြန်ပြောစရာလား။ တော်ကြာ. . . မပြောသင့်မပြောအပ်တဲ့စကားမျိုးဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ။ ရှက်စရာကြီးနော်။

အတွေးဖြင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားသည်ကို သူမြင်ဖြစ်အောင်မြင်လိုက်ပါ၏။ ခက်တာပဲ။ ဒီကောင်မလေး ဘာတွေအတွေးလွန်နေပြီလဲမသိ။

"ဟောဗျာ. . .၊ မေးနေတာကိုမဖြေဘဲ ငြိမ်နေရလား ချာတိတ်လေးရဲ့"

"ကိုကြီးကလည်းနော် နှောင်းကိုနှောင်းလို့ပဲ နာမည်ခေါ်ပါ။ ချာတိတ်. . . ချာတိတ်လို့မခေါ်ပါနဲ့။ အဲဒီလိုခေါ်ရင် နှောင်းကိုနှိမ်သလိုချည်းခံစားရတယ်။ နှောင်းက အလိုလိုနေရင်း ပိစိလေးဖြစ်ပြီး သိမ်ငယ်သွားရသလိုပဲ"

"အခုရော. . . နှောင်းက ပိစိလေးမဟုတ်လို့လားကွ"

သူမထံမှ မျက်စောင်းတစ်ပွင့် သူ့ထံခုန်ထွက်လာတော့ ခုန့်စားနေရင်းမှ သူပြုံးလိုက်မိ၏။ မိန်းကလေးတွေများ စိတ်

ကောက်ချင်ပြီဆိုရင် မျက်စောင်းက ရှေ့ပြေးအရင်ပို့လိုက်တာ လား။

"မသိဘူး. . . မကြိုက်လို့မခေါ်ခိုင်းတာ မခေါ်နဲ့ဆိုနေမှ"

"ဒုက္ခပဲ. . . ကိုယ်က နှောင်းထက်အသက်အများကြီး ကြီးတာလေ"

"ဟင့်အင်း. . . မရဘူး။ မခေါ်နဲ့ဆိုမှကွာ"

"ရော်. . . ပြဿနာပဲ။ ကိုယ်က စိတ်ကူးတွေယဉ်ပြီး ဘယ်သူမှမသိအောင် ကျိတ်ခေါ်နေမိတာကွ"

"ဟင်! ဘယ်လိုခေါ်ထားလို့လဲ"

"သိချင်လား"

"အင်းပေါ့"

"ကလေးလေးလို့"

သူမ,သူ့ကို ဖျတ်ခနဲကြည့်လိုက်ပြီး ခေါင်းကအလိုလိုငုံ့ကျသွားလေ၏။ စားပွဲပေါ်ရှိ တစ်သျှူးဘူးလေးကို စိုက်ကြည့်နေလျှင်မှ ရင်ခုန်သံတွေတဒုတ်ဒုတ်မြန်လာကာ ခြေဖျားလက်ဖျားလေးတွေ အလိုလိုအေးစက်လာလေသည်။

"ပြောပါဦး. . . ကိုယ်ခေါ်ရမှာလား"

". . ."





"နှောင်း. . . ကိုယ်က နှောင်းရဲ့ အသက်ဆိုင်ဆုံးလူတစ်ယောက်ဖြစ်ချင်တယ်"

ဒုတိယမ္ပိမျက်စောင်းတစ်ပွင့် ထပ်မံရောက်လာ၏။ မုန့်ပွဲတစ်ဝက်ကျော်ကျော်မှာ ဆက်မစားဖြစ်တော့ဘဲ စကားတွေကိုသာ ဆက်ပြောနေဖြစ်ကြသည်။ ညနေစောင်းနေက လိမ္မော်ရောင်သွေးနေလေပြီ။

"ဖြစ်ချင်လို့ရမလား။ နာမည်ရင်းကိုတောင်မှ သေချာမသိရသေးဘဲ၊ မုန့်လိုက်စားတာတောင် လွန်လှပြီ"

"ဟင်းဟင်း. . . နာမည်က အရေးကြီးလို့လား နှောင်းရဲ့"

"တခြားလူတွေအတွက် အရေးမကြီးပေမယ့်. . . နှောင်းအတွက်တော့ အရေးကြီးတယ်။ တော်ကြာ နှောင်းနဲ့တွဲနေတဲ့လူက ဘယ်သူလဲလို့မေးလာကြရင် နှောင်းဘယ်လိုပြန်ဖြေရမလဲ။ ကဲ"

စကားထဲမှာ အဖြေပါလာပြီမို့ သူဟက်ခနဲရယ်ချလိုက်မိ၏။ တကယ့်ကိုမာယာမပါသည့် simple လေးပါလား နှောင်းရယ်။

"ဒါကတော့ နှောင်းက တရားဝင်ရင်းနှီးခွင့်ပေးပြီဆိုရင် ကိုယ့်အကြောင်းတွေကို တစ်ခုချင်းပြောပြမှာပေါ့။ ဘာမှမဖြစ်ဘဲနဲ့တော့ ပြောပြဖို့အစီအစဉ်မရှိ"

"ဟွန်း. . . ပြောပုံကိုက အပိုင်ပဲ။ မုန်းဖို့ကောင်းလိုက်

တာနော်"

"ဟုတ်လို့လား. . . ကိုယ့်ကို ဘယ်ကောင်မလေးကမှ မုန်းစရာကြီးလို့မရေရွတ်ခဲ့ဖူးပါဘူး"

"ကြည့်. . . စကားထဲက ဇာတိပြလာပြီ။ သိပါတယ်နော် ကိုကြီးပုံစံကိုမြင်ကတည်းက ပျိုတိုင်းကြိုက်မယ့် နှင်းဆီခိုင်ကြီးဖြစ်မှန်း. . . ဟင်း"

"ဟင်းဟင်း. . . ကိုယ်က အဲဒီနှင်းဆီခိုင်ကြီးကို ဘယ်မိန်းကလေးရဲ့လက်ထဲကိုမှ မထည့်ပေးဖူးသေးပါဘူး"

"မယုံရေးချမယုံပေါင်"

"အင်း. . . ဒါကြောင့် ကိုယ်မပြောချင်တာ။ ကိုယ်ပြောတဲ့စကားဆို ဘာတစ်ခုမှစိတ်ချယုံကြည်ရဲကြတာမဟုတ်ဘူး။ အထူးသဖြင့် မိန်းမချောလေးတွေကပေါ့"

သူမမျက်ဝန်းများမှ အထိတ်တလန့်အကြည့်တွေကို ရိပ်ခနဲသူမြင်လိုက်ပါ၏။ အမှန်အတိုင်းပြောပြန်တော့လည်း မင်းမယုံရဲပြန်ဘူးမဟုတ်လား ရှင်နှောင်းငယ်ရယ်။

"ဟင်! ကိုကြီးက ညာပြောတတ်တယ်ပေါ့လေ"

"ဒါပေါ့"

"ဒါဖြင့်. . . နှောင်းကိုရော"





"ချင့်ချိန်ပြီးယုံပေါ့ နှောင်းရဲ့။ ကိုယ်က မကြာခဏ ညာပြောတတ်တာအကျင့်လိုဖြစ်နေပြီ။ ဥပမာ. . . ကောင်မလေးလှလှလေးတွေနဲ့တွဲခွင့်ရဖို့ သူတို့နှစ်သက်တဲ့စကားတွေကို လွှတ်ခနဲပြောတတ်တယ်။ ချစ်တယ်. . . ဘာညာပေါ့"

"ဟင်! ကိုကြီးက မျက်နှာသိပ်များတာအမှန်ပဲပေါ့"

"အင်း, ဒီကိစ္စတွေ ဒီနေ့အထိ ကိုယ် ဘယ်သူ့ကိုမှဝန်မခံခဲ့ဖူးသေးဘူး။ အဲဒါအမှန်ပဲ"

"ဒုက္ခပါပဲ. . . နှောင်းက ကိုကြီးကိုလေးနက်တဲ့စကားတွေပဲပြောစေချင်တာ။ ပြီးတော့ နှောင်းကိုလည်း အလေးအနက်ရှိစေချင်တာ။ ဒီလိုပေါ့ပျက်ပျက်စကားတွေနဲ့ ပြောဆိုသိမ်းသွင်းပြီး အချိန်တန်တော့ ချောင်ထဲမှာ ပစ်ထားတတ်တဲ့ ယောကျ်ားမျိုးထဲမှာ ကိုကြီးကို နှောင်း မပါစေချင်ဘူး"

"အဲဒါတကယ်ပေါ့. . . ဟုတ်လား"

"ကိုကြီးက စဉ်းစားချင့်ချိန်တတ်တဲ့အရွယ်ပဲဟာ"

"ဟင်းဟင်း. . . ဟုတ်ပါပြီကွာ။ ကဲ. . . ကိုယ်ကတိပေးပါတယ်။ နှောင်းတစ်ဦးတည်းအပေါ်မှာ ထားရှိတဲ့ကတိပါ။ နှောင်းကို အဲဒီမိန်းကလေးတွေနဲ့မတူတဲ့လေးနက်မှုနဲ့ သီးခြား excellent ကွာ. . . ကျေနပ်ပြီလား"

"ဒီစကားကိုရော ယုံရမှာလား"

"နေသွေးနီရဲ့နှလုံးသားထဲကစကားကို ရှင်နှောင်းငယ်ရဲ့ ရင်ဘတ်ထဲကနေ စစ်မှန်စွာယုံကြည်ပေးပါလို့ အလေးအနက်ပြော ပါရစေ"

သူ့စကားအဆုံးမှာ ဖျတ်ခနဲဆုပ်ကိုင်လိုက်သည့် အေးစက် စက်လက်လေး၏နွေးထွေးသွားမှုနှင့် အတူမျက်နှာနှင့်နားရွက်ဖျား လေးတွေ ရဲတွတ်သွားသည့်အသိကို ကြည်နူးစွာရရှိလိုက်ရလေ၏။

ဩော်. . . နှောင်းရဲ့ကိုကြီးရယ်။



အခန်း ( ၂၀ )

ဦးစောလွင်ခေါ် သဖြင့် ရုံးခန်းသို့ သူ့ရောက်လာခဲ့ပါ၏။ မျက်စိမျက်နှာအကြီးအကျယ်ပျက်နေသည့် အဘိုးကြီးရှေ့မှာ သူ ကွန္ဒြေမပျက် ဝင်ထိုင်လိုက်ပါသည်။

"ပြဿနာကတော့ အကြီးအကျယ်ဖြစ်ပြီ မောင်နေသွေး ရေ"

"ဘာကိုလဲ အန်ကယ်"

"ရောဘတ်ကို မိသွားပြီ။ လေလံပွဲမှာ မင်းနာမည်ပေါက် တဲ့ပစ္စည်းမို့ မကြာခင် သူတို့လာကြလိမ့်မယ်။ ဘယ်လိုလုပ်ကြမလဲ၊ မင်းသာ တစ်စုံတစ်ခုဖြစ်ရင် အန်ကယ်တော့ လက်ပြတ်ပြီ။ စဉ်းစား

ကြည့်ပါဦး"

"ဘာကို ဒီလောက်စိုးရိမ်နေရတာလဲ အန်ကယ်။ ကိစ္စမရှိပါဘူး"

ဦးစောလွင် မျက်လုံးပြူးကြီးဖြင့် သူ့ကိုကြည့်နေပါ၏။ ရဲတွေက ဒီကိစ္စဖြင့် သူ့ကိုလာစစ်ပြီးဖမ်းရင် ကွဲခနဲမိတော့မှာလေ။ ဒါကို သူက သွေးအေးစွာပြောနေတာမို့ အံ့ဩစရာဖြစ်နေတာ မဆန်းပါဘူး။

"မောင်နေသွေး. . . မင်းပစ္စည်းဆိုတာကို တရားဝင်သိထားတာနော်။ အချိန်မရွေးဖမ်းလို့ရတာကို မင်းသိရဲ့လား"

"ကျွန်တော် သိပါတယ်"

"ဟော! "

သူပြုံးလိုက်မိ၏။ အိတ်ကပ်ထဲမှ ဘူးကိုထုတ်ကာ ဦးစောလွင်ရှေ့ စားပွဲပေါ်မှာ အသာဖွင့်ပြလိုက်ပါသည်။ မျက်စိရှေ့မှာ အပြာရောင်သွေးနေသည့် စိန်အရောင်က တလက်လက်တောက်ပနေလေ၏။ တအံ့တဩမျက်နှာဖြင့် သူ့ကိုကြည့်လာသည့် ဦးစောလွင်၏အကြည့်စူးတို့ကို ခပ်ပြုံးပြုံးဖြင့် သူ့တုံ့ပြန်လိုက်ပါသည်။

"ဒါ. . . ဒါ"

"ဟုတ်ပါတယ်။ အန်ကယ့်ပစ္စည်းအစစ်ပါပဲ"





"မင်းဘယ်လိုရလာတာလဲ"

"အန်ကယ် မျက်စိလည်သွားမယ်ထင်ပါရဲ့။ ဒီပစ္စည်းကို ကျွန်တော်, ရောဘတ်ကိုမပေးလိုက်ပါဘူး"

"ဘယ်လို! ရောဘတ်ပြောတော့. . ."

"ဟုတ်ပါတယ်။ အဲဒီအောက်လမ်းမှာ လမ်းကြောင်းရှိတယ်ဆိုလို့ သိပ်စိတ်မချတာနဲ့ လဲပေးလိုက်တာပါ။ ထင်တဲ့အတိုင်း ကွက်တိဖြစ်နေတာပဲ"

"အံ့ဩစရာပဲ. . . မောင်နေသွေး။ မင်းကိုတော့ အန်ကယ် လျှော့တွက်လို့မရပါလား"

"ဒီပစ္စည်းကို ဒီမှာပဲ ကျွန်တော်ဖျောပေးပါ့မယ် အန်ကယ်။ အသိနဲ့ချိတ်ပေးမှာပါ။ အနည်းဆုံး သုံးထောင့်ငါးရာဝန်းကျင်ထိ ရအောင် လုပ်ပေးပါ့မယ်။ အန်ကယ်ဘယ်လိုသဘောရပါသလဲ"

ဦးစောလွင် ခေါင်းကို ဆတ်ခနဲညိတ်လိုက်လေ၏။ သက်ပြင်းချလိုက်ဟန်က အခုမှစိတ်အေးသွားသည့်နှယ်။ ဟုတ်တာပေါ့။ တခြားအရာတွေထက် ဒီပစ္စည်းက အချိုကြီးမဟုတ်ပါလား။

"ကောင်းပြီလေ၊ မင်းသဘောပါပဲ မောင်နေသွေး။ ဒီကိစ္စပြေလည်ရင် မင်းကို (40) percent ပေးမှာပါ"

"Thanks Uncle. . . ဒါဖြင့် ကျွန်တော် ဒါကိုပြန်ယူသွား

တော့မယ်။ သက်ဆိုင်ရာက လာစစ်ရင် အဆင်သင့်ထုတ်ပြနိုင်အောင်လို့ပါ"

"Ok. . . see you . . . နေသွေး"

"ဟုတ်ကဲ့ အန်ကယ်"

Hand Phone မြည်သံကြောင့် Phone ကို ဦးစောလွင်ဖွင့်လိုက်ပါ၏။ နံပါတ်က မျိုးမြင့်၏ဖုန်းနံပါတ်ဖြစ်နေလေသည်။

"Boss. . . ကျွန်တော်ပါ"

"အေး. . . ပြော"

"Boss ရဲ့ရောဘတ်ကိုမိသွားတဲ့သတင်း"

"ဒီကိစ္စကို ငါသိပြီးပြီ။ တခြားဟာပဲပြော"

"တခြားဟာဆိုရင်တော့. . . Boss သမီးကိစ္စပဲရှိပါတယ် Boss"

"ဟေ. . . ဘာများထူးလို့လဲ"

"ထူးပါတယ် Boss . . . အခုရှင်နှောင်းငယ်က အိမ်ကကြိုပို့လုပ်တာကိုလက်မခံဘဲ taxi နဲ့ပဲ သင်တန်းတွေ လိုက်တက်နေပါတယ်"

"သမီးသူငယ်ချင်းတွေ အတူပါတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . အသွားကတော့ တူပါတယ်။ အပြန်မှာမတူတာပါ Boss"

"ဘာဖြစ်လို့လဲ. . . သမီးက သင်တန်းဆင်းရင် မုန့်စား၊ shopping ထွက်လောက်တော့ သူ့အမေကို ငါခွင့်ပြုခိုင်းထားပါတယ်ကွ"

"အခုက. . . သူ လူတစ်ယောက်နဲ့တွဲနေတယ်လို့ သတင်းအခိုင်အလုံရထားတာပါ. . . Boss"

"ဘာ! "

"ဟုတ်ကဲ့. . . အဲဒီလူက ညနေတိုင်းနီးပါး သူ့ကိုအိမ်ထိလိုက်ပို့လေ့ရှိနေပါပြီ။ သူတို့ဆိုင်အတူထိုင်တဲ့အဆင့်အထိ အတော်ရင်းနှီးနေပုံရပါတယ်"

"အဲဒီကောင်အကြောင်းစုံစမ်းစမ်း. . . မျိုးမြင့်။ ဒီကောင့် Biography ကို ငါသိချင်တယ်။ စောလွင်ကို ခြေရာတက်တိုင်းရဲတဲ့သတ္တိကတော့ မခေဘူးပဲ။ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့. . . ဒီတစ်ပတ်အတွင်း အတိအကျသိရပါစေမယ် Boss...ကျွန်တော်ဖုန်းပိတ်ပြီနော်"

"အေး"

တောက်! ငါ့လိုနာမည်တစ်လုံးနဲ့နေတဲ့လူတစ်ယောက်ရဲ့သမီးကိုမှတက်ချိန်ရဲတာ နည်းနည်းနောနောသတ္တိမှမဟုတ်ဘဲ။ ဒီ




ရွှေပဒေသာစာပေ

လောက်အတင့်ရဲလွန်းတဲ့ အာဂလူဟာ ဘယ်သူများဖြစ်နိုင်မလဲ။ ဒီလောက် နေ့စဉ်အိမ်ပြန်ပို့နေတာကို ထားက မသိဘူးတဲ့လား။

Hand Phone ခလုတ်တွေကို ထပ်မံနှိပ်ချလိုက်၏။

"ဟဲလို့. . . အမိန့်ရှိပါရှင်"

"ဝါဝါလား. . . ရတနာလား"

"ဝါဝါပါရှင့်"

"အေး. . . ဦးပါ. . . နင်တို့အန်တီဘာလုပ်နေလဲ။ အရေးကြီးပြောစရာရှိလို့ ပေးလိုက်ပါ"

"အန်တီ ငွေရေနေတာပါဦး။ ခဏလေးကိုင်ထားပါရှင့်"

တအောင့်အကြာမှာ အေးစက်စက်အသံကလေးက တစ်ဖက်မှထွက်လာလေသည်။ ဩော်. . . နှစ်နှစ်ဆယ်ကြာ ရင်းနှီးခဲ့ရသည့်အသံရှင်ပါပဲလား။

"ကိုကို. . . ထားပါ၊ ဘာပြောမလို့လဲ"

"ဘေဘီ့ခြေလှမ်းတွေ မမှန်တော့ဘူး ထား။ အဲဒါကို မင်းသိရဲ့လား"

"ဘယ်လို"

"အေး. . . အခုလူတစ်ယောက် သူ့ကိုပြန်ပို့နေတာ နေ့တိုင်းပဲတဲ့။ ဒီကိစ္စသေချာအောင် ကိုယ်စုံစမ်းခိုင်းထားတယ်"





"ဘုရားရေ! သမီးက ထားကိုဘာမှမပြောပါလား"

"ဒီကိစ္စမျိုးက မအေကိုပြောသင့်တဲ့ကိစ္စမျိုးမှမဟုတ်ဘဲ ထားရဲ့။ ဒါကိုနားလည်မှပေါ့"

"သမီးက ထားကိုတစ်ခါမှမလိမ်ညာခဲ့ဖူးပါဘူး ကိုကို။ ရှင်နှောင်းဟာ တကယ့်အဖြူထည်သက်သက်ဆိုတာ ထားယုံတယ်"

"ဒါပေမဲ့ အခု. . . ထားသမီးက စပြီးညာတတ်တော့မယ် ထား။ အဲဒါကိုကြိုသိထားဖို့ ကိုယ်သတိပေးတာ"

"သမီးက အိမ်ထဲမှာနေရင် ထားပုံစံသွင်းပေးတဲ့အတိုင်း နေတယ်။ အပြင်ရောက်တော့ ကိုကို့သမီးပုံစံ ဝင်သွားတဲ့သဘောမျိုးလား"

"ဒီအချိန်မှာ ကိုယ့်ကိုအပြစ်တင်တိုက်ခိုက်နေရမယ့်အချိန် မဟုတ်ဘူးထား။ ဘေဘီ့ကို. . . မင်းဘယ်လိုကိုင်တွယ်ထိန်းမတ်ရမလဲဆိုတာစဉ်းစားထားပါ"

"ကိုကို. . . ရှင်နှောင်းဟာ ကိုကို့သမီးပဲနော်။ အဖေတစ်ယောက်အနေနဲ့ နားဝင်အောင်ပြောလည်း သမီးက နာခံမှာပါ"

"ကျွတ်. . . ဒါ တိုးတိုးတိတ်တိတ်ဆုံးမရမယ့်မအေ့တာဝန်လေ,ထား။ အဖေက ဒီကိစ္စကြားထဲ ပါစရာလား။ မင်းထိန်းချုပ်မှု ညံ့လို့ သမီးခြေလှမ်းပျက်တာ သဘောပေါက်"

"ကိုကို ဒီလိုတော့တစ်ဖက်သတ်မပြောပါနဲ့။ ထားမှာ မိုးလင်းကမိုးချုပ် အလုပ်တစ်ဖက်နဲ့ သမီးကိုထိန်းနေရတာပါ။ ညအိမ်ပြန်ချိန်က အမြဲကိုးနာရီကျော်။ အိမ်ရောက်တော့ သမီးက အိပ်နေပြီ။ နားရက်မရှိ အလုပ်လုပ်နေတဲ့မအေတစ်ယောက်အနေနဲ့ သမီးကို ဆိုဆုံးမဖို့ ဘယ်မှာအချိန်ပေးနိုင်မှာလဲ"

"ပေးရမှာပေါ့. . . ဒါပေးကိုပေးရမယ့်ကိစ္စ။ မင်းမွေးထားတာ သားယောကျ်ားလေးမဟုတ်ဘူး သက်ထား။ သမီးမိန်းကလေးနော်။ ဒါကိုကျပ်ကျပ်သတိထားပါ"

"ဒါဖြင့် သမီးကို ကိုကိုတစ်လှည့်ခေါ်ထားပေါ့။ ကိုကိုဆုံးမပေး. . ."

"ကျွတ်. . . စကားကို ကပ်ဖိုးကပ်ဖဲ့မပြောနဲ့သက်ထား။ ဒါကြောင့်. . . ငါ မင်းနဲ့စကားမပြောချင်တာ။ ခေတ်အမြင်ခေတ်အတွေးနဲ့ မြင်တတ်၊ တွေးတတ်၊ ဆုံးမတတ်ရမှာပေါ့ကွ။ မင်းရဲ့ ခေတ်နောက်ပြန်ဆွဲနေတဲ့ Memory တွေကို လွှင့်ပစ်လိုက်စမ်းပါ သက်ထားရဲ့။ ငါ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားထဲမှာ သမီးကို ဘယ်နည်းနဲ့မှခေါ်ထည့်လို့မရဘူး။ use your brain "

"ကောင်းပြီလေ. . . အတတ်နိုင်ဆုံးတော့ ထားသမီးကို ပြုပြင်ဆုံးမမယ်။ ဒါပေမဲ့ ကိုကိုနဲ့တူတဲ့ဗီဇတွေ သမီးဆီမှာရောက်





နေပြီဆိုရင်တော့ ထားလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒါပဲ"

"သက်ထား. . . မင်း. . . ဟာကွာ. . . တောက်! "

စကားဖြင့်အနိုင်ပြောအပြီး ဖုန်းကိုပိတ်ချလိုက်ရင်း မဲ့ပြုံးကိုပြုံးလိုက်၏။ နာရီက ၇ နာရီထိုးနေပြီမို့ ဆိုင်စောစောသိမ်းရန် ကလေးတွေကို တပ်လှန့်လိုက်ရသည်။ သိမ်းစရာရှိသည်တို့ကိုသိမ်းဆည်းအပြီး ဦးမြင့်ကိုလှမ်းခေါ်ကာ အိမ်သို့ပြန်ခဲ့၏။ ခြံထဲမှတစ်ဆင့် အိမ်ထဲဝင်လိုက်တော့ တစ်အိမ်လုံးက တိတ်ဆိတ်ငြိမ်သက်နေပြီး စိတ်ချောက်ချားစဖွယ်။

အပေါ်ထပ်သို့ လှေကားမှတက်ခဲ့စဉ် သမီးအခန်းထဲမှ ကက်စက်သံသဲ့သဲ့ကိုကြားနေရသည်မို့ မအိပ်သေးမှန်းသိရသဖြင့် တံခါးကိုအသာခေါက်လိုက်ပါ၏။ ကက်စက်သံပိတ်သွားပြီး တံခါးက ချပ်ခနဲပွင့်လာတော့ Bajamas အစိမ်းနုရောင်လေးဝတ်ထားသည့်သမီးကိုမြင်လိုက်ရလေသည်။

"သမီး မအိပ်သေးဘူးလား"

"ဟင့်အင်း. . . စောပါသေးတယ်မေမေ။ နှောင်းက ဆယ်နာရီလောက်မှ အိပ်ပျော်တာပဲဟာ။ ဒီနေ့. . . မေမေစောစောပြန်လာတာပဲ"

ပြောနေကျစကားမျိုး၊ ကြည့်နေကျအကြည့်မျိုးဖြင့်ပြော

နေသည့်သမီးဟန်ပန်က ပုံစံမပျက်ပါပဲလား။ ကိုကိုများ အစိုးရိမ်လွန်လေပြီလား။ သူ့ဟာသူတော့ စိတ်တိုင်းကျခပ်ပွေပွေနေ,နေငြီး သမီးကိုကျ တွန့်တိုဖော်ရရှာသားပါလားလေ။

"မေမေ သမီးကိုပြောစရာရှိလို့"

"အရေးကြီးလို့လားမေမေ။ ရေအရင်ချိုးဦးမှာလား"

"အရင်ဆုံးပဲပြောချင်တာ"

"ဒါဖြင့် အခန်းထဲဝင်လေ မေမေ"

သမီးက တံခါးကို ခပ်ဟဟလေးဖွင့်ထားရာမှ ခပ်ကျယ်ကျယ်ဖွင့်ပေးလိုက်ပြီး ခုတင်ထက်မှာ ထိုင်ချလိုက်လေ၏။ ကုလားထိုင်ပေါ်ထိုင်ရင်း သမီးမျက်နှာကိုအကဲခတ်ပါသော်လည်း ဘာမှမရေရာ။

"ပြောပါမေမေ"

"သမီး အခုညနေပြန်တိုင်း ဘယ်သူနဲ့အတူပြန်လာသလဲ၊ မေမေ့ကိုညာဖို့မကြိုးစားနဲ့နော်။ မေမေက ညာတာကိုသိပ်မုန်းမှန်း သမီးသိပြီးသားပါ"

သမီးက မျက်လွှာကိုအသာချသွားလေ၏။ ရင်ထဲမှာထိတ်ခနဲဖြစ်သွားရပြီး သမီးဘေးအနီးဆုံးကို ပြောင်းထိုင်လိုက်မိသည်၊

ဘုရားရေ! ကိုကိုပြောတာအမှန်တကယ်ဖြစ်နေခဲ့ပြီလား၊





"သမီး"

"နှောင်း,မေမေ့ကို ဘယ်တုန်းကမှမညာခဲ့ဖူးပါဘူးမေမေ။ နှောင်း အမှန်အတိုင်းပြောမှာပါ။ ဟုတ်တယ်. . . နှောင်းကို ညနေတိုင်း လူတစ်ယောက် ပြန်လိုက်ပို့ပေးတာ တစ်လရှိနေပါပြီမေမေ"

"အဲဒီလူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအလုပ်လုပ်တာလဲ။ လူဆိုးလားလူကောင်းလား။ ဒါတွေ သမီး ဘာတစ်ခုများသိထားလို့ ဒီအခွင့်အရေးကိုသွားပေးလိုက်ရတာလဲ ရှင်နှောင်းရယ်"

သမီးက မျက်စောင်းလေးဝင့်ကြည့်လိုက်ပြီး ပြုံးစိစိလေးဖြစ်သွားသဖြင့် သမီးလက်ဖျားလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်မိ၏။ ဒီလက်ကလေးကို ဒီကောင်လေး ဘယ်နှကြိမ်လောက်များ ဆုပ်ကိုင်ဖူးပြီလဲဟု ပူပူပင်ပင်တွေးလိုက်မိသေးသည်။ ခက်ချေပြီကော. . .

"သိပ်မစိုးရိမ်ပါနဲ့မေမေ. . . နှောင်း ဒီလောက်တော့စဉ်းစားတတ်ပါတယ်မေမေရဲ့။ သူက လူဆိုးမဟုတ်သလို လူကောင်းဟုတ်မဟုတ်ဆိုတာ မေမေမြင်ရင် ခွဲခြားတတ်မှာပါ"

"ဘုရားရေ! မေမေနဲ့ သူ့ကိုပေးတွေ့တော့မယ်ပေါ့လေ"

"ဟင်းဟင်း. . . မေမေ့ကိုကြည့်ရတာ အထိတ်တလန့်ရှိလိုက်တာနော်။ နှောင်းအကြောင်းကို သူက အကုန် ဂယက်နသိထားပြီးသားပါမေမေရဲ့။ မေမေက တွေ့ချင်လို့လာတွေ့ဆိုရင် သူ

လာတွေ့မှာပေါ့မဟုတ်ဘူးလား"

"ခက်လိုက်တာ ရှင်နှောင်းရယ်။ သမီး ဘာတွေကိုစိတ်ဘူ မိပြီး. . . ဒီလိုတွေလုပ်နေတာလဲ။ အန္တရာယ်ကိုလက်ယပ်ခေါ်ဒ အလုပ်ကိုမှ မေမေ့သမီးလုပ်ဝံ့တာ အံ့ဩစရာပါပဲလား"

"သိပ်မပူပါပန်ပါနဲ့မေမေ. . . ကိုကြီးက ဖေကြီးနဲ့ရင်း နှီးနှီးကြီးကိုသိတဲ့လူပါ"

"ဗုဒ္ဓေါ. . . သမီးဖေဖေနဲ့ရင်းနှီးတဲ့လူဆိုရင်တော့ အ နည်းနဲ့မှ လူကောင်းမဖြစ်နိုင်တော့ဘူးသမီး။ ဒါကိုမေမေသေ သိတယ်။ တော်ပြီ. . . တော်ပြီ. . . ဒီနေ့ကစပြီး ဒီကောင်ေ ကို သမီးအဆက်ဖြတ်စမ်း။ ဘာသင်တန်းမှလည်း တက်စရာမ တော့ဘူး။ ကြည့်စမ်း. . . ဘယ်လောက်ကြောက်စရာကောင်းလို တဲ့အဖြစ်လဲ။ အပြင်လောကကိုရောက်တာနဲ့ မေမေ့သမီး အတ ကောင်းတွေတတ်နေပြီ"

"အဆက်ဖြတ်ရမယ်. . . ဟုတ်လားမေမေ။ နှောင်းက ဒ ကိုဘယ်လိုပြောပြီးဖြတ်ရမှာလဲ"

"သမီး၊ ဒါ မေမေသင်ရမယ့်ကိစ္စလား။ နှောင်းကိုမဆ သွယ်နဲ့တော့ မေမေသိသွားပြီ။ နှောင်းအဆူခံရတယ်ဆိုရင် ကိစ္စ ရော"





"ဟင်! မေမေပြောတာ ဘာကြီးလဲ"

မျက်လုံးဝိုင်းလေးတွေဖြင့် မော့ကြည့်လာသည့်သမီး၏ က်နှာကိုငေးကြည့်ရင်း အသည်းတွေယားလာမိတော့သည်။ ရည်း းတော့ထားတတ်ပြီး ခုမှဘာမှမသိသေးသည့်ပီဘိကလေးလေး သွင်. . .

"သမီးနော်"

"မေမေပြောသလို နှောင်း သူ့ကိုမပြောရဲဘူးမေမေ။ ပြော လည်းမသင့်ဘူး"

"သမီး"

"နှောင်းတို့က ရိုးရိုးသားသားခင်မင်ရုံမိတ်ဆွေတွေပါ မေမေ။ သူ့သိက္ခာကိုကျဆင်းစေမယ့်စကားလုံးမျိုး နှောင်းမသုံးဝံ့ ဘူး"

"ဘယ်လို"

"ဟုတ်တယ်. . . ကိုကြီးက နှောင်းကို ကလေးလေးလိုပဲ အလိုလိုက်တာပါ။ မုန့်ဝယ်ကျွေးတယ်။ ပြီးရင် အိမ်အထိပြန်ပို့ပေး တယ်။ ဒါပဲ. . . ဒီ့ထက်ဘာတစ်ခုမှမပိုဘူး။ ဒါကို နှောင်းက ဘယ် လိုပြောလို့ရမှာလဲ"

"ဘုရားရေ! ဒါတကယ်ပဲလားသမီး"

"မေမေမယုံရင် သူနဲ့တွေ့ကြည့်လိုက်ပါမေမေရဲ့။ နှောင်းညာမပြောပါဘူး"

ဒေါ်သက်ထား သမီးကို စွေ့ခနဲပွေ့ဖက်ထားလိုက်မိပြီး သက်ပြင်းမောတစ်ချက်ကို ကျိတ်ချလိုက်မိ၏။

ဘုရား. . . ဘုရား. . . ကံကောင်းလို့ အချိန်မီသိလိုက်ရတာပါလား။

ကျေးဇူးပါပဲသမီးရယ်။ တကယ်ပါ. . .



## အခန်း (၂၁)

ရွှေဆိုင်ထဲဝင်လာသည့်လူငယ်တစ်ဦးက ပြုံးပြလိုက်သည်မို့ customer အသစ်ထင်ပြီး ပြန်ပြုံးပြလိုက်ပါ၏။

"အန်တီက ဒေါ်သက်ထားလွင်ပါနော်"

"ဟုတ်ပါတယ်ကွယ်"

"ဪ. . . ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုလို့ လာတွေ့တာပါခင်ဗျ"

"သားက. . . "

"နှောင်းရဲ့မိတ်ဆွေပါအန်တီ"

ကြည့်စမ်း! သမီးပြောတုန်းက ဒီလောက်ထိတောင် ထင်

မထားမိ။ ကြည့်ရှုဖြင့် လူရည်လူသန့်တစ်ဦးမှန်း အမြင်က သက်သေထူနေပါရောလား။

"သား အချိန်ရပါတယ်နော်"

"ဟုတ်ကဲ့. . . ကျွန်တော်က အန်တီ့အလုပ်ချိန်ကို ဖျက်သလိုဖြစ်နေတာမို့ အားနာနေတာပါ"

"ရပါတယ်ကွယ်။ ဆိုင်တစ်ဆိုင်ကိုသွားကြတာပေါ့နော်"

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်ကားနဲ့ပဲလိုက်ခဲ့ပါလား အန်တီ။ ပြောပြီးရင် ဒီကိုပဲကျွန်တော်ပြန်ပို့ပေးပါ့မယ်"

"အားနာလိုက်တာကွယ်"

"ရပါတယ်အန်တီရဲ့။ ကျွန်တော်က အန်ကယ်ဦးစောလွင်နဲ့ ဒီ့ထက်ပိုရင်းနှီးပါတယ်။ လာပါ. . ."

နောက်ဆုံးပေါ် ကားကိုမြင်လိုက်ရုံမျှနှင့် ဒီကောင်လေးရဲ့အဆင့်အတန်းကိုခန့်မှန်းလိုက်မိသည်။ ကြည့်ရတာတော့ တကယ့်ဒိတ်ဒိတ်ကျဲအသိုင်းအဝိုင်းထဲကပါပဲလား။ ကော်ဖီဆိုင်သန့်သန့်ရှေ့မှာကားရပ်၍ ဆိုင်ထဲဝင်ထိုင်လိုက်ရင်း သူက ကော်ဖီနှစ်ခွက်နှင့် မုန့်နှစ်ပွဲ မှာလိုက်လေ၏။

"သမီးရဲ့အဖေနဲ့ အတော်ရင်းနှီးသလားသား"

"ဟုတ်ကဲ့. . . ကျွန်တော့်က အန်ကယ့်အတွက် အကျိုး





ဆောင်တစ်ယောက်လို့သတ်မှတ်ရင် ရလောက်တဲ့နေရာမှာ လုပ်ပေးတဲ့သူပါအန်တီ"

"ဒါဖြင့် လုပ်ငန်းတူတော့မဟုတ်ဘူးပေါ့"

"ဘယ်လိုပြောရမလဲ။ ကျွန်တော့်ကုမ္ပဏီက စင်္ကာပူမှာပဲရှိတာပါ အန်တီ။ သွင်းကုန်ထုတ်ကုန်တွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်တဲ့ SKY - LARK Company က. . . M.D ပါ။ ဖေဖေက ဦးနေအောင်နီပါ။မေမေက ဒေါ်မြချယ်ရီပါ အန်တီ။ မေမေတို့ကဟိုမှာပဲ ကျန်နေခဲ့ပါတယ်။ ကျွန်တော်က ဒီကိုကိစ္စလေးတွေရှိလို့ပြန်ခဲ့တာပါ"

"ဒါဆို. . . သားက ဟိုမှာပဲ For got နေတော့မှာလား"

"အစီအစဉ်မရှိပါဘူး အန်တီ။ နောက်သုံးနှစ်ကြာရင် ဖေဖေတို့ ဒီမှာပဲ ပြန်အခြေချမှာပါ။ ကျွန်တော်ကိုယ်တိုင်က မြန်မာပြည်ကိုချစ်တဲ့သူပါ"

ရည်မွန်စွာပြောနေသည့်လူငယ်လေးကို စိတ်ထဲမှာအမှတ်တွေ တစ်မှတ်ပြီးတစ်မှတ်တိုးပေးနေမိ၏။ မဆိုးပါဘူး. . . သမီးလူရွေးတော်သားပဲ ဟုတွေးလိုက်မိလေသည်။

"သမီးနဲ့ဘယ်မှာဆုံတာလဲ"

"အန်တီ့ဆိုင်မှာ ရင်ထိုးလာဝယ်ရင်း ဆုံတာပါအန်တီ။

အဲဒီတုန်းက အန်ကယ့်သမီးမှန်း ကျွန်တော်မသိသေးတာအမှန်ပဲ။ နှောင်းနဲ့အတော်လေးရင်းနှီးမှ. . . နှောင်းဖွင့်ပြောလို့သိရတာပါ။ အန်ကယ်ကလည်း နှောင်းအကြောင်းကို စကားစပ်ပြီးတစ်ခါမှ မပြောဖူးပါဘူး"

"သမီးက လောကကြီးအကြောင်း ဘာတစ်ခုမှသိသေးတာ မဟုတ်ဘူး။ တကယ့်ကလေးသာသာအရွယ်လေးပါ"

"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ်အန်ကယ်။ ဒါကြောင့်လည်း နှောင်းကိုအန္တရာယ်ပေးလာတဲ့ချာတိတ်တွေရဲ့ရန်ကို ကာကွယ်ပေးရင်းနဲ့ ရင်းနှီးခွင့်ရခဲ့တာပါ"

"ဘယ်လိုမှမထင်ပါနဲ့နော်။ သားမှာ သက်ဆိုင်သူဖြစ်ဖြစ်၊ မိဘသဘောတူထားတဲ့သူဖြစ်ဖြစ် တစ်ယောက်တစ်လေများရှိနေမလား"

"မရှိပါဘူးအန်ကယ်. . . ဖေဖေတို့က ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကို စိတ်ကြိုက်ခွင့်ပြုထားပြီးသားပါခင်ဗျာ"

"သမီးက သားအပေါ်မှာ အတော့်ကိုခင်တွယ်နေရှာတာ အမှန်ပဲကွယ့်"

"ဟုတ်ကဲ့. . . ကျွန်တော်နားလည်ပါတယ်အန်ကယ်။ နှောင်းက မောင်နှမ,မရှိတော့ ကျွန်တော့်အပေါ် အစ်ကိုတစ်ယောက်လို





အားကိုးပြီး ခင်တွယ်နေရှာမှန်း ကျွန်တော်သိပါတယ်"

ဘုရားရေ. . . ဒီကောင်လေးဘက်က ဒီလိုမျိုးဖြူစင်တယ်ဆိုရင် သမီးဘက်ကို ဘယ်လိုလှည့်တွေးပေးရမလဲ။ ဘယ်လောက်ပဲခင်မင်တယ် ဝန်ခံပါစေ၊ အခန်းထဲက ပြန်အထွက်မှာ ခေါင်းအုံးအောက်မှာထားရှိသည့် မီးခိုးရောင်လက်ကိုင်ပဝါလေးကို မက်မောစွာဖြင့် တယုတယနမ်းရှိုက်လိုက်သည့်ဟန်လေးက သမီး၏စွဲလမ်းမှုကိုအတိအလင်းဖော်ပြနေသည်မို့ သမီးဘက်သို့ ပိုအလေးသာစေချင်သည့်စိတ်က မိခင်တစ်ဦး၏အတ္တလေလား။

"သားက. . . သမီးအပေါ်မှာ ညီမလေးတစ်ယောက်လိုပဲသဘောထားတာ အမှန်ပဲပေါ့နော်"

ဒိန်းခနဲမြည်ဟည်းသွားသည့်ရင်ခုန်သံဖြင့် အမျိုးသမီးကြီးကို သူအထိတ်တလန့်ကြည့်လိုက်မိသည်။ ဟန်ဆောင်သည့်အတတ်ပညာကိုဖြင့် ဤအမျိုးသမီးကြီးရှေ့မှာ သူထုတ်မသုံးချင်ပါချေ။ နှောင်းနှင့်ချွတ်စွတ်တူနေပါသည့် ရိုးရှင်းမှု၊ အေးချမ်းမှုများ ပျော်ဝင်နေသည့်မျက်နှာကို သူကရုဏာသက်မိသည်မှာအမှန်။

ဩော် . . . တကယ်တမ်းပြစ်မှုကျူးလွန်ခဲ့တာ နှောင်းနှင့် နှောင်းမေမေမှမဟုတ်ခဲ့ပေဘဲ။

"နားနဲ့မနာ ဖဝါးနဲ့နာပေးပါ အန်ကယ်။ နှောင်းအပေါ်မှာ

ဒီထက်မကပိုသာတဲ့သံယောဇဉ်တွေရှိနေတာကို ကျွန်တော်ဝန်ခံပါရစေ။ ကလေးက အရမ်းငယ်လွန်းနေလို့ ကျွန်တော်ဖွင့်မပြောရက်ဘူး။ ကျောင်းလည်းမပြီးသေးသလို ကလေးစိတ်သာသာလေးမို့. . ."

"ကျေးဇူးတင်ပါတယ် သားရယ်။ ဒီလောက်သိခွင့်ရရင် အန်တီကျေနပ်ပါတယ်။ နောက်ကို. . . အိမ်မှာဝင်ထွက်ပါ။ သားလာပို့ရင် အိမ်မှာ အန်တီမရှိပေမယ့် သမီးဘွားဘွားတော့ အမြဲရှိပါတယ်ကွယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က ပိုပြီးကျေးဇူးတင်တာပါ အန်တီ။ အသက်အရွယ်က ၉ နှစ်ကျော် ၁၀ နှစ်နီးပါးကွာနေတာမို့ ရှေ့ဆက်မတိုးဝံ့တာအမှန်ပါပဲ"

ကျေနပ်ပြုံးတို့ပြုံးလိုက်မိကြပြီး သက်ပြင်းကိုယ်စီကိုချပြီးသည့်နောက် စိတ်တွေက လွတ်လပ်ပေါ့ပါးသွားသည့်နှယ်။ ရင်ထဲမှာ ဆို့နင့်နေသည့်အစိုင်အခဲကြီးက ရှောရှောရှူရှူသက်ဆင်းသွားလေပြီကိုး. . .။

"သမီးဖေဖေနဲ့ ပါတီတွေဘာတွေအတူတက်ဖူးလား"

"ဟုတ်ကဲ့အန်တီ"

"ကိုစောလွင်က မျက်နှာများတယ်သားရဲ့။ အမေပေးစား





တဲ့အန်တီ့ကိုယူခဲ့ရလို့ အရွဲ့တိုက်ရင်း အိမ်ကဆင်းသွားတာပဲကြည့်။ အန်တီက ချွေးမနေရာကနေ သမီးရင်းဖြစ်ကျန်ခဲ့တာကြာပြီ"

"အသွင်တူလို့ မျက်နှာလိုက်ပြီးပြောတယ်လို့မထင်ပါနဲ့ အန်တီ။ ပါတီမှာ အတူတွဲတက်ခဲ့တဲ့မိန်းကလေးတွေနဲ့ လက်ပွန်းတတီးရှိတာမှန်ပါတယ်။ ဒါပေမဲ့. . . အဲဒီမိန်းကလေးတွေကို ကွန်ဒိုမီနီယံထိရောက်အောင်ခေါ်သွားတဲ့အထိ မရင်းနှီးပါဘူးအန်တီ။ အန်ကယ့်လိုပုံစံမျိုးကို ချူစားချင်တဲ့မိန်းကလေးတွေကြောင့် ထွက်ပေါ်လာတဲ့ကောလာဟလတွေကို ပယ်ဖျက်ပေးပါ။ ဇနီးနဲ့သမီးအပေါ် သံယောဇဉ်မပြတ်နိုင်လို့ ဒီနေ့အထိ အန်တီ့ကို Divorce လုပ်မပေးတာကိုကြည့်ရင် အန်ကယ့်ရင်ထဲမှာ ခုချိန်ထိ ဘယ်သူရှိနေမလဲဆိုတာ. . . ခန့်မှန်းသိနိုင်လောက်ပါတယ်။ နှောင်းလည်းမိဘတွေနဲ့အတူ ထာဝရနေချင်ရှာမှာပေါ့အန်တီ။ မေတ္တာငတ်နေတဲ့ကလေးကို မေတ္တာတွေအပြည့်အဝရစေချင်တာ ကျွန်တော့်ရဲ့ဆန္ဒအမှန်ပါပဲ"

ရင်ဝယ်ပီတိဂွမ်းဆီထိဆိုတာ ဒီလိုစကားမျိုးကိုခေါ်တာပဲထင်ပါရဲ့။ လူတစ်ဖက်သားစိတ်ချမ်းသာအောင် ပြောနိုင်စွမ်းရှိသည့်သားမက်လောင်းကိုငေးနေမိရင်း ကျေနပ်ခြင်းပီတိတွေက ခန္ဓာကိုယ်အနှံ့ပျံ့နှံ့သွားသည့်နှယ်။

Sunday မို့ဆိုင်ကို စောစောသိမ်းပြီး ညနေခင်းအိမ်ပြန်ခဲ့စဉ် တိုက်ရှေ့မှာရပ်ထားသည့် လင်တော်မောင်၏ကားကို မြင်လိုက်ရလေ၏။ အိမ်ထဲဝင်ခဲ့စဉ် ဧည့်ခန်းမှာ ခါးထောက်ရပ်နေသည့် ကိုစောလွင်ကိုတွေ့ရလေသည်။

"ကိုကို. . . သမီးရော"

"အခန်းထဲမှာ သော့ပိတ်ထားလိုက်ပြီ"

"ဟင်! ကိုကိုဘာတွေလျှောက်လုပ်နေတာလဲ။ အဓိပ္ပာယ်မရှိ"

"မြွေပွေးကိုသွားပုတ်ပြီးမနိုးနဲ့ သက်ထား။ ငါ့သမီးကို ဒီကောင်မျိုးတာ လုံးဝမလိုချင်ဘူး။ ဒါပဲ"

"ဘယ်သူ့ကိုပြောနေတာလဲကိုကို"

"အခုမင်းတွေ့လာတဲ့ နေသွေးနီဆိုတဲ့မြွေပွေးကိုပြောနေတာလေ"

"သူက လူရည်သန့်လေးပါကိုကို"

"မထင်နဲ့ထား. . . လောကကြီးကို အဖြူရောင်ချည်းသက်သက်မြင်နေတဲ့မင်းတို့သားအမိကို ငါအပြစ်မတင်ပါဘူး။ ဒီနေ့ကစပြီး ဒီကောင့်နာမည်နဲ့အကြောင်းတွေကို လုံးဝမေ့ပစ်လိုက်ပါ။ သမီးကိုဂရုတစိုက်ကြည့်။ ရွှေဆိုင်ကို နီလာဦးစီးလိမ့်မယ်။ မင်း. . .





သမီးနားက တစ်ဖဝါးမှခွာစရာမလိုဘူး"

"ဒါတော့ ကိုကိုမတရားသက်သက်စီမံတာပဲ။ ထားသမီးကို ကြက်ကလေးငှက်ကလေးလိုပိတ်လှောင်တာမျိုးတော့ အဖြစ်မခံနိုင်ဘူး။ သမီးမှာ စဉ်းစားချင့်ချိန်တတ်တဲ့အသိဉာဏ်မျိုးရှိနေပြီ။ အမှားအမှန်ကို သမီးဝေဖန်ပိုင်းခြားနိုင်တယ်။ သမီးကို စိတ်ဒဏ်ရာရအောင် ကိုကိုမလုပ်ပါနဲ့"

"ကျွတ်. . . ခက်လိုက်တာ ထားရယ်။ နာရီဝက်လောက်လေး စကားပြောခွင့်ရခဲ့ရုံလေးနဲ့ သူ့မှိုင်းထဲမှာ မင်းအမိခံပျော်ဝင်သွားရတာပါလား။ သိပ်ကြောက်စရာကောင်းတဲ့ကောင်ပဲ။ မင်းတို့သားအမိ သူ့အကြောင်းကို ဘာမှသိထားတာမဟုတ်ဘူးနော်။ ဒီကောင်ဟာ. . . အန္တရာယ်ပဲ။ ငါတို့မိသားစုကို တစ်စစီဖြစ်သွားအောင်လုပ်မယ့်အန္တရာယ်ကောင်ကို စွတ်အထင်ကြီးဖို့မပြင်နဲ့ထား။ မှားသွားလိမ့်မယ်"

"ကိုယ့်အပေါ်မှာ အကောင်းမြင်ပြီး လူကြီးသူမကိုလိုက်လျောညီထွေစွာဆက်ဆံတတ်တဲ့. . . အထက်တန်းစားလူငယ်တစ်ယောက်ကို ရှင်ဒီလိုပဲမြင်လိုက်သလား ကိုစောလွင်။ အံ့ဩမိပါရဲ့"

"ထား"

"ရှင့်ဟာရှင် မဟုတ်တာတွေလုပ်ခဲ့ပြီးမှ ခုချိန်မှာ သွေးရူး

သွေးတန်းတွေလျှောက်လုပ်ဖို့မစီစဉ်ပါနဲ့။ သက်ထားက နုံနုံအအ မိန်းမတစ်ယောက်မဟုတ်ဘူး. . .။ သမီးကိုအခန်းထဲထည့်ပိတ်ပြီး ထောင်ချရလောက်အောင် ကိုယ်ချင်းစာနာစိတ်မမဲ့ပါနဲ့ ကိုစော လွင်။ ကျွန်မတို့သားအမိမှာ အန္တရာယ်ရှိခဲ့ရင်တောင်မှ ဒါဟာရှင် ပြုခဲ့တဲ့အကုသိုလ်တွေရဲ့အရိပ်တွေပြန်မိုးတာပဲလို့ ထားယူဆတယ်

"တောက်! မင်းဟာ အတော်ခေါင်းမာတဲ့မိန်းမပါပဲလား ထားရယ်။ ဟင်း. . . တားမရလည်း ငါ့ဇာတ်ကိုငါနိုင်အောင် ဆင် ကရတော့မှာပေါ့. . . ငါသွားပြီ"

ဒေါသတကြီးထွက်သွားသည့် ကိုစောလွင်၏နောက်ကျော ကိုငေးကြည့်နေရင်းမှ ခေါင်းကိုခါရမ်းလိုက်မိ၏။ အတိတ်ဆိုတာ အနာဂတ်အထိ အရိပ်သဖွယ်လိုက်နေတတ်စမြဲပါကိုကို။

ထားတို့သားအမိအပေါ်မှာထားရှိနေတဲ့ ကိုကို့ရဲ့မေတ္တာ စေတနာတွေကို ထားအသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဒီလူငယ် လေးကိုတော့ ထားယုံကြည်မိတာအမှန်ပဲ။ ထားစိတ်ချမ်းသာသင့် သမီးကိုလည်း စိတ်ချမ်းသာစေချင်ပါတယ်။ ထားရဲ့ရင်နှစ်သည်း ချာချစ်သမီးလေး ပျော်ရွှင်ပါစေလားကိုကိုရယ်။



## အခန်း ( ၂၂ )

စားပွဲကို ခပ်နွဲ့နွဲ့မှီရပ်နေရာမှ မူနွဲ့နွဲ့ဟန်ဖြင့် ညင်းသွဲ့သွဲ့ လေးရယ်လိုက်သည့် မှိုင်းရီရီကိုကြည့်ရင်း သက်မကို မသိမသာချ လိုက်မိ၏။

ဒီအရှုပ်မကိုမှ ဒီအလုပ်မပေးရင် ဘယ်လိုမှမရနိုင်တော့ ဘူးကိုး။

"ဟင်းဟင်း. . . မှိုင်းကိုပေးတဲ့တာဝန်က မကြီးလွန်းဘူး လား အစ်ကိုကြီးရဲ့"

"မင်းက ဒီပညာကိုတစ်ဖက်ကမ်းခတ်ကျွမ်းကျင်မှန်း ကိုယ် သိထားပြီးသားပါ မှိုင်းရီရီ။ မင်းမနစ်နာစေရပါဘူး။ တူညီတဲ့တန်

ရာတန်ကြေးကို ကိုယ်ပေးမှာပါ။ ပြော. . . မင်းဘယ်လောက်လို ချင်သလဲ။ ဘာလိုချင်သလဲ. . . ။ ငွေဆိုရင် cheque ရေးပေးမယ်။ တိုက်တို့ကားတို့ဆိုရင်လည်း ကိုယ်ဝယ်ပေးဖို့ ready ပဲ။ အားမနာ တမ်းပြောနိုင်ပါတယ်"

"မှိုင်းကိုလျှော့တွက်လှချည်လား အစ်ကိုကြီးရဲ့။ မှိုင်းလုပ် ရမယ့်အလုပ်က ပေါ့ပေါ့လေးမဟုတ်ဘူးနော်။ လူတစ်ယောက်ကို တွဲရုံချစ်ဟန်ဆောင်ရုံလောက်နဲ့ ဘဝပျက်စရာအကြောင်းမရှိဘူး။ ခုကိစ္စက သူ့ဘဝပျက်အောင် မှိုင်းဘဝကိုပါ. . . စတေးရမှာ။ ဒါ က ကလေးကစားပွဲလိုမလွယ်ကူဘူး အစ်ကိုကြီးရဲ့"

"မင်းအကြောင်းကို သေချာစုံစမ်းပြီးမှ ကိုယ်အကူအညီ တောင်းတာပါ မှိုင်းရီရီ။ ဒီကိစ္စမျိုးက မင်းအတွက် အသေးအမွှားဆို တာ ကိုယ်သိထားတယ်"

"သူက ရေမြွေမဟုတ်ဘူးလေအစ်ကိုကြီးရဲ့။ ပြီးတော့ မှိုင်း ကလည်း အလမ္ပာယ်ဆရာမဟုတ်ဘူး။ သူ့ထောင်ချောက်ထဲကို တိုး ဝင်ရမယ့်ကိစ္စမှာ မှိုင်းအတွက် 90 percent က နစ်နာဆုံးရှုံးမှုတွေ ချည်းပဲ။ အကယ်၍များ အဲဒီအဆင့်ထိရောက်ခဲ့ရင် မှိုင်းအတွက် အစ်ကိုကြီးဘာလုပ်ပေးနိုင်မလဲ"

"ကိုယ်ပြောပြီးပြီလေ။ မင်းတောင်းချင်သလောက်တောင်း





နိုင်တယ်လို့"

မှိုင်းရီရီထံမှ ရယ်သံကိုထပ်ကြားလိုက်ရပြန်၏။ ထိုင်နေ သည့်ဆုံလည်ကုလားထိုင်အနီးသို့ ခါးနွဲ့ကာ လျှောက်လှမ်းလာပြီး လက်ရန်းတွေပေါ် လက်နှစ်ဖက်လှမ်းထောက်၍ ခါးကိုကိုင်းကာ မျက်နှာချင်းနီးကပ်လာသဖြင့် နောက်မှီကိုမှီချလိုက်ရသည်။ ရဲလှ ချည်လား။

"မှိုင်းလိုချင်တာ အဲဒါတွေတစ်ခုမှမဟုတ်ဘူး"

မျက်ခုံးအစုံမြင့်တက်သွားရ၏။ ရိပ်သင်ထားသည့်မျက်ခုံး နေရာမှာ ခဲဆွဲထားသည့် အညိုရောင်ခဲတန်း၊ မျက်ခွံထက်မှ အညို ရောင်၊ နှုတ်ခမ်းထက်မှ အနီရောင် colour တို့ကိုကြည့်ရင်း သက် ပြင်းကိုမှုတ်ထုတ်လိုက်မိသည်။ မလွယ်ပါလား။ မြွေအလမ္ပာယ် ညာမတတ်သည့်မိန်းကလေးက စပါးကြီးမြွေလို သူ့ထံရစ်ပတ်နေ လျှင်တော့ ဒုက္ခအတိပင်။

"ပြော"

"လက်ထပ်ခွင့်"

"ဘယ်လို"

"အစ်ကိုကြီးနဲ့တရားဝင်လက်ထပ်ခွင့်ကို မှိုင်းလိုချင်တာ"

"ကျွတ်. . . မဖြစ်နိုင်တာ။ ကိုယ်, သက်ထားနဲ့ Divorce

လုပ်ထားတာမဟုတ်ဘူး။ ပြီးတော့ ကိုယ့်မှာ ၁၈ နှစ်အရွယ်သမီး တစ်ယောက်ရှိနေသေးတယ်မှိုင်းရီရီ၊ မင်းစဉ်းစဉ်းစားစားပြောပါ"

"အဲဒါတွေ မှိုင်းမသိချင်ဘူး။ မှိုင်းလိုချင်တာ အဲဒါတစ်ခု တည်းပဲ။ ဒါကိုမှမလိုက်လျောနိုင်ရင် အစ်ကိုကြီးတောင်းတဲ့အကူ အညီအတွက် so sorry ပါ"

"မြန်စဉ်းစားပါဦး မှိုင်းရီရီ။ ဒီလိုအခွင့်အရေးမျိုးကို ထူ တိုင်း ရနိုင်တာမဟုတ်ဘူးနော်။ အခွင့်အရေးဆိုတာ တစ်ကြိမ်တစ် ခါပဲရတာကို မင်းသိထားပါ"

"ဟင်းဟင်း. . . မှိုင်းက ခေါင်းခပ်မာမာပဲ အစ်ကိုကြီးရဲ့ ဒါဆိုဒါပဲရရမှ ကျေနပ်တတ်တယ်။ အစ်ကိုကြီးအကူအညီတောင်း မှ ဒီအခွင့်အရေးကိုလိုချင်တာမဟုတ်ဘူး။ အစ်ကိုကြီးကို စတွေ့ ကတည်းက မှိုင်းအာသီသရှိနေခဲ့တာကြာပြီ။ မှိုင်းရဲ့တွေဝေမှိုင်းေ နေတဲ့နှလုံးသားတံခါးကို အစ်ကိုကြီးတစ်ယောက်ကလွဲလို့ ဘယ်သူ မှလာခေါက်ခွင့်မရဘူး။ ဒါအမှန်ပဲ"

အားပါးပါး. . . ရဲတင်းလှချည်လား မှိုင်းရီရီ။ မင်းငါ့ကို လျှော့တွက်ထားတယ်ပေါ့လေ။ ငါဆိုတဲ့လူက ခြေတံလက်တံရှ အများကြီးရှိနေတာကို မင်းစုံစမ်းမထားမိရင် အမှားကြီးမှားသွား လိမ့်မယ်နော်။ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်မိ၏။





"ကောင်းပြီလေ. . . မင်းစိတ်တိုင်းကျဖြစ်ဖို့ ကိုယ်သဘော တူပါတယ်။ ကိုယ်လိုချင်တာ သမီးအနားကနေ ဒီကောင်အမြန်ဆုံး နည်းနဲ့ အဝေးဆုံးကိုလွင့်သွားစေချင်တာပဲ။ မြန်နိုင်သမျှအမြန်ဆုံး နဲ့အပြင်းထန်ဆုံးနည်းလမ်းကိုသုံးပေးပါ. . . မှိုင်းရီရီ"

"OK ပါအစ်ကိုကြီး. . . မှိုင်းက တာဝန်ယူရင် ဘယ်တုန်း ကမှမလစ်ဟင်းခဲ့ပါဘူး။ အစ်ကိုကြီးစိတ်တိုင်းကျဖြစ်စေရပါမယ်။ ဒီကိစ္စကို မှိုင်းဘက်က နစ်နာမှုမရှိအောင် မာယာတွေသုံးပြီး ဖြေ ရှင်းနိုင်ပါတယ်။ အဲဒါအစ်ကိုကြီးအတွက်ပါ။ မှိုင်းတွဲလာခဲ့တဲ့သက် တမ်းတစ်လျှောက်မှာ ဒီအဆင့်ထိ အရဲကိုးလုပ်ခဲ့ရတဲ့အဖြစ်မျိုး တစ်ကြိမ်တစ်ခါမှမရှိခဲ့ဘူး။ ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ဆောင်ရွက်ခြင်းပဲ။ အစ်ကိုကြီးသာ ပေးထားတဲ့ကတိကိုတည်ပါစေ။ မှိုင်းရင်ထဲကလာတဲ့စကားတစ်ခွန်းကိုပြောချင်တယ်။ အစ်ကိုကြီး ကို မှိုင်းသိပ်ချစ်တယ်။ ဒါဟာ မှိုင်းဘဝမှာ ဘယ်သူ့ကိုမှမပြောခဲ့ဖူး သေးတဲ့စကားတစ်ခွန်းပဲ။ ဒါဖြင့် မှိုင်းစရံသတ်ပြီးပြီဆိုတာ မမေ့ လိုက်ပါနဲ့. . . ဒါပါပဲ"

ပါးပြင်ကို ဖျတ်ခနဲငုံ့နမ်းလိုက်ပြီး ရုံးခန်းထဲမှ လှလှလေး လျှောက်၍ပြန်ထွက်သွားသည့် မှိုင်းရီရီ၏ကျောပြင်ကိုငေးနေမိ ရာမှ မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် ငြိမ်သက်သွားမိသည်။ မှား

ပြီလား။

ဟင့်အင်း. . . စောလွင်ရဲ့ရာဇဝင်မှာ ခြေကျွံခဲ့ဖူးသည့် အဖြစ်မျိုး တစ်ခါမှမရှိခဲ့လေဘဲ။ သေချာခြင်းဇစ်မြစ်က လက်တွေ့မှာ မှုန်ဝါးဝါးသာ. . .။

"ဘယ်လိုအန်တီ. . . ကျွန်တော်သိပ်နားမရှင်းလို့ ထပ်ပြောပြပါလား"

ဖုန်းထဲမှတိုးသဲ့သဲ့အသံကို သူကသေချာစေရန် ထပ်ပြောလိုက်မိ၏။ တစ်ဖက်မှဒေါ်သက်ထား၏အသံက တိုးလျလျတုန်နေရီ. . .။

"အန်တီ အားနာမိတာအမှန်ပါပဲ သားရယ်။ ဒီကိစ္စက သားမှမကူညီရင် မဖြစ်လို့ပါ။ အခုဆို အန်တီ့သမီးလေး အတော့်ကိုစိတ်ဆင်းရဲနေရှာတာကွယ်။ ကြားနေရတဲ့သတင်းတွေက နားနဲ့မဆံ့အောင်ပါပဲ။ အန်တီတော့ ဘာလုပ်လို့ဘာကိုင်ရမယ်မှန်းမသိတော့ပါဘူး"

"ဒီကောင်မလေးအကြောင်းကို ကျွန်တော်သိထားပြီးသား





ပါအန်တီ။ ဒီလောက်ထိမဆိုးဝါးပါဘူး။ သူ့အတွက် မှိုးမှိုးမြတ်မြတ်ရအောင် ချူစားရုံလောက်ပါပဲ"

"အခုက ဒီအဆင့်ထက်လွန်နေပြီ သားရဲ့။ သူက အပိုင်ချည်ပြီးနေပြီ။ ရုံးခန်းထဲမှာ တရားဝင်လက်ထပ်ခွင့်တောင်းပြီး သမီးအဖေကို အို. . . အန်တီပြောရမှာတောင် ပါးစပ်ရှက်လှပါပြီ။ မန်နေဂျာကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်ပြီး အန်တီ့ကိုသတင်းပို့လို့သိရတာပါကွယ်။ ကိုစောလွင်တော့ ဒုက္ခပါပဲ။ ဘာတွေဇာတ်ရှုပ်နေမှန်းမသိ။ သမီးလေးတော့ ဒီသတင်းကြားပြီးကတည်းက တရှုံ့ရှုံ့ငိုလို့ချည်းနေတာ။ အမေထက် အဖေ့ကိုပိုခင်တွယ်ရှာတဲ့သမီးကို ဘယ်လိုနှစ်သိမ့်ရမယ်မှန်း အန်တီလည်း နည်းလမ်းရှာလို့မရတော့ဘူး။ သမီးကို အဖေတစ်ယောက်တော့ မဆုံးရှုံးစေချင်တာ"

"ကျွန်တော်နားလည်ပြီအန်တီ။ စိတ်ကိုအေးအေးသာထားပါ။ ဒီကိစ္စ ကျွန်တော်အတတ်နိုင်ဆုံး ဖြေရှင်းပေးပါ့မယ်။ အမိကနှောင်း. . . ကျွန်တော့်အပေါ် အထင်မလွဲစေချင်တာတစ်ခုပါပဲ"

"သမီးနားလည်မှာပါသား။ အန်တီသေချာပြောထားလိုက်ပါ့မယ်။ သမီးအတွက် ကိုစောလွင်ဟာ မရှိမဖြစ်အလိုအပ်ဆုံးဆိုတာကို သားလက်ခံပေးပါကွယ်"

"ဟုတ်ကဲ့. . . ဒါဖြင့် ကျွန်တော်ဖုန်းပိတ်ပြီနော်အန်တီ၊

စိတ်ချပါ။ ဒီကိစ္စအမြန်ဆုံးပြေလည်စေရပါမယ်လို့ ကတိပေးပါတယ် ခင်ဗျာ. . . ''

နှောင်းအတွက် ဦးဇောလွင်က မရှိမဖြစ်အလိုအပ်ဆုံးလူ သားတဲ့လားအန်တီရယ်။ ဒါဆိုရင်. . . လေးဟာလည်း ကျွန်တော့် အတွက် မရှိမဖြစ်အလိုအပ်ဆုံးချစ်သူတစ်ယောက်ပါ။ ဝင့်ဆိုတာ လည်းမြဲဆိုရင် လေးရဲ့ဝင့်တွေကို တစ်ပတ်ပြန်လည်ဖို့ ဖန်တီးလာ တဲ့ကံကြမ္မာကို ကျွန်တော်လက်ပိုက်ကြည့်နေပါရစေလား။ ဒါပေမဲ့ နှောင်းရဲ့မျက်ရည်တွေကို မလိုချင်တာအမှန်ပါပဲ အန်တီ။

ဘာဆက်လုပ်ရမလဲ။ ချစ်သူအတွက် လက်စားချေချင် သည့်အတ္တကတစ်ဖက်၊ တစ်ဖက်သားကို ငဲ့ညှာထောက်ထားတတ် သည့်စိတ်ကတစ်ဖက်နှင့် လွန်ဆွဲနေသည့်ပွဲမှာ ခေါင်းတွေကိုက်ခဲ လျက် စိတ်တွေရှုပ်ထွေးလာရ၏။ ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူး ကိုယူ၍ ဖွင့်မော့သောက်လိုက်ပြီး ဗီရိုထဲထည့်သိမ်းထားသည့် ဒိုင် ယာရီစာအုပ်လေးကိုဖွင့်လိုက်ပါသည်။





**(၁၇. ၇. ၂၀၀၅) ရက်နေ့**
**မနက် ၆ နာရီ ၃၀ မိနစ်**

**အင်လျားကန်ထဲသို့ခုန်ချလျက် ဘဝကိုအဆုံးသတ်သွား သည့် မိန်းကလေးတစ်ဦး (သို့မဟုတ်) သူ့အသက်နှင့်ထပ်တူချစ် မြတ်နိုးရပါသည့် ချစ်သူ ပျိုလေးခင်...**

''မောင်...

နွမ်းကြွေသွားတဲ့ပန်းပွင့်လေးတွေကို ဘယ်လိုလူကမှ တယု တယနဲ့ ကောက်ယူထွေးပွေ့မှာမဟုတ်ပါဘူး။ မောင်နဲ့မထိုက်တန် တော့တဲ့ဘဝမှာ လေး့အသက်ရှင်ရပ်တည်နေလို့လည်းအဓိပ္ပါယ်ပါပဲ။ မောင့် အပေါ်မှာ သစ္စာမရှိဘူးဆိုပြီး လေးအပေါ်စိတ်မနာပါနဲ့လို့ တောင်းပန် ရုံကလွဲပြီး လေးမှာဘာမှပြောစရာမရှိတော့ပါဘူး။ မောင့်အပေါ်မှာ သစ္စာရှိရှိနဲ့ချစ်သွားတဲ့ချစ်သူဘဝကို နောက်ဘဝမှာပဲ လေး့ပေးပါရ စေတော့လို့...

တစ်ခါက.လေး''

ဝိုင်းစက်လှပလွန်းပါသည့်လက်ရေးတွေပေါ်သို့ မျက်ရည်တစ်ပေါက်စီးကျသွားလေ၏။ လေးရေ. . . လေးအတွက် လက်စားချေချင်လို့ မောင်ဒီကိုပြန်လာခဲ့တာအမှန်ပါ။ ပြီးတော့ စနစ်တကျ အစီအစဉ်ဆွဲပြီး စီမံနေတာလည်းတကယ်ပါ။

ဒါပေမဲ့ မောင်ယုတ်မာရလောက်အောင် လိပ်ပြာမသန့်ဘူး။ ဒီလူကြီးရဲ့နှလုံးသားကိုဆွဲခါပြီး သူ့ကိုယ်သူသတ်သေသွားတဲ့အဆင့်ထိ မောင်လက်စားပြန်ချေချင်တာပါ။ ဒါဟာ မောင့်ရင်ထဲကဆန္ဒအမှန်ပဲ။ ဒါပေမဲ့ လက်တွေ့မှာ မောင် ဘာတစ်ခုကိုမှ မလုပ်ဖြစ်သေးဘူး။ မောင့်ကို တုံ့ပြန်နိုင်တဲ့ခွန်အားတွေကို တမလွန်ကနေပြီး ပေးလှည့်ပါလား,လေးရယ်။



အခန်း (၂၃)

Hand Phone ခလုတ်တွေကို လေးကန်စွာဖြင့်နှိပ်လိုက်မိ၏။ ရင်ထဲမှာက လေးလံစိတ်ဖြင့် လူက မအီမသာ။ ခွင့်လွှတ်ပါနော်. . . ခွင့်လွှတ်ပါ အန်တီထား။ မလုပ်သင့်ဆုံးအလုပ်တစ်ခုကို ကျွန်တော်လုပ်ပါရစေ။ ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးအခွင့်အရေးတစ်ခုဖြစ်နေလို့ပါ။

"ဟဲလို"

"ကျော်ဗိုး. . . ငါ"

"ဟုတ်ကဲ့. . . ပြောပါအစ်ကို"

"ငါ အခုသင်တန်းကိုသွားနေပြီ။ နောက်နာရီဝက်လောက်

ကြာသွားရင် သူ့အဖေကိုဖုန်းဆက်ပေး. . . ကျော်ဗို။ ငါ့လိပ်စာကို သေချာပြော။ ဒီ့ထက်ပိုပြီးနောက်မကျစေနဲ့။ ငါပြောတာသဘော ပေါက်လား"

"ဟုတ်ကဲ့. . . ပေါက်တယ်အစ်ကို"

"အေး. . . ဒါပဲ"

ဖုန်းကိုပိတ်ချလိုက်ပြီး ကားကိုလမ်းဘေးမှာထိုးရပ်လိုက်၏။ သင်တန်းရှိရာဆီလှမ်းခဲ့စဉ် သင်တန်းကမဆင်းသေး။ ဖျတ်ခနဲလှည့်ကြည့်လာသည့်မျက်ဝန်းနက်လေးများကို ကြည့်၍ပြုံးပြလိုက်ပြီး သူ လက်ယပ်ခေါ်လိုက်၏။ ချာတိတ်မလေးက ဇဝေဇဝါဖြင့် သူမ၏ရင်ဘတ်ကို လက်မလေးထောက်လျက် ပြန်မေးလိုက်သဖြင့် သူ ဆတ်ခနဲခေါင်းညိတ်ပြလိုက်သည်။

သူမ ဖျတ်ခနဲထရပ်၍ ဆရာကိုခွင့်တောင်းကာ အခန်းပြင်သို့ ခပ်သွက်သွက်လျှောက်လာလေ၏။ သူကလက်တစ်ဖက်ကို ကမ်းလျက်ကြိုလိုက်တော့ သူမက ရက်ရောစွာဖြင့် လက်ကလေးတစ်ဖက်ကို အလိုက်သင့်ပြန်ကမ်းပေးလိုက်လေသည်။

သူရုတ်တရက် သူမလက်ဖမိုးလေးကိုငုံ့မွှေးလိုက်မိ၏။ သူမမျက်နှာလေး ရဲခနဲဖြစ်သွားလေသည်။

"အို. . . ကိုကြီးနော်၊ သူများတွေမြင်သွားတော့မှာပဲ"





"မမြင်ပါဘူး. . . ကိုယ်, ကလေးကိုလာခေါ်တာ"

"ဘယ်သွားမလို့လဲ"

"ကိုယ့်အခန်းကို"

"ဟင်! ဘာလုပ်ဖို့လဲ"

"ခဏလေးပါပဲ ကလေးရဲ့။ ကိုယ်နေမကောင်းဘူး။ အဲဒါ နာရီဝက်လောက် လိုက်စောင့်ပေးပါလား"

"ဟယ်. . . နေမကောင်းတာ ဆေးခန်းပြမှပေါ့ကိုကြီးရဲ့။ နှောင်းက ဘာမှလုပ်တတ်တာမဟုတ်ဘူး။ ဒုက္ခပါပဲနော်"

"ဆေးခန်းပြပြီးမှ ကလေးဆီကို ကိုယ်လာခဲ့တာပါ။ ဘာမှလုပ်ပေးဖို့မလိုပါဘူးကလေးရဲ့။ ကိုယ် ဆေးရှိန်နဲ့အိပ်ပျော်သွားတုန်း စောင့်နေပေးဖို့ပါ။ အဖျားကျသွားတော့ ရေပတ်တိုက်၊ အဝတ်အစားလဲပြီး ကလေးကိုပြန်လိုက်ပို့ပေးမှာပေါ့။ ခဏလေးပါကွာ။ တော်ကြာ အဖျားတွေထပ်တက်ပြီးသေသွားရင် ဘယ့်နှယ့်လုပ်မလဲ"

"အို. . . ဖွ. . . . လွဲပါစေ. . . ဖယ်ပါစေ။ ကိုကြီးကလည်း မပြောကောင်းဘူးလေ။ လာလာ. . . အခန်းကိုသွားစို့။ တော်ကြာ ကားမောင်းနေရင်း အဖျားတွေပြန်တက်နေမှဒုက္ခ။ နှောင်းက ကားမောင်းတတ်တာမဟုတ်ဘူး"

လက်ချင်းချိတ်လျက် ကားရှိရာဆီ ခပ်မှန်မှန်လျှောက်လာ

ခဲ့ပြီး ကားကိုမောင်းထွက်တော့ သတ်မှတ်ချိန် ၁၅ မိနစ်စွန်းလေပြီ။ အခန်းကိုရောက်တော့ မိနစ် ၂၀။ ဧည့်ခန်းနှစ်ယောက်ထိုင်ဆက်တီထက် သူပစ်လှဲချလိုက်တော့ သူမက မျက်ကယာခတ်သွားလေ၏။

“ကိုကြီး. . . အခန်းထဲမှာနားလေ”

“ဟင့်အင်း. . . မရတော့ဘူး။ ကိုယ်အရမ်းအိပ်ချင်နေပြီ၊ ဒီမှာပဲနေတော့မယ်”

“ခက်တာပဲ”

သူမက အိပ်ခန်းထဲဝင်၍ စောင်တစ်ထည်နှင့် ခေါင်းအုံးကိုသွားယူလာခဲ့ပြီး သူ့ခေါင်းအောက်မှာ ခေါင်းအုံးကိုထိုးသွင်းထားလျက် စောင်ကိုလွှမ်းခြုံပေးလေ၏။ သူမျက်လုံးအစုံကို အသာမှိတ်ထားလိုက်မိသည်။ အချိန်က ၂၅ မိနစ်။

သူမ, သူ့နဖူးကိုတစ်ချက်စမ်း၍ အနီးရှိဆက်တီမှာ ဝင်ထိုင်လိုက်လေ၏။ မိနစ် ၃၀. . .

လှဲနေရာမှ တစ်ဖတ်ဖတ်ခြေသံကို သူကြားလိုက်ရ၏။ ဦးစောလွင်လိုက်လာပြီဟု သူအတတ်သိလိုက်ပါသည်။ အချိန်စေ့ပြီ ရှင်နှောင်းငယ်၊ ကိုယ့်အခန်းတံခါးကို အတွင်းက lock ချမထားဘူး။ အပြင်ကအလွယ်တကူတွန်းဖွင့်ရုံနဲ့ ပွင့်သွားမှာအမှန်ပဲ။ အဲဒီ





အခါ မမြင်အပ်တဲ့မြင်ကွင်းမျိုးကို ဦးစောလွင် မြင်သွားစေရမယ်လေ။

“ကလေး”

“ရှင်. . . ကိုကြီး”

“ကိုယ့်နားလာထိုင်ပေးကွာ. . . please”

“ဟင်းနော်. . . ဆေးရှိန်နဲ့အိပ်မယ့်လူနာက. . . တယ်ဂျီဂျောင်ကျလှချည်လား”

“လာပါကွာ. . . ကိုယ့်မှာအားမရှိတော့ဘူးကွ”

သူမက သူ့အနီးမှာလာထိုင်တော့ စောင်ကိုအသာခွာချလိုက်ပြီး နားစွင့်လိုက်၏။ ခြေသံက အခန်းရှေ့မှာရပ်သွားသည်နှင့် သူမကိုဆတ်ခနဲပွေ့ဖက်လိုက်စဉ် ဝုန်းခနဲတံခါးတွန်းဖွင့်လိုက်သံက ကွက်တိ. . .

“ဟင်! ဖေကြီး”

“နေသွေး. . . မင်း. . . မင်း. . . လူယုတ်မာ။ ငါ့သမီးနုနုထွတ်ထွတ်လေးကိုမှ”

အခန်းထဲဝင်လာရင်း သမီးဖြစ်သူကို လက်မှဆွဲဖယ်လျက် နေသွေး၏မျက်နှာကို ဘယ်နကြိမ်မှန်းမသိ တခွပ်ခွပ်ထိုးချလိုက်လေ၏။

"ဖေကြီး. . . မဟုတ်ဘူး. . . မလုပ်ပါနဲ့။ လွန်ကုန်မယ် နော်. . . ဖေကြီး"

"ဟင်. . . ငါမွေးတဲ့မျောက် ငါ့လက်ကိုပြန်ကိုက်တာ အခံရအခက်ဆုံးပဲ။ မင်းတော်တော်ယုတ်မာတဲ့ကောင်။ မင်းနဲ့ငါ ဘာအငြိုးရှိလို့ ဒီလိုယုတ်မာတဲ့အကြံအစည်ကိုကြံရတာလဲကွ။ ငါ့သမီးက ကလေးသာသာဖြူဖြူစင်စင်လေးပါ။ ဘာအပြစ်မှရှိတာမဟုတ်ဘူး. . ."

"မှန်တာပေါ့ ဦးစောလွင်။ ခင်ဗျားသမီးမှာ ဘာအပြစ်မှ မရှိသလို ပျိုလေးခင်မှာလည်း ဘာအပြစ်မှရှိမနေပါဘူး"

"ဘာရယ်"

"ပျိုလေးခင်လေ. . . လွန်ခဲ့တဲ့နှစ်နှစ်တာကာလတုန်းက ခင်ဗျားကုမ္ပဏီမှာ secretory လာလုပ်ခဲ့ဖူးတဲ့ ပျိုလေးခင်လေ၊ ခင်ဗျားကြီး တရားဝင်မယူနိုင်ဘဲ ခြေတော်တင်ခဲ့လို့ ဘဝပျက်ပြီး သေကြောင်းကြံ ဘဝကူးသွားတဲ့ပျိုလေးခင်ဆိုတာ ကျုပ်အသက်နဲ့ ထပ်တူချစ်မြတ်နိုးရတဲ့ချစ်သူပဲ"

"မင်း. . . မင်းမှားနေပြီ"

နောက်ဘက်ကို သုံးလုမ်းမျှဆုတ်လျက် မယုံကြည်နိုင်သည့် အကြည့်တို့ဖြင့် ငေးနေသည့်ဦးစောလွင်ကို စူးရဲစွာပြန်ကြည့်ရင်း





သူလက်ညှိုးငေါက်ငေါက်ထိုးလျက် အော်ဟစ်ပြောဆိုလိုက်မိသည်။

"ဘာမှမှားစရာအကြောင်းမရှိဘူး။ သင်းသင်းရွှေ့မှာတင် ပါတီတက်ဖို့ခေါ် သွားခဲ့ပြီး တစ်ညပြန်မပို့ခဲ့တာ ခင်ဗျား။ အရှက်တကွဲအကျိုးနည်းဘဝနဲ့ ကျွန်တော့်ကိုမျက်နှာမပြဝံ့တော့လို့ လေးဘဝကိုအဆုံးသတ်သွားရတာ ခင်ဗျားကြောင့်။ ခင်ဗျားကြီး ငြင်းဖို့မကြိုးစားပါနဲ့။ ခင်ဗျားမှာ သမီးတစ်ယောက်လုံးရှိနေတာတောင်မှ သမီးချင်းကိုယ်ချင်းစာနာမှုမရှိတဲ့အတ္တသမားကြီး. . .။ ခင်ဗျားမျက်နှာကို ကျုပ်မမြင်ချင်တော့ဘူး သွားဗျာ။ သွား. . . ထွက်သွား"

"နေသွေး. . . မင်း. . . မှားနေပြီ"

"ဘာမှလာရှင်းပြမနေနဲ့။ သက်သေခိုင်လုံမှုမရှိဘဲ ခွေးသေဝက်သေ,သေခဲ့ရတဲ့ ကျုပ်ချစ်သူလို ခင်ဗျားသမီးလည်းသေစေရမယ်။ ဒီနေ့ကစပြီး ကျုပ်စောင့်ကြည့်နေမှာ။ ခင်ဗျားသမီး သူ့ကိုယ်သူသတ်သေတဲ့သတင်းကိုပေါ့. . .။ အရှက်တကွဲအကျိုးနည်းနာမည်ပျက်ပြီးသေမယ့်သတင်းကို. . . ကျုပ်မကြားရမချင်း မမြင်ရမချင်း ဒီအကြွေးမကျေဘူးမှတ်"

"နေသွေး"

"ကိုကြီး. . . ကိုကြီးရက်စက်တယ်။ ကိုကြီးသိပ်ရက်စက်တယ်။ နှောင်းကို. . . နှောင်းကို"

"သမီး. . . ဘေဘီ"

မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် ပြေးထွက်သွားသည့် သမီးနောက်မှအပြေးအလွှားလိုက်သွားသည့် ဦးစောလွင်ကို ကြည့်ရင်း သူဟားတိုက်ရယ်မောလိုက်မိ၏။ မျက်နှာကိုပင့်မော့ထားလျက်မှ မျက်ရည်တို့က တသွင်သွင်စီးကျလာလေသည်။ သူမျက်နှာကို လက်ဝါးဖြင့်အုပ်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုရှိုက်လိုက်မိ၏။

လေးရယ်. . . တမလွန်ကနေပြီး ကျေနပ်လှည့်ပါ။ လေးအတွက် အကောင်းဆုံးလက်စားချေခွင့်မောင်ရခဲ့ပေမယ့် မောင့်ရင်ထဲမှာ ကြေကွဲဝမ်းနည်းရပါတယ်။ မောင့်နှလုံးသားတွေ တစ်စစီကြေကုန်တာအမှန်ပါကွယ်။

ကိုကြီးရက်စက်တယ်တဲ့လား။ ကိုကြီးသိပ်ရက်စက်တယ်တဲ့လား ကလေးရယ်. . .

မဟုတ်ရပါဘူး။ ကိုကြီးမှာ ရက်စက်တတ်တဲ့ နှလုံးသားမရှိတာအမှန်ပါကလေးရယ်။ အင်မတန်မှ နူးညံ့ဖြူစင်လှတဲ့ကလေးရဲ့နှလုံးသားကို ကိုကြီးကြောင့် မကွဲစေချင်ပါဘူး။

ပါးပါးလေးပါ။ ပါးပါးလေးရိုက်လိုက်ရုံလေးပါ နှောင်းရယ်။ ဒါပေမဲ့ အဲဒီရိုက်ချက်ထဲမှာ ကိုကြီးရဲ့နှလုံးသားကိုပါ ပြန်ရိုက်ခဲ့မိတာအမှန်ပါ။ တကယ်ပဲ ကိုကြီးရဲ့နှလုံးသားမှာ ကုစားလို့မရနိုင်တဲ့





ဒဏ်ရာဒဏ်ချက်တွေ ဗလပွရရှိခဲ့တာ တကယ်ပါပဲကွယ်။

သနပ်ခါးရနံ့တို့နှင့်အတူ အခန်းဝမှလူရိပ်ကြောင့် သူမော့ကြည့်လိုက်မိပါ၏။ သန့်ရှင်းသပ်ရပ်စွာဝတ်ဆင်ထားသည့် ကျက်သရေရှိလွန်းလှသည့်အမျိုးသမီးကြီးကိုမြင်လိုက်ရလေသည်။

"အန်တီဝင်လာပါရစေလား သား"

"ဟုတ်"

ဒေါ်သက်ထား အခန်းထဲ အသာလှမ်းလျှောက်လာခဲ့ပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်လေ၏။ ပြင်မရအောင် ပျက်ယွင်းလျက်ရှိသည့်မျက်နှာ၊ ဆံပင်တို့က ပွယောင်း၍ ဘုတ်သိုက်ဖြင့် ညှင်းသိုးသိုးဖြစ်နေသည့်လူငယ်လေးကိုကြည့်ရင်း သက်မကိုခပ်ကျယ်ကျယ်လေး ချလိုက်မိလေသည်။

"အန်တီလာခဲ့တာ သားရင်ထဲက သံသယအစိုင်အခဲတွေကို ချေစေနိုင်တဲ့စေတနာနဲ့ပါ သား။ အထင်မလွဲပါနဲ့"

သူ, အန်တီထားကို ဇဝေဇဝါဖြင့်ကြည့်လိုက်မိ၏။ အန်တီထား၏ပုံစံက ဘာမှမဖြစ်သလို အေးတိအေးစက်နိုင်လွန်းနေသေ

သည်။

"သားရဲ့ချစ်သူဖျိုလေးခင်ကို ဘဝပျက်အောင်ဖျက်ဆီးခဲ့တဲ့လူဟာ ကိုစောလွင်မဟုတ်ပါဘူး"

"ဟင်! "

"အရင်က ကိုစောလွင်ဆီမှာ အလုပ်လုပ်ခဲ့တဲ့ မန်နေဂျာ မောင်ခန့်ထည်ပါကွယ်"

"ဗျာ! "

"အဖြစ်က ဒီလိုပါ။ အဲဒီနေ့က ကိုစောလွင်, ဖျိုလေးခင်ကို သွားခေါ်ခဲ့တာ မှန်ပါတယ်။ ပါတီပွဲသွားခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ည ၁၀ နာရီလောက်မှာ ကိုစောလွင်က အိမ်ကိုအရောက် ပြန်လာခဲ့တာအမှန်ပါ သား။ ဖျိုလေးခင်ကို တိုက်ခန်းဆီအရောက် ပို့ဖို့ မောင်ခန့်ထည်ကိုတာဝန်ပေးခဲ့ပါတယ်။ အဲဒီညမှာ. . . မိုးက သည်းတယ်။ လမ်းမှာ ကားမောင်းလာရင်း သစ်ပင်တွေ လဲကျပြီး လမ်းတွေပိတ်တယ်။ ပါတီကအပြန် မူးလာတာရော၊ သဘာဝရဲ့ ဖန်တီးပေးလာတဲ့အခြေအနေမှာ မဖြစ်သင့်တာတွေဖြစ်ခဲ့တာပါပဲ သား။ မနက်လင်းတော့. . . မောင်ခန့်ထည်က အဖြစ်အပျက်ကို အန်တီတို့အိမ်မှာ လာဖွင့်ပြောပြီး အကြံဉာဏ်တောင်းတယ်။ ကို စောလွင်ဆို ဒေါသတကြီးဖြစ်ပြီး မောင်ခန့်ထည်ကို ကိုယ်ထိလက်





ရောက်ပြုမူတဲ့အထိ ဝုန်းဒိုင်းကြဖြစ်ကြတာပါ။ မောင်ခန့်ထည်မှာ မိန်းနဲ့သားတစ်ယောက်ရှိတယ်။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရ မလဲ ခေါင်းတွေခြောက်နေစဉ်မှာ ဖျိုလေးခင်ရဲ့အမင်္ဂလာသတင်း ကိုကြားလိုက် ရတာပဲ။ အမှုက လူသေမှုနဲ့ပဲ ပိတ်လိုက်တာကြောင့် မောင်ခန့်ထည်တို့မိသားစုကိုငဲ့ညှာပြီး. . . ကိုစောလွင်က အမှုလုပ် ပေးဖြစ်ခဲ့ဘူး။ သေသွားတဲ့လူရဲ့အရှက်နဲ့သိက္ခာကို ငဲ့ကွက်ခဲ့တာ လည်း ပါ,ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မောင်ခန့်ထည်အလုပ်က နေ အပြီးအပိုင်ဖြုတ်တယ်။ အန်တီနဲ့ ကိုစောလွင် စကားအကြီး အကျယ်များကြပြီး ကွဲခဲ့တယ်. . . ဒါပါပဲ။ ဘယ်သူမပြုမိမှုတဲ့။ အဖြစ်အပျက်ရဲ့လက်သည်တရားခံက ကိုစောလွင်မဟုတ်ခဲ့ပေမယ့် တစ်နည်းနည်းနဲ့တော့ ပတ်သက်ဆက်နွယ်မှုရှိခဲ့တာ အမှန်ပါပဲ။ သားနဲ့သမီးကိုပြတ်စေချင်တာက သူ့လို character မျိုးရှိနေတဲ့ သားကို သားမက်မတော်ချင်တဲ့ ဖခင်စိတ်အတ္တသက်သက်ကလွဲ လို့ ဘာမှမရှိခဲ့ပါဘူး။ ဒီလောက်နှစ်တွေချီပြီး ရင်ထဲမှာ သိုလှောင် သိမ်းဆည်းထားတဲ့ အာဃာတမီးတွေ ငြိမ်းပါစေဆိုတဲ့စေတနာနဲ့ အန်တီ လာဖွင့်ပြောရတာပါသား။ အန်တီနားလည်ပါတယ်။ ကိုယ် ချင်းလည်း စာနာပါတယ်။ ကံ,ကံ၏အကျိုးဆက်လို့ပဲ မှတ်ယူပေါ့ သားရယ်"

သူ့ ဘာကိုမှပြန်မပြောနိုင်ဘဲ ငူငိုင်ငိုင်ဖြင့် ထိုင်နေမိစဉ် အန်တီထားက အသာမတ်တတ်ရပ်လိုက်ပါ၏။

"သမီးအပေါ်မှာ ဘာတစ်ခုမှကျူးကျူးလွန်လွန်မပြုမူခဲ့တဲ့အတွက် သားကို အန်တီကျေးဇူးအများကြီးတင်သလို လေးလည်းလေးစားပါတယ်သား။ ဒီလောက်နဲ့ပဲ သားရဲ့အပြုံးတွေကို သင်ပုန်းချေပေးပါ။ သမီးအပေါ် ညီမအရင်းလေးလိုထားရှိခဲ့တဲ့အတွက် အန်တီသားရဲ့စေတနာတွေကို ဘယ်တော့မှမမေ့ပါဘူး။ ဒါပေမဲ့"

ဒေါ်သက်ထားမျက်ဝန်းမှ မျက်ရည်တန်းတွေ တပေါက်ပေါက်စီးကျလာလျက် ကျိတ်ရှိုက်လိုက်လေ၏။

"အန်တီပြောမိရင် အတ္တတွေသိပ်ကြီးနေမလားကွယ်။ ဒါပေမဲ့. . . ပြောခဲ့ပါရစေ။ လာနိုင်မလာနိုင်ကတော့ သားရဲ့အပိုင်းပေါ့နော်။ အခု. . . အခု. . . သမီးကိုဆေးရုံတင်ထားလိုက်ရပြီ။ Operation လုပ်ရင်တောင်မှ ရှင်ဖို့အလားအလာက fifty - fifty ပဲလို့ ဆရာဝန်က ပြောပါတယ်။ သမီးအနားမှာ သမီးအဖေစောင့်ကျန်နေခဲ့တယ်။ အန်တီက သားသိစေချင်တဲ့ကိစ္စတွေရှိလို့လာပြောတာကလည်းတစ်ကြောင်း၊ ပြီးတော့ သမီးရဲ့နောက်ဆုံးထွက်သက်လေးမှာပဲဖြစ်ဖြစ် သားရဲ့မျက်နှာလေးကို မြင်တွေ့သွားစေလိုတာကလည်းတစ်ကြောင်းပါ။ တကယ့်အစစ်အမှန်မဟုတ်တောင်မှ ဟန်





ဆောင်ချွေးသိပ်စကားလေးကိုပဲဖြစ်ဖြစ် သမီးကိုကြားသွားစေလိုတဲ့စေတနာအရင်းခံရဲ့တွန်းအားကြောင့် လာခဲ့တာပါ။ အန်တီသွားတော့မယ်သား။ သားရင်ထဲမှာ အမြန်ဆုံးငြိမ်းအေးပါစေလို့ အန်တီဆုတောင်းပေးခဲ့ပါတယ်"

တရွေ့ရွေ့ထွက်ခွာသွားရှာသည့်ခြေသံတရှပ်ရှပ် ကွယ်ပျောက်သွားသည့်နောက် သူ့အမြင်တွေ ဝေဝါးသွားရလေ၏။ ခါးသက်သက်အရသာ၊ ရီဝေဝေအသိ၊ မှုးနောက်နောက်ဦးနှောက်တွေနှင့် သွေးပျက်ညကို မည်သို့ဖြတ်သန်းခဲ့လေသည်မသိ။ သေချာပါတယ်။ အခုမှ သူ့ဘဝ တကယ်ပျက်ခဲ့ရတာပါလေ. . .။



## အခန်း (၂၆)

ဆေးရုံပေါ်ကို သူရောက်တော့ Theatre ရှေ့မှာ လူစုံနေလေပြီ။ ဘွားဘွား၊ အန်ကယ်ဦးစောလွင်၊ အန်တီထားနှင့် အန်တီထားနှင့် မျက်နှာခပ်ဆင်ဆင်အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေ၏။

သူ့ကိုမြင်လိုက်သည်နှင့် ဖြိုင်တူထရပ်လိုက်ပါသည့်အန်တီနှင့်အန်ကယ်ကို သူဦးညွှတ်၍အရိုအသေပြုလိုက်ပါသည်။

"အစစအရာရာအတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါလို့အနူးအညွှတ်တောင်းပန်ပါရစေ အန်ကယ်"

ဦးစောလွင်က သူ့ထံလက်ကမ်းပေးလိုက်သဖြင့် သူလက်

ပြန်ဆွဲလျက် နှုတ်ဆက်လိုက်ရ၏။

"အခုလိုလိုက်လာတာကိုပဲ ဝမ်းသာလှပါပြီ မောင်နေသွေး ရယ်"

"Operation ဝင်တာ ကြာပြီလားအန်ကယ်"

"သိပ်မကြာသေးဘူး။ သမီးက အားရောသွေးပါ အရမ်း အားနည်းနေလို့ တစ်ညလုံးသွင်းထားပြီး ဒီမနက်မှစခွဲတာပါ"

"သား. . . ထိုင်လေ"

"နေပါစေအန်တီ. . . ရပါတယ်"

သူတို့မျှော်လင့်တကြီးဖြင့်စောင့်နေစဉ် corridor ထောင့် ချိုးမှ ရှူးဖိနပ်သံတဒေါက်ဒေါက်ကို တိတ်ဆိတ်နေပါသည့်ဆေးရုံ တွင်းမှာ ကြားလိုက်ရသည်။ ဖျတ်ခနဲလှည့်ကြည့်မိကြစဉ် သစ်လွင် တောက်ပနေပါသည့် uniform အပြည့်အစုံဖြင့် နေမင်းအုပ်။

ထိုလူစုက သူတို့အနီးမှာ လာရပ်လိုက်သည်မို့ ထိုင်နေ သည့်ဦးစောလွင်တို့ လူပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။ သူက တည်ငြိမ်သည့်အကြည့်တို့ဖြင့် သူငယ်ချင်းဖြစ်သူကိုလှည့်ကြည့်လိုက် ပါ၏။

"စခန်းကိုခဏလောက်လိုက်ခဲ့ပါ နေသွေးနီ"

"ဟင်! "





"ဘာကိစ္စရှိလို့ပါလဲမောင်ရင်"

"စခန်းရောက်မှပဲပြောနိုင်ပါမယ်အန်ကယ်။ ပြီးတော့. . . အန်တီဒေါ်သက်ထားလွင်ကိုပါ မေးမြန်းစရာလေးတွေရှိနေပါသေး တယ်။ အခုလောလောဆယ်. . . အန်တီတို့သမီးရဲ့ အရေးတကြီး Operation ကြောင့် နောက်မှပဲခေါ်တွေ့ပါမယ်ခင်ဗျ"

"အန်တီအခုပဲလိုက်ပါ့မယ်ကွယ်"

"ထား"

"ကိုကို. . . သမီးကိုစောင့်ပါ။ သမီး Operation ပြီးလို့ သတိရလာရင် ကြည့်ပြောထားပေးပါ။ မေမေနဲ့ ညီမလေးနီလာ ယို့ စိတ်ချပါရစေရှင်"

"သမီး. . . ထား"

"ဘာပြဿနာရှိနေလို့လဲ မောင်ရင်။ အန်ကယ်ပါလိုက်ခဲ့ ပါရစေ"

"ရပါတယ်. . . အန်တီ့ကို လိုက်စောင့်ရှောက်သူအနေနဲ့ပဲ ဖြစ်ဖြစ် လိုက်ခဲ့လို့ရပါတယ် အန်ကယ်။ သွားစို့. . . နေသွေး"

သူ့ခြေလှမ်းကိုခပ်မှန်မှန်လှမ်း၍ နေမင်းအုပ်နှင့်အတူ ယှဉ်တွဲ၍လျှောက်လာခဲ့၏။ ရင်ထဲမှလေးလံဖိစီးမှုက ဘာနဲ့မှနှိုင်း ဆမရ။

လေးရယ်. . . ဖြစ်ပျက်လာတဲ့ နောက်ဆက်တွဲပြဿနာတွေကြားမှာ မောင်အငွေ့ပျံသွားချင်တော့တာပါပဲ။ ဒါပေမဲ့ ဆေးရုံပေါ်မှာ ဝေဒနာတွေ မမျှတအောင် ခံစားနေရရှာတဲ့ ကလေးရဲ့မျက်နှာလေးကိုတော့ နောက်ဆုံးအနေနဲ့ မြင်တွေ့သွားချင်တာအမှန်ပါ။

ရဲစခန်းတွင်းရှိ နေမင်းအုပ်စားပွဲရှေ့ကုလားထိုင်မှာ ကိုယ်စီထိုင်ချလိုက်ပြီး ဒုရဲအုပ်မျက်နှာကိုပြိုင်တူကြည့်လိုက်မိကြ၏။ နေမင်းအုပ်က သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ပါသည်။

"ဒီနေ့မနက် ၅ နာရီကျော်ကျော်မှာ (    ) လမ်း၊ တိုက် (    )၊ အခန်း(    ) မှာ မှိုင်းရီရီအသတ်ခံလိုက်ရပါတယ်"

"ရှင်! "

"ဟင်! "

"ဒီတော့ သေဆုံးသူနဲ့ပတ်သက်နေတဲ့လူတွေထဲက တရားခံဖြစ်နိုင်တဲ့သူကို အမှန်ကန်ဆုံးရွေးထုတ်နိုင်ဖို့ အခုလိုခေါ်ယူစစ်ဆေးရတာပါပဲ"

"ဒါဆိုရင်တော့ သားကိုပြန်လွှတ်လိုက်ပါ မောင်နေမင်း။ သားမှာ ဘာအပြစ်မှရှိမနေပါဘူး။ အန့်တို့မှာပဲ အပြစ်ရှိတာပါ"

"မဟုတ်ဘူး. . . ထားကြောင့်မဟုတ်ဘူး။ အန်ကယ့်မှာပဲ





အပြစ်ရှိတာပါ မောင်နေမင်း။ ထားနဲ့မောင်နေသွေးက ဒီကိစ္စကိုဘာမှမသိတာအမှန်ပါ"

"အန်ကယ်နဲ့အန်တီပြောတာတွေ တစ်ခုမှမမှန်ပါဘူး။ မှိုင်းရီရီကို ငါကိုယ်တိုင်သတ်ခဲ့တာပါ နေမင်း။ ဒါအမှန်ပဲ"

နေမင်းအုပ်နားထင်နှစ်ဖက်ကို လက်ညှိုးဖြင့်ထောက်လိုက်ပြီး အတော်စိတ်ညစ်သွားရ၏။

ခက်ချေပြီပဲ။ လူ့သဘ်မှုကျူးလွန်ပြီးလျှင် တာဝန်ဆောင်၍မရမကငြင်းဆန်ကာကွယ်ခဲ့ကြသည့်သာဓကများကိုသာ ကြုံခဲ့ဖူးသည်မှာအမှန်ပင်။ ယခုတော့ တစ်ဦး၏ပြစ်ချက်ကို တစ်ဦးကအကာအကွယ်ပေးလျက် သူသတ်ပါသည်၊ ငါသတ်ပါသည်ဟုအတင်းဝန်ခံနေပါသည့်လူသုံးဦးကြောင့် ရာဇဝင်တွေပြောင်းပြန်လှန်ကုန်ပါရောလား။

"ကျေးဇူးပြု၍ အရေးကြီးတဲ့မှုခင်းအတွက် ရှုပ်ထွေးမှုဖြစ်အောင် ကျွန်တော့်ကိုမနှောင့်ယှက်ကြပါနဲ့လား။ ကျွန်တော်တောင်းပန်ပါတယ်။ ဒီအမှုက ပုဒ်မကြီးတယ်နော်။ တမင်တကာရည်ရွယ်ပြီး သတ်မှုမြောက်တဲ့အတွက် တစ်ကျွန်း၊ ဒါမှမဟုတ် သေစားသေစေအမှုမျိုးမို့ အတော်ဂရုစိုက်နေရတာပါ"

"လုပ်ရဲရင်ခံရဲရတာပေါ့ မောင်နေမင်း။ အန်တီတကယ်

ပြောနေတာပါ။ သားမှာအပြစ်မရှိပါဘူး"

"ထားရယ်. . . ဘာတွေလျှောက်ပြောနေတာလဲ။ ဒီမှာ မောင်နေမင်း. . . အန်ကယ်က မိုင်းရီရီနဲ့ပတ်သက်မှုအရှိဆုံးလူ တစ်ယောက်ပါ။ ဒီအရှုပ်မနဲ့ မလည်ရှုပ်ဇာတ်သိမ်းက ဒီလမ်းကလွဲပြီး ဘာမှရှိတာမှမဟုတ်ဘဲ။ သူ့ကိုအန်ကယ်ကိုယ်တိုင်ရှင်းခဲ့တာပါ"

"နေမင်း"

"တော်ကြပါတော့. . . ကျွန်တော့်ကို ဦးနှောက်စားအောင် မလုပ်ကြပါနဲ့။ ကျေးဇူးပြု၍ အန်တီနဲ့နေသွေး ခဏလောက် အခန်းပြင်ထွက်ပေးကြပါ။ ရဲဘော်. . . သူတို့ကိုခွဲခြားပြီး သီးခြားရှိနေပါစေ။ ကျွန်တော်. . . အန်ကယ်နဲ့အရင်ဆွေးနွေးပါ့မယ်"

ဒေါ်သက်ထားနှင့်ရဲမေနှစ်ဦးက တစ်ဖွဲ့၊ သူနှင့်ရဲသားနှစ်ဦးကတစ်ဖွဲ့ အခန်းပြင်ရှိခပ်လှမ်းလှမ်းမှာ သွားရပ်နေလိုက်ရ၏။ အန်တီ့မျက်ဝန်းဆီမှ လေးနက်တည်ကြည်သည့်အကြည့်တွေကြောင့် သူ့ရင်ထဲမှာ ဇဝေဇဝါ။ ဘုရားရေ! ဘာတွေဘယ်လိုဖြစ်ခဲ့တာပါလိမ့်။

"မူခင်းဖြစ်တဲ့အခန်းဘေးက ကောင်မလေးတစ်ယောက် ဖုန်းဆက်သတင်းပေးလို့ ဒီမနက် ၈ နာရီမှာ ကျွန်တော်တို့ အဲဒီ





တိုက်ခန်းကိုရောက်ခဲ့ပါတယ်။ အလောင်းကိုစစ်ဆေးကြည့်တော့ ဆရာဝန်က မနက် ၅ နာရီစွန်းစွန်းမှာ သေဆုံးတယ်လို့ အတည်ပြုပါတယ်ခင်ဗျ။ အိပ်ခန်းအပါအဝင် ဧည့်ခန်းပါမကျန် တိုက်ခန်းတစ်ခုလုံးကိုပိုက်စိပ်တိုက်ပြီး သဲလွန်စတွေလိုက်ရှာတော့ ဒီအရာလေးကို ကျွန်တော်သိမ်းလာခဲ့ပါတယ် အန်ကယ်"

နေမင်းအုပ်က plastic အိတ်ထဲမှာ သေချာသိမ်းဆည်းထားသည့်အရာလေးကို မှန်စားပွဲထက်ရှိ စာရွက်ဖြူပေါ် အသာတင်ပေးလိုက်ပါ၏။ ခရမ်းရောင်သစ်ခွပန်း၏ပွင့်ဖတ်တစ်ခုပြုတ်နေလေသည်။ ဘုရား. . . ဘုရား. . . ဒါဟာ ထားပန်ဆင်နေကျသစ်ခွမျိုးပါလား. . . ဒါဆို. . .

"ဒီပန်းမျိုး အန်ကယ်မြင်ဖူးပါသလားခင်ဗျာ"

"အင်း"

"ဘယ်သူ့ပစ္စည်းများဖြစ်နိုင်မလဲ"

"ထား. . . ထားပန်လေ့ရှိတဲ့သစ်ခွမျိုးပါ။ ဒါပေမဲ့"

"ခဏလေးစောင့်ပြီး နားထောင်ပေးပါ. . . အန်ကယ်၊ အန်ကယ့်ကိုယ်အန်ကယ် တရားခံပါလို့အတင်းမျက်စိမှိတ်ပြီး ဒွတ်ဝန်မခံချင်ပါနဲ့။ ဒီနေ့ဒီအချိန်ထိ မိုင်းရီရီရဲ့တိုက်ခန်းကို အန်ကယ် မရောက်ဖူးခဲ့ပါဘူး။ အခင်းဖြစ်တဲ့အချိန်တောက်လျှောက် ဆေးရုံ

က အန်ကယ့်သမီးဘေးမှာ တစ်ချိန်လုံးရှိနေတယ်ဆိုတဲ့ Motive ကို Nurse တွေ၊ ဆရာဝန်တွေ သက်သေထူပြီးသားမို့ တရားခံစာရင်းက ကျွန်တော်အပြီးဖယ်ထားပြီးသားပါ အန်ကယ်”

“နို့... အန်ကယ်ကိုယ်တိုင်မသတ်ဘဲ တစ်စုံတစ်ယောက်ကိုသတ်ခိုင်းလိုက်တာမျိုးဖြစ်ချင်ဖြစ်နေမှာကို မတွက်မိဘူးလား မောင်နေမင်း။ ထားမှာ...”

“သမီးအတွက်နဲ့ ပရိဒေဝမီးတောက်လောင်နေတဲ့လူက ဒီလိုသေသပ်တဲ့လုပ်ကြံမှုမျိုး မစီစဉ်နိုင်ပါဘူး အန်ကယ်။ ပြီးတော့ ဘာသာတရားကို အင်မတန်ကိုင်းရှိုင်းတဲ့ နူးညံ့သိမ်မွေ့လွန်းတဲ့ အန်တီ့ကိုလည်း ပယ်လူအဖြစ် ဖယ်ထားပြီးသားပါ။ အန်တီက... ညှိခန်းဆက်တီမှာ စကားအတော်ကြာကြာပြောပြီးမှ ပြန်သွားပုံရပါတယ်။ အခင်းဖြစ်တဲ့အိပ်ခန်းထဲထိ ဝင်ခဲ့ခြင်းမရှိသလို လက်ရောက်ကျူးလွန်ဖို့လည်းမရှိပါဘူး။ ဒီတော့ အန်ကယ်စိတ်အေးအေးထားပါခင်ဗျာ။ ကျွန်တော်က တာဝန်အရသာ အန်တီ့ကိုခေါ်မေးခြင်းဖြစ်ပါတယ်”

ဦးစောလွင် သက်မကိုခပ်ဖွဖွချလိုက်၏။ အပူမီးတောက်က မျက်ဝန်းထဲမှာ မငြိမ်းသက်နိုင်သေး။

“ဒါဖြင့် မောင်နေသွေးကရော”





“သူနဲ့ပက်သက်တာကို သီးသန့်ဆွေးနွေးမှာပါ အန်ကယ်။ ခွင့်လွှတ်ပါ”

“အကယ်၍ပေါ့လေ... မောင်နေသွေးကျွန်တော့်ကိုတော် ဆိုရင်တောင် အသက်ညှာဆုံးစီမံပေးပါ မောင်နေမင်း။ ဘာဘာ သမီးအတွက် မရှိမဖြစ်အလိုအပ်ဆုံးလူတစ်ယောက်ဖြစ်နေပြီပါ ကွယ်”

“တရားဥပဒေက ကျောသားရင်သားမခွဲခြားတတ်ပါဘူး အန်ကယ်။ အပြစ်မဲ့သူကိုလွှတ်ပေးပြီးအပြစ်ရှိသူကိုသာ တူညီတဲ့ ပြစ်ဒဏ်မျိုး ချမှတ်တတ်တာပါ။ နေသွေးဟာ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းတစ်ယောက်ဆိုတာကို အန်ကယ်သိထားပါခင်ဗျာ”

ဦးစောလွင်ထွက်သွားပြီး ခဏအကြာမှာ ဒေါ်သက်ထားလွင်ဝင်လာလေ၏။ စားပွဲထက်မှာရှိနေသည့် သစ်ခွပွင့်ဖတ်လေးကိုငုံ့ကြည့်လိုက်ပြီး တည်ငြိမ်စွာပြုံးလိုက်မိသည်။

“ဒါ... အန်တီ့ရဲ့ပန်းပွင့်လေးတစ်ဖတ်ပါနော်”

“ဟုတ်ပါတယ်၊ မနေ့ညနေကပန်ခဲ့တဲ့ သစ်ခွပွင့်လေးရဲ့ အပွဲတစ်ခုလေးပါ”

“အန်တီ... မိုင်းရီရီထံကို ဘာကိစ္စနဲ့သွားခဲ့တာလဲ”

“သမီးအဖေနဲ့ပတ်သက်တဲ့ကိစ္စနဲ့ သွားခဲ့တာပါ။ လူမှုရေး

အရှုပ်အရှင်းတစ်ခုပါကွယ်။ ကိုစောလွင်နဲ့မပတ်သက်ဖို့ အန်တီ သွားတောင်းပန်ခဲ့တာအမှန်ပါ"

"ပြဿနာပြေလည်ခဲ့ပါသလား အန်တီ"

"ဟင့်အင်း. . . သူက အတော်ခေါင်းမာတဲ့မိန်းကလေးပဲကွယ့်။ သူ့မှာ ဟီရိဩတ္တပ္ပတရားဆိုတာလည်းမရှိဘူး။ ဒုသနသောကိုလည်းမကြောက်ဘူး။ တကယ့်ကိုအစွန်းရောက်နေတဲ့ မာနခဲလေးတစ်ယောက်ပါပဲ"

"သူ, အန်တီ့ကို တစ်ခုခုများပြန်ပြောခဲ့ပါသလား"

"ပြောတယ်. . . ပြောတာပေါ့။ ကိုစောလွင်ကို သူမြတ်မြတ်နိုးနိုးနဲ့ တကယ်ချစ်မြတ်နိုးနေတာပါတဲ့။ အန်တီ့ကိုမတားပါနဲ့လို့ မချေမငံပြန်ပြောတယ်"

"ဒါနဲ့ပဲ ဒေါသစိတ်နဲ့ အန်တီက သူ့ကိုသတ်လိုက်မိတယ်ဒီသဘောလား"

ဒေါ်သက်ထားထံမှ ညည်းညူသံရှည်လေးထွက်လာသဖြင့် နေမင်းအုပ်ပြုံးလိုက်မိသည်။ ဘုရားတရားမြဲသူမို့ မုသာဝါဒကံကို ကျူးလွန်ရန် အန်တီတွန့်ဆုတ်နေပေလိမ့်မည်။ ပါဏာတိပါတာကံဆိုသည်မှာကား ဝေးလေစွ။

"အန်တီစကားပြောဆိုပြီး ညှော်ခန်းကပဲ လှည့်ပြန်သွားခဲ့





တာကို ခြေရာတွေစစ်ဆေးပြီးပါပြီအန်တီ။ အန်တီ့အပေါ်မှာ. . . ကျွန်တော်တို့ ဘာသံသယမှရှိမနေပါဘူး။ အခုလိုမေးသမျှစိတ်ရှည်ရှည်နဲ့ဖြေပေးတဲ့အတွက်ကို. . . ကျေးဇူးအများကြီးတင်ပါတယ်။ အန်တီတို့သမီးအတွက် ဆေးရုံကိုပြန်နိုင်ပါပြီခင်ဗျာ"

"သား. . . သားမှာ"

"ဟုတ်ကဲ့. . . ကျွန်တော် နေသေးကိုဆက်စစ်မေးလိုက်ပါ့မယ်။ စိတ်အေးအေးထားပြီးသာပြန်ပါ အန်တီ။ အမှန်တရားဆိုတာ ကြာရှည်ဖုံးကွယ်ထားရိုးထုံးစံမရှိပါဘူး"

"ဒါပေမဲ့ သားကို အန်တီယုံကြည်ပါတယ် မောင်နေမင်း။ သားဆီမှာ ဒီလောက်ယုတ်ညံ့သေးသိမ်တဲ့စိတ်ဓာတ်မျိုး တစ်စက်ကလေးမှရှိမနေပါဘူး။ နူးညံ့သိမ်မွေ့တဲ့သားရဲ့နှလုံးသားမှာ ဒီလိုရက်စက်တဲ့အပြုအမူမျိုးလုံးဝမလုပ်ဘူးလို့ အန်တီရဲရဲကြီးယုံနေတာအမှန်ပါ"

နေမင်းအုပ်ခေါင်းဆတ်ပြစဉ် အခန်းဝမှာ သူရောက်လာလေ၏။ အန်ကယ်ရောအန်တီပါ သူ့ပခုံးလေးကိုအသာပုတ်၍နှုတ်ဆက်ပြီးမှ ဆေးရုံသို့ပြန်သွားကြလေသည်။

စားပွဲရှေ့ရှိ ကုလားထိုင်ပေါ်မှာ သူခြေပစ်လက်ပစ်ထိုင်ချလိုက်ပါ၏။ စားပွဲထက် ငေးကြည့်နေမိသည့်အကြည့်တို့က ရီဝေ

ဝေ. . .

"ငါတို့စဆွေးနွေးကြတာပေါ့။ မနေ့ကညနေက ပြန်ပြော ကြရအောင်။ မင်းရဲ့ secretary ကျော်ဇိုက ဖြေရှင်းပြီးသွားသည့် ညနေခင်းပြဿနာကို ငါအကုန်သိပြီးသွားပြီနေသေး"

"ဟာ. . . ကျွတ်"

"ညနေ ၆ နာရီမှာ မင်းအခန်းကို အန်တီဒေါ်သက်ထား ရောက်လာတယ်။ ၇ နာရီလောက်မှာ ပြန်သွားတယ်။ မင်းဆီက အပြန်မှာ အန်တီ့မှိုင်းရီရီကိုသွားတွေ့တယ်"

မှိုင်းရီရီနာမည်ကြားလိုက်သည်နှင့် သူပြေလျော့လျှော့ ထိုင်နေရာမှ မတ်ခနဲတောင့်တင်းသွားလေ၏။ နေမင်းအုပ်ကို လည်း စူးခနဲစိုက်ကြည့်လိုက်လေသည်။

"အဲဒီညမှာ Rum ပုလင်းကုန်အောင် မင်းမှော့ဖြစ်တယ်။ အိမ်ခန်းထဲမှာ မနက် ၂ နာရီတစ်ရေးနိုးတော့ မင်းနဲ့တစ်ခုတင် ထဲအတူအိပ်နေတဲ့ မှိုင်းရီရီကိုတွေ့တာပဲမဟုတ်လား"

သူ့မျက်ဝန်းထဲမှာ အရိပ်တချို့ဖြတ်သန်းသွားပြီး မေး ကြောကြီးများတင်းသည်အထိ အံကိုကြိတ်ထားလိုက်မိသည်။

"ဟုတ်တယ်. . . ငါ့ဘဝကို. . . ကမောက်ကမ ကျွမ်းထိုး မှောက်ခုံဖြစ်အောင်လုပ်တဲ့ဒီမိန်းမကို ငါသတ်လိုက်တာပါ"





"မင်းဘယ်လိုသတ်ခဲ့တာလဲ"

"ငါ. . ."

သူဘာဆက်ပြောရမယ်မှန်းမသိဘဲ နှုတ်ဆွံ့အသွားရလေ သည်။ ဟုတ်သားပဲ. . . မှိုင်းရီရီဘယ်မှာနေသလဲဆိုတာတောင်မှ သူမသိတာ။ ဘယ်လိုသတ်ခဲ့သလဲဆိုတာကို ဘယ်လိုလုပ်စီစဉ်ရပါ့ မလဲ။

"မင်းသတ်ချင်ရင် မင်းအခန်းမှာကတည်းက သတ်ခွင့်ရ ခဲ့တာပဲလေနေသေးရဲ။ ဘာဖြစ်လို့. . . သူ့အခန်းကိုပြန်သွားပြီးမှ အသတ်ခံရတာလဲ"

"ငါ. . . ငါ. . . သိပ်မူးနေလို့ ဘာကိုမှမမှတ်မိတော့ဘူး။ သေချာတာတစ်ခုကတော့ ဒီမိန်းမကို ငါသိပ်မုန်းတယ်။ ဒါကြောင့် ငါသတ်လိုက်တယ်ထင်တာပဲ။ တောက်! အတော်ကြောက်စရာ ကောင်းတဲ့မိန်းမပဲ။ နှောင်းရဲ့အဖေကို မရရအောင်ယူမလို့တဲ့။ နှောင်းအဖေပြောတဲ့အတိုင်း ငါ့ဆီကိုရောက်လာတာတဲ့. . . ကွာ ငါတော့"

"ထားလိုက်ပါ. . . မင်းမူးနေလို့ ဖြစ်ပျက်ခဲ့သမျှကို ငါပြန် ပြောပြမယ်နေသေး။ မှိုင်းရီရီ မင်းဆီကပြန်သွားတာ မနက် ၃ နာရီနီးပါးရှိနေပြီ။ သူ့တိုက်ခန်းပြန်ရောက်ပြီး ရေချိုးပြီးမှအေးအေး

ဆေးဆေးပြန်အိပ်တာပါ။ အဲဒီမှာ လူသတ်သမားက ညကတည်းက ရောက်နေခဲ့တာပဲ။ သူအိပ်ပျော်သွားပြီး အိပ်မောကျသွားမှ ခေါင်းအုံးနဲ့ စိမ်ပြေနပြေ သေသပ်စွာ ဖိသတ်ပစ်ခဲ့တာပါ။ ဒါဟာ အင်မတန်သွေးအေးတဲ့လူတစ်ယောက်ရဲ့လုပ်ရပ်မို့ . . . မင်းကိုငါ သံသယဝင်မိတာပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာ မင်းက တိုက်ခန်းမှာပဲ ရှိနေတယ်။ စိတ်ညစ်တာကိုဘေးဖယ်ပြီး ရှင်နှောင်းငယ်ကိုသွားတွေ့ဖို့ မနက်စောစောထွက်သွားခဲ့တာပဲ။ ဖြစ်ပြီးတဲ့ case ကိုမမှတ်မိရင် ငါပြောမယ် နေသွေး။ မှိုင်းရီရီကိုစစ်ဆေးတော့ Rape case လုံးဝရှိမနေပါဘူး။ မင်းလိပ်ပြာကို မင်းသန့်ပါ"

"ဒါဖြင့် . . ."

သူစကားမဆုံးခင် လက်ကမ်းပေးလာသည့်သူငယ်ချင်း၏ လက်ကို ကမန်းကတမ်းပြန်ဆွဲလှုပ်ခါရင်း နှစ်ဦးသားပွေ့ဖက်လိုက်မိကြ၏။ အမှန်တရားဆိုတာ တစ်နေ့နေ့တော့ပေါ်လာမှာပါပဲလေ။

စိတ်အလျဉ်က ဆေးရုံဆီသို့သာ အမြန်ဆုံးပြေးလွှားနေမိတော့သည်။



## အခန်း (၂၅)

လေးပင်သည့်မျက်ခွံတို့ကို ဖြည်းညင်းစွာဖွင့်ကြည့်လိုက်မိ၏။ အရင်ဆုံးမြင်လိုက်ရသည်က ဆေးရုံမျက်နှာကြက်ဖြူဖြူ။ ပြီးတော့ လက်ဖျံမှာသွင်းထားပါသည့် Drip ပိုက်တန်းလန်း။ နောက် ဂျူတီကုတ်ဖြူဖြူလေးဝတ်ထားသည့်ဆရာဝန်ကြီးနှင့် လုံချည်နီနီလေးဝတ်ထားပါသည့် Nurse မလေးတစ်ဦး။ ဒီဘက်တစ်ဖက်မှာ ရပ်၍စိုးရိမ်တကြီးကြည့်နေပါသည့်ဖေကြီးနှင့်မေမေ။

မြင်ချင်သည့်မျက်နှာကရော ဘယ်မှာလဲ။ ဘယ်တော့မှ တွေ့ခွင့်မရနိုင်တော့ဘူးပေါ့နော် ကိုကြီးရယ်။ နှောင်းကိုဘယ်လိုပဲဆေးကုပေးကြပါစေ။ ကိုကြီးပြုခဲ့တဲ့ ဥပေက္ခာရဲ့နောက်ကွယ်မှာ

နှောင်း ရှင်သန်ခွင့်မရချင်တော့ပါဘူး။ နှောင်းရဲ့နောက်ဆုံးဆန္ဒလေးကို မဖြည့်ဆည်းပေးနိုင်တော့ဘူးပေါ့နော်။

ကိုကြီးရယ်. . . ညာနေမှန်းသိလျက်နဲ့ အဲဒီအလိမ်အညာစကားလုံးလေးတွေကိုပဲ နှောင်းလိုချင်နေမိတယ်။ အစစ်အမှန်မဟုတ်တဲ့နွေးထွေးယုယမှုတွေကိုပဲ နှောင်းတမ်းတတယ်။ စိတ်ထဲကမပါဘဲ တရှိုက်မက်မက်နမ်းရှိုက်ခဲ့တဲ့ နှောင်းရဲ့လက်ဖမိုးပေါ်က ဝင်သက်နွေးနွေးလေးကိုအောက်မေ့မိတယ်။

ခုတော့. . . ခုတော့. . . အရာရာမှန်သမျှတို့က နှောင်းအပါးမှ လွင့်ပြယ်ထွက်ပြေးလေပြီကော။

ညာနေမှန်းသိလျက်နဲ့ ကိုကြီးနှုတ်ကထွက်လာတဲ့စကားသံလေးတွေထဲမှာ နှောင်း ပျော်ဝင်ခွင့်ရပါရစေ။ ဟန်ဆောင်မှန်းသိသော်လည်း ကြင်နာနွေးထွေးတဲ့ကိုကြီးရဲ့ ရင်ခွင်ကျယ်ကြီးထဲမှာ နှောင်း ပိုနိုခွင့်ရပါရစေ။ စိတ်ထဲကမပါပေမယ့် ချိတ်တွဲဆွဲခေါ်တဲ့ ကိုကြီးရဲ့ခပ်နွေးနွေးလက်ကို ထာဝရဆုပ်ကိုင်ခွင့်ရပါရစေလား။

မျှော်လင့်ခြင်းရောင်စဉ်တို့ကဖြင့် သူမရှေ့မှပျောက်ကွယ်ခဲ့လေပြီ။ ရှင်နှောင်းငယ်ဆိုတာ ကိုကြီးရဲ့ဘဝမှာ မြူမှုန်လေးတစ်မှုန်စာမျှ အရာမရောက်ခဲ့ရဘူးပေါ့နော်။ ရင်ထဲက စစ်မှန်ခြင်းဆိုပြီး ဝန်ခံခဲ့တဲ့စကားလုံးတွေက ရေထဲမှာစုံးစုံးမြုပ်သွားခဲ့လေပြီလား။





ချန်ရစ်ခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာ နှောင်းသေဆုံးခဲ့ရပါပြီ။ ရှင်နှောင်းငယ်ဆိုတာ ကိုကြီးရဲ့ဘဝမှာ တကယ့်ကိုသေဆုံးသွားခဲ့တာအမှန်ပါကိုကြီးရယ်။

မျက်ရည်စီးကြောင်းနှစ်ခုက အလိုလိုစီးကျသွားလေ၏။ အသက်တောင်မှ ရှူမိသလားမရှူမိဘူးလားမဝေခွဲနိုင်တော့ပေ။

"သမီး"

"ဘေဘီလေး"

လက်ဖျားကိုဆုပ်ကိုင်၍ ခေါ်လိုက်ပါသည့်မိဘနှစ်ပါးကို ရီဝေဝေအကြည့်တို့ဖြင့်ပြန်ကြည့်လိုက်ပါသော်လည်း တုံ့ဏှိဘာဝေ။ ရှိုက်သံတစ်ချက်အကြားမှာ မေမေ့ထံမှ ကျိတ်ငိုလိုက်သံက မရှေးမနှောင်း။ မငိုပါနဲ့. . . မငိုပါနဲ့မေမေရယ်။ မေမေ ဒီလောက်အတန်တန်တားနေလျက်က အမိုက်တွင်းရှိရာဆီကို ဆက်လျှောက်သွားရဲ့တဲ့သမီးမိုက်ကိုခွင့်မလွှတ်ပါနဲ့။

"ဘေဘီ. . . ဖေကြီးတို့အတူတူပြန်နေကြမယ်။ သမီးဖြစ်ချင်တာအားလုံးဖြစ်စေရမယ်လို့ ဖေကြီးကတိပေးပါတယ်သမီးရယ်။ စိတ်ကိုချမ်းသာစွာထားပါဦး"

ဟင့်အင်း. . . အပိုအလုပ်တွေပဲဖြစ်နေမှာပါ ဖေကြီးရယ်၊ ခုချိန်မှ နှောင်းဖြစ်ချင်တာတွေမှန်သမျှကို လိုက်လျောနေလို့လည်း

အပိုပါပဲ။ နှောင်းတစ်ခုတည်းသောအရာကလွဲပြီး ဘာကိုမှမမက်မောတော့တာအမှန်ပါ။ တစ်ခုတည်းဆိုမှ တကယ့်ကိုတစ်ခုတည်းပါနော်။ နောက်ဘဝခရီးကိုဆက်မလျှောက်ခင် ကိုကြီးရဲ့အကြွင်နာမျက်ဝန်းအကြည့်လေးကိုတွေ့ခွင့်ရခဲ့ရင် နှောင်းသေပျော်ပါပြီ ဖေကြီးရယ်။

"သမီးရယ်, မေမေနဲ့ဖေကြီးကို သိပ်ချစ်တယ်ဆို။ ဖေကြီးနဲ့အတူတူလျှောက်လည်ချင်တာပဲဆို။ တစ်ခုခုလေးလောက် ပြန်ပြောပါလားကွယ်"

ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်မိ၏။ တော်ပါပြီ မေမေရယ်။ နှောင်းကြောင့် ဒုက္ခဝန်ထုပ်ဝန်ပိုးတွေအဖြစ် မေမေတို့ကို ဆက်မထမ်းစေချင်တော့ပါဘူး။

"သူနားပါစေ အန်တီနဲ့အန်ကယ်။ နှလုံးခွဲထားရတဲ့လူနာမို့ အိပ်ခြင်းကသာ သူ့ကိုအားပြည့်စေမှာပါ"

သေချာလို့လားဒေါက်တာ. . . မထင်ပါဘူး။ နှောင်းက ထာဝရအိပ်ပျော်သွားချင်တဲ့မိန်းကလေးတစ်ယောက်ပါရှင်။ ဆရာဝန်နှင့် Nurse မလေးက အခန်းထဲမှထွက်ခွာသွားလေ၏။ သူမအကြည့်တို့က မျက်နှာကြက်ဖြူဖြူဆီမှာ စူးစိုက်လျက်သား။

ရုတ်တရက် အနံ့အာရုံက နှင်းဆီရနံ့ကို လှိုင်လှိုင်ကြီးရှူ





ရှိုက်လိုက်ရသည်။ ရုပ်ခန္ဓာခြေသံကိုကြားရအပြီးမှာ အဖြူရောင်အရိပ်တစ်ခုကို မျက်ဝန်းထောင့်မှာမြင်လိုက်ရလေ၏။

"သား"

ပြိုင်တူခေါ်၍ ပြိုင်တူမတ်တတ်ရပ်ကာ ကြိုလိုက်သည့်မေကြီးနှင့်မေမေတို့ကြောင့် သူမခေါင်းကိုအသာငဲ့စောင်းလျက်ကြည့်လိုက်မိသည်။ suit အဖြူကို smart ကျကျဝတ်ထားသည့်လူတစ်ယောက်က ရောင်စုံနှင်းဆီပန်းစည်းကြီးတစ်ဖက်၊ မွေးပွခွေးရုပ်လေးကိုတစ်ဖက်ပိုက်၍ သူမထံလျှောက်လာနေချေပြီ။

တလက်လက်တောက်ပနေသည့် အကြွင်နာမျက်ဝန်းတို့နှင့်အတူ အချိုမြိန်ဆုံးပြုံးထားပါသည့် နှုတ်ခမ်းအစုံနှင့်လူက သူမအမြတ်တနိုးချစ်ရပါသည့် သူမ၏ကိုကြီးတဲ့လား။

"နေကောင်းသွားပြီမဟုတ်လားနှောင်း။ ကိုယ်ဒီနေ့ကစပြီး ဘယ်တော့မှ နှောင်းကိုညာမပြောတော့ပါဘူးဆိုတဲ့ကတိကို လာပေးတာပါ"

စားပွဲထက်မှာ ပန်းစည်းကိုတင်လိုက်ပြီး သူမရင်ဘတ်ပေါ် အသာတင်ပေးလိုက်သည့်ခွေးရုပ်ဖြူဖြူလေးကို ပွေ့ပိုက်ထားလိုက်မိ၏။ ဒါအိပ်မက်မဟုတ်ဘူးပေါ့နော်။

"သားကိစ္စတွေ ပြီးပြတ်ခဲ့ပြီလား"

"ဟုတ်ကဲ့အန်ကယ်။ တရားခံကို သူတို့မိထားပြီးပါပြီ"

"ဘယ်သူတဲ့လဲ"

"ဦးဖရက်ဒီရဲ့လူတစ်ယောက်ပါ။ အခု သူတို့ ဦးဖရက်ဒီကိုစစ်ဆေးနေကြပါတယ်။ အမှုကတော့ ငွေကြေးလိမ်လည်မှုက အစပျိုးတာတဲ့"

"တော်ပါသေးရဲ့. . . ဘုရားသိကြားတွေ အကုန်ကယ်မပေလို့ပဲ"

မေမေ့အပြောကြောင့် သူတို့တီးတိုးရယ်မောလိုက်မိ၏။ သူက သူမ၏လက်ဖျားကလေးကို အသာထွေးဆုပ်ထားလိုက်လေသည်။

"ညာနေမှုန်းသိလျက်နဲ့ ကိုကြီးဆီက စကားတစ်ခွန်းကို နှောင်းကြားပါရစေ"

တိုးသဲ့သဲ့သံအကြားမှာ သူ့မျက်ခုံးအစုံမြင့်တက်သွားပြီး အန်ကယ်နှင့်အန်တီကိုမျက်ရိပ်ပြ၍ သူမကိုတားလေ၏။ သူမက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပါသည်။

"နှောင်းက မဆိုးရဘူးလေကွာ. . . မဂျစ်ပါနဲ့ကွ"

"မရဘူး၊ ပြောတော့ဖြင့် နှောင်းကိုစိတ်ချမ်းသာအောင်ထားကြမှာဆို"





အန်ကယ့်ထံမှ ခပ်ဟက်ဟက် ရယ်ချလိုက်သံ ထွက်လာသလို သူ့မျက်နှာ ဖြန်းခနဲရဲတက်သွားရလေ၏။ ကဲ. . . ဘယ့်နှယ့်လုပ်ရပ့်။ မိဘတွေရှေ့မှာ သမီးဖြစ်သူကို ရည်းစားစကားပြောရဲတဲ့သတ္တိကို သူမွေးရတော့မှာပါလား။ အဲဒါကမှ တကယ့်ပြဿနာ။

သူ့,သူမလက်ဖမိုးလေးကို ဖျတ်ခနဲကောက်ယူမွှေးရှိုက်လိုက်ပြီး နားနားကပ်ကာ အရဲစွန့်ပြောလိုက်ရလေတော့သည်။

မတတ်နိုင်တော့ပါဘူး။ ကလေးစိတ်ချမ်းသာဖို့က အဓိကမဟုတ်ပါလား။

"ကိုယ်. . . ကလေးကို. . . သိပ်. . . ချစ်ပါတယ်"

လေးစားလျက်. . .

မယဒ္ဒါဟောင်
14th May 2008
PM 3:53

## “ပရိသတ်များထံမှပေးစာ”

### နိုင်ဇင်အောင်

သို့

'မမသဒ္ဒါ' ကို ညီမ စာနဲ့နှုတ်ဆက်လိုက်ပါတယ်။ 'မမသဒ္ဒါ' ကို စာရေးချင်တာကြာပါပြီ။ အခုမှပဲရေးဖြစ်တာပါ။

ညီမ 'မမသဒ္ဒါ'ရဲ့စာအုပ်တွေကိုကြိုက်ပါတယ်။ ညီမ စဖတ်ဖြစ်တဲ့စာအုပ်အမည်က 'ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ'ပါ။ အဲဒီစာအုပ်ကနေ စဖတ်ဖြစ်တာပါ။ 'မမသဒ္ဒါ'နာမည်လေးက လှတယ်နော်။ လူလည်း အပြင်မှာ လှမှာပေါ့။ 'မမသဒ္ဒါ'ကိုအပြင်မှာတွေ့ရင် နှုတ်ဆက်ချင်ပါတယ်။

'မမသဒ္ဒါ'စာအုပ်တွေကို ဒီ့ထက်မက ရေးနိုင်ပါစေ။ 'မမသဒ္ဒါ'ရဲ့ဓာတ်ပုံလေးကို အမှတ်တရသိမ်းထားချင်ပါတယ်။ စာပြန်ပါနော်။

'မမသဒ္ဒါ'ရဲ့ပရိသတ်
နိုင်ဇင်အောင်
ရွှေဘိုတိုးချဲ့ (၃)လမ်း
ငါးသိုင်းချောင်းမြို့၊
ရောဝတီတိုင်း။



### ရိရိအောင်

သို့

'မသဒ္ဒါမောင်'

ညီမလေး စာရေးလိုက်ပါတယ်။ ရင်းနှီးမှုလေးနဲ့ 'မသဒ္ဒါ'လို့ ခေါ်မယ်နော်။ 'မသဒ္ဒါ'ရဲ့စာအုပ်ဖတ်ပြီးပြီးချင်း ဒီစာရေးလိုက်တာပါ။ စာအုပ်တွေကိုဖတ်ပြီး မိတ်ဆက်စာရေးတာ 'မသဒ္ဒါ'က ပထမဦးဆုံးသူပါ။

'မသဒ္ဒါ' စာအရေးအသား အရမ်းကောင်းတယ်။ ညီမလေး 'မသဒ္ဒါ'ကိုအရမ်းခင်ချင်တယ်။ ညီမလေးကိုခင်တယ်ဆိုရင် စာပြန်ရေးပါနော်။ 'မသဒ္ဒါ'ရဲ့စာကို ညီမလေးစောင့်မျှော်နေမယ်နော်။ 'မသဒ္ဒါ'ရေးထားတဲ့ဝတ္ထုတွေထဲက 'သဲနုငယ်' နဲ့ 'အသည်းကိုချမ်းသာပေးပါ'ကို အရမ်းကြိုက်တယ်။

ညီမလေးဆီ စာပြန်ရင် 'မသဒ္ဒါ'ရဲ့ဓာတ်ပုံလေးတစ်ပုံလောက် ထည့်ပေးပါနော်။ ညီမလေး မျှော်နေပါတယ်။

'မသဒ္ဒါ'ရဲ့ထာဝရပရိသတ်
ညီမလေး, စိုးထွေး(ခ)ရိရိအောင်
ဦးမောင်ထွေး+ဒေါ်ငွေသိန်း
မြန်မာ့မီးရထား။ ဒု-တွဲပြင်/တွဲစစ်၊
ကန့်ဘလူမြို့။

## မိမိအောင်

သို့

'မမသဒ္ဒါမောင်' ဆီသို့ ညီမလေး စာရေးလိုက်ပါတယ်။ ညီမလေးရဲ့နာမည်က 'မိမိအောင်'ပါ။ Second Year (Civil) ထားဝယ်နည်းပညာကျောင်းကပါ။ ညီမလေးက ဒီနှစ်မှ ဝတ္ထုစာအုပ်တွေကိုစဖတ်မိတာပါ။ 'မမသဒ္ဒါမောင်'ရဲ့စာအုပ်တွေကို အရမ်း Crazy ဖြစ်မိတယ်။ 'မမသဒ္ဒါမောင်'ဆီကနေ သိချင်တာတစ်ခုလောက် မေးချင်ပါတယ်။ 'မမသဒ္ဒါမောင်' ဘာ Major နဲ့ကျောင်းပြီးတာလဲ။ အခု ဒီလထုတ်မယ့်စာအုပ်နာမည်ကိုလည်း ပြောပြပေးပါ။

'မမသဒ္ဒါမောင်' ရဲ့ထာဝရပရိသတ်အဖြစ် ခံယူနေပါမယ်။ အမှားရှိရင် ခွင့်လွှတ်ပေးပါ။

မိမိအောင်

2.GC (18), G.T.C

ထားဝယ်နည်းပညာတက္ကသိုလ်

မွန်ပြည်နယ်။



## ချိုချိုလွင်

သို့

'မမသဒ္ဒါမောင်'

ညီမလေး စာရေးလိုက်ပါတယ်။ မမကို 'မမမောင်'လို့ပဲခေါ်မယ်နော်။ ညီမလေးရဲ့နာမည်က 'ချိုချိုလွင်'ပါ။ ထားဝယ်နည်းပညာတက္ကသိုလ်က (Electrical Power) First Year ကျောင်းသူတစ်ယောက်ပါ။

'မမမောင်'ရဲ့စာအုပ်တွေကို ညီမလေး (3.5.2010) မှာ စာအုပ်ဆိုင်က အရမ်းကောင်းတယ်ဆိုပြီးပြောလို့ ဖတ်ဖြစ်ပါတယ်။ 'မမမောင်'ရဲ့ Idea တွေကို တစ်အုပ်, နှစ်အုပ်ဖတ်လိုက်တာနဲ့တောင် အရမ်းနှစ်သက်တယ်။ ညီမလေးကို 'မမမောင်'ရဲ့ပရိသတ်အဖြစ် သတ်မှတ်ပေးပါ။

မမစာအုပ်တွေကို ညီမလေးကြိုက်တဲ့ဟာသဝတ္ထုလေးတွေလည်း နည်းနည်းပါးပါးရေးထည့်ပေးပါနော်။

'မမသဒ္ဒါမောင်'ရဲ့ပရိသတ်အဖြစ် အမြဲရပ်တည်နေမယ့်. . .

ချိုချိုလွင်

1. GEP (4). G.T.C

ထားဝယ်နည်းပညာတက္ကသိုလ်၊ မွန်ပြည်နယ်။

## Moon

To,

မင်္ဂလာပါ 'မမသဒ္ဒါ'

'မ'ရဲ့ဝတ္ထုတွေကို သဘောကျနှစ်သက်ပြီး ပထမဦးဆုံးအကြိမ် မိတ်ဆက်စာ စရေးဖူးခြင်းပါပဲ။ 'မ'ဆီ မိတ်ဆက်စာရေးမယ်, ရေးမယ် နဲ့ အခုမှပဲ ရေးဖြစ်တော့တယ်။


'မ'ရဲ့ပထမဦးဆုံး'ရင်ကိုပစ်ခွင်းခဲ့သော်လည်း'ကနေ 'အသည်းကိုချမ်းသာပေးပါ'ထိ တစ်အုပ်မကျန်ဖတ်ပြီးသွားပါပြီ။ 'မ'ရဲ့စာအုပ်တွေက တစ်အုပ်မကျန် ဟာကွက်မရှိအောင်ကို good တယ်နော်။ 'မ'ရဲ့ Idea တွေက အရမ်းလန်းတော့ ဝတ္ထုဖတ်ပြီးတာနဲ့ အရမ်း Heart ထိသွားတာပဲ။ 'မ'နောက်လတွေမှာ တက္ကသိုလ်ကျောင်းက မိန်းကလေး သူငယ်ချင်းတွေနဲ့ ယောကျ်ားလေးသူငယ်ချင်းတွေပေါ့နော်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အရမ်းမုန်းပြီး လုံးဝမတည့်ကြဘဲနဲ့ အကုန်လုံး ချစ်သူရည်းစားတွေဖြစ်ပြီး နောက်ဆုံးမှာ အိမ်ထောင်အသီးသီးကျသွားတဲ့ ဇာတ်လမ်းလေးတွေ ရေးပေးပါဦး။

'မ'ကိုဆက်လက်အားပေးနေဦးမယ်နော်။ 'မ' စာပေလောကမှာ ဒီ့ထက်အောင်မြင်ပြီး ' Best Seller 'တစ်ယောက်ဖြစ်ပါစေ့ ဆုတောင်းရင်း. . .

'ရာမညမြေ'မှ Moon

မော်လမြိုင်





# ကြည့်နူခေတ်

## ကြည့်နူခေတ်

### ကြည့်နူခေတ်

မကြာမီ . . .

ကြည်နူးဖွယ်
ဆွတ်ပျံ့ဖွယ်
ပျော်ရွှင်ဖွယ်
အချစ်ဝတ္ထုစစ်စစ်ကလေးများ